www.burmeseclassic.com

# နေဝိုးသော်

## ရှေ့နေမလေး၏ မေဝရှား နှင့် ကိုယ်ပွားတစ်ထောင်မောင်မဲခေါင်



DESIGN : PYAE MINN ZAW

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် * ၁၀၃၁ / ၂၀၀၄ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် * ၁၁၁၁ / ၂၀၀၄ (၁၀)
ပထမအကြိမ် * ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ * ၁၀၀၀
အဖုံးဒီဇိုင်း * ပြည့်မင်းဇော်
ကွန်ပျူတာစာစီ * Dream City
စာအုပ်ချုပ် * ဖူးပွင့်မွေး

❐

ထုတ်ဝေသူ
ဦးလှတိုး (၀၃၇၇၂)၊ ရန်အောင်စာပေ၊
၃၄၃ / ၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

❐

မျက်နှာဖုံးပုံနှိပ်သူ
ဦးထွန်းထွန်း (၀၂၇၂၆)၊ အောင်မြင့်ထွန်းပုံနှိပ်တိုက်၊
၂၄၂၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❐

အတွင်းပုံနှိပ်သူ
ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်၊
၁၊ ဗိုလ်ဆွန်ပက်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ရန်ကုန်မြို့။

❐

**တန်ဖိုး – ၇၀၀/–**

ညဥ့်က မဟူရာဝတ်ရုံကို လွှမ်းခြုံထားသည်။ ပြီး... သည့်နေရာက လူကုံထံများနေထိုင်ရာ ဆိပ်ငြိမ်ရပ်ဝန်း။ တစ်ခါတစ်ရံ ဖြတ်သန်းမောင်းနှင်သွားသော ကားသံညက်ညက်မှတစ်ပါး အခြားဆူညံသောအသံဗလံများ မကြားရ။

အိမ်ဖော်မလေးမကြည်တစ်ယောက် မီးဖိုခန်းထဲမှာ ဆေးကြောသုတ်သင်သန့်ရှင်းနေဆဲဖြစ်သည်။

မမလေးသစ္စာနှင့် အန်တီညိုက ပြန်မရောက်သေး။ ဆေးရုံတက်နေသော မိတ်ဆွေတစ်ဦးကို သတင်းသွားမေးနေကြသည်။

ထိုစဉ် မကြည်နားထဲသို့ အသံတစ်ခု တိုးဝင်လာသည်။ အထိတ်တလန့်အော်လိုက်သံသဲ့သဲ့ ဖြစ်၏။ ယောကျ်ားသံဟု သိလိုက်၏။ အိမ်ရှေ့ကဟု မှန်းဆမိ၏။

ဆေးလက်စပန်းကန်ကိုချကာ မကြည် မီးဖိုထဲမှ ပြေးထွက်လာခဲ့သည်။ ဧည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် အခန်းထဲမှ ပြေးထွက်မည်ပြုနေသော သူတစ်ဦးကို တွေ့လိုက်ရ၏။ ထိုသူကလည်း မကြည်ကို တွေ့သွားသည်။ မကြည် သူ့ကိုသိပါသည်။ ကိုမျိုးခိုင်။

www.burmeseclassic.com

www.burmeseclassic.com



မမလေး သစ္စာ၏ချစ်သူ။ အန်ကယ်ဦးတောက်ထွန်း၏တပည့်။

ကိုမျိုးခိုင်ပုံသဏ္ဍာန်က အထိတ်တလန့်ဖြစ်နေပြီး ကြောက်ရွံ့တုန်လှုပ်နေဟန်ရှိ၏။ မကြည်ကိုတွေ့လိုက်သဖြင့် ပို၍ လန့်ဖျပ်သွားပုံပေါ်သည်။ မျက်လုံးတွေ ဝိုင်းသွား၏။ မျက်နှာက သွေးမရှိသလို ဖြူရော်သွား၏။

"ကိုမျိုးခိုင် . . ."

မကြည်နှုတ်မှ လွှတ်ခနဲပင် ခေါ်လိုက်မိသည်။

ကိုမျိုးခိုင် ပြန်မထူး။ နေရာမှ ချာကနဲလှည့်ကာ ပွင့်နေသော တံခါးမှ တစ်ရှိန်ထိုး ပြေးဆင်းသွားသည်။ ဘာဖြစ်သွားပါလိမ့်။ တစ်ခုခုတော့ တစ်ခုခုပဲ။

နားမလည်စွာ တွေးဆမရစွာဖြင့် မကြည်ပြန်လှည့်ပြီး မီးဖိုဘက် ပြန်မည်အပြုတွင် မျက်လုံးများက ဧည့်ခန်းတစ်နေရာသို့ ရောက်သွားသည်။ ပြတင်းပေါက်နှင့်တည့်တည့် ကြမ်းပြင်ပေါ်မှာ။ အန်ကယ်ဦးတောက်ထွန်းဖြစ်သည်။ လဲကျနေသည်။ ပက်လက်ကြီးဖြစ်သည်။ ရင်ဝမှာ ဓားတစ်ချောင်း စိုက်ဝင်လျက်။ သွေးတွေက အင်္ကျီဖြူဖြူမှာ ချင်းချင်းနီလျက် . . .။

မကြည် . . . ကြောက်ကြောက်လန့်လန့်ဖြင့် အသံကုန်အော်လိုက်မိသည်။

"အား . . ."

❒ ❒ ❒



၁

"မေစံရှားဟာ အသက်ငယ်ပေမယ့် အရွယ်ထက်ပိုပြီး ရင့်ကျက်ပြည့်ဝသူဖြစ်တယ်၊ အထူးသဖြင့် စိတ်နှလုံးဖြူစင်ဖြောင့်မတ်မှုက စံတင်လောက်တယ် . . ."

"အတွေ့အကြုံနည်းသေးပေမယ့် သူလိုက်တဲ့အမှုတွေမှာ လျှောက်လဲချက်ပေးတဲ့အခါကျတော့ ကြောက်ခမန်းလိလိ ထက်မြက်သုံးသွန်တာ တွေ့ရတယ်၊ တရားခွင်မှာ မေစံရှား လျှောက်လဲနေတာဟာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ နှုတ်စီးနေသလိုပဲ"

"မေစံရှားဟာ မိန်းကလေးဆိုပေမယ့် အများသူငါ မိန်းကလေးတွေထက် စိတ်ဓာတ်ရဲရင့်သူ ဖြစ်တယ်၊ အမှန်တရားဘက်ကပဲ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်တည်ပြီး လိုက်ပါဆောင်ရွက်ဖို့ ဆုံးဖြတ်ထားသလို အဲဒီလို ရုပ်တည်လိုက်ပါဆောင်ရွက်တဲ့အခါ တစ်ဖက်က ဘယ်လောက် အရှိန်အဝါကြီးမားတဲ့ အကျိုးဆောင်ကြီးဖြစ်နေပေစေ၊ နည်းနည်းလေးမှ တုန်လှုပ်စိုးရိမ်မှု မရှိဘူး။ အဲဒါဟာ မေစံရှားရဲ့ အရည်အချင်းပဲ”

“မေစံရှားကို အရည်အချင်းရှိတယ်လို့ ချီးကျူးရမှာထက် စိတ်ဓာတ်ရေးရာကို ပိုပြီး ချီးကျူးချင်တယ်၊ ငွေကြေးရရှိဖို့ ပဓာနမထားဘူး၊ နာမည်ကျော်ကြားဖို့ ပဓာနမထားဘူး၊ အားနည်းတဲ့၊ အဖိနှိပ်ခံရတဲ့၊ နိမ့်ပါးတဲ့၊ ပျောက်ကွယ်ဖုံးဌက်နေတဲ့ အမှန်တရားဘက်ကိုပဲ ရွေးချယ်ပြီး တစ်ခါတစ်ရံ သူက ငွေကြေးစိုက်ထုတ်ကုန်ကျခံပြီးတော့တောင် ကြိုးစားပေးလေ့ရှိတယ်လေ။ ဒါကြောင့်လည်း မေစံရှားလိုက်ပေးခဲ့လို့ မတရားခံလိုက်ရမယ့် အနေအထားကနေ လွတ်မြောက်သွားခဲ့ရတဲ့ အပြစ်မဲ့တရားခံတွေအဖို့ မေစံရှားဟာ လောကပါလနတ်သမီးတစ်ပါးလို့ တင်စားရင် မမှားပါဘူး”

“ချစ်စရာကောင်းတယ်ဗျာ၊ ရုပ်ရည်ရူပကာ ချစ်စရာကောင်းတယ်လို့ တပ်မက်စိတ်မျိုးနဲ့ပြောတာ မဟုတ်ဘူး၊ ကြည်ညိုလေးစားမြတ်နိုးစရာကောင်းတာကို ပြောတာ”

“မေစံရှားမှာ ထူးခြားတဲ့ ပါရမီရှိတယ်ဗျ၊ အမှုတစ်ခုကိုလာပြီးအပ်တာကို နားထောင်လိုက်တာနဲ့ လျှို့ဝှက်ထားတာ၊ ဖုံးကွယ်ထားတာ၊ ပျောက်ဆုံးနေတာ၊ ဟန်ဆောင်နေတာ၊ အကွက်ဆင်ထားတာ ဆိုတာမျိုးတွေကို ချက်ချင်းအာရုံရလိုက်တယ်၊ ဒါဟာ ဆင်ခြင်တွေးခေါ်နိုင်စွမ်းအား ထက်သန်စူးရှခြင်းပဲပေါ့”



“အရာရာကို စူးစမ်းလိုစိတ်ရှိတာ၊ အသေးအဖွဲကလေးတွေကို မြင်တတ်၊ ဂရုစိုက်တတ်တာ၊ ဘာကိုမှ အမှုမဲ့အမှတ်မဲ့ မနေတတ်တာကလေးတွေဟာ စုံထောက်ရဲ့ ဗီဇစိတ်ကလေးတွေပဲ၊ ဒါကြောင့် မေစံရှားက အမှုတစ်ခုကို တရားခွင်မှာ အကျိုးဆောင်အဖြစ်နဲ့ လိုက်ပါဆောင်ရွက်ရုံတင်မကဘူး၊ တချို့ကိစ္စတွေကို တရားခွင်ပြင်ပမှာလည်း လေ့လာထောက်လှမ်းပြီး ဖြေရှင်းပေးနိုင်ခဲ့တယ်၊ ဒါကြောင့် ကျွန်တော်ကတော့ သူ့ကို ရှေ့နေစုံထောက်လို့ အမည်ပေးထားတယ်ဗျ”

ကျွန်တော့်ချစ်သူမို့ ကျွန်တော် အမွှမ်းတင်နေခြင်းမဟုတ်ပါ။ ပန်းသတင်း လေညှင်းဆောင်ခြင်းသာ ဖြစ်သည်။ မေစံရှား၏ ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် မေစံရှား လိုက်ပါဆောင်ရွက်ပေးခဲ့သော အမှုသည်များက အထက်ပါအတိုင်း မေစံရှားကို ဝေဖန်အကဲဖြတ်ခြင်း ဖြစ်ပါသည်။

ဆရာသမားဖြစ်သော ဦးကျော်ဇေယျက . . .

“သမီးဟာ . . . လူ့လောကအကျိုးကို သယ်ပိုးဖို့ တာဝန်ပေးခြင်းခံရလို့ ရောက်လာတဲ့ နတ်သမီးလေးပဲ၊ သမီးရဲ့မွန်မြတ်တဲ့ နှလုံးသားကို မောဟအမှောင်တွေ ခွင်းတဲ့နေရာမှာ သုံးပါ၊ ဘယ်သောအခါမှ မတွေဝေပါနဲ့၊ ဘုရားက သမီးနောက်က မားမားမတ်မတ် ရှိနေပါတယ်” ဟု ကျွန်တော့်ရှေ့မှာပင် ပြောဖူးသည်။

အစ်ကိုကြီးသဖွယ် . . . ခင်မင်လေးစားရသော ဆရာဦးအောင်ယု (စာရေးဆရာ ချစ်ကိုကိုယု) ကလည်း –

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကို အစ်ကိုကြီးက အစ်ကိုကြီးထက်တောင်ပိုပြီး အားထားလေးစားတယ်" ဟု ဆိုဖူးသည်။

ထားပါ . . .။

သည်အကြောင်းတွေကို ဖောက်သည်ချနေသည်မှာ မေစံရှားကို စကားဖြင့် စင်ပေါ်တွန်းတင်နေခြင်း မဟုတ်ပါ။ မေစံရှား၏ သဘာဝ၊ မေစံရှား၏ စိတ်နေစိတ်ထား၊ မေစံရှား၏ ရပ်တည်မှု၊ မေစံရှား၏ အရည်အသွေးကို စာဖတ်သူနှင့် မိတ်ဆက်ပေးလိုခြင်းသာ ဖြစ်သည်။ (မေစံရှား၏ အကြောင်းအချို့နှင့် မေစံရှားလိုက်ခဲ့သော အမှုအချို့ကို ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်းတွင်လည်း ကျွန်တော် ရေးသားဖော်ပြခဲ့ဖူးပါသည်။)

မေစံရှားအသက်မှာ နှစ်ဆယ့်ခုနစ်မျှသာ ရှိပါသေးသည်။ ဥပဒေဘွဲ့ကိုရရှိပြီး ရှေ့နေဘဝကို ခံ့မင်တပ်မက်စွာ ခံယူလာခဲ့သူဖြစ်သည်။ အခြေခံပညာအထက်တန်းကို အောင်စဉ်က အခြားသော အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များကို တက်နိုင်ခွင့်ရှိသော အမှတ်များ ရရှိခဲ့သည်။ သို့သော် ရှေ့နေအလုပ်ကိုသာ မျှော်မှန်း၍ ဥပဒေပညာကို သင်ယူရန် ဆုံးဖြတ်ခဲ့ရာ မိဘများနှင့်ပင် သဘောထားကွဲလွဲခဲ့ကြသည်။ နောက်ပိုင်းကျမှသာ တစ်ဦးတည်းသောသမီးဖြစ်သည့် မေစံရှား၏ ပြင်းပြခိုင်မာသော ဆုံးဖြတ်ချက်ကို မိဘများက နားလည်လိုက်လျောပေးခဲ့ကြသည်။

"ငိုစားရယ်စားတို့၊ ခွစားတို့၊ အပူစာစားတဲ့သူတို့ မဖြစ်စေရဘူး၊ ပူပန်သောကရောက်နေသူတွေ၊ ဒုက္ခတွေ့နေသူတွေ၊ အခက်အခဲအကြပ်အတည်း ရင်ဆိုင်နေကြရသူတွေကို ကူညီနိုင်ဖို့ပဲ ရှားက



ရည်ရွယ်တာ၊ ရှားကိုနားလည်မှုချစ်ပါ" ဟု ကျွန်တော် မေစံရှားကို ချစ်ခွင့်ပန်စဉ်က ပွင့်လင်းစွာ ပြောပြခဲ့သည်။ ထိုစဉ်က ရှားတက္ကသိုလ် တက်နေဆဲ။

ရှားကို လှပချောမွေ့သူဟု မဆိုနိုင်ပါ။ ရှင်းသန့်ရိုးသားမှုသာ သူမ၏အလှဖြစ်သည်ဟု ဆိုချင်ပါသည်။ အသားက ရွှေလို ဝင်းပမနေပါ။ အညိုဖက်သို့ အနည်းငယ်ယိမ်းနေသော အသားဝါကလေးဖြစ်သည်။ ထူထဲကွေးညွတ်သော မျက်ခုံးများက သဘာဝအတိုင်း မေစံရှားမျက်နှာတွင် ရှိနေ၏။ ယင်းမျက်ခုံးများက မေစံရှား၏ စဉ်းစားဆင်ခြင်မှု သင်္ကေတ။ ယင်းမျက်ခုံးများအောက်မှ တောက်ပစူးရှသော မျက်ဝန်းအစုံမှာမူ အရာရာကို ထွင်းဖောက်မြင်နိုင်စွမ်းရှိသည်ဟုပင် ဆိုချင်၏။ မေစံရှားက စူးနစ်စွာ ကြည့်လိုက်ပြီဆိုလျှင် မည်သူမျှ ဟန်ဆောင်ဖုံးကွယ်လိမ်ညာ၍ မရနိုင်တော့ဟု ကျွန်တော်ထင်သည်။ ထိုစွမ်းပကားများကို ရှားမျက်လုံးများက ပိုင်ဆိုင်ကြောင်း မြင်သူတိုင်းဝန်ခံကြရ၏။ ပြီး ဖြောင့်စင်းသော နှာတံနှင့် မထူမပါး၊ ပိရိသေသပ်သော နှုတ်ခမ်းများ။ ထိုနှုတ်ခမ်းများကလည်း ဖရုသဝါစာဝေး၍ အလိမ်အညာမှသားကင်းစွာ စကားနည်းနည်းသာ ပြောတတ်သည်။ ပြောစကားတွေမှာ နူးညံ့ညင်သာသလောက် မှန်ကန်မှုအင်အားတွေက ကြီးမားလွန်းလှ၏။ ခြုံပြောရလျှင် မေစံရှားမျက်နှာမှာ မိန်းကလေးများ၏ ဆွဲဆောင်ညှို့ငင်နိုင်စွမ်းမျိုး တစ်ခုမျှမရှိ။ သာမန်မျှ၊ ရိုးစင်းသော သဘာဝမျှသာ။

မေစံရှားခန္ဓာကိုယ်နှင့် အရပ်အမောင်းမှာမူ ယနေ့ခေတ်မိန်းကလေးများလို အဆီကျအသားကျစ် သွယ်လျ၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာရေးနှင့်လည်း ညီညွတ်၍ ကြံ့ခိုင်မှုရှိ၏။ အားကစားလိုက်စားခဲ့သူပီပီ အချိုးအဆစ်လှပသည်။ ကျောင်းတုန်းက မေစံရှားသည် ကရာတေးသမား။ ခါးပတ်နက်အဆင့်ပင် ရထားခဲ့သူ။ ဆုတံဆိပ်များပင် ရဖူးသူဖြစ်သည်။

မေစံရှား သွားလာလှုပ်ရှားပုံနှင့် အမူအရာတို့က အများတကာထဲက မိန်းကလေးတစ်ဦးသာ ဖြစ်ပါ၏။ ထင်ပေါ်လောက်စရာ ထူးခြားမှုမရှိ။ အပြင်အဆင် အခြယ်အသလည်းကင်းလှ၏။ မိတ်ကပ်ကို အနည်းအကျဉ်းမျှ သနပ်ခါးနှင့်ရော၍ သုံးတတ်ရုံမှအပ လှပဆွဲဆောင်မှုရှိအောင် မပြုပြင်တတ်။ "အလှပြင်အတတ်မှာတော့ ရှားဟာ အညံ့ဆုံးနေမှာပဲ၊ မလှလို့ မချစ်တော့ရင်လည်း ရပါတယ်နော်" ဟု ရှားပြောတတ်သည်။ "ကိုကိုက အဲဒီအလှကို ချစ်တာမဟုတ်ဘူး၊ ရှားရင်ထဲက အလှကိုချစ်တာ" ဟု ပြောတော့ "အဲဒါ ကိုကိုက စာရေးဆရာမို့ ဝတ္ထုဖွဲ့စကားလုံးတွေ ပြောတာပါ၊ အလှအပကို မကြိုက်တဲ့ယောက်ျား မရှိပါဘူး" ဟု ရှားက ချေပသည်။

"မှန်တယ်...ရှားပြောတာ ကိုကိုမငြင်းလိုဘူး၊ ဒါပေမယ့် ဗဟိဒ္ဓအလှက အနိစ္စသဘောရှိတယ်လေ၊ အဇ္ဈတ္တအလှကမှ..."

"ဟင့်အင်း...အဇ္ဈတ္တအလှဆိုတာလည်း တရားဓမ္မနဲ့အညီ အမြဲနှလုံးသွင်းဆင်ခြင်နိုင်မှပါ၊ သတိလွတ်ရင် အလှပြယ်တတ်ပါတယ်"

"စာရေးဆရာက ရှေ့နေမလေးကို ပြိုင်မပြောရဲပါဘူးဗျာ၊ အရှုံးပေးပါတယ်"



သည်တော့လည်း မေစံရှား နှစ်နှစ်ခြိုက်ခြိုက်ရယ်မောသည်။ ရှားရယ်သံ၊ ရှားရယ်ဟန်ကလည်း ကလေးတစ်ယောက်လို အပြစ်ကင်းသည်ဟု ကျွန်တော်ခံစားရသည်။

"ရှားကို ကိုကို အမြဲတမ်းနားလည်ပြီး ချစ်နေနိုင်ပါစေလို့ ရှားဆုတောင်းပါတယ်၊ ရှားကို မနှစ်မြို့စရာတွေ့လို့ ကိုကို အချစ်ပေါ့သွားရင်လည်း ရှားကျေကျေနပ်နပ် ခံယူပါ့မယ်၊ ဒါမှမဟုတ် တခြားလှတဲ့သူတွေ ကိုကို့ရင်ထဲဝင်လာလို့ ရှားက အရှုံးပေးရမယ်ဆိုရင်လည်း ရှား ကြည်ကြည်ဖြူဖြူ အလျှော့ပေးလိုက်ပါ့မယ်"

"အဲဒီလိုတော့မပြောနဲ့ရှား၊ အဲဒီစကားကတော့ ကိုကို့နှလုံးသားကို ရှားစော်ကားတာ"

"မဟုတ်ဘူး...မဟုတ်ဘူး၊ ရှားပြောတာ အဲဒီလိုမဟုတ်ဘူး၊ ရှားက ရှားရင်ထဲမှာရှိတာကို ပြောတာပါ၊ စိတ်မဆိုးပါနဲ့"

"နှလုံးသားကို ကိုယ်ပွားခွဲသူမဖြစ်စေရဘူးလို့ ကိုကိုကလည်း ရှားယုံအောင် ပြောလိုက်ပါ့မယ်နော်"

"ကိုကိုက နှလုံးသားကို ကိုယ်ပွားမခွဲဘူးဆိုတာလည်း ရှားက အကြွင်းမရှိယုံကြည်ပါတယ် ကိုကို၊ အဲ...ဒါပေမယ့် စကားစပ်လို့ ကိုကို့ကို ပြောရဦးမယ်၊ ကိုယ်ပွားရှိတဲ့လူတစ်ယောက်အကြောင်း"

"ကိုယ်ပွားရှိတဲ့လူ၊ ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ်ပွားမှ တစ်ခု နှစ်ခုမဟုတ်ဘူး၊ တစ်ထောင်တောင်မှ"

"ဘယ်သူလဲ...ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလဲတော့ မသိဘူး၊ သူ့နာမည်ကတော့ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်တဲ့"

မေစံရှားက ပြောပြောဆိုဆို သူမ၏ စားပွဲအံဆွဲထဲမှ စာအိတ်တစ်အိတ်ကိုထုတ်၍ ကျွန်တော့်ကိုပေးသည်။

"အဲဒါ ဒီနေ့ရောက်လာတဲ့စာ"

သည်ကစ၍. . .

ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်နှင့် ကျွန်တော်တို့ဇာတ်လမ်းဆက်ရလိမ့်မည်ဟု ကျွန်တော်နှင့်ရှား မတွေးမိခဲ့ရိုး အမှန်ပါ။ သို့သော် အမှန်တကယ်ပင် ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်သည် ကျွန်တော်နှင့် ရှားဘဝအတွင်းသို့ ဝင်ရောက်လာခဲ့ပါလေပြီ။

❒ ❒ ❒



၂

ဒေါ်မေစံရှား . . .

ရှေ့နေလောကက ဒေါ်မေစံရှားသတင်းကို သတိပြုမိခဲ့ကြတာတော့ အတော်ကြာခဲ့ပါပြီ။

ပြီးခဲ့တဲ့ မောင်ရင်သူ့အမှုမှာ အနိုင်ရခဲ့တဲ့ မောင်ရင်သူကို ကြိုးစင်အောက်ကနေဆွဲချနိုင်ခဲ့တဲ့အတွက် ဒေါ်မေစံရှားကို လူကြိုက်များကာမပြောရရင် တခဏကျော်ကြားလို့ သိလာနေရလို့ ဒီစာကိုရေးလိုက်ရတာပါ။

မှီကျွန်မကလာပါတယ် ဒေါ်မေစံရှား။

အထူးသဖြင့် ဒေါ်မေစံရှားကို အမှုအပ်ခဲ့တာလေညွှန်းမယ်ဆိုရင် ငွေကြေးအတွက် အကြီးတစ်ခုပါရတာလေညွှန်းမယ်ဆိုရင် လိုက်ပါ ဆောင်ရွက်ပေးစေလို့ ...

www.burmeseclassic.com

www.burmeseclassic.com



မောင်ရဲသူကို ဝင်ရောက်ကယ်တင်ခဲ့တဲ့ ဒေါ်မေစံရှားရဲ့ နှလုံးသားကို အနှိုင်းမဲ့ပါလို့ ဂုဏ်ပြုပါရစေ။

အခွင့်သင့်ရင် ဒေါ်မေစံရှားကို ကူညီခွင့်ရပါစေလို့တောင် ကျွန်တော် ဆုတောင်းနေပါတယ်။ ဆက်လက်ပြီး အပြစ်မဲ့သူတွေကို ကူညီနိုင်ပါစေ၊ ကယ်ဆယ်နိုင်ပါစေလို့လည်း ဆုမွန်ကောင်းပို့သလိုက်ပါတယ်။

လေးစားသော

ကိုယ်ပွားတစ်ထောင်မောင်မဲခေါင်

"ကိုကို ဘယ်လိုမြင်လဲ"

စာကိုဖတ်ပြီးခေါက်ကာ စာအိတ်ထဲသို့ ပြန်ထည့်နေသော ကျွန်တော့်ကို အကဲခတ်သလိုကြည့်နေသော ရှားက မေးခွန်းထုတ်လေသည်။ စာအိတ်ကို ရှား၏ရှေ့သို့ ချပေးလိုက်ရင်း . . .

"အဲဒီ ရဲသူအမှုအကြောင်း ကိုကို ဝတ္ထုရေးချင်တယ်" ဟု ပြောလိုက်သည်။

"ကိုကိုက လုပ်ပြီ"

မေစံရှားအကြောင်း မေစံရှားလိုက်ခဲ့သော အမှုများအကြောင်း ရေးချင်သည်ဟု ပြောသည့်အခါတိုင်း ရှား ဤသို့ပြောတတ်သည်။ အမှန်အတိုင်းပြောရမည်ဆိုလျှင် ရှားကရေးခွင့်မပေးပါ။ ကျွန်တော်ကသာ ရေးသင့်သည်ဟုယူဆ၍ အတင်းအဓမ္မခွင့်တောင်း၍ဖြစ်စေ၊ ခွင့်မတောင်းဘဲဖြစ်စေ ကျွန်တော် တာဝန်ယူရသော ဖြစ်ရပ်မှန် စုံထောက်မဂ္ဂဇင်းတွင် ဝတ္ထုတိုကလေးများအဖြစ် ကိုးပုဒ်ဆယ်ပုဒ်ခန့် ရေးခဲ့ဖူးပါသည်။ "ကိုကိုက ရှားရဲ့ချစ်သူမို့ ရှားကိုကြော်ငြာပေး



နေတာမျိုးဖြစ်မှာစိုးတယ် ကိုကို၊ ပြီးတော့ ထင်ပေါ်ကျော်ကြားမှုကို ရှားမလိုချင်ဘူး" ဟု ရှားက ပြောတတ်သည်။ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်ပြောသည့် မောင်ရဲသူအမှုမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ မိဘနှင့်သားသမီး မေတ္တာနက်နဲမှုများသာမက လျှို့ဝှက်ချက်များလည်းပါသည်။ အခွင့်သင့်လျှင် မေစံရှား ဝတ္ထုတစ်ပုဒ်အဖြစ် ကျွန်တော် ရေးဖွဲ့ပါဦးမည်။

"ရှားမေးတာက အဲဒီစာပါ အကြောင်းအရာနဲ့ စာထဲမှာပါတဲ့ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်ဆိုတဲ့အပေါ်မှာ ကိုကို့အမြင်"

ရှားက ထပ်ပြောသည်။

"လက်ရေးဆိုရင်တော့ သူ့ရဲ့စိတ်အနေအထား၊ အမူအကျင့်ကို ခန့်မှန်းနိုင်တာပေါ့၊ အခုဟာက ကွန်ပျူတာနဲ့ရိုက်ထားတာ၊ လက်မှတ်တောင်မပါဘူး၊ ဒါပေမယ့် အဲဒါကပဲ ထူးခြားချက်တစ်ခုဖြစ်နေတယ် ရှား၊ ဒါဟာ သူ့ကိုမသိစေချင်ဘူးဆိုတဲ့ သဘော၊ လျှို့ဝှက်တဲ့သဘောပဲ"

"ဟုတ်တယ် ကိုကို"

"ပြီးတော့ ကွန်ပျူတာနဲ့ရိုက်တယ်ဆိုတဲ့ အချက်ကိုကြည့်၊ ဒီစာဟာ လျှို့ဝှက်သဘောတွေပါနေလို့ တခြားကွန်ပျူတာမှာ အငှားသဘောနဲ့ ပိုက်ဆံပေးရိုက်တာ မဖြစ်နိုင်ဘူး၊ သူ့ကိုယ်ပိုင်ကွန်ပျူတာနဲ့ သူကိုယ်တိုင်ရိုက်တဲ့ သဘောပါတယ်၊ ဟုတ်တယ် မဟုတ်လား"

"ရှားလက်ခံပါတယ်"

"ဒီတော့ ပထမဆုံး မှန်းဆလို့ရတာက ဒီလူဟာ ကိုယ်ပိုင်ကွန်ပျူတာ ဝယ်သုံးနိုင်တဲ့သူ၊ ပညာတတ်၊ ဥစ္စာပစ္စည်းရှိသူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်ရမယ်”

“မှန်တာပေါ့”

“နောက်တစ်ခု... ရှားကို ဂုဏ်ပြုစကားမပြောရရင် ဝ.၁ဝန် မကျေဘူးလို့ ခံစားရတယ်ဆိုတဲ့စကား၊ ဒါကိုကြည့်ရင် ရှားလိုပဲ ဆင်းရဲနွမ်းပါးသူတွေ၊ နှိမ့်ကျဖိနှိပ်ခံရသူတွေ၊ စွပ်စွဲပုတ်ခတ်ခံရသူ တွေဖက်က ရပ်ချင်တဲ့ဆန္ဒမျိုးရှိသူဖြစ်ရမယ်၊ ကူညီချင်သူဖြစ်ရမယ်”

“ရှားတွေးတာနဲ့ ကိုကိုတွေးတာ တစ်ထပ်တည်းပါပဲ”

“အဲ...နောက်တစ်ခုက ရှားလိုက်တဲ့အမှုတစ်ခုကို အရင်းအမြစ်ကျကျ သိနေတယ်ဆိုတော့ ရှားနဲ့မဝေးတဲ့ ပတ်ဝန်းကျင်က လူ ဖြစ်ရမယ်၊ ဟုတ်တယ်နော်”

“ဟုတ်ပါတယ်”

“နောက်ဆုံးတစ်ခုကတော့ နာမည်ပဲ၊ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်ဆိုတာ နာမည်ရင်း ဖြစ်နိုင်ဘူး၊ ကိုကိုတို့ စာရေးသူတွေ ကလောင်အမည်ယူသလို သူ့ကိုယ်သူ ပေးထားတဲ့အမည်”

“သိပ်မှန်တယ် ကိုကို”

“ပြီးတော့ ဂမ္ဘီရဆန်ဆန်နာမည်မျိုးဖြစ်လေတော့ လျှို့ဝှက်တဲ့ပညာရပ်တွေ လိုက်စားသူ ဖြစ်ချင်ဖြစ်နေမှာ၊ ဒါတော့ ကိုကိုလည်း သေချာမပြောနိုင်ဘူး”

ရှားပြုံးသည်။

“ဒီနေရာမှာတော့ ကိုကိုနဲ့ရှား ယူဆချက်နည်းနည်းကွဲနေပြီ ရှားယူဆတာက ဒီလူက ဒီနာမည်ကို တမင်ပေးတာ၊ လူတွေ စိတ်ဝင်စားအောင် ပေးတဲ့နာမည်၊ လျှို့ဝှက်ချင်တဲ့သဘောလည်းပါတယ်၊ ဒါပေမယ့် ဂမ္ဘီရလောကီပညာရပ်ကို လိုက်စားလို့မဟုတ်ဘဲ ပုံစံအမျိုးမျိုး၊ အသွင်အမျိုးမျိုးနဲ့ လူတွေကြားကို တိုးဝင်လှုပ်ရှားမယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး ဖြစ်လိမ့်မယ်လို့ ရှားထင်တယ်၊ ဒီနာမည်ကြည့်ပြီး ဒီလူဟာ ရည်ရွယ်ချက်တစ်ခုနဲ့ လှုပ်ရှားမယ့်လူ၊ ဒါမှမဟုတ် လှုပ်ရှားနေတဲ့လူလို့ ရှားယူဆတယ်”

“နောက်တစ်ခု ရှားသိထားသလောက်ပြောရရင် ဒီစာရွက်မှာ ရိုက်ထားတဲ့ ဗာရာဏသီ Font ဟာ IBM ကွန်ပျူတာတွေမှာ သုံးလေ့သုံးထ သိပ်မရှိဘူး၊ Apple ကွန်ပျူတာတွေမှာပဲ အသုံးများတယ်၊ ပြီးတော့ ကိုကိုသတိထားမိလား၊ စာရွက်ပေါ်မှာ အနက်စက်ကလေးသုံးစက်လေ၊ အဲဒါ printer ကြောင့်ပဲကိုကို”

ကျွန်တော်ပြုံးမိသည်။ ရှားပြောမှ ကွန်ပျူတာရိုက်ထားသော စာရွက်ကလေးကို ပြန်ကြည့်မိ၏။ စာလုံးတွေက အဝိုင်းမဟုတ်၊ ချွန်းဆန်သော စာလုံးများဖြစ်သည်၊ ပြီးတော့ စာရွက်အလယ်မှာ အနက်စက်ကလေးသုံးစက်က အပေါ်အောက် စီတန်းလျက်။

“ရှား...ကိုကို့ထက်ပိုပြီး တွေ့မိမြင်မိတယ်ဆိုတာ ကိုကို ငြင်းနိုင်ပါဘူး၊ ရှားတွေးမိသလို ကိုကိုမတွေးမိတာအမှန်ပဲ၊ ရှားပြောတာ သဘာဝကျတယ်၊ မှန်တယ်”

ထိုအခိုက် အခန်းထဲသို့ ဆရာချစ်ကိုကိုယု ဝင်လာသည်။

“ဒီနှစ်ယောက် ဘာတွေများ တွတ်ထိုးနေကြတာလဲ၊ ကျွန်တော်ဝင်လာတာနဲ့ အနှောင့်အယှက်ဖြစ်သွားပြီထင်တယ်”

ဆရာချစ်ကိုကိုယုက ရယ်၍ပြောသည်။ ကွမ်းမပြတ်ဝါးလျက်ရှိသော ဆရာချစ်ကိုကိုယုကို အပြုံးဖြင့်ကြည့်၍...



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး အစ်ကိုကြီးရာ၊ လူတစ်ယောက်အကြောင်း ပြောနေတာပါ" ဟု ရှားကပြောသည်။

"ကိုယ်ပွားတစ်ထောင်မောင်မဲခေါင်တဲ့ ကိုယုရ"

ဆရာချစ်ကိုကိုယုနှင့် ကျွန်တော်မှာ စာရေးသူချင်းမို့ ရင်းနှီးမှု ရှိကြ၏။ ကျွန်တော့်ထက်အသက်ကြီးသူမို့ ကိုယုဖြစ်စေ၊ ဆရာချစ်ဟုဖြစ်စေ ကျွန်တော်ကခေါ်တတ်သည်။ သူကမူ ကျွန်တော့်အား ညီလေးဟုလည်းကောင်း ကိုသော်ဟုလည်းကောင်း ခေါ်သည်။

"ကျွန်တော် ကြားဖူးတာကတော့ ခြေရာတစ်ထောင် မောင်မဲခေါင်ပါ"

"အဲဒါက ဟိုအရင်က ထွက်လမ်းကျင့်တဲ့သူ၊ ဒါက အခု နှစ်ဆယ့်တစ်ရာစုမှာ ပေါ်လာတဲ့သူ၊ ကွန်ပျူတာမောင်မဲခေါင်ဗျ"

"ကဲ...အဲဒါထားပါတော့ ကိုကိုရယ်၊ အခု အစ်ကိုကြီးက ကိစ္စရှိလို့လာတာထင်တယ်၊ ပြောပါဦး အစ်ကိုကြီးကိစ္စ"

ရှားက ကျွန်တော့်စကားကိုဖြတ်၍ ဆရာချစ်ကိုကိုယုကို ပြောသည်။ ဆရာချစ်ကိုကိုယုက ယူလာသောဖိုင်များကို စားပွဲပေါ်တင်ရင်း...

"ညီမလေးကို အကူအညီတောင်းမလို့၊ မနက်ဖြန် အစ်ကိုကြီးရဲ့ရုံးချိန်းတစ်ခုကို ဝင်ပေးလို့ရမလားလို့၊ အားတော့နာပါတယ်"

"ရပါတယ်အစ်ကိုကြီး၊ မနက်ဖြန် ရှားအားပါတယ်၊ ရှား ဝင်ပေးပါမယ်"

"ကျေးဇူးပါပဲ ညီမလေးရယ်၊ အစ်ကိုကြီးကလည်း ရှားကို အကူအညီတောင်းရင် ရမယ်မှန်းသိလို့ တမင်...ဟဲဟဲဟဲ...ညီလေး



သည်း သဘောတူတယ်နော်၊ သွားစရာလာစရာများ ချိန်းထားတာ ရှိသေးလား"

"မရှိပါဘူး ကိုယုရာ၊ ရပါတယ်၊ ကျွန်တော့်ရှားကလည်း ဒီလိုမျိုးကူညီဖို့ကို စောင့်နေတာပါ၊ ဒါကြောင့် ကျွန်တော်က နာမည်သစ်တစ်ခု ပေးမလို့တောင် စဉ်းစားနေတာ"

ဆရာချစ်ကိုကိုယုကိုပြောရင်း ရှားကို မျက်လုံးဝေ့ကြည့်တော့ ရှားက ကျွန်တော့်ကို ကြည်ကြည်ပြုံးပြုံးလေး ကြည့်နေသည်ကို တွေ့သည်။ ကျွန်တော်က အနောက်အပြောင် စကားတစ်ခု ပြောတော့မည်ကို သိနေပါသည်ဆိုသည့် ကြည့်ခြင်းမျိုးလည်းဖြစ်သည်။

"ဘာလဲ ကိုသော်ရ၊ ညီမလေးအတွက် နာမည်သစ်"

"ဩော်...သူ့မိတ်ဆွေသစ်နဲ့ လိုက်ဖက်အောင်လို့ အခုပဲ စဉ်းစားမိသွားတာပါ"

"ဒါဖြင့် ပြောလေကိုကို"

ရှား ဝင်မေးသည်။ ကျွန်တော်ပေးမည့် အမည်သစ်ကို ရှား သိချင်နေပုံရ၏။ ကျွန်တော် ပြုံးလိုက်ရပါသည်။

"ကဗျာလည်း...နိုးပါတယ်၊ တစ်ထောင်ကိုယ်ပွား မေစံရှား လေ"

□ □ □

www.burmeseclassic.com

www.burmeseclassic.com



၃

တနင်္ဂနွေနေ့။ အလုပ်အားရက်မို့ ထုံးစံအတိုင်း ရှားအိမ်သို့ ကျွန် တော်ရောက်သွားတော့ ရှားသည် အားကစားရုံမှ ပြန်ရောက်စဖြစ်သည်။

"ကရာတေးသွားကစားတာ ကိုကိုရေ့ ကိုယ်လက်လှုပ်ရှားမှု ကျန်းမာမယ်လေ" ဟု ရှားပြောသည်။

"လေ့ကျင့်ထား၊ စုံထောက်လုပ်ရင် ကိုယ်ခံပညာတတ်မှ ဖြစ်မယ်၊ ကိုကိုကတော့ ကိုယ်ခံရမယ့်ပညာတွေပဲတတ်တယ်"

ကျွန်တော်ပြန်ပြောသောစကားကြောင့် ရှားရယ်သည်။

"ခဏနော် ကိုကို၊ ရှားရေချိုးလိုက်ဦးမယ်၊ ကိုကို့ကိုလည်း ပြောပြစရာ သတင်းတစ်ခုရှိသေးတယ် သိလား၊ ပြီးမှပြောမယ်



နော်၊ ဒေါ်လေးရေ၊ ညည့်သည်ကို ကော်ဖီလေးဘာလေးတိုက်ပါဦး၊ ဆော်ကြာ ဘာမှမစားမသောက်ရလို့ အတင်းလျှောက်ပြောနေဦးမယ်"

ရှားက ဒေါ်လေးကြင်ကြင်ရှိရာ မီးဖိုဘက်ကိုပါ လှမ်းအော်ပြောသည်။ ဒေါ်လေးကြင်ကြင်က "ဖျော်နေပါပြီကွယ်၊ စိတ်ချ စိတ်ချ၊ မုန့်ပါယူလာမယ်" ဟု ပြန်ပြောသည်။

ရှား ရေချိုးနေခိုက် ဒေါ်လေးကြင်ကြင် လာချပေးသော ကော်ဖီနှင့်မုန့်ကို စားရင်းသောက်ရင်း သတင်းစာဖတ်နေလိုက်သည်။

ရှား၏မိဘများမှာ နယ်တွင်ဖြစ်သည်။ ဇာတိကို မစွန့်ခွာနိုင်၍ တစ်ကြောင်း၊ ဘိုးဘွားပိုင် လယ်တွေ၊ ခြံတွေကို သံယောဇဉ်ပိုနေ၍ တစ်ကြောင်း၊ စီးပွားရေးအဆင်ပြေနေ၍တစ်ကြောင်း သူတို့က မြို့ကိုမခွာနိုင်။ တစ်ဦးတည်းသောသမီး မေစံရှားက ရန်ကုန်တွင် အလုပ်လုပ်နေသည်မို့ သမီးကိုလည်း စိတ်မချသဖြင့် ဒေါ်လေးကြင်ကြင်ကို အဖော်အဖြစ်ထည့်ပေးထားခြင်း ဖြစ်သည်။ အပျိုကြီးဖြစ်သော ဒေါ်လေးကြင်ကြင်မှာလည်း တူမဖြစ်သူ မေစံရှားသံယောဇဉ်ဖြင့် ကိုယ်ရံတော်ဖြစ်နေရရှာသည်။

"ဟိုနေ့က ကိုယ်ပွားတစ်ထောင်မောင်မဲခေါင်ရဲ့ စာကိုဖတ်ပြီး ကိုကိုနဲ့ရှား ဆွေးနွေးခဲ့ကြတယ် မဟုတ်လား၊ မနေ့က ရှားရုံးချိန်း သွားရင်းနဲ့ အဲဒီမောင်မဲခေါင်အကြောင်း သတင်းတစ်ခုကြားခဲ့ရတယ်"

ရေချိုးအဝတ်အစားလဲပြီး ပြန်ထွက်လာသော ရှားက ကျွန်တော့် ရှေ့ထိုင်ခုံမှာ ဝင်ထိုင်ရင်း စကားစသည်။ မောင်မဲခေါင်ဟူသော အမည်ကြောင့် ကျွန်တော် စိတ်ဝင်စားသွားသည်။

"ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကြင်ကြင်က ရှားအတွက်ပါ ကော်ဖီလာချပေးသည်။

"ရှားအမှုသည်နဲ့ပါလာတဲ့ ဒေါ်ခင်မမဆိုတဲ့ အမျိုးသမီးကြီးက ပြောပြတာပါ၊ သူ့ကိုယ်တွေ့ပေါ့၊ ဇာတ်လမ်းကလေးကတော့ အတော်ကောင်းတာပဲ၊ ဒီလို ကိုကို"

□ □ □

ဆွဲကြိုးအကြီးကြီးကို ဝတ်ဆင်ထားသော၊ လက်ကောက်တွေအများကြီး ဆင်ယင်ထားသော၊ စိန်နားကပ်ကြီး တပြောင်ပြောင် တလက်လက်နှင့်ရှိသော ဒေါ်ခင်မမအမည်ရှိ အမျိုးသမီးကြီးက ခါးကိုထောက်လျက် . . .

"ဒီမှာ မခြယ်၊ အကြွေး ဘယ်လိုပြန်ဆပ်မယ်ဆိုတာကိုပဲ ပြောပါ" ဟု ရင့်သီးမာကျောစွာပြောသည်။ ဆန်ပြာနေသော ဒေါ်ခြယ်က အားငယ်စိုးရွံ့စွာ မော့ကြည့်ပြီး

"ကျွန်မ ပြန်ဆပ်ပါ့မယ်"

တိုးလျစွာပြောသည်။ ပြောစကားမှာ အားမပါလှ။

"ပြန်ဆပ်ပါ့မယ်၊ ပြန်ဆပ်ပါ့မယ်နဲ့ပဲ ထပ်ထပ်ချေးလိုက်တာ အခုဆို အရင်းနဲ့အတိုးပေါင်း၊ နောက်ပြီး အတိုးထပ်တက်နဲ့ ငါးသောင်းကျော်နေပြီ၊ ငါဆက်ပြီးမစောင့်နိုင်တော့ဘူး၊ ပြန်ဆပ်နိုင်ရင်ဆပ်၊ မဆပ်နိုင်ရင် နင့်အိမ်နဲ့မြေကို ဈေးဖြတ်ပြီး ငါယူရမှာပဲ"



"အို . . . အဲဒီလိုတော့ မလုပ်ပါနဲ့ ဒေါ်ခင်မမရယ်၊ ကျွန်မမှာ ကလေးတွေနဲ့ နေစရာ ဒီအိမ်ကလေးပဲရှိတာ"

"အိမ်ကိုမပေးနိုင်ရင်လည်း အကြွေးကိုဆပ်ပေါ့"

"အတိုးတော့ ကျွန်မလာလာပေးတာပဲ ဒေါ်ခင်မမရယ်၊ သားအလတ်အလုပ်ရရင် အရင်းတွေပါ ပြန်ဆပ်နိုင်မှာပါ"

"အဲဒါ ဘယ်ကာလကျမှဖြစ်မှာလဲ၊ အပိုတွေပြောမနေနဲ့၊ ဒီလကုန် ပြန်ဆပ်နိုင်ရင်ဆပ်၊ မဆပ်နိုင်ရင် နင့်အိမ်နဲ့မြေကို တစ်သိန်းနဲ့ဈေးဖြတ်ပြီး ငါ့အကြွေးကိုနုတ်၊ ပိုတာငါပေးမယ်၊ ဒါပဲ၊ လကုန်ရင် ငါလာမယ်"

လကုန်ထိ ဒေါ်ခြယ်မှာ မပြေလည်။ မပြေလည်ဆို ဒေါ်ခြယ်မှာက သမီးကြီးတစ်ယောက်၊ သားငယ်တစ်ယောက်၊ အငယ်ဆုံးသမီးလေးတစ်ယောက်နှင့် ဘဝကို ရုန်းကန်နေရသည်ပဲ။ သမီးကြီးက အထည်ချုပ်စက်ရုံမှာ လုပ်သည်။ သားလတ်က ဆယ်တန်းတက်ဆဲ။ အငယ်လေးကလည်း လေးတန်းကျောင်းသူ။ ဒေါ်ခြယ်မှာရောဂါသည်မို့ အလုပ်မလုပ်နိုင်။ သမီးကြီးလုပ်စာနှင့် မိသားစုရှင်သန်ရပ်တည်နေရသည့်ဘဝ။

ဒေါ်ခင်မမထံမှာ တင်သည့်အကြွေးကလည်း ဒေါ်ခြယ့်ခင်ပွန်း ဦးအားမောင် နာမကျန်းဖြစ်စဉ်က ယူခဲ့ရသည့် ငွေများဖြစ်သည်။ ဦးအားမောင်ကား နာမကျန်းရာက ပြန်၍ကောင်းမလာတော့ဘဲ လူ့လောကကို စွန့်ခွာသွားခဲ့သည်ဖြစ်ရာ ယခင်က ဦးအားမောင် ပေါ်တွင် အားကိုးမှီခိုခဲ့ရသော မိသားစုဘဝလေးမှာ ရပ်ဝ ယိုင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သွားရလေသည်။ သည်တော့လည်း ဒေါ်ခင်မမအကြွေးများကို ပြန်ဆပ်နိုင်ခြင်းမရှိတော့။

တကယ်တော့ . . .

ဒေါ်ခင်မမဆိုသည်မှာ ဦးအားမောင်၏အစ်မအရင်း ဖြစ်သည်။ ဒေါ်ခင်မမ၏ ခင်ပွန်းသည်က လုပ်ငန်းရှင်တစ်ဦးမို့ ချမ်းသာကြွယ်ဝသည်။ ဒေါ်ခင်မမကလည်း ငွေတိုးချေးအလုပ်ကိုလုပ်တော့ စီးပွားကတက်သည်။ သားသမီးကလည်း အားလုံးမှတစ်ယောက်တည်းဖြစ်၏။ ယင်း တစ်ဦးတည်းသောသားကလည်း ယခု နိုင်ငံခြားမှာ။ သူတို့မှာ ဘာလိုသေးသနည်း။ အားလုံးပြည့်စုံကုံလုံ၏။ သို့ပါလျက် ဒေါ်ခင်မမလောဘက အတောမသတ်။ ငှဲညှာစာနာခြင်းကင်းမဲ့စွာ ဒေါ်ခြယ်တို့မိသားစုပိုင် အိမ်ကလေးကိုပင် သိမ်းဖို့ကြိုးစားနေသေးသည်။

လကုန်ရက် ဒေါ်ခြယ့်အိမ်ရှေ့သို့ ဒေါ်ခင်မမ၏ကားကလေး ရပ်လာတော့ ဒေါ်ခြယ်မှာ အိမ်ထဲက မျက်ရည်တွေနှင့်။

"ကဲ ဘယ်လိုလဲမခြယ်၊ ငါပေးထားတဲ့အချိန် ပြည့်ပြီလေ"

ဒေါ်ခြယ်ဘာမှပြန်မပြောနိုင်။ ဒေါ်ခင်မမက သူမ၏လက်ဆွဲအိတ်ကြီးကိုဖွင့်သည်။ ငွေစက္ကူတစ်ထပ်ကို ဆွဲထုတ်သည်။

"ဒါ ငါ့အကြွေးနုတ်ပြီး ပိုတဲ့ငွေ၊ ရော့ . . .၊ နင်တို့အိမ်ဂရန်ငါ့ကိုပေး၊ နောက်တစ်ပတ် နင်တို့အိမ်ပြောင်းပေတော့"

"နေ . . .နေပါဦး"

ရုတ်တရက်ပေါ်ထွက်လာသောအသံ။ ဒေါ်ခြယ်၏ တောင်းပန်တိုးလျှိုးသံမဟုတ်။ ဒေါ်ခင်မမနောက်မှ ပေါ်လာသောအသံ။ ခေါင်း



ပေါင်းကြီးနှင့် နှုတ်ခမ်းမွေးရှည်ရှည်ကြီးနှင့် အဘိုးအိုတစ်ယောက်။ လွယ်အိတ်ကြီးတစ်လုံး လွယ်လျက်။ လမ်းပေါ်မှဆင်းလာပြီး ပြောခြင်းဖြစ်သည်။

"ဘာလဲ . . .ရှင်ကဘယ်သူလဲ"

ဒေါ်ခင်မမက အဘိုးအိုကို လှည့်မေးသည်။ ဒေါ်ခြယ်ကလည်း အဘိုးအိုကို တအံ့တသြမော့ကြည့်သည်။

"ကျုပ်က ဧည့်သည်ပါ၊ ဘုန်းကြီးကျောင်းမှာတည်းပါတယ်"

"ရှင်က ကျွန်မတို့ကိစ္စမှာ ဘာဝင်ရှုပ်တာလဲ"

ဒေါ်ခင်မမစကားက မာကျောပြတ်သားသည်။ အဘိုးအိုက ပြုံး၍ အေးဆေးတည်ငြိမ်စွာဖြင့် . . .

"ကျုပ်က ဝင်ပြီးဖြေရှင်းပေးမလို့ပါ၊ ဒီက ညီမကြီးက ရစရာရှိတဲ့ ငွေကြေးကိုရမယ်ဆိုရင် ဟိုက ညီမကြီးတို့အိမ်ကို မသိမ်းတော့ဘူး မဟုတ်လား" ဟု ပြောသည်။

အဘိုးအိုစကားကြောင့် အမျိုးသမီးကြီးနှစ်ဦးစလုံး အံ့သြမင်တက်နေမိသည်။

"ကဲ . . .ဘယ်လိုလဲ၊ ကျုပ်ပြောတာ"

ဒေါ်ခင်မမ ရုတ်တရက်အဖြေမပေး။

အဘိုးအိုက သူ၏လွယ်အိတ်ကြီးထဲမှ အထုပ်တစ်ထုပ်ကို ဆွဲထုတ်သည်။ ဒေါ်ခင်မမကို ကမ်းပေးသည်။

"ခနှစ်သောင်းပါ ညီမကြီး၊ ကျေနပ်ပါနော်၊ အိမ်ကလေးကိုတော့ ချမ်းသာပေးလိုက်ပါနော်၊ ကဲ ကျုပ်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမက ငွေထုပ်ကိုကိုင်ပြီး ကြောင်နေဆဲ၊ ဒေါ်ခြယ်က ဘာပြောရမှန်းမသိ ငေးနေဆဲမှာပင် အဘိုးအိုကနေရာမှ ချာခနဲလှည့်ထွက်သွားသည်။ အံ့ဩဖွယ်ရာ ထူးဆန်းလှသောအဘိုးအို။

ဒေါ်ခင်မမ မကျေမနပ် ပြန်သွားသည်။

ဒေါ်ခြယ်မှာလည်း ဝမ်းသာကြည်နူးစွာဖြင့် သမီးကြီးနှင့်သားတွေပြန်လာတော့ ဘုန်းကြီးကျောင်းသို့ အဘိုးအိုအားတွေ့ဆုံရန် သွားကြသည်။ ကျေးဇူးတင်စကားပြောကြ၊ ကန်တော့ကြမည်ပေါ့။ သို့သော် ဘုန်းကြီးကျောင်းတွင် အဘိုးအိုကိုမတွေ့ရ။ ဆရာတော်ကို လျှောက်ကြည့်တော့ ဆရာတော်က ကျောင်းတွင်မည်သည့်ဧည့်သည်မျှမရှိဟု မိန့်သည်။ ထူးဆန်းသောအဘိုးအိုအကြောင်းတစ်ရပ်ကွက်လုံး ပြောမဆုံးဖြစ်သွား၏။

❒ ❒ ❒

"အဲဒါနဲ့ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်နဲ့ ဘာပတ်သက်လို့လဲ"

ကျွန်တော်က ရှားပြောပြသော ဇာတ်လမ်းအဆုံးမှာ နားမလည်စွာ မေးမိသည်။ ရှားက လက်ကာ၍...

"ဇာတ်လမ်းက ဒီမှာမှမဆုံးသေးတာ၊ အသိမ်းလေးရှိသေးတယ်"



"အသိမ်းကလေးဟုတ်လား၊ ဘယ်လိုဇာတ်သိမ်းတာလဲ"

ကျွန်တော် သိချင်ဇောပြင်းပြလာမှ ရှားက မပြောသေးဘဲ ကော်ဖီသောက်နေပြန်သေးသည်။ ကျွန်တော် စိတ်မရှည်ချင်။

"ပြောလေ ရှားရယ်"

"ပြောမှာပေါ့၊ ရှားဗိုက်ဆာလို့ ကော်ဖီသောက်ပါရစေဦး ကိုကိုရယ်"

ရယ်ချင်စိတ်ကိုချိုးနှိမ်ကာ မျက်လုံးကလေးထောင့်ကပ်ကြည့်ရင်း မူမူနွဲ့နွဲ့စကားကို ဆိုသည်။ သည်တော့လည်း ကျွန်တော့်ရင်မှာ လှိုက်ဖိုကြည်နူးသွားသည်။ ကော်ဖီပန်းကန်ကို ပြန်ချပြီးမှ..

"ဒေါ်ခင်မမအိမ်ကို နောက်နှစ်ရက်အကြာမှာ စာကလေးတစ်စောင်ရောက်လာတယ်၊ နေဦး ကိုကို၊ ရှားပြမယ်၊ စိတ်ဝင်စားလို့ ရှား အဲဒီဒေါ်ခင်မမဆီက တောင်းယူလာတယ်"

ရှားက ပြောရင်းဆိုရင်း ထိုင်ရာမှထကာ အခန်းထဲပြန်ဝင်သွားသည်။ ရှားပြန်လာတော့ လက်ထဲမှာ စာရွက်ကလေးတစ်ရွက်။

"ဒီစာနဲ့ ဟိုဇာတ်လမ်းထဲက ငွေပေးသွားတဲ့အဘိုးအိုကြီးနဲ့ ဆက်စပ်စဉ်းစားရမယ်၊ နောက်တစ်ခါ ဒေါ်ခင်မမ ပိုက်ဆံအခိုးခံလိုက်ရတာနဲ့ ဆက်စပ်စဉ်းစားရမယ်" ဟု ပြောသည်။

"ဒေါ်ခင်မမ ပိုက်ဆံအခိုးခံရလို့ ဟုတ်လား"

"ဟုတ်တယ်ကိုကို၊ အဲဒီစာရောက်တဲ့ညမှာပဲ အခိုးခံရတာ၊ အခိုးခံရတာကလည်း အဘိုးအိုပေးခဲ့တဲ့ ငွေခုနစ်သောင်းပဲ၊ အဲဒီငွေကို ဒေါ်ခင်မမက သူ့လက်မှုအိတ်ထဲကတောင် တခြားနေရာကို ပြောင်းပြီး မသိမ်းမိသေးဘူး၊ မှန်တင်ခုံပေါ်ပဲ တင်ထားတာ၊ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



အချိန်ပျောက်သွားမှန်း၊ ဘယ်သူယူသွားမှန်းကိုမသိဘူး၊ ပျောက်တာလည်းဆန်းတယ်၊ လက်ပွေ့အိတ်ထဲက ဒေါ်ခင်မမရဲ့ တခြားပိုက်ဆံတွေ လက်ဝတ်လက်စားတွေ ပါမသွားဘူး”

“ဟာ . . . တော်တော်ဆန်းတာပဲ”

စာရွက်ကို ကျွန်တော့်အား ရှားက ကမ်းပေးသည်။ စာရွက်ဖြူဖြူကလေးကို ဖြန့်ကြည့်လိုက်တော့ စာကြောင်းတိုတိုကလေးပဲ ပါသည်။

> လောကမှာ တရားမျှတမှုဆိုတာ ရှိတယ်။
>
> ကိုယ်ပွားတစ်ထောင်မောင်မဲခေါင်

“ကဲ . . . ဘာထူးခြားလဲ”

ကျွန်တော်ကပြုံးလိုက်ပြီး . . .

“အရင်တစ်ခါ ရှားဆီကိုရောက်လာတဲ့ စာရွက်ပုံစံရော စာလုံး **Font** ရော တူတယ်၊ စာရွက်ပေါ်မှာ အစက်ကလေးသုံးစက်ပါတာလည်းတူတယ်၊ ဒါကြောင့် မောင်မဲခေါင်ဟာ ဒီစာလုံး **Font** ကို ကြိုက်လို့ တမင်သုံးနေတာ၊ ပြီးတော့ ဒီကွန်ပျူတာကိုပဲသုံးတယ်ဆိုတဲ့အချက်ကို တွေ့ရတယ်” ဟု ဝင့်ကြွားစွာပြောလိုက်သည်။

“မှန်တယ်ကိုကို၊ ကိုကိုပြောတာမှန်တယ်၊ ရှား ပိုပြီးခိုင်မာစွာ နားလည်လိုက်ရတဲ့အချက်က ဒီလူဟာ တရားမျှတမှုဆိုတာကို တော်တော်လိုလားပုံရတယ်”

“ဒါနဲ့နေပါဦး ရှားရယ်၊ ဒီစာတိုကလေး ဒေါ်ခင်မမဆီ ရောက်လာတာက ဘာကြောင့်လဲ၊ ပိုက်ဆံအခိုးခံရတာနဲ့ ဆိုင်နေတယ်ထင်တယ်”



ရှားက မျက်ခုံးကလေးချီကာ ငေးသွားဟန်ဖြင့် စဉ်းစားရင်း

“ဒါကြောင့်ပြောတာ၊ ပိုက်ဆံခိုးတဲ့သူဟာ တခြားပစ္စည်းတွေ၊ ငွေတွေကို လုံးဝမထိဘဲ ဒေါ်ခင်မမကို အဘိုးအိုပေးလိုက်တဲ့ ငွေ နှစ်သောင်းကိုပဲ ယူသွားတာကိုထောက်တော့ ဒီနှစ်သောင်းကိုပဲ သိချင်ပုံရတယ်၊ ဒီတော့ မောင်မဲခေါင်ရဲ့စာရယ်၊ ငွေလာပေးတဲ့ အဘိုးအိုရယ် ဆက်စပ်စဉ်းစားလိုက်ရင် အဲဒါဟာ လမ်းကြောင်း တစ်ခုတည်းပဲလို့ ဆိုနိုင်တယ်”

“ရှားပြောတာက ငွေပေးတဲ့အဘိုးအိုဟာ မောင်မဲခေါင်၊ ဒါမှမဟုတ် မောင်မဲခေါင်ရဲ့လူဖြစ်တယ်၊ ငွေပေးပြီး ဒေါ်ခြယ်ရဲ့ အခက်အခဲကိုကူညီမယ်၊ ပြီးတော့ မတရားသဖြင့်ပြုမူတဲ့ ဒေါ်ခင် မမကို ပညာပေးတဲ့အနေနဲ့ ငွေတွေကို ပြန်ခိုးယူမယ်၊ ဘယ်သူဘယ်ဝါ ဆိုတာသိအောင် စာတိုကလေး ပို့လိုက်မယ်၊ ဒီလိုလား . . . ရှား”

“ဟုတ်တယ် ကိုကို”

“ဒါဆို အဘိုးအိုဟာ မောင်မဲခေါင် ရုပ်ဖျက်ထားတာ ဖြစ်ရမယ်၊ ကြည့်လေ သူ့နာမည်ယူထားတာ ကိုယ်ပွားတစ်ထောင်ဆိုတော့”

“ရုပ်ပြောင်းရုပ်လွှဲတော်တဲ့သူ၊ ဓာရပညာမှာလည်း တော်တဲ့သူ ဖြစ်မှာပဲကိုကို၊ စိတ်ဓာတ်ကတော့ လေးစားစရာကောင်းတဲ့လူပဲ၊ ဆိုမယ့် နည်းနည်းတော့အစွန်းရောက်နေတယ်လို့ ရှားခံစားမိတယ်”

“ကိုကိုတော့ မောင်မဲခေါင်ဆိုတဲ့လူကို စိတ်ဝင်စားသွားပြီ [illegible]”

“ရှားလည်း ကိုကို့လိုပါပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... မောင်မဲခေါင်အကြောင်းပြီးရင် ကိုကိုတို့အကြောင်း ဆက်ရအောင်"

ရှား ကျွန်တော့်ကို ဖျတ်ခနဲကြည့်သည်။ ရွှးစမ်းကြည့်။ စိတ်ဝင်စားဟန်လည်းအပြည့်။

"ပြောပါဦးကိုကို"

"ကိုကိုနဲ့ရှား လက်ထပ်ဖို့ကိစ္စ"

"ကိုကိုကလည်း ဒါလေးများ"

ချိုမြသော ရှားရယ်သံတွေ စီးမျောလာသည်။ ကျွန်တော့် ရယ်သံတွေနှင့် ရောသွားသည်။ ရယ်သံနောက်မှာ ကပ်ပါလာသော ရှား စကားရှရှကလေးတွေက...

"ရှား ရည်မှန်းထားတဲ့အတိုင်းပေါ့ ကိုကိုရယ်၊ ချစ်သူဖြစ်တဲ့ နှစ် ငွေရတုမြောက်မှ"

"ဘိုးဘွားရိပ်သာမှာ မင်္ဂလာပွဲ ကျင်းပကြတာပေါ့နော်"

ရယ်သံတွေ ပို၍ ကျယ်လောင်သွားသည်။

❐ ❐ ❐



၄

အဆောက်အဦးမြင့်မြင့်ကြီးများကြားမှလျှို၍ ဆင်းလာသော နေခြည်လဲ့က လမ်းပေါ်သို့ တစ်ဝက်ဖြာကျနေ၏။ အရိပ်ရှိရာဘက် လက်ဖောင်းပေါ်မှာ မေစံရှားနှင့် ကျွန်တော် ယှဉ်၍လျှောက်လာကြသည်။

"အဲဒီဆိုင်ကို ကိုကိုသိလား"

ရှားကမေးသည်။

"သိတော့သိတယ်၊ ရောက်တော့ မရောက်ဖူးဘူး"

"ကိုယုရုံးခန်းမှာ ရှားဝင်ကြည့်တော့ မရှိတော့ဘူး၊ သွားနှင့်ပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သွားနှင့်မှာပေါ့၊ သူ့ပွဲပဲဟာ၊ သူကြိုရောက်နေမှ ကောင်းမယ်လေ"

ပွဲက စာရေးဆရာချစ်ကိုကိုယုကို စာပေမိတ်ဆွေတွေက ဂုဏ်ပြုပွဲဖြစ်သည်။ သူ့၏ဝတ္ထုကိုရိုက်သော နှလုံးလှလှမိုက် ရုပ်ရှင်ကားက အကယ်ဒမီငါးဆု ဆွတ်ခူးရရှိခဲ့သဖြင့် ဝတ္ထုဖန်တီးသူ ချစ်ကိုကိုယုကို ဂုဏ်ပြုခြင်းဖြစ်၏။ ကိုယုကဖိတ်သဖြင့် ရှားနှင့်ကျွန်တော် လာရခြင်းဖြစ်သည်။

မျိုးဆက်သစ်ဆိုင်ရှေ့မှာ ကိုယုကစောင့်နေသည်။

"ညီမလေးကတော့ ကိုသော်နဲ့လာမှာပဲလို့ အစ်ကိုကြီးက သိပြီးသားပဲ၊ ဒါကြောင့် ရုံးခန်းကိုတောင် ဝင်မခေါ်ခဲ့ဘူး၊ အမယ် ဟမ်းဖုန်းတွေ ဘာတွေနဲ့ပါလား"

ကိုယုက ဆီးကြိုနှုတ်ဆက်ရင်း ရှားလက်ထဲမှ ဟမ်းဖုန်းကို မြင်သွားသည်။

"ပြီးခဲ့တဲ့အပတ်ကမှ ရတာလေကိုယုရဲ့၊ အဲဒါ ကြွားချင်လို့ ကိုင်လာတာ"

ကျွန်တော်က အနောက်စကားကိုဆိုတော့ . . .

"ကိုကိုကလဲ" ဟု ရှားရှက်ရွံ့စွာပြောသည်။ ရှားရှက်သွားဟန်ကိုကြည့်ပြီး ကိုယုက ရယ်သည်။

"လာ ညီမလေး၊ ညီမလေးတို့ကို မိတ်ဆက်ပေးရဦးမယ် အစ်ကိုကြီးရဲ့ ညီဝမ်းကွဲနဲ့"

ဆိုင်အတွင်း ထောင့်တစ်နေရာသို့ ကိုယုက ဦးဆောင်ခေါ် သွားသည်။ ကိုယုချပေးရာနေရာ၌ ကျွန်တော်တို့ဝင်ထိုင်ကြစဉ်



အပွဲတစ်ဖက်ထိုင်ခုံ၌ ရောက်နေပြီးဖြစ်သော ရှားနှင့်ရွယ်တူခန့်ရှိမည့် သူရွယ်တစ်ဦးက မော့ကြည့်သည်။

ကိုယုက . . .

"ညီလေး၊ ဒါ အစ်ကိုကြီးရဲ့မိတ်ဆွေတွေ၊ သူက စာရေးဆရာ အယ်ဒီတာ ကိုနေသော်၊ သူကတော့ "ရှေ့နေမလေး မေစံရှား" ဟု ဆိုသူအားကြည့်၍ ကျွန်တော်တို့နှင့် မိတ်ဆက်ပေးသည်။

"ဒါ အစ်ကိုကြီးပြောတဲ့ ညီဝမ်းကွဲဆိုတာလေ"

ကိုယုစကား မပြည့်စုံသေးမီမှာပင် . . .

"ကျွန်တော် ခွန်မြတ်သာပါ၊ ဗိသုကာအင်ဂျင်နီယာပါ"

ထိုသူကဝင်၍ အပြုံးဖြင့် သူ့ကိုယ်သူ မိတ်ဆက်သည်။ ချော်ရွှေသောဟန်၊ ကြည်စင်သောမျက်နှာနှင့် ပွင့်လင်းသောအမူအရာရှိသည့် သူ့သဏ္ဌာန်၊ သူ့ဟန်ပန်က ခင်မင်ဖွယ်ဖြစ်သည်။ ရှုံးရှုသောမျက်လုံးများနှင့် ခံ့ညားသောရုပ်သွင်ကလည်း လေးစားဖွယ် ဖြစ်သည်။

ကျွန်တော်တို့ အပြုံးချင်းဖလှယ်မိကြ၏။ မိတ်ဆက်ပေးပြီး ကိုယု ပြန်ထွက်သွားသည်။

"ဒါ ကျွန်တော့်လိပ်စာကတ်ပါ"

ခွန်မြတ်သာက သူ၏လုပ်ငန်းလိပ်စာကတ်ကို ပေးသည်။ "အကူအညီလိုရင်လည်း အချိန်မရွေးတောင်းနိုင်ပါတယ်၊ ကိုယုကို ခင်သလိုပဲ ကျွန်တော့်ကိုလည်း ခင်စေချင်ပါတယ်" ဟု ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်မကတော့ အကူအညီပေးပါရစေလို့ မပြော ချင်ပါဘူး၊ ရှေ့နေဆိုတော့လေ တော်ကြာ အမှုအခင်းတွေဘာတွေ ဖြစ်မယ့်နိမိတ်ဖတ်တာ ဖြစ်မှာစိုးလို့"

ရှားစကားကြောင့် ခွန်မြတ်သာရယ်သည်။ ကျွန်တော့်ကို မျက်လုံးချင်းဆုံပြီး . . .

"ကိုနေသော်နဲ့ ကျွန်တော်နဲ့ကတော့ ယောကျ်ားလေးချင်းဆို တော့ ပေါင်းရအဆင်ပြေမှာပါ၊ ကိုနေသော့်မဂ္ဂဇင်းတိုက်က . . ."

"ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်းပါ၊ ပန်းဆိုးတန်းလမ်း အပေါ်ဆုံး ဘလောက်မှာပါ၊ ရောက်ရင်ဝင်ခဲ့ပါ"

တစ်ခဏအတွင်းမှာပင် ခွန်မြတ်သာနှင့် ကျွန်တော်တို့ အဖွဲ့ ကျသွားကြသည်။ ခွန်မြတ်သာက စကားကို အေးအေးနှင့်ငြိမ်ငြိမ် ပြောတတ်သော်လည်း တည်တည်နှင့် တစ်ချက်တစ်ချက်ဖောက် တတ်သောကြောင့် ကျွန်တော်တို့ဝိုင်းကလေးက စိုပြည်နေသည်။ အခမ်းအနားတွင် စာရေးဆရာကြီး၊ ငယ်များက ကိုယုကို ဂုဏ်ပြု စကား ပြောကြသည်။ ဂုဏ်ပြုလက်ဆောင်များ ပေးကြသည်။ ကိုယုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ နောက်ဆုံး အစီအစဉ်က အစားအသောက်ဖြင့်ဧည့်ခံခြင်း။

ဂုဏ်ပြုပွဲပြီးတော့ ခွန်မြတ်သာနှင့်ကျွန်တော်တို့ နှုတ်ဆက် လမ်းခွဲကြသည်။ ခွန်မြတ်သာက သူ့ကားဖြင့် လိုက်ပို့ပေးမည်ဆို သော်လည်း ရှားကလက်မခံခဲ့။ 'လမ်းမှာဝင်စရာရှိလို့' ဟု အကြောင်း ပြကာငြင်းသည်။

ခွန်မြတ်သာက သူ၏မတ်တူးကားနှင့်ထွက်သွားမှ . . .



"ကိုကို အဲဒီခွန်မြတ်သာကို ဘယ်လိုမြင်သလဲ" ဟု ရှားက မေးသည်။

"သဘောကောင်းမယ့်ပုံပါပဲ၊ ယောကျ်ားပီသတဲ့သဘောလည်း ရှိပါတယ်၊ မိတ်ဆွေကောင်းဖြစ်မှာပါ"

ကျွန်တော့်စကားကို ရှားကမငြင်းသော်လည်း . . .

"သူ့ပုံစံကြည့်ရတာ ရှားတို့ကို သိပြီးနေတဲ့ပုံပေါက်တယ်" ဟု တွေးတွေးဆဆပြောသည်။ ကားလမ်းကိုဖြတ်ကူးပြီး ပန်းခြံလမ်း အောက်ဘလောက်သို့ ကူးလာစဉ်မို့ ကျွန်တော် ဘာမျှပြန်မပြောဖြစ်။

"ရှားစိတ်ထဲမှာ သူဟာ တစ်ခုခုထူးခြားနေတယ်လို့ ထင် တယ်၊ ဘယ်လိုလဲတော့ ရှားမပြောတတ်သေးဘူး"

တခြား အမျိုးသားတစ်ယောက် အကြောင်း စိတ်ဝင်တစား ပြောနေသောရှားကို ကျွန်တော် နည်းနည်းတော့ကျွဲမြီးတိုသွားသည်။ ဒါကိုသည်ဟုပြောလျှင်လည်း ခံရပါမည်။ မနှစ်မြို့သည်ကတော့ အမှန်ပါ။

ထို့ကြောင့်လည်း . . .

"ကိုကို့ရည်းစားလုဖက်တော့ ဖြစ်မလာနိုင်ပါဘူးနော်" ဟု နောက်စကားပြောမိ၏။ ရှားက မျက်ဝန်းများ ဝိုင်းခနဲဖြစ်သွားပြီးမှ ရက်ခနဲပြုံးကာ ကျွန်တော့်လက်ကို ဖမ်းဆုပ်သည်။

"ကိုကိုကပြောရှော့မယ်၊ ရှားပြောတဲ့အဓိပ္ပာယ်က တခြားပါ" ဟု ရေလပြည်ထိုးသည်။ ရှားကို ယုံကြည်သောကျွန်တော်သည် သူ့အတွက် မှုပန်စရာမလိုကြောင်း သိနားလည်ထားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



"ချစ်ရသူဆိုတော့ ပူရတာပဲရှားရေ၊ အင်ဂျင်နီယာသူဌေးလေး ဆိုတော့ စာရေးဆရာဆိုတဲ့ လူတန်းစားနဲ့ ဘာမှမဆိုင်ဘူးလေ" ဟု ခပ်တည်တည်နှင့် ဆက်၍နောက်လိုက်သည်။

"ကိုကိုနော် . . . အဲဒီလိုမပြောနဲ့၊ ကိုကို့ကိုချစ်တာ ကိုကို့ စိတ်သဘောနဲ့ ကိုကို့ကိုယ်ကျင့်သိက္ခာကို ချစ်တာပါ၊ ငွေတို့ ဂုဏ်တို့ဆိုတာကို ဘယ်တုန်းကမှ အရာသွင်းစဉ်းစားတာမဟုတ်တဲ့ ရှားစိတ်ဓာတ်ကို ကိုကိုသိသားနဲ့"

ရှားက အရယ်အရွှန်းမပါ၊ တည်တည်တံ့တံ့ နက်နက်နဲနဲ ရှင်းချက်ထုတ်သည်။ သည်တော့မှ ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်လိုက်ကာ ရှားစိတ်ထဲ ညှို့ဆိုင်းသွားသည်ကို ဖော့ပစ်လိုက်ရ၏။

"ကိုကို နောက်နေတာပါရှားရယ်"

"တခြား ဘယ်လိုနောက်နောက် ကိုကို့အပေါ်ထားတဲ့ ရှား အချစ်ကိုတော့ မနောက်ပါနဲ့ကိုကိုရယ်၊ ရှားခံစားရတယ်"

"ကဲပါဗျာ၊ ကိုကိုနောက်မိတာ တောင်းပန်ပါတယ်၊ ကျေနပ်ပါ ဒေါ်မေစံရှားရယ်"

"ရှား နှလုံးသားမှာ ကိုကိုကလွဲရင် ဘယ်သူမှ နေရာဝင်ယူလို့ မရဘူးဆိုတာကိုလည်း ရှားက ထပ်ပြီး ရဲရဲဝံ့ဝံ့ကတိပေးလိုက်ပါတယ် နော် ဦးနေသော်"

□ □ □



## ၅

"ဟဲလို၊ နေသော်ပါ"

"ရှားပါ ကိုကို၊ ကိုကို့ဆီ ဒီညနေရုံးကအဆင်း ရှားဝင်လာခဲ့မယ်၊ ကိုကိုစောင့်နေနော်"

"ကိစ္စရှိလို့လား"

"ရှိတာပေါ့"

"ဘာကိစ္စလဲ"

"ကိုကို့ကို တွေ့ချင်တဲ့ကိစ္စ"

ရင်ထဲသို့ ပီတိလှိုင်းတစ်ခု ဖြတ်သန်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား"

"ကိုကို့ကို ပြောပြစရာလည်းရှိတယ်"

"ဘာများလဲ"

"စွန့်စားခန်းဝတ္ထုတစ်ပုဒ်ပေါ့"

"ဘယ်သူ့ဇာတ်လမ်းလဲ"

"ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်"

ကျွန်တော် စိတ်ဝင်စားသွားသည်။

ညနေငါးနာရီ ကျွန်တော်ရုံးမဆင်းမီ ရှားရောက်လာသည်။ လုပ်လက်စအလုပ်တွေကိုဖြတ်ကာ အလုပ်ဆင်းရန်ပြင်ရ၏။ တာဝန်ခံအယ်ဒီတာဆရာသစ်က "သွားပါ၊ သွားပါ၊ ကိုယ်ချင်းစာပါတယ်" ဟု နောက်ဖက်မှ လှမ်းနောက်သည်။

လားရှိုးခုနစ်လွှာပေါက်စီဆိုင်မှာ ထိုင်ပြီးသည်နှင့် . . .

"ကဲ ပြောပါဦး၊ မောင်မဲခေါင်အကြောင်း" ဟု ကျွန်တော် စကားစလိုက်သည်။

"ကိုကို မမထားကို သိတယ်မဟုတ်လား"

ရှားက မေးခွန်းတစ်ခု ပြန်ထုတ်သည်။

"သိတယ်လေ၊ ရှားအစ်မဝမ်းကွဲ၊ ကုမ္ပဏီတစ်ခုမှာ စာရင်းစစ်လုပ်တယ်ဆိုတဲ့သူ မဟုတ်လား"

"ဟုတ်တယ်"

"မမထား ဘာဖြစ်လို့လဲ"

"ပြောရမှာတော့ ခပ်ရှည်ရှည်ပဲ"



"ဒါဆို အသေးစိတ်သာပြော၊ ပေါက်စီစားရင်းနဲ့ အေးအေးဆေးဆေးသာပြောပါ၊ အိမ်ကို ကိုကိုလိုက်ပို့ပါ့မယ်၊ နောက်ကျလို့ ဒေါ်လေးကြင်ကြင်ဆူရင်လည်း ကိုကို ဝင်ပြီးတောင်းပန်ပေးပါ့မယ်"

"တစ်နေ့က မမထား ရှားရုံးခန်းကိုပေါက်ချလာတယ်"

❒ ❒ ❒

"ရှားရေ၊ မမထားနဲ့လိုက်ခဲ့ပါဦး၊ အခုချက်ချင်း"

ရောက်မဆိုက် မမထားကပြောသည်။ ရှားနားမလည်။

"လာတာနဲ့ လောလိုက်တာမမထားရယ်၊ အေးအေးဆေးဆေးနေပါဦး၊ လိုက်ခဲ့ဆိုလည်း လိုက်ပါ့မယ်"

နဖူးတွင်စို့နေသော ချွေးတို့ကို လက်ကိုင်ပဝါဖြင့်တို့သုတ်ရင်း မမထား သက်ပြင်းချသည်။ မမထားမျက်နှာ ဣန္ဒြေမဆည်နိုင်အောင် ပျက်နေသည်ကို သတိထားမိပြီး အရယ်စကားပြောမိသည်ကို ရှား အားနာသွားသည်။

"မမထားကိစ္စ အရေးကြီးနေလို့လား"

မမထား ခေါင်းအညိတ်မြန်၏။

"ပြောပါဦး မမထား"

မမထားက သူမ၏လက်ပွေ့အိတ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်ပြသည်။ စာရွက်ကို ရှား လှမ်းယူပြီးဖတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



*ဒေါ်ထားသွာ. . .*

*ပူးတွဲပါပုံကိုကြည့်ပါ၊ သိတယ်နော်၊ ဒီပုံက ဒေါ်ထားသွာကို ဘယ်လောက်ထိနိုက်စေနိုင်တယ်ဆိုတာလည်း သိမှာပါပဲ၊ ဒေါ်ထားသွာရဲ့ခင်ပွန်း ဦးသိန်းကို ဒီပုံသာမြင်ရင် မိုးမီးလောင်မှာ သေချာတယ်နော်။*

*ဒီတော့ဆုံးဖြတ်ပါ၊ ဒီပုံအပါအဝင် ပုံတွေကိုရိုက်ထားတဲ့ ဖလင် ကျူပ်ဆီမှာရှိတယ်၊ ငွေတစ်သိန်းနဲ့လာရွေးပါ၊ ဒီပုံရိုက်ခဲ့တဲ့ **Hard Rock** ကဖီးမှာ မနက်ဖန်ညနေ ၄ နာရီ။ ထောင့်စားပွဲက ခောင့်။ ငွေထုပ်ကို စားပွဲပေါ်တင်ထား။ ရဲကိုခေါ်လာမယ်ဆိုရင်တော့ ကျူပ်အဆိုးမဆိုနဲ့. . . ။*

*ဒိုးလုံး*

"ဓာတ်ပုံက ဒီမှာ"

မမထားက ဓာတ်ပုံကိုပါ လှမ်းပေးပြန်သည်။ ဓာတ်ပုံကို ကြည့်လိုက်တော့ မမထားနှင့် ခွန်မြတ်သာတို့၏ပုံ ဖြစ်နေသည်။ မမထားကို ခွန်မြတ်သာက ပခုံးကိုကိုင်ထားပုံဖြစ်သည်။ ဖက်တော့ မယောင် အနေအထားဖြစ်သည်။

ရှား အံ့အားသင့်သွားသည်။

"ဒါ ဘယ်လိုဖြစ်ရတာလဲဟင် မမထား"

မမထားက စကားမစမီ သက်ပြင်းကိုဦးစွာရှိုက်သည်။

"တကယ်တော့ မမထားတို့ ဘယ်လိုမှမဖြစ်ခဲ့ဘူး၊ အဲဒီနေ့က မမထားနဲ့ ခွန်မြတ်သာက သူ့ကုမ္ပဏီကစာရင်းတွေ စစ်ပေးဖို့ကိုရွေး ဆွေးနွေးကြတာ၊ Hard Rock ကဖီးမှာပါ၊ စကားပြောဆိုပြီး ပြန်မယ်



အထမှာ ခြေခေါက်လဲလို့ ခွန်မြတ်သာက မမထားပခုံးကိုဖမ်းကိုင်ပြီး ထိန်းပေးတာ၊ မမထားလမ်းမလျှောက်နိုင်လို့ အဲဒီနေ့က ခွန်မြတ်သာက အိမ်လိုက်ပို့ရတယ်၊ ဒါကို ဒိုးလုံးဆိုတဲ့လူက ဓာတ်ပုံရိုက်ထားလိုက်ပုံရတယ်၊ ပြီး မမထားကို ငွေညှစ်တော့တာပဲလေ"

"ဒါကို ခွန်မြတ်သာသိလား"

"မမထားလည်း ဒီစာကိုရရချင်း ဘာလုပ်ရမှန်းမသိတော့ သူ့ဆီကို ဖုန်းဆက်ပြီးပြောပြတယ်၊ သူလည်း မမထားကို အရမ်းအားနာသွားပုံရတယ်၊ သူ တောင်းပန်ပါတယ်တဲ့၊ ဟိုလူတောင်းတဲ့ ငွေကို သူကပေးပါမယ်တဲ့၊ ဖလင်ကို သွားရွေးလိုက်ပါတဲ့၊ သူလိုက်ရင် မကောင်းဘူးတဲ့၊ အဲဒါနဲ့ မမထား ရှားကိုအဖော်လာခေါ်ရတာ"

"ဒီဓာတ်ပုံတွေသာ ဦးသိန်းကိုတွေ့ရင် ပြဿနာပဲ၊ မမထားယောကျ်ား ဦးသိန်းကိုက သိပ်ပြီးသဝန်တိုတာ"

"ဟုတ်တယ်ထား၊ ဒါကြောင့် မမထား အဲဒီဖလင်တွေကို ရမှဖြစ်မယ်"

"ဘယ်တော့ သွားရွေးရမှာလဲ"

"ဒီညနေပေါ့၊ လေးနာရီ"

"ဟင် . . . အချိန်တောင်သိပ်မရှိတော့ဘူး"

"ဒါကြောင့် ရှားကို ချက်ချင်းလိုက်ခဲ့ပါလို့ ခေါ်ရတာ"

မမထားနှင့်ရှား တက္ကစီငှားပြီး Hard Rock ကဖီးသို့ ထွက်လာခဲ့သည်။

စင်စစ် မမထားက အင်မတန်ရိုးသားသည်။ အလှလည်း ကြီးစားသည်။ သဘောထားလည်း ပြည့်ဝသည်။ ပြီးတော့ ချော

www.burmeseclassic.com

www.burmeseclassic.com



လည်းချောသည်။ မမထားခင်ပွန်း ဦးသိန်းကိုမှာ အရာရှိတစ်ဦးဖြစ်ပြီး အသက်လည်း မမထားထက် (၁၅) နှစ်ခန့် ကြီးသည်။ ဇနီးက အသက်ငယ်ငယ်ချောချောဆိုတော့လည်း ဦးသိန်းကို စိတ်မချနိုင်ဖြစ်ရသည်ပေါ့။ ဦးသိန်းကိုကလည်း မမထားကို ငုံထားမတတ်ချစ်သည်လေ။ မမထားဘက်ကလည်း ဦးသိန်းကိုကို မေတ္တာရှိရုံမက သစ္စာပါစောင့်ထိန်းသည်။ ဤအကြောင်းကိုသိနေသော ရှားသည် မမထား အခက်အခဲကို ဥပေက္ခာမပြုနိုင်။

Hard Rock ကဖီး၏ ထောင့်စားပွဲမှာ နေရာယူပြီးတော့ လေးနာရီထိုးဖို့ ဆယ့်ငါးမိနစ်ခန့်လိုသေးသည်။ ကော်ဖီနှင့်မုန့်များ စားသောက်ရင်း လာမည့်သူကို ရင်ဖိုစွာ စောင့်ကြရ၏။ ဒိုးလုံးဆိုသူ ပြောထားသည့်အတိုင်း ငွေထုပ်ကို စက္ကူအိတ်နှင့်ထည့်ကာ စားပွဲပေါ်တင်ထားရသည်။

ဆိုင်က အအေးခန်း အဆင့်မြင့်စားသောက်ဆိုင်တစ်ဆိုင်ဖြစ်သောကြောင့် အစားအသောက်ကောင်းပြီး ဈေးလည်းကြီးသည်။ အေးအေးဆေးဆေး စားသောက်လိုသူများ၊ အလုပ်ကိစ္စ ဆွေးနွေးလိုသူများအတွက် အကောင်းဆုံးဖြစ်သည်။ လူမရှုပ်ဘဲ သီးသီးသန့်သန့်လေးဖြစ်သည်။

ရှား ဆိုင်တွင်းသို့ အကဲခတ်လိုက်သည်။

ဆိုင်ထဲမှာ လူရှင်းနေ၏။ အခြားသော စားပွဲသုံးလေးခုမျှသာ လူရှိသည်။ မိန်းကလေးသုံးယောက် တစ်စားပွဲ၊ လူကြီးနှစ်ယောက်က တစ်စားပွဲ၊ လူငယ်လေးယောက်က တစ်စားပွဲနှင့် မိန်းမကြီးတစ်ဦးက တစ်စားပွဲဖြစ်သည်။ သည်လူတွေထဲမှာတော့ ဒိုးလုံးပါဟန်



မတူ။ ဒိုးလုံးက မည်သည့်ပုံပန်း ရှိမှန်းတော့မသိ။ လူငယ်လား၊ လူကြီးလားမသိ။ လူဆိုးလား၊ လူကြမ်းတစ်ဦးပဲလား၊ လူရည်သန့်လူယုတ်မာတစ်ဦးပဲလားမသိ။

"မလာသေးဘူးထင်တယ်"

မမထားက တိုးတိုးပြောသည်။

"လာမှာပါ၊ ရှားတို့ကို တစ်နေရာရာက စောင့်ကြည့်နေတာလည်း ဖြစ်နိုင်မှာပေါ့"

"မမထားတို့ ဘယ်လိုလုပ်မလဲ"

"အခြေအနေအရ မီးစင်ကြည့်ကရမှာပဲ၊ ဘာမှမပူပါနဲ့၊ ဒိုးလုံးက ပိုက်ဆံလိုချင်တဲ့လူပဲ၊ လာမှာပါ"

"မမထား ရင်တွေတုန်နေတယ်"

နာရီက လေးနာရီတိတိပြနေချိန်တွင် ဆိုင်တွင်းသို့ အနောက်ကိုင်းဝတ်စုံကို သေသပ်ကျနစွာဝတ်ဆင်ထားသူတစ်ဦး ဝင်လာသည်။ ရုပ်ရည်မှာလည်း မဆိုးလှ။ ဆိုင်အဝင်ဝသို့ အကဲခတ်ကြည့်နေကြသော ရှားတို့နှစ်ယောက်က ထိုလူကို စိတ်ဝင်စားသွားကြသည်။

"အဲဒီလူလား မသိဘူး"

"ဟုတ်ပါ့မလား၊ ဒီလူက အထက်တန်းကျကျပုံနဲ့"

ရှားစကားကို မမထားက သဘောကြိုက်ညီဟန်မပြ။ သို့သော် ထိုသူသည် ဆိုင်တွင်းသို့ မျက်စိဝေ့ကစားပြီးနောက် တခြားစားပွဲအလွတ်များ ရှိနေပါလျက်နှင့် ရှားနှင့်မမထားတို့ထိုင်နေရာစားပွဲကို မှန်းပြီးလျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မမထားက ခုံအောက်ကနေ၍ ရှားပေါင်ကိုလက်ကုတ်သည်။ ရှားက မသိမသာ ခေါင်းဆတ်ပြလိုက်သည်။

ထိုသူက ရှားတို့ရှေ့ထိုင်ခုံမှာ ဝင်ထိုင်သည်။ စားပွဲထိုးလေးက အနားကပ်လာသည်။ လက်ဖက်ရည်မှာသည်။ စားပွဲထိုးပြန်ထွက်သွားချိန်တွင် သူက ရှားတို့ကို တစ်ချက်မော့ကြည့်၏။ ရှားတို့ရှေ့မှ ပိုက်ဆံထုပ်ကိုလည်း မျက်လုံးဝေ့ကြည့်၏။ ထို့နောက် သူ၏ကုတ်အင်္ကျီညာဘက်အိတ်ကို နှိုက်ကာ တစ်စုံတစ်ခုကို စားပွဲပေါ်သို့ တင်သည်။ စက္ကူအိတ်ကလေးပါ။ စက္ကူအိတ်ကလေး၏အစကို သူက အသာအယာဟပြသည်။ အထဲမှာ ဓာတ်ပုံတစ်ချို့နှင့် ဖလင်လိပ်ကလေးကို ရှားတွေ့လိုက်ရ၏။ ဟုတ်ပါပြီ။ ဒီလူသည် ဒိုးလုံးပါပဲ။

သူက ဖလင်လိပ်ကို သူ့ရှေ့မှ ရှားတို့ရှေ့သို့ အသာတွန်းပို့သည်။

"ကြည့်ပါ. . . ကျုပ်ဘက်က အမှန်အကန်ပါပဲ"

သူ တိုးတိုးပြောသည်။ မျက်လုံးချင်းဆုံ၍မကြည့်ဘဲ ပြောခြင်းပါ။ ရှားကတော့ သူ့မျက်နှာကိုမှတ်မိအောင် တစ်ချက်စိုက်ကြည့်လိုက်သည်။

"ကျွန်မတို့ဘက်ကလည်း အမှန်အကန်ပါပဲ"

သူက ပိုက်ဆံအိတ်ကို အသာဆွဲယူသည်။ ပြီး... သူ၏ ကုတ်အင်္ကျီအိတ်ထဲသို့ထည့်သည်။ ဣန္ဒြေရစွာ ဆက်၍ထိုင်သည်။

ကော်ဖီလာချတော့ ကော်ဖီကို သူငုံ့သောက်သည်။ ကော်ဖီကုန်တော့. . .



"ကျုပ်အတွက် ကော်ဖီဖိုးပါ ရှင်းပေးလိုက်ပါနော်" ဟု ပြောသည်။ ပြောပြီး ထိုင်ရာမှထသည်။ ရှားနှင့်မမထားက ထိုင်ရာမှ မထဘဲ ဆက်ထိုင်နေလိုက်သည်။

သူ ရှားတို့ရှေ့မှ အသာလှည့်ထွက်သွားသည်။ ခြေလှမ်းမှန်မှန်ပဲဖြစ်၏။ ရှားက ဆိုင်တွင်းရှိလူများကို မျက်စိဝေ့အကဲခတ်သည်။ ရှားတို့ကိစ္စကို မည်သူမျှ သတိထားမိဟန်မရှိ။ ခပ်လှမ်းလှမ်းစားပွဲမှ ခေတ်ဆန်ဆန် မိန်းမကြီးကသာ ကောင်တာတွင်ငွေရှင်းပြီး ဆိုင်ပြင်သို့ ထွက်သွားသည်ကို ရှားတွေ့ရ၏။

ဒိုးလုံး ဆိုင်ဝရောက်သွားသည်။ ထိုအခိုက် အပြင်ထွက်သွားသော မိန်းမကြီးက ပျာယီပျာယာ ဆိုင်တွင်းသို့ပြန်ဝင်လာရာ ဒိုးလုံးနှင့် ဝင်တိုက်မိသည်။ ဒိုးလုံးယိုင်သွားပြီး မိန်းမကြီးလဲကျသည်။ ဒိုးလုံးက အားနာဟန်ဖြင့် မိန်းမကြီးကို ဆွဲထူပေးသည်။ မိန်းမကြီးက

"ဆောရီးကွယ်... အန်တီက စားပွဲပေါ်မှာ စာအုပ်ကျန်နေခဲ့လို့ ပြန်ဝင်လာယူတာ၊ ကျေးဇူးပါပဲ ငါ့တူရယ်" ဟုပြောလျက် သူမထိုင်ခဲ့ရာ စားပွဲဆီသို့ပြန်သွားပြီး စားပွဲပေါ်ကစာအုပ်ကို ကောက်ယူသည်။ ပြီးနောက် ဆိုင်ပြင်သို့ ပြန်ထွက်သည်။ ဒိုးလုံးလည်း ထွက်သွားလေပြီ။

ရှားနှင့် မမထားလည်း ငွေရှင်းပြီး ဆိုင်အတွင်းမှထွက်ခဲ့သည်။ ဆိုင်အပြင်သို့ရောက်တော့ ရှားတို့ မျက်လုံးပြူးသွားသည်။ ဆိုင်ရှေ့မှာပင် ဒိုးလုံးကို ရဲနှစ်ဦးက လက်ထိပ်ခတ်ဖမ်းဆီးထားလေပြီ။

"မင်း ဘာမှမငြင်းနဲ့၊ ဒါ မင်းအိတ်ထဲကရတဲ့ စိတ်ကြွဆေးပြားထုပ်ပဲ၊ လတ်တလောလက်ကြပ်မိတာ စခန်းကျမှရှင်း"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပစ္စည်းမဟုတ်ဘူးလို့ ပြောပြီးပြီပဲ"

"မင်းအိတ်ထဲကို မင်းရှေ့မှာပဲ တို့က နှိုက်ပြီးရှာခဲ့တာလေ"

"တကယ်ပါဗျာ၊ ကျုပ်မှာ ပိုက်ဆံထုပ်ပဲပါပါတယ်"

"ဘယ်မှာလဲ မင်းပြောတဲ့ပိုက်ဆံထုပ်"

ဒိုးလုံးက သူ့ကုတ်အင်္ကျီ ညာအိတ်ထဲသို့ နှိုက်သည်။ ရှားတို့ထံမှယူသွားသော ငွေထုပ်ကို သူ ထိုအိတ်ထဲမှာ ထည့်ခဲ့သည်ပဲ။ သို့သော် ဒိုးလုံးလက် ပြန်ထွက်လာတော့ ငွေထုပ်ပါမလာ။ စာရွက်ကလေးတစ်ရွက်သာ ပါလာသည်။

ဒိုးလုံးက စာရွက်ကလေးကိုဖတ်ပြီး ဒေါပွပွနှင့် တစ်စုံတစ်ခုကို ဆဲရေးတိုင်းထွာကာ စာရွက်ကို လုံးချေလွှင့်ပစ်လိုက်သည်။ စာရွက်လုံးကလေးက ရှားတို့ရှေ့မှာ လာကျ၏။

"ကဲ . . . လိုက်ခဲ့"

ရဲနှစ်ဦးက ဒိုးလုံးကို ဆွဲခေါ်သွားသည်။ ဒိုးလုံး ဘာမှဆင်ခြေမပေးနိုင်တော့ဘဲ ကန့်လန့်ကန့်လန့်နှင့် ပါသွားရသည်။

"အဲဒါ ဘယ်လိုဖြစ်တာလဲ"

မမထားက နားမလည်စွာ ရေရွတ်သည်။

ရှားက ဒိုးလုံးပစ်ချသွားသော စက္ကူလုံးကလေးကို ကောက်ယူပြီး ဖြန့်ဖတ်လိုက်သည်။

> တောကမှာ တရားမျှတမှုဆိုတာရှိတယ်။
>
> ကိုယ်ပွားတစ်ထောင်မောင်မဲခေါင်



ရှားနားလည်သွားသည်။ မောင်မဲခေါင်သည် ဒိုးလုံးအိတ်ထဲမှ ငွေထုပ်ကို နှိုက်ယူကာ စိတ်ကြွဆေးပြားထုပ်ကို ထည့်ခဲ့ခြင်းဖြစ်သည်။ ဘယ်တုန်းကထည့်လိုက်တာလဲ။ ဘယ်လိုထည့်လိုက်တာလဲ။

ရှားတို့ရှေ့မှ ဆိုင်ပြင်သို့ ဒိုးလုံးထွက်သွားသော အချိန်တိုကလေးအတွင်းမှာပင် ဖြစ်ရမည်။ သို့ဖြစ်လျှင် ဒိုးလုံးနှင့်ဝင်တိုက်သော မိန်းမကြီးသည် . . .။

ရှား ဆိုင်ပြင်သို့ ဝေ့ဝဲအကဲခတ်လိုက်သည်။ မိန်းမကြီး၏ အရိပ်အယောင်မျှပင် မမြင်ရတော့။

ရှားပြုံးလိုက်သည်ကို မမထားမြင်ပုံရ၏။

"ရှား ဘာပြုံးတာလဲ"

မမထားကမေးသည်။

"ဒိုးလုံးက မမထားကို မတရားငွေညှစ်တယ်၊ ဒါကို မောင်မဲခေါင်က တရားမျှတအောင် လုပ်ပေးလိုက်တာလေ"

ရှားစကားကို မမထား သေသေချာချာ သဘောပေါက်ပုံ မရသေး။ ရှားက စက္ကူလုံးကလေးကို လက်ပွေ့အိတ်ဖွင့်၍ထည့်လိုက်ပြီး မမထားလက်ကိုဆွဲကာ ထိုနေရာမှ ထွက်လာခဲ့သည်။

❐ ❐ ❐

"အဲဒီစာရွက်လေး ပြစမ်းပါဦး"

ရှားက သူမ၏လက်ပွေ့အိတ်ထဲမှ စက္ကူလုံးကလေးကိုထုတ်သည်။ ယခင်က ကျွန်တော်မြင်ဖူးခဲ့သော မောင်မဲခေါင်၏စာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထပ်တူထပ်မျှတူနေကြောင်း တွေ့ရသည်။ စာလုံးက ဇာရာဏာသ် Font၊ စာရွက်ပေါ်မှာ အစက်ကလေးသုံးစက်က တန်းလျက်။

"ဒါဆို အဲဒီဒိုးလုံးနဲ့ ဝင်တိုက်သွားတဲ့ မိန်းမကြီးဟာ မောင်မဲခေါင် ရုပ်ဖျက်ထားတာ ဖြစ်ရမယ်၊ လုပ်ပုံကလေးကတော့ အတော့်ကို သေသပ်တာပဲနော်"

ကျွန်တော့်ဝေဖန်ချက်ကို ရှားက ခေါင်းညိတ်ထောက်ခံသည်။

"ကဲ...ကိုကို ဘာတွေးမိတာရှိသေးလဲ"

ရှားက အပြုံးဖြင့်မေးသည်။ ကျွန်တော်စဉ်းစားမရ။

"မသိဘူးလေ"

ရှားသည် ကျွန်တော့်ရှေ့ရှိ ရေနွေးကြမ်းပန်းကန်ထဲသို့ ဓာတ်ဘူးထဲမှ ရေနွေးကိုငှဲ့ပြီးနောက်...

"ဒီလူဟာ တရားမျှတမှုကို တကယ်လိုလားတဲ့သူ မှန်ရင် ဒိုးလုံးကို ပြစ်ဒဏ်တစ်ခုခတ်လိုက်ပြီးတဲ့နောက် ငွေညှစ်ခံလိုက်ရတဲ့ မမထားကို အဲဒီငွေပြန်ပေးရမှာပေါ့ မဟုတ်ဘူးလား" ဟု ပြောသည်။

"ဟာ...ဟုတ်တာပေါ့ရှားရယ်"

ကျွန်တော်က ရှားပြောမှ ထိုအချက်ကိုတွေးမိပြီး ထောက်ခံလိုက်ရသည်။

"မမထားဆီ ငွေလာပို့သွားပြီလား"

"မပို့သေးဘူး"

ထိုစဉ် ရှား၏လက်ကိုင်ဖုန်းက အသံမြည်လာသည်။ ရှားက ဖုန်းကိုကောက်ယူကာ နားမှာကပ်သည်။



"မေစံရှားပါ၊ ဪ မမထားလား၊ ဘယ်လို၊ ငွေတစ်သိန်းကို အိမ်မှာ လူတစ်ယောက်လာပို့သွားတယ် ဟုတ်လား၊ မမထားနဲ့ တွေ့လိုက်ဘူးလား၊ ဟုတ်ပြီ...ဟုတ်ပြီ၊ ရပါတယ် မမထားရယ်၊ ကျေးဇူးတင်ဖို့မလိုပါဘူး"

ရှား ဖုန်းကိုပိတ်လိုက်သည်။

"မမထားရဲ့ငွေ ပြန်ရပြီတဲ့လား"

ရှားခေါင်းညိတ်သည်။ ကျေနပ်ဝင်းပစွာ ပြုံးသည်ကိုလည်း တွေ့ရ၏။

"ရှားစကားတောင် မဆုံးသေးဘူးနော်၊ အင်း...ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်ကိုတော့ ရှား ဖြူသွားပြီ"

□ □ □

www.burmeseclassic.com

www.burmeseclassic.com



# ၆

"စားနော် မမမေစံရှား၊ အားမနာနဲ့၊ အစ်ကိုကြီးလည်း မုန့်တွေ ထပ်ထည့်ပါဦး"

သစ္စာက သွက်လက်ချက်ချာသည်။ ရုပ်ရည်ရူပကာ ချော သလောက် မျက်နှာလေးက မြင်သူတိုင်းချစ်ခင်စေမည့် ရုပ်မျိုးဖြစ်၏။ စကားအပြောအဆိုကလည်း ရည်မွန်ယဉ်ကျေးလှသည်။

"အားမနာပါဘူးကွယ်၊ အားမနာလို့ လာစားတာပဲဟာ"

ရှားက ရယ်ပွဲဖွဲ့သည်။ ရှားစကားကြောင့် သစ္စာက သွား တက်ကလေးပေါ်အောင် ပြုံးသည်။



"အဲဒီလို ကျွေးချင်လို့ သစ္စာက မမရှားကိုဖိတ်တာပါ"

သစ္စာ၏ မွေးနေ့ဆွမ်းကပ်ပွဲဖြစ်၏။ ရှားကို လာဖြစ်အောင် လာရမည်ဟု ဖိတ်သွားသဖြင့် ရှားနှင့်ကျွန်တော် ရောက်လာခဲ့ရခြင်း ဖြစ်သည်။ စားလက်စပန်းကန်ထဲသို့ မုန့်တွေ အတင်းထပ်ထည့်နေ သော သစ္စာကို ရှားက လက်ကာတားရင်း . . .

"မောင်ခိုင်ရောမမြင်ပါလား၊ မလာဘူးလား" ဟု မေးသည်။

"မလာဘဲနေပါ့မလား မမရှားရယ်၊ အခု ဖေဖေ ခိုင်းလိုက် တာရှိလို့ အပြင်ခဏသွားတာပါ"

သစ္စာသည် ရှား၏ ငယ်စဉ်ကကျောင်းနေဖက်ဖြစ်သည်။ သို့သော် တစ်တန်းတည်းတော့မဟုတ်။ အတန်းငယ်သည်။ သို့သော် ရှားကို အစ်မအရင်းလို ခင်တွယ်ရင်းနှီးခဲ့သူ ဖြစ်သည်။ ယခုတော့ အိမ်ထောင်ကျပြီး ဖခင်ဖြစ်သူ၏ကုမ္ပဏီမှာ ဝင်လုပ်နေသည်။

မောင်ခိုင်ဆိုသည်က သစ္စာ၏ချစ်သူဖြစ်သည်။ အမည်အပြည့် အစုံက မောင်မျိုးခိုင်။ သူ့ဖခင်၏ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးလည်း ဖြစ်၏။ ရိုးသားကြိုးစားသူ လူငယ်တစ်ဦးဖြစ်၍ သူ့ကို တစ်ခါနှစ် ခါသာ မြင်ဖူးတွေ့ဖူးသော်လည်း ကျွန်တော်သည်ပင် မောင်မျိုးခိုင် ကို ညီငယ်လိုပင် ခင်တွယ်မိပါ၏။

"ဟော မေစံရှားတို့ပါလား၊ အန်ကယ့်ကိုခွင့်လွှတ်နော်၊ အန်ကယ်က ဟိုဘက်လူကြီးဝိုင်းတွေမှာ စကားပြောနေတာနဲ့ မေစံရှား တို့ကို မတွေ့မိဘူး၊ စား . . . ဝအောင်စား၊ သမီးကလည်း ဟိုတာ ထည့်ပေးနော်"

www.burmeseclassic.com

www.burmeseclassic.com



သစ္စာ၏ဖခင် ဦးတောက်ထွန်း အနားသို့ရောက်လာက နှုတ်ဆက်သည်။

"ဟုတ်ကဲ့ပါအန်ကယ်၊ ကျန်းမာရေးလည်း ဂရုစိုက်နော် အလုပ်တွေ အရမ်းဖိလုပ်နေတယ်လို့ ရှားကြားတယ်"

"အလုပ်ကတော့ လုပ်ရမှာပဲရှားရေ၊ အန်ကယ့်သမီးလေး အတွက် တင့်တောင့်တင့်တယ် စိတ်ချလက်ချထားခဲ့လို့ရအောင် ကြိုးစားနေရတာ"

"အို... ဖေဖေ့စကားကြီးကလည်း နိမိတ်မရှိလိုက်တာ၊ သမီး ကိုထားခဲ့ပြီး ဖေဖေက ဘယ်သွားမှာမို့လဲ"

သစ္စာကဝင်ပြောတော့ ဦးတောက်ထွန်းရယ်သည်။ ဦးတောက် ထွန်းအသက်မှာ ငါးဆယ်လွန်၍ ခြောက်ဆယ်သို့ချဉ်းလုလုဖြစ်သည် သို့သော် အရွယ်တင်သည်။ နုပျိုသည်။ ပြီးတော့ ဝတ်ဆင်ထား သည်ကလည်း လူငယ်ဆန်သည်။ စပို့ရှပ်အရောင်ဖျော့ဖျော့လေး နှင့်ဖြစ်၏။ ရင့်ကျက်တည်ကြည်မှုအပိုင်း၌ လျော့ပါးသည်ဟု ကျွန် တော်ကောက်ချက်ချမိ၏။ ဦးတောက်ထွန်း တခြားဝိုင်းကူးအသွား မှာ သစ္စာ၏မိခင် ဒေါ်ညိုညိုယဉ်ပါ အနားသို့ရောက်လာသည်။

"ရှားအကြောင်းကိုတော့ သမီးက တပြောတည်းပြောနေတာ ကွယ့်၊ အားကျတယ်လို့လည်း ပြောတယ်၊ ဒါနဲ့ ရှားတို့ရော လက် မထပ်ကြသေးဘူးလား"

ဒေါ်ညိုညိုယဉ်ထံမှ မထင်မှတ်သောစကားကြောင့် ရှားမျက်နှာ ရှက်သွေးနရောင် လွှမ်းသွားသည်။ ကျွန်တော့်ကို တစ်ချက်လှမ်း ကြည့်သည်။



"မေမေကလဲ... မမရှားရှက်သွားပြီ"

သစ္စာစကားနှင့်ဆက်လျက်...

"ဖြည်းဖြည်းပေါ့အန်တီညိုရယ်၊ ရှားအိမ်ကရော ကိုကို့အိမ် ကပါ သဘောတူကြည်ဖြူပြီးသားမို့ အချိန်မရွေး လက်ထပ်လို့ရပါ တယ်၊ ရှားကသာ အချိန်ဆွဲနေလို့"

ရှားက ဝင်ပြောသည်။ သစ္စာက ရှားလက်ကိုဆုပ်ကိုင်၍

"အဲဒါနဲ့ပဲ အပျိုကြီးစာရင်း ဝင်နေပြီနော် မမရှား" ဟု ဆိုသည်။

ကျွန်တော်ကဝင်၍...

"ဘိုးဘွားရိပ်သာမှာ လက်ထပ်ဖို့ ကျွန်တော်တို့က အစီအစဉ် ရှိထားတာပါ"

အရယ်အမောစကားဖြင့် စကားဝိုင်းကို ဝေစည်အောင် ဖန်တီး လိုက်သည်။ သူတို့အားလုံးရယ်သံတွေ ဝေါခနဲဖြစ်သွားသလို ရှား၏ ရှက်မျက်စောင်းလေးကိုလည်း ကျွန်တော် လက်ဆောင်ရရှိလိုက်သည်။

ထိုစဉ် မောင်မျိုးခိုင် ကျွန်တော်တို့ဝိုင်းဆီသို့ ဝင်လာသည်။

"ဟော အစ်ကိုနဲ့မမရှား ရောက်နေတာကိုး၊ ကျွန်တော် အန် ကယ်ခိုင်းလိုက်လို့ အပြင်ခဏသွားတာ"

"ကိုခိုင် စားတော့မလား"

သစ္စာက သူ့ချစ်သူ၏ မျက်နှာကို မြတ်နိုးစွာကြည့်ရင်း မေးသည်။

"ထည့်လိုက်လေသမီးရယ်၊ သူ့ခမျာ မနက်က ဘုန်းကြီး ကျောင်းကပ်ပြီးပြီးချင်း အပြင်သွားရတာ၊ စားမှမစားရသေးဘူးတာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညိုညိုယဉ်က ပြောသည်။ ဒေါ်ညိုညိုယဉ်စကားမှာ အပေါ်ယံ မဟုတ်။ ရင်ထဲကလာသော နှစ်လိုသည့် ပျူငှာမှုဖြစ်သည်ဟု ကျွန်တော် ခံစားရသည်။ ထိုကြောင့် မောင်မျိုးခိုင်ကို သစ္စာနှင့် သဘောတူ ကြည်ဖြူထားဟန်ရှိကြောင်း ကျွန်တော် သဘောပေါက်လိုက်သည်။

"ကဲ... အန်တီကို ခွင့်ပြုဦးနော်၊ ဟိုမှာ အန်တီဧည့်သည်တွေ လာနေလို့"

ဒေါ်ညိုညိုယဉ်က နောက်ထပ်ရောက်လာသော ဧည့်သည်တစ်ဖွဲ့ကို ညွှန်ပြရင်း အနားမှခွာသွားသည်။ သစ္စာက မောင်မျိုးခိုင်အတွက် ပြင်ဆင်ပြီး မုန့်ပန်းကန်ကို မောင်မျိုးခိုင်ရှေ့မှာ ချပေးသည်။ ကျွန်တော်၏ညာဘက်၌ရှိနေသော မောင်မျိုးခိုင်က သစ္စာ၏လက်မောင်းကို သူ့လက်ဖြင့်အသာတိုက်လျက်

"သစ္စာရော စားပြီးပြီလား"

"ပြီးပြီ"

"ကိုယ့်ကိုတောင် မစောင့်ဘူး"

"ကိုခိုင်က ဘယ်တော့ပြန်ရောက်မယ်မှန်းမှ မသိတာ၊ သူငယ်ချင်းတွေရောက်လာတော့ အတင်းခေါ်တာနဲ့ ဝင်စားလိုက်တာ"

"အခုထပ်စားလေ"

"ဗိုက်ပြည့်နေပြီ ကိုခိုင်ရဲ့"

"တစ်ဇွန်းနှစ်ဇွန်းပေါ့၊ ကိုယ်ခွံ့ပေးမယ်"

"အို...ကိုခိုင်ကလဲ မမရှားတို့ရှေ့မှာ"



"မရှက်ပါနဲ့ကွယ်၊ မမရှား ကိုယ်ချင်းစာပါတယ်" ဟု ရှားကပြောသည်။

"အစ်ကိုလည်း မင်းတို့ရဲ့ မမရှားကို အဲသလိုခွံ့ကျွေးနေကျပါ၊ ဟုတ်တယ်နော် ရှား"

ကျွန်တော်ကဝင်၍ အသောဖောက်လိုက်သည်။

"တစ်ခါမှလည်း မခွံ့ကျွေးဖူးဘဲနဲ့"

ရှားက ရက်ရက်နှင့်ငြင်းသည်။ မောင်မျိုးခိုင်နှင့် သစ္စာက ကျွန်တော်တို့နှစ်ယောက်၏ အတိုင်အဖောက်မညီသော စကားများကို သဘောကျစွာ ရယ်ကြလေသည်။ သို့သော် မောင်မျိုးခိုင်ခွံ့ကျွေးသော အုန်းနို့ခေါက်ဆွဲကို သစ္စာက ပါးစပ်ကလေးသာသာ ဟပေးလိုက်လေပြီ။ ကြည်နူးဖွယ်ရာမြင်ကွင်း။

မုန့်စားပြီး ကျောက်ကျော၊ နှင်းမကင်း၊ လက်ဖက်နှင့် အချိုရည်များ ရောက်လာသည်။

"ကဲ...မမရှားတို့ပြန်ကြမယ် သစ္စာ၊ ကိစ္စလေးတွေရှိနေသေးလို့လေ၊ ခုလိုကျွေးမွေးရတဲ့ ကုသိုလ်ကြောင့်-မင်္ဂလာပွဲလည်း မြန်မြန်ဖြစ်မြောက်ပါစေ"

ရှားက ပြန်ဟန်ပြင်ရင်းပြောသည်။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေမမရှားရေ၊ သစ္စာတို့က မမရှားတို့ ဆက်စောမလား မသိဘူးနော်"

သစ္စာ၏စကားကို...

"စောမှာပါ၊ အစ်ကိုတို့ကို အားမကျနဲ့၊ အတုမယူနဲ့" ဟု ကျွန်တော်က နောက်လိုက်သည်။ ရှားရယ်သည်။ မောင်မျိုးခိုင်က

www.burmeseclassic.com

www.burmeseclassic.com



"ကဲ သစ္စာရေ၊ ကိုယ်တို့ မမရှားတို့ကို ခြံဝအထိ လိုက်ပို့ရအောင်" ဟုဆိုသည်။ သစ္စာကခေါင်းညိတ်သည်။

ဦးတောက်ထွန်းနှင့် ဒေါ်ညိုညိုယဉ်တို့မှာ ခပ်ဝေးဝေးရှိ ညှေ့သည် ဝိုင်းများဩရောက်နေသဖြင့် ကျွန်တော့်တို့ နှုတ်မဆက်ဖြစ်ကြတော့။

တိုက်ရှေ့မှဆင်းပြီး ခြံဝသို့အလာတွင် သစ္စာတို့နှစ်ဦးနှင့် ကျွန်တော်တို့ အပျော်စကားတွေဖြင့်ပါ။

"ဟာ . . . မြွေကြီး"

ရုတ်တရက် သစ္စာကလန့်အော်သည်။ နောက်ကိုခုန်ဆုတ်သည်။ ကျွန်တော်က ရှားလက်ကို ဖမ်းဆွဲလိုက်သည်။ မောင်မျိုးခိုင်က သစ္စာ၏ရှေ့သို့တိုးရင်း . . .

"ဘယ်မှာလဲ"

"ဟိုမှာ"

သစ္စာညွှန်ပြရာသို့ ကျွန်တော်တို့ကြည့်မိကြ၏။ လမ်းကြား မြက်ခင်းစပ်မှာ ခွေနေသောမြွေ။ မြွေက မကြီးလှပါ။ အဆိပ်ရှိမြွေ ဟုတ်၊ မဟုတ် ကျွန်တော်လည်းမသိ။ မောင်မျိုးခိုင်က တုတ်တစ် ချောင်းကို ရှာလာသဖြင့် မြွေကို ရိုက်သတ်မည်ထင်လိုက်သော်လည်း မောင်မျိုးခိုင်ကမသတ်။ တုတ်ဖြင့်ခြောက်လှန့်လိုက်ခြင်းသာ ဖြစ် သည်။ မြွေက ခွေနေရာမှ မြက်ခင်းမှတစ်ဆင့် ခြံစည်းရိုးဘက်သို့ လျှောခနဲထွက်သွားသည်။

"သတ်ပစ်လိုက်ပြီးရော . . . ကိုခိုင်ကလည်း"

သစ္စာ ရင်လေးတဖိုဖိုနှင့်ပြောသည်။



"မသတ်ရက်ပါဘူးကွာ၊ ဘယ်သူ့ကိုမှ အန္တရာယ်ပေးတာမှ မဟုတ်တာ"

"မသတ်ရဲဘူးပြောစမ်းပါ၊ ဝန်ခံလိုက်စမ်းပါ" ဟု သစ္စာက မောင်မျိုးခိုင်ကို ပြောရင်း "အဲဒါပဲကြည့်တော့ မမရှားရေ၊ သူက သူတော်ကောင်းကြီး၊ ကြောက်လည်း ကြောက်တတ်တယ်" ဟု ရှားနှင့်ကျွန်တော့်ဖက်သို့လှည့်၍ ပြောသည်။

"သူ့အသက်မသတ်တာ ကောင်းပါတယ်ကွယ်"

ရှားက အေးဆေးစွာတုံ့ပြန်၏။

"မမရှားတို့ကို ကျေးဇူးတင်ပါတယ်နော်"

"ကဲ . . . ပြန်ပြီနော်၊ သစ္စာနဲ့ မောင်မျိုးခိုင်"

ကျွန်တော်တို့က သူတို့နှစ်ယောက်ကိုနှုတ်ဆက်ပြီး ခြံဝမှ ထွက်လာခဲ့စဉ် ရှားက . . .

"မောင်မျိုးခိုင်နဲ့သစ္စာက တော်တော်ချစ်ကြပုံပေါ်တယ်၊ လိုက် ဖက်လည်းညီတယ်၊ သစ္စာရဲ့မိဘတွေကလည်း သဘောတူထားပုံပါပဲ၊ ဒါပေမယ့် မောင်မျိုးခိုင်က ဆင်းရဲတယ်၊ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲရှား"

"ရှားသိရသလောက် ဦးတောက်ထွန်းက လောဘကြီးတယ်၊ ငွေပွားကို အသည်းအသန်ရှာတယ်၊ မောင်မျိုးခိုင်က ရိုးသားပြီးအားကိုး ရလို့ ဦးတောက်ထွန်းက သဘောတူတာလား၊ ခိုင်းကောင်းအောင် သို့ပဲ သမီးနဲ့ကိစ္စကို မပြောတာလားမသိဘူး"

"ရှားကလည်း မဖြစ်နိုင်တာတွေးနေပြန်ပြီ၊ သဘောမတူရင် သမီးဖြစ်တဲ့ သစ္စာကို ပွင့်ပွင့်လင်းလင်း ပြောမှာပေါ့၊ တကယ်

www.burmeseclassic.com

www.burmeseclassic.com



သဘောတူလို့ဖြစ်မှာပါ”

“ကိုကိုပြောသလို ဖြစ်ပါစေလို့ပဲ ရှားဆုတောင်းပါတယ် ဘာကြောင့်လဲဆိုတော့ သူတို့နှစ်ယောက်ကို ရှားက မောင်လေးတွေ၊ ညီမလေးတွေလိုပဲ ခင်တွယ်မိလို့ပါ၊ အင်း . . . ဒါပေမယ့် ဦးတောက်ထွန်းရဲ့ အပြင်က သတင်းတွေကတော့ သိပ်မကောင်းလှဘူးကိုကို”

“ဘယ်လိုမကောင်းတာလဲ”

“ရှားမပြောချင်ပါဘူး ကိုကိုရယ်၊ သူတစ်ပါးအကြောင်း မပြောတာပဲ ကောင်းပါတယ်၊ ရှားတို့ရဲ့ မြတ်စွာဘုရားသခင်က သူတစ်ပါးကောင်းခြင်း၊ မကောင်းခြင်းကို ဆင်ခြင်စဉ်းစားမနေနဲ့ မိမိရဲ့ကောင်းခြင်း၊ မကောင်းခြင်းကိုပဲ ဆင်ခြင်စဉ်းစားပါလို့ ဆုံးမခဲ့တယ်လေ”

“ဟုတ်ကဲ့၊ ဒေါ်မေစံရှားပြောတာ မှန်ပါတယ်”

“ကိုကို ထောက်ခံတယ်ပေါ့”

“ထာဝရထောက်ခံလျက်ပါ ခင်ဗျား”

ရှား၏ အပြုံးဝိုင်ကလေး တစ်ခွက်ကို ကျွန်တော်သောက်လိုက်ရပြန်ပါ၏။ ရင်ထဲ၌ လိမ့်လိမ့်လူးလူး မြေ့မြေ့ချမ်းချမ်း။

❐ ❐ ❐



၇

ထိုနေ့က မိုးကလေးတစိမ့်စိမ့်။

မိုးဦးမို့ . . . တဖွဲဖွဲကျနေသော မိုးပွင့်ပုလဲတွေကို တိုက်ဝမှာရပ်ပြီးကြည့်နေရသည်မှာ အရသာတစ်မျိုးဖြစ်သည်။ တစ်မနက်လုံး ဆက်တိုက် စာမူများဖတ်ခြင်း၊ ရွေးခြင်းအလုပ်ကိုလုပ်ခဲ့ပြီး ညောင်းညာသဖြင့် ခေတ္တအပြင်ထွက်ကာ ရပ်နေမိခြင်းဖြစ်၏။ ချမ်းစိမ့်စိမ့်ရှိသည်ကို သတိပြုမိသဖြင့် ဝတ်ထားသော ဂျာကင်ကို ရင်ဆွဲစေ့လိုက်သည်။

ထိုအခိုက်တွင် . . .

ကျွန်တော်တို့ မဂ္ဂဇင်းတိုက်ရှေ့ ပလက်ဖောင်းသို့ မဇဒါတူးကား အဖြူရောင်ကားလေးတစ်စီး ထိုးရပ်လာသည်။ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



အာရုံက ကားမောင်းလာသူထံ ရောက်သွားသည်။ အခြားသူမဟုတ် ခွန်မြတ်သာပါတကား။

ခွန်မြတ်သာက ကားတံခါးကို ဆွဲဖွင့်ရင်း ကျွန်တော့်ကို လှမ်း၍ပြုံးပြသည်။ ပြီး မိုးဖွဲကလေးထဲသို့ အဆောင်းမပါထွက်လိုက်ရင်း ကားတံခါးကို ခပ်သွက်သွက်ပြန်ပိတ်သည်။ ထို့နောက် ကျွန်တော်ရပ်နေရာ မဂ္ဂဇင်းတိုက်ဝသို့ ပြေးလာသည်။

"ကိုခွန်မြတ်သာ ဘယ်ကလှည့်လာတာလဲ"

ကျွန်တော် ဆီးကြိုနှုတ်ဆက်လိုက်သည်။ ခွန်မြတ်သာက ခေါင်းပေါ်မှ မိုးရေစက်များကို ဆံပင်များခါကာ စင်အောင်ပြုရင်း "ကိုနေသော့်ဆီကိုပဲလာတာပါ" ဟု ပြောသည်။ ရှပ်အင်္ကျီလက်ရှည် အသားရောင်နှင့် စတိုင်ဘောင်းဘီကို သေသေသပ်သပ် ဝတ်ဆင်ထားပြီး လက်ကိုင်ဖုန်းကို ခါးတွင်ချိတ်ထားသည့် ခွန်မြတ်သာမှာ အရပ်အမောင်းကောင်းကောင်းနှင့် အသားဖြူဖြူချောချောဖြစ်သဖြင့် ပလက်ဖောင်းပေါ်မှ ဖြတ်သွားသော မိန်းကလေးနှစ်ဦးကပင် လှည့်ကြည့်သွားကြသည်။

"ဒါဆို အထဲဝင်ဗျာ"

ကျွန်တော်က မဂ္ဂဇင်းတိုက်ထဲသို့ဝင်ရန် ဖိတ်ခေါ်သော်လည်း သူကခေါင်းခါလိုက်ကာ...

"အေးအေးဆေးဆေး စကားပြောချင်လို့လာတာ ကိုနေသော်ရဲ့ လာဗျာ...လက်ဖက်ရည်လေးဘာလေး သောက်ရင်း စကားပြောရအောင်" ဟု ဆိုသည်။

"ဒါဖြင့်လည်း ဟိုဘက်က လက်ဖက်ရည်ဆိုင်ပဲလေ သွားမယ်"



"ဟာ...ဆိုင်က လူများတယ်ဗျ၊ လာပါဗျာ...ကျွန်တော် နဲ့လိုက်ခဲ့ပါ"

သို့ဖြင့် ခွန်မြတ်သာခေါ်ရာသို့ သူ၏ မတ်တူးကားဖြင့် ကျွန်တော်ပါခဲ့ရတော့သည်။ ပင်နီရာမာဟိုတယ်ရှေ့မှာ ခွန်မြတ်သာက ကားကိုရပ်သည်။ ကျွန်တော်တို့နှစ်ယောက် ဟိုတယ်ပထမထပ် ကော်ဖီခန်း၌ နေရာယူထိုင်ကြပြီးချိန်၌...

"ကိုနေသော်က ဘီယာတွေဘာတွေ ဘာမှမသောက်ဘူးလို့ မေစံရှားက ပြောဖူးတာသတိရလို့ ကော်ဖီတိုက်ရတာပါ၊ ခုလို မိုးအေးအေးနဲ့ ဘီယာလေးဆိုကောင်းမှာ" ဟု ခွန်မြတ်သာကပြောသည်။

"ကျွန်တော်က ရပါတယ်၊ ကိုခွန်မြတ်သာ ဘီယာသောက်ချင်သောက်ပါ"

သူ ခေါင်းခါပြန်ပါသည်။

"ဘီယာသောက်ဖို့လာတာ မဟုတ်ပါဘူးဗျာ၊ ကိုနေသော်ကို ပြောစရာ အရေးတကြီးရှိလို့ပါ"

ခွန်မြတ်သာနှင့် ကျွန်တော်တို့သည် ဆရာချစ်ကိုကိုယုဂုဏ်ပြုပွဲ၌ ဆုံပြီးနောက်ပိုင်း သုံးလေးကြိမ် ထပ်မံတွေ့ဆုံခဲ့ဖူးပါသည်။ ရှား၏ ရုံးခန်းမှာပင် ဖြစ်ပါသည်။ ခွန်မြတ်သာက လာရောက်လည်ပတ်ခြင်း ဖြစ်သည်။ တစ်ကြိမ်တွင်မူ ရှားနှင့်ကျွန်တော့်ကို သူ၏ အလုပ်ရုံးခန်းရှိရာသို့ ခေါ်သွားဖူးသည်။

အဆင့်မြင့်အသုံးအဆောင်များဖြင့် ခေတ်မီကျနလှပကျယ်ဝန်းသော ရုံးခန်းကြီးနှင့် ဖွဲ့စည်းပုံမှာ ခွန်မြတ်သာ၏ အဆင့်အတန်း၊ ကြည်ဝါမှု၊ စိတ်နေစိတ်ထားနှင့် ထူးခြားသောအနေအထိုင်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ပြသနေသည်ဟု အကဲခတ်မိ၏။ အထူးသဖြင့် သူထိုင်ရာ ရုံးခန်း အတွင်းနံရံမှ နိုင်ငံခြားပန်းချီကျော်များ၏ ပန်းချီကားလက်ရာများ ဖြစ်၏။ သူသည် ဗိသုကာပညာဖြင့် ဘွဲ့ရပြီးနောက် မိဘများက အလွန်ချမ်းသာကြွယ်ဝသူများမို့ ဥရောပသို့စေလွှတ်ကာ ဗိသုကာ ပညာကို လေ့လာဆည်းပူးစေခဲ့သည်ကိုလည်း သတိရမိခဲ့၏။ ပြင်သစ် အင်္ဂလန်သာမက အမေရိကန်ကိုလည်းကောင်း၊ ဂျပန်ကိုလည်းကောင်း သူရောက်ခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့်လည်း သူ ဝတ်စားဆင် ယင်ပုံ၊ သွားလာနေထိုင်ပုံ၊ ပြောဆိုပုံများသည် မြန်မာအငွေ့အသက် လျော့ပါးကာ ဥရောပဆန်သည်ဟု ရှားရော ကျွန်တော်ပါ ကောက်ချက် ချမိခဲ့ကြ၏။

ယခုလည်း သူ ဘာတွေစိတ်ကူးရပြီး ကျွန်တော့်ထံရောက် လာပြန်သည်မသိ။

စားပွဲထိုးများက ကော်ဖီအိုးနှင့် ပန်းကန်များ အပြည့်အစုံ လာချပေးသည်။

"ကဲ . . . ကိုနေသော် ကော်ဖီသုံးဆောင်ပါ"

အခန်းထဲမှာ အအေးစက်လွှတ်ထားသဖြင့် အပြင်က မိုး အရှိန်နှင့်ရောကာ ပို၍အေးနေသည်။ သူရော ကျွန်တော်ပါ ကော်ဖီ ဖျော်ကြသည်။

"ကိုခွန်မြတ်သာ ပြောစရာရှိတယ်ဆို . . . ပြောလေ"

သူ ခေါင်းညိတ်သည်။

"ကျွန်တော်က စိတ်ထဲရှိတာကို မြိုသိပ်မထားတတ်ဘူး၊ ပြော တော့ ပွင့်ပွင့်လင်းလင်းကြိုက်တယ်၊ ဒါကြောင့် ကျွန်တော်ခံစားနေ



တာကို ပြောချင်တာ"

သူ့စကားကို ကျွန်တော်စိတ်ဝင်စားစပြုသည်။ သူ ဘာတွေခံ စားနေရပါသလဲ၊ သူ ဘာတွေရင်ဖွင့်ချင်ပါသလဲ။

"ပြောပါ ကိုခွန်မြတ်သာ"

"ကျွန်တော် မေစံရှားကိုချစ်တယ် ကိုနေသော်"

"ဗျာ . . ."

လုံးဝမထင်မှတ်ထားသောစကား၊ ခွန်မြတ်သာ၏ ပီသရှင်း လင်းလှသော စကားသံက ကျွန်တော် အကြားမှားခြင်းမဖြစ်နိုင်။ ရုပ်အားသင့်လွန်း၍ နှုတ်အဟသား၊ မျက်လုံးအပြူးသားနှင့်သာ သူ့ကို ကျွန်တော်ကြည့်မိ၏။ သောက်မည်ဟုရွယ်ကာ ကိုင်ထား သော ကော်ဖီပန်းကန်ကို ပြန်ချလိုက်မိသည်။

"ကျွန်တော် မေစံရှားကိုချစ်တယ် ကိုနေသော်"

စောစောကစကားကိုပင် သူ ထပ်ပြောသည်။ သေချာလေး သိစေလိုသောသဘော ဖြစ်ပါလိမ့်မည်။ သူ့မျက်နှာ၊ သူ့မျက်လုံး များကလည်း အလေးအနက် ဖြစ်သည်။ နောက်ပြောင်နေခြင်းများ လားဟူသော အတွေးတို့ ဖျတ်ခနဲ လွင့်စင်သွားသည်။ ရင်မှာ ဒေါက်စစ်ပြင်းပြင်းနှင့် ပက်လိုက်သလို ခံစားရသည်။ စပ်ဖျဉ်းဖျဉ်း အား၊ စူးနစ်ခြင်းလားမှု မဝေခွဲနိုင်။ အံ့သြခြင်းဖြင့် နှုတ်တို့ဆွံ့အ နေသည်။

"အခုတွေ့ အခုချစ်တာ မဟုတ်ပါဘူးဗျာ၊ မေစံရှားကို တွေ့ကတည်းက ချစ်မိခဲ့တာပါ၊ ကျွန်တော့်တစ်သက်တာမှာ အယ် ...ကလေးကိုမှ ဒီလိုမချစ်ခဲ့မိပါဘူးဗျာ၊ အနောက်နိုင်ငံတွေမှာတုန်း

www.burmeseclassic.com

www.burmeseclassic.com



ပြသနေသည့်လေး တော်တော်များများကို တွဲခဲ့ဖူးတာ ကျွန်တော်ဝမ်း အတွက်တယ်၊ ဒါပေမယ့် အဲချစ်မဟုတ်ဘူး ကိုနေသော်၊ ဒါကိုတော ခင်ဗျားက စာရေးဆရာမို့ သဘောပေါက်မှာပါ၊ နှလုံးသားရဲ့အခ ဆိုတာ ခံစားမှုပါ၊ အထိအတွေ့မဟုတ်ဘူး”

ခွန်မြတ်သာက စကားဆက်သည်။

“အဲဒါ ကျွန်တော် မေစံရှားကို ဖွင့်ပြောချင်တယ်၊ ချစ်ခွ တောင်းချင်တယ်၊ ကိုနေသော်ခွင့်ပြုပါ”

“ခင်ဗျာ. . .”

ကျွန်တော့်အံ့ဩမှု အထွတ်အထိပ်သို့ ရောက်သွားရပြန် သည်။ ကျွန်တော့်ချစ်သူကို ချစ်ခွင့်တောင်းမည့်အကြောင်း ကျွန်တေ ထံမှာ ခွင့်တောင်းသတဲ့။ နားမလည်နိုင်အောင်ပါတကား။

“ကိုနေသော် ခွင့်ပြုပါလို့”

ကျွန်တော် ဘာပြန်ပြောရမည်နည်း။

“ခင်ဗျား ခွင့်မပြုနိုင်ဘူးလား”

သူက အလောတကြီး ထပ်မေးနေပြန်သည်။ ကျွန်တေ လှုပ်ရှားသွားသည်။ ရင်ထဲမှာ အလိုမကျမှုတွေ လှိုင်းထလာသေ ပြား မျက်နှာကို အတတ်နိုင်ဆုံးတည်ငြိမ်အောင် ကြိုးစားကာ. . .

“ကျွန်တော်က ကန့်ကွက်စရာ မရှိပါဘူး” ဟု ပြောလိုက် သည်။ တကယ်တော့ သူနှင့်ကျွန်တော် ပြောနေသည့် စကားများ သာ အခြား တစ်စုံတစ်ယောက်က နားထောင်ကြည့်မည်ဆိုလျှ အတော့်ကို ကြောင်တောင်တောင်နိုင်နေသည်ဟု မြင်ပေလိမ့်မည် ကျွန်တော်ကလည်း ကျွန်တော့်ချစ်သူကို ချစ်ခွင့်တောင်းဖို့ သူ့အာ



င်ပြုလိုက်ရသတဲ့။

ဒါကတော့ ရှားအပေါ်မှာ ကျွန်တော်ယုံကြည်သောကြောင့် ဖြစ်သည်။ ရှားအချစ်၊ ရှားမေတ္တာ၊ ရှားကိုယ်ကျင့်တရားကို ယုံကြည် သောကြောင့်ဖြစ်သည်။ သူ ဖွင့်ပြောချင်ပြောပစေပေါ့။ ချစ်သူရှိမှန်း သိလျက်နှင့် ဖွင့်ပြောသောသူ့ကို ရှားကလည်း အံ့ဩရုံမှလွဲ၍ ဘာ ဖြစ်ပါမည်နည်း။ ရင်ခုန်စရာအကြောင်းကား လုံးဝမရှိ။

“ကျေးဇူးပါပဲဗျာ၊ ခင်ဗျားသဘောထားကြီးတာကို ကျွန်တော် လေးစားသွားပြီ”

ခွန်မြတ်သာနှင့် ကျွန်တော်တို့၏စကားဝိုင်းက ဤမျှသာ ဖြစ်သည်။ ပင်နီရာမားဟိုတယ်မှ ပြန်ဆင်းလာတော့ တခြားစကား ဘာမျှ မပြောဖြစ်ကြတော့။ သူ ကျွန်တော့်ကို မဂ္ဂဇင်းတိုက်အထိ ကားနှင့် လိုက်ပို့သည်။

“ကျေးဇူးတင်ပါတယ်နော် ကိုနေသော်”

နှုတ်ဆက်ပြီး ကားကို ကြည်နူးရွှင်ပျစွာမောင်းထွက်သွားသော ခွန်မြတ်သာ၏ မျက်နှာကိုမြင်ယောင်ရင်း တိုက်ဝမှာ ကျွန်တော်ရပ် နေမိဆဲ။ ပြုံးရ၊ ရယ်ရမယ့်အဖြစ်ပဲလား။ ရင်နာရ၊ လွမ်းဆွေးရမယ့် အဖြစ်ပဲလားလည်း ကျွန်တော်မသိ။ ခွန်မြတ်သာပြောသွားသမျှကို ရှားအား ကြိုတင်အသိပေးပြောထားရလျှင် ကောင်းမကောင်းဆိုသည် ကိုလည်း မဆုံးဖြတ်နိုင်။

အပြင်တွင် မိုးဖွဲဖွဲ ရွာဆဲ။ ရင်ထဲမှာမူ ခြောက်သွေ့လျက်။ အအေးနှင့်အပူသည် ဆတူရောလျက်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



၈

အလုပ်ထဲမှာ အာရုံပြန်နှစ်ထားသော်လည်း အာရုံက အလု မှာမဝင်စား။ "ကျွန်တော် မေစံရှားကိုချစ်တယ်" ဟူသော ခွန်မြ သာစကားများကို ကြားယောင်နေသည်။ အရူးအမူးပုံစံဖြင့် အသေ အနက်ပြောနေသော အဆင်ခြင်မဲ့ သူ၏မျက်နှာကို မြင်ယောင်နေသည်။

ကျွန်တော့်ချစ်သူ မေစံရှားနှင့်ပတ်သက်၍ တစ်ကြိမ်မျှ ခ ရိမ် မတုန်လှုပ်ခဲ့ရသော၊ ကျွန်တော့်လက်ထဲမှ ရှားကိုလုယူဖို့ကြိုးစာ မှုတွေကို တစ်ခါမျှရင်မဆိုင်ခဲ့ရသော ကျွန်တော့်မှာ ယခုအခါတွ ပြောင်ပြောင်တင်းတင်း စိန်ခေါ်လာသူတစ်ဦး ရှိနေခဲ့လေပြီ။



ကျွန်တော်များ ရှုံးနိမ့်သွားမည်လား။ ကျွန်တော်များ ရှားကို က်လွှတ်ဆုံးရှုံးလိုက်ရမလား။ ကြောင့်ကြစိတ်ကလေးက နှလုံးညာမှာ ညှာင့်ထွက်လာနေသည်။ သို့သော် သည်အတွေး၊ သည်စိုးရိမ် ာလေးသည် ရှား၏မေတ္တာကို အထင်သေးရာ၊ စော်ကားရာရောက် သည်မို့ ပူစရာမလိုပဲ ကိုယ့်ကိုယ်ကိုယ်လည်း အားပေးရသည်။

"ဆရာတို့အတွက် ကုန်ကြမ်းတစ်ခုရလာတယ်ဗျ၊ ဆရာသစ် ာူရေးဗျာ" ဟူသော ကျွန်တော့်နောက်ပါးမှ ကျယ်လောင်သော သံတစ်သံက ကျွန်တော်၏ ရှုပ်ထွေးနေသော အတွေးကြားထဲသို့ ဝင်လာ၏။ လှည့်ကြည့်လိုက်တော့ တာဝန်ခံအယ်ဒီတာ ဆရာသစ် မိတ်ဆွေ ကားဆရာကိုစိန်အောင် ဖြစ်သည်။ ဆရာသစ်၏ စားပွဲ တွင် ထိုင်ကာပြောနေခြင်းဖြစ်သည်။

"ဘယ်လိုလဲ ပြောပါဦး"

"ပြန်ပေးမှုပေါ့ဗျာ"

"ပြန်ပေးမှုဟုတ်လား၊ ဘယ်သူ့ကို ပြန်ပေးဆွဲသွားတာလဲ"

"ကျွန်တော့်ကားအုံနာရဲ့ သမီးကိုဆွဲတာ"

"ဘယ်တုန်းကလဲ၊ ပြန်လွှတ်သွားပြီလား၊ ရဲကရော ပြန်ပေး ားကိုဖမ်းမိလား"

"အဲဒါ ပြောပြမယ်လေဗျာ"

ကိုစိန်အောင်က ရေနွေးကြမ်းတစ်ခွက်ကို ကောက်မော့ပြီး ေသည်။ ကျွန်တော်လည်း စိတ်ဝင်စားသွားသဖြင့် နားစွင့်လိုက် ခွန်မြတ်သာအကြောင်း ခေါင်းထဲမှဖယ်ထုတ်လိုသော ည ျက်လည်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ဆရာရဲ့၊ တနင်္ဂနွေနေ့မနက်က ကျွန်တော် ကားသွားထုတ်တာ နောက်ကျတယ်၊ ဆယ်နာရီလောက်မှပေါ့ဗျာ၊ အဲဒီမှာ ကျွန်တော့်ဆရာ ပျာယာခတ်နေတာ သွားတွေ့တယ်၊ ဘာဖြစ်လို့လဲလို့ ကျွန်တော်မေးကြည့်တော့ သူ့သမီးအိအိကို ပြန်ပေးဆွဲသွားလို့တဲ့"

"သူက ဘယ်လိုသိတာလဲ"

"ဆရာ့ဆီကို ဖုန်းလာတာဆရာရဲ့၊ ပြန်ပေးသမားဆက်တာ သူတို့က အိအိကိုဖမ်းခေါ်ပြီး တစ်နေရာမှာ ဝှက်ထားပါတယ်တဲ့ လောလောဆယ်မှာတော့ ဘာမှအန္တရာယ်မပြုပါဘူးတဲ့၊ ကောင်းကောင်းမွန်မွန် ရှိပါတယ်တဲ့၊ ဒါပေမယ့် သူတို့တောင်းဆိုတာ မလိုက်လျောရင်တော့ အိအိရဲ့အသက်ကို အာမ,မခံနိုင်ဘူးတဲ့"

"သူတို့က ငွေတောင်းမှာပေါ့"

"ဟုတ်တယ်"

"ဘယ်လောက်လဲ"

"ငါးသိန်းဆရာ"

"ရဲကိုမတိုင်ဘူးလား"

"ဘယ်တိုင်ရဲမလဲဆရာ၊ ရဲကိုမတိုင်ပါနဲ့တဲ့၊ တိုင်ရင်တော့ အလောင်းပဲပြန်ရမယ်တဲ့၊ ဆရာတို့အိမ်ဝန်းကျင်မှာ သူတို့လူတွေ စောင့်ကြည့်နေတာရှိတယ်တဲ့"

"ဒါနဲ့ ခင်ဗျားဆရာ ဘာလုပ်လဲ"

"ငွေရှာရတာပေါ့"



"အင်းပေါ့လေ၊ သမီးအသက်နဲ့ဆိုတော့ ငွေငါးသိန်းက ဘာမှ မနိူင်းစာလောက်ပါဘူး"

"ငွေကတော့ ဆရာ့မှာ အခက်အခဲမရှိပါဘူးဆရာ၊ ကံထရိုက် လုပ်ငန်းပိုင်ရှင်ကြီးပဲလေ၊ မဟုတ်ဘူးလား"

"ခင်ဗျားဆရာရဲ့ ဇနီးကရော"

"ဆရာ့ဇနီးက ဆုံးတာကြာပြီဗျ၊ တစ်ဦးတည်းသောသမီးဆိုတော့လည်း ဆရာ့ခမျာ ခေါင်းကို မီးတောက်စွဲတာပေါ့ဗျာ"

"ငွေက ဘယ်မှာသွားပေးရလဲ၊ ဘယ်အချိန်လဲ၊ တကယ်ရော သွားပေးလား"

"တကယ်သွားပေးရတာပေါ့၊ အဲဒီ တနင်္ဂနွေနေ့မှာပဲပေါ့၊ ပြန်ပေးသမားက ငွေပို့ရမယ့်နေရာကို နောက်တစ်ကြိမ်ဖုန်းထပ်ဆက်တယ်"

ဆရာသစ်က လက်ကာ၍ . . .

"ဒါနဲ့နေပါဦး၊ ဖြတ်မေးပါရစေဦး၊ ခင်ဗျားဆရာရဲ့သမီးက ဘယ်အရွယ်မို့လို့လဲ၊ အဲဒီနေ့က ခင်ဗျားဆရာရဲ့သမီးကို ဘယ်လိုဖမ်းသွားတာလဲ"

"ဆရာ့သမီးအိအိက တက္ကသိုလ်ကျောင်းသူပါ၊ တနင်္ဂနွေနေ့ကတော့ သူ့သူငယ်ချင်း သီသီနဲ့ အေးအေးနဲ့ ချိန်းထားတာရှိလို့ သွားမယ်ဆိုပြီး မနက် (၉) နာရီလောက်ထွက်သွားတာ"

"အဲဒီမှာ ပြန်ပေးသမားက ဖမ်းခေါ်သွားတယ်ဆိုပါတော့၊ ဆွဲသွားတာကရော သေချာရဲ့လား၊ သီသီတို့ အေးအေးတို့ဆီ ဆက်သွယ်ကြည့်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဆက်သွယ်ကြည့်တယ်၊ သူတို့ဆီကို ရောက်မလာပါဘူးတဲ့"

"ပြန်ပေးသမားကရော အိအိကို ဖမ်းထားကြောင်း ဘယ်လို သက်သေပြသလဲ"

"ဖုန်းထဲမှာ အိအိရဲ့အသံကို ကြားရတယ်လို့ ဆရာကပြောတယ်၊ အသံတွေဆူညံနေတဲ့အထဲမှာ အိအိရဲ့အသံကို ကြားရတယ်တဲ့၊ ဖေဖေ သမီးကိုကယ်ပါ၊ သူတို့ပြောတာကို လက်ခံလိုက်ပါ မဟုတ်ရင် သမီးကိုသတ်လိမ့်မယ်လို့ ငိုပြီးပြောတာတဲ့၊ ကြောက်လွန်းလို့ တုန်နေတဲ့အသံတဲ့"

"ကဲ...ဟုတ်ပါပြီ၊ ဆက်ပါဦး၊ ငွေကို ဘယ်ကိုလာပို့ရမယ်လို့ဖုန်းဆက်သလဲ"

"အဲ...ပြန်ပေးသမား ဖုန်းထပ်ဆက်တော့ နေ့လည် ၂ နာရီလောက်ရှိပြီ၊ ငွေတွေအဆင်သင့်ဖြစ်ပြီလားတဲ့၊ ဖြစ်ပြီလို့ပြောတော့ အဲဒါဆိုရင် သုံးနာရီတိတိမှာ ရပ်ကွက်ထဲက သင်္ဃသုခဓမ္မာရုံဥက္ကဋ္ဌ ဦးသီလဆီကိုသွားပြီး အဲဒီငွေငါးသိန်းကို ဓမ္မာရုံအတွက် လှူလိုက်ပါတဲ့၊ လှူတာကလည်း တကယ်လှူရမှာနော်တဲ့၊ လှူပြီးကြောင်း ဟုတ်၊ မဟုတ်ကို ဦးသီလဆီကို ဖုန်းဆက်ကြည့်မယ်တဲ့၊ ဦးသီလက ဟုတ်မှန်ကြောင်းပြောရင် အိအိကို (၄) နာရီမှာ ပြန်လွှတ်ပေးလိုက်မယ်တဲ့"

"အဲဒါက အဆန်းပါလား၊ ငွေကို ပြန်ပေးသမားကမယူဘဲ ဓမ္မာရုံကို လှူခိုင်းတာဆိုတော့"

အမှန်ပင် သည်နေရာ၌ ကျွန်တော်လည်း စိတ်ဝင်စားသွားသည်။ ပြန်ပေးသမားငွေတောင်းပုံက ပုံပြင်ဆန်လွန်းလှသည်လေ၊



"ငွေကို တကယ်မလှူရင် ကလိမ်ကကျစ် လုပ်မယ်ဆိုရင် အိအိကိုလည်း နောက်တစ်ကြိမ် ထပ်ပြီးဒုက္ခပေးမယ်၊ ဆရာ့ကိုရော၊ ဦးသီလကိုပါ အသက်ဖက်နဲ့ထုပ်ထားလို့ ပြန်ပေးသမားက ကြိမ်းတာဆရာရဲ့"

ကိုစိန်အောင်က ဆက်ပြောသည်။

"သူ ပြန်လွှတ်မလွှတ်ဆိုတာကရော"

"သူတို့ ကတိတည်ပါတယ်တဲ့၊ အိအိပြန်မရောက်ရင် ဦးသီလဆီကငွေကို ပြန်ယူနိုင်တယ်တဲ့"

"ခင်ဗျားဆရာက ဘယ်လိုဆုံးဖြတ်သလဲ"

"ဓမ္မာရုံကို သွားလှူလိုက်တာပေါ့ဗျာ"

"အဲဒီနောက်တော့ကော"

"ပြန်ပေးသမားက သူပြောတဲ့အတိုင်း သုံးနာရီထိုးပြီးတော့ ဦးသီလဆီကို ဖုန်းဆက်တယ်၊ ဦးသီလ ငွေလာလှူသွားကြောင်း ပြောတော့ အိအိအသံကို ကြားရတယ်၊ သူ့ကိုလည်း ပြန်လွှတ်လိုက်မယ်တဲ့"

"တကယ်ရော အိအိက အိမ်ကိုပြန်လွှတ်လာရဲ့လား"

"အိမ်ကိုလား၊ ပြန်ရောက်ပါတယ်၊ ငါးနာရီခွဲလောက်မှာ ပြန်ရောက်ပါတယ်"

"ပြန်ပေးသမားရဲ့ပုံသဏ္ဌာန်တွေ ဖမ်းထားတဲ့ နေရာတွေကို အိအိက ပြန်မပြောပြဘူးလား"

ကိုစိန်အောင်က ဤမေးခွန်းအဆုံး၌ ထ၍ တဟားဟားရယ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲဗျ"

"ရယ်စရာကောင်းလို့ပါ ဆရာရယ်"

"ဟာဗျာ၊ သူများသားသမီး ပြန်ပေးဆွဲခံရတာ ရယ်စရာလားဗျ"

"ရယ်စရာပေါ့ ဆရာရဲ့၊ အိအိပြန်ရောက်တော့ ဆရာအခု ပြောသလိုပဲ ကျွန်တော့်ဆရာက မေးတာပေါ့၊ အဲဒီတော့ အိအိက ကြောင်နေတယ်၊ သူ့ကို ဘယ်သူမှ ဖမ်းမသွားပါဘူးလို့ဖြေတယ်"

"ဘယ်လို..."

"အိအိကို ဘယ်သူမှ ဖမ်းမသွားဘူးဆရာရဲ့၊ အိအိဟာ သူ့ချစ်သူနဲ့ချိန်းပြီး ဘုရားသွားတယ်၊ ရုပ်ရှင်ကြည့်တယ်၊ ရုပ်ရှင်ကြည့်ပြီး အိမ်ပြန်လာတယ်၊ အဲဒါပဲ"

ကျွန်တော်တို့အားလုံး အံ့အားသင့်သွားကြသည်။

"ဟာ...ဒါဆို လှည့်ကွက်လုပ်တာပဲ"

"ဟုတ်တယ်၊ အိအိ သူ့ချစ်သူနဲ့ ချိန်းသွားတတ်တာကို သိနေတဲ့ လူတစ်ယောက်ယောက်ကလုပ်တာ၊ ဖုန်းထဲကပြောတဲ့ အိအိအသံဆိုတာကလည်း အိအိမဟုတ်ဘူး၊ တခြားမိန်းကလေး တစ်ယောက်ပဲ၊ ဒါပေမယ့် ဆရာကထူပူနေတော့၊ ဖုန်းထဲကလည်း ဖြစ်ပြန်ဆိုတော့ သူ့သမီးအသံပဲထင်တာ၊ ကဲ...မရယ်ရဘူးလား"

"အင်း...ငွေကလည်း ပြန်ပေးသမားက ယူတာမဟုတ် ခမ္ဘာရုံကို လှူခိုင်းတာဆိုတော့ တော်တော်ဆန်းတယ်ဗျ"

"ကျွန်တော့်အထင်တော့ ဆရာရယ်၊ ကျွန်တော့်ဆရာက ဒေ ရှိတယ်၊ လောဘကြီးတယ်၊ နေရာတကာရိတ်တတ်တဲ့လူကြီး၊ အဲ



ရုပ်ကွက် သန္တိသုခမ္ဘာရုံဆောက်တုန်းကလည်း ဆရာက ကန့်ကွက်သူတာ၊ ခမ္ဘာရုံပြီးတော့ ခမ္ဘာရုံမှာကုန်ကျတာတွေနဲ့ ခမ္ဘာရုံနဲ့မတန်ဘူးလို့ ရပ်ကွက်ကဝေဖန်တယ်၊ ဆိုလိုတာက ဆရာရယ်၊ ကျွန်တော့်ဆရာက အဲဒီခမ္ဘာရုံဆောက်တဲ့နေရာမှာလည်း အမြတ်ထုတ်ခဲ့တာ၊ ဒါကြောင့် အဲဒါကို သိတဲ့လူတစ်ယောက်ယောက်က အိအိကို ပြန်ပေးဆွဲဟန်ဆောင်ပြီး ခမ္ဘာရုံကို ငွေပြန်လှူခိုင်းတာပဲ"

"သိပ်ကောင်းတဲ့ လှည့်ကွက်လေးပဲဗျာ၊ အဲဒီလူကိုသဘောကျသဗျာ၊ ဘယ်သူများပါလိမ့်"

ဆရာသစ်၏ စကားအဆုံးမှာ ကိုစိန်အောင်က သူ၏အင်္ကျီအိတ်ထဲကို နှိုက်သည်။ လက်ပြန်ထွက်လာတော့ စာရွက်လေးတစ်ရွက်။

"ပြန်ပေးကိစ္စဖြစ်တာက တနင်္ဂနွေ၊ ပြီးတော့ တနင်္လာ၊ အဲဒါက အင်္ဂါနေ့မှာ စာတိုက်ကရောက်လာတဲ့ စာတိုလေးပဲ၊ အဲဒီစာထဲကလူဟာ စောစောက ပြန်ပေးသမားလို့ ကျွန်တော်ထင်တယ်"

"ပြစမ်းပါဦး"

ဆရာသစ်ကယူပြီးဖတ်နေသည်။ ထိုအချိန်၌ ကျွန်တော့်စိတ်ခံစားမှုက အမြင့်ဆုံးသို့ ရောက်သွားပြီဖြစ်၏။ ဆရာသစ်ဖတ်ပြီးသည်နှင့် ဆရာသစ်လက်ထဲမှစာရွက်ကို ကျွန်တော်တောင်းယူဖတ်သည်။

ကျွန်တော်ထင်သည့်အတိုင်းပါပဲ။ ကျွန်တော်တို့ မေစံရွှေတို့ မိတ်ဆွေကြီး မောင်မဲခေါင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



စာကလည်း ယခင်စာအတိုင်း ဖြစ်ပါသည်။

| |
|---|
| လောကမှာတရားမျှတမှုဆိုတာရှိတယ်။<br>ကိုယ်ပွားတစ်ထောင်မောင်မဲခေါင် |

❒ ❒ ❒



၆

မစည်ကားအပ်သော နေရာတစ်နေရာဖြစ်သည့် တရားရုံးမှာ စည်ကားနေသည်ဟု တွေးမိသဖြင့် ကျွန်တော် သက်ပြင်းချမိသည်။

တရားစီရင်ရာ အခန်းအပြင်၌ ရှားကိုစောင့်နေသော ကျွန်တော် ညောင်းညာလာသဖြင့် တရားရုံးရှေ့ရှိ လက်ဖက်ရည်ဆိုင်သို့ က်ထိုင်ကာ စာရေးဆရာပီပီ ဟိုငေးသည်ငေး ငေးနေမိခြင်းဖြစ်၏။

အချုပ်ကားပေါ်မှ တရားခံများ၊ တာဝန်ကျရဲများ၊ အချုပ် းများ၏ မိသားစုများ၊ ရှေ့နေများ၊ ပွဲစားများဖြင့် သက်ဝင်နေ တရားရုံးမြင်ကွင်းမှာ ဝတ္ထုများချည်းဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီနီးပါးခန့်စောင့်ပြီးမှ ရှား ဓာရားရုံးထဲမှထွက်လာသည်။ လက်ဖက်ရည်ဆိုင်ထဲမှ ကျွန်တော်က လက်လှမ်းပြလိုက်၏။ ရှားဆိုင်တွင်းသို့ဝင်လာပြီး ကျွန်တော့်ရှေ့ထိုင်ခုံတွင် ဝင်ထိုင်ရင်း အပြုံးနွမ်းနွမ်းကလေးဖြင့် "ကိုကိုစောင့်နေရတာကြာပြီလား" ဟု အားနာစွာမေးသည်။

"မကြာပါဘူး၊ တစ်နာရီလောက်ပါ"

ကျွန်တော်က အရယ်စကားဖြင့် အဓိပ္ပာယ်ကို ဖော့၍ပြောလိုက်သည်။

"ဒီနေ့ အမှုရဲ့အရေးကြီးတဲ့အပိုင်း ရောက်နေပြီလေ ကိုကိုရဲ့၊ ဟိုဘက်က တရားလိုအကျိုးဆောင်နဲ့ အကြိတ်အနယ် ပြောကြရတယ်၊ ကိုကိုလာနားထောင်ရင် ဝတ္ထုတစ်ပုဒ်ရမှာ"

အပေါ်အင်္ကျီကိုချွတ်ကာ ဆွဲလာသောအိတ်ထဲသို့ ခေါက်ထည့်ရင်း ရှားပြောသည်။ ကျွန်တော်က ရှားအတွက် ကော်ဖီမစ်ရှယ် တစ်ခွက်မှာပေးရင်း . . .

"အခြေအနေကောင်းလား"

"ကောင်းတယ်ကိုကို၊ ရှားဘက်က အရေးသာပါတယ်၊ ဒါပေမယ့် အမှုက တကယ်ကျူးလွန်ခဲ့တဲ့ ပြစ်မှုဖြစ်လေတော့ ကွင်းလုံးကျွတ်တော့ မလွတ်နိုင်ဘူး၊ သက်တော့သက်သာမယ်"

ထိုစဉ် အနားသို့ အသက်ငါးဆယ်ကျော် မိန်းမကြီးတစ်ဦး၊ အသက်အစိတ်ခန့် မိန်းကလေးတစ်ဦးနှင့် လေးနှစ်အရွယ် ကလေးတစ်ဦး ရောက်လာသည်။



"ဆရာမလေး တစ်ခုခုလိုက်စားပါ၊ ကျွန်မတို့ ကျွေးချင်လို့"

မိန်းမကြီးက ရိုသေသောအမူအရာဖြင့် ခေါ်သည်။

"ဟာ နေပါစေ၊ မစားပါဘူး၊ ကျွန်မစည့်သည့်ရောက်နေလို့"

"လိုက်ခဲ့ပါ ဆရာမလေးရယ်၊ ကျေးဇူးတင်လို့ပါ၊ ဆရာမလေးက ပိုက်ဆံပေးလည်းမယူ၊ ကျွေးလည်းမစားနဲ့၊ ကျွန်မတို့ အားနာလှပါတယ်"

မိန်းမကြီး၏စကားနှင့်ဆင့်၍ မိန်းမငယ်က

"ဒီနေ့ ဆရာမလေးလျှောက်လဲတာ သိပ်ကောင်းတာပဲလို့ အားကလူတွေ ပြောနေကြတယ်၊ ကျွန်မခင်ပွန်းအတွက် အများကြီး သက်သာသွားနိုင်တယ်တဲ့" ဟု ဝင်ပြောသည်။

"အပြစ်ကတော့ လုံးဝတော့မလွတ်နိုင်ဘူးနော်၊ ဘာဖြစ်လို့လဲဆိုတော့ သူက တကယ်ကျူးလွန်ခဲ့တာမို့ . . ."

"ကျွန်မတို့နားလည်ပါတယ် ဆရာမလေး"

"ရော့ သားဖို့မုန့်ဖိုး"

ရှားက စကားပြောရင်း ကလေးကို မုန့်ဖိုးအဖြစ် နှစ်ရာတန် တစ်ရွက်ထုတ်ပေးသည်။ အဘွားနှင့် မိခင်က ငြင်းဆန်နေသည့်ကြားမှပင် ရှားက ကလေးလက်ထဲသို့ အတင်းထည့်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာမလေးရယ်၊ ဆရာမလေးကတော့ ကျွန်မတို့အတွက် ကယ်တင်ရှင်ပါပဲ"

"ရပါတယ် အဒေါ်ရယ်၊ ကျွန်မကလည်း ကူညီခွင့်ရတော့ ကျေနပ်လှပါပြီ"

"ကျွန်မတို့ သွားမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မြေအဘွား သားအမိသုံးဦးထွက်သွားမှ ရှားစကားစသည်၊

"အပြစ်ကျခံရတဲ့ မောင်သိန်းက သနားစရာကောင်းပါတယ်၊ အမှန်တော့ သူက အလုပ်ရှင်အပေါ် သစ္စာရှိတဲ့ အလုပ်သမားပါ၊ ရိုးလည်းရိုးပါတယ်၊ ဒါပေမယ့် ပြစ်မှုကျူးလွန်ရာမှာ သူကပါနေတော့ မလွတ်နိုင်ဘူးပေါ့၊ ပြစ်မှုကလည်း မူးယစ်ဆေးဝါးမှု၊ ခက်တာက သူ့နောက်ကကြိုးကိုင်တဲ့ဆရာကြီး ပျောက်နေတာပဲ၊ ဒီဆရာကြီးကိုတော့ မောင်သိန်းကလည်း အမှန်ကိုမသိတာ၊ သူသိတဲ့ သူ့အလုပ်ရှင်က အဲဒီဆရာကြီးရဲ့ လက်အောက်ခံပဲ"

"ဒါဆို အဲဒီ မောင်သိန်းရဲ့အလုပ်ရှင်ကို မောင်သိန်းက မဖော်ဘူးလား"

"မောင်သိန်းက ဖော်ပြောပေမယ့် အဲဒီလူကိုယ်တိုင် မောင်သိန်းအဖမ်းခံရပြီး မကြာခင်မှာပဲ ကားအက်ဆီးဒင့်တစ်ခုဖြစ်ပြီး ဆုံးသွားပြီ၊ ဒီတော့ လမ်းစလုံးဝပျောက်သွားတယ်"

"အက်ဆီးဒင့်ဖြစ်တယ်ဆိုတာကကော ရိုးမှရိုးရဲ့လား"

"ရှားတော့မထင်ဘူး၊ နှုတ်ပိတ်ခံရတာလို့ ထင်တာပဲ၊ အဲဒါကြောင့် ရှားက မောင်သိန်းကိုပဲ သက်သာနိုင်သမျှသက်သာအောင် လုပ်ပေးနေရတာ၊ ဖမ်းမိတဲ့ဘိန်းဖြူက မောင်သိန်းသယ်ယူလာတာမှန်ပေမယ့် မောင်သိန်းက ဘိန်းဖြူမှန်းသိပြီး သယ်လာတာမဟုတ်ဘူး ကိုကိုရဲ့၊ သူမသိအောင် သူ့ဆရာက ထည့်ပေးလိုက်တာ"

"ဓားစာခံဖြစ်သွားတာပေါ့"



"ကဲ အဲဒါထားပါဦး၊ ရှား ဗိုက်ဆာနေလို့ ကော်ဖီသောက်ပါရစေဦး"

ရှားက ကော်ဖီကိုငုံ့သောက်သည်။ မုန့်ဖက်ထုပ်တစ်ထုပ်ကိုဖြည်ကာ စားသည်။ အမှန်တကယ် ရှားဆာလောင်နေသည်မို့ ကျွန်တော်က စကားမပြောဘဲ ရှားကိုအချိန်ပေးကာ ငေးရုံငေးကြည့်နေလိုက်သည်။

ရှား စားသောက်ပြီး ခေါင်းပြန်မော့ကာ

"ဒါနဲ့ ကိုကို့မှာ အရေးကြီးတဲ့ကိစ္စ ပြောစရာရှိတယ်ဆို" ဟု မေးသည်။ ခေါင်းညိတ်ပြလိုက်တော့ "ပြောလေ" ဟု ထပ်ဆင့်တိုက်တွန်းသည်။

"ပြောစရာအကြောင်းက နှစ်ခုရှိတယ်၊ ဘယ်ဟာကို အရင်ပြောရရင်ကောင်းမလဲ စဉ်းစားနေတာ"

"အမယ် အဲဒီလောက်တောင် အရေးကြီးလို့လား"

"တစ်ခုက အဲဒီလောက်အရေးကြီးတယ်၊ နောက်တစ်ခုကတော့ သိပ်အရေးမကြီးဘူး"

"ဒါဆို အရေးကြီးတာအရင်ပြောပေါ့"

"ဟုတ်ပြီ ပြောမယ်၊ အဲဒါက ရှားရဲ့ ကိုယ်ပွားတစ်ထောင်မောင်မဲခေါင်အကြောင်း"

"ရှားရဲ့လို့ မပြောနဲ့နော်၊ မဆိုင်ပါဘူး"

"နောက်တာပါ ရှားရယ်"

ကျွန်တော်က အရယ်ဖြင့်ကြားခံလိုက်ပြီးမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"မောင်မဲခေါင်ဓာတ်လမ်းတစ်ခု ကြားလာရလို့ ရှားရဲ့" ဟု
ပြောလိုက်သည်။ ရှားမျက်လုံးများ စိတ်ဝင်စားမှုဖြင့် တောက်ပ
ကြသည်။ သိလိုဇောဖြင့် ကိုယ်ကလေးပင် ကျွန်တော့်ဘက်သို့
ကိုင်းညွတ်လာသည်။

ကျွန်တော်က မဂ္ဂဇင်းတိုက်တွင် ကြားခဲ့ရသော မောင်မဲခေါင်
၏ ပြန်ပေးဓာတ်လမ်းလေးကို ပြောပြလိုက်သည်။ ပြီးမှ မောင်မဲခေါင်
ပို့လိုက်သောစာကလေးကိုပါ ထုတ်ပေးလိုက်သည်။ ရှားက မောင်မဲ
ခေါင်၏စာကို လှမ်းယူပြီး စိတ်ဝင်စားစွာကြည့်သည်။

"စာကတော့ အရင်စာတွေနဲ့ တစ်ထပ်တည်းပါပဲ၊ ဓာတ်လမ်း
အသွားကလေးကလည်း အရင်ဓာတ်လမ်းလေးတွေလိုပါပဲ၊ ရည်ရွယ်
ချက်ကလည်း အရင်ဓာတ်လမ်းလေးတွေနဲ့ အတူတူပါပဲ"

ရှားက မှတ်ချက်ချသည်။

"ဒီလူဟာ ဥပဒေက အရေးမယူနိုင်ဘဲ လက်တစ်လုံးခြား
လွတ်နေတဲ့ ကိစ္စတွေကိုရှာပြီး ပညာပေးနေတဲ့လူ၊ အမှန်တရား
မဲတင်းပေးနေတဲ့သူပဲနော်၊ ကိုကိုကတော့ သူ့ကို ချီးကျူးတယ်"

"ရှားလည်း ချီးကျူးပါတယ်၊ ဒါပေမယ့် သူ့လုပ်ရပ်တွေဟာ
ဆန်းကြယ်နေသလို စွန့်စားမှုလေးတွေတော့ ဖြစ်နေတယ်၊ အတိုင်း
အတာလွန်ပြီး ဥပဒေအပြင်ဘက် ရောက်သွားရင်တော့ မကောင်းဘူး"

"ကိုကိုထင်တယ်၊ မောင်မဲခေါင်ဟာ အရည်အသွေးအ
တော်ထက်တယ်၊ ပြီးတော့ ငွေကြေးလည်း ပြည့်စုံပုံရှိတယ်၊ ဒါကြောင့်
သူ ဒီလိုကိစ္စတွေကို အချိန်ပေး ငွေကုန်ခံပြီး လုပ်နေနိုင်တာ"



ရှားက မောင်မဲခေါင်၏စာကလေးကို သူမ၏လက်ဆွဲအိတ်
ထဲသို့ ထည့်လိုက်သည်။

"ဟုတ်တယ် ကိုကို"

"သူ့မှာ အဖွဲ့တွေ ဘာတွေ ရှိလိမ့်မယ်လို့လည်း ထင်တယ်"

သည်တစ်ခါတော့ ရှားသဘောတူဟန်မပြ။

"ရှားကတော့ အဲဒီလိုမထင်ဘူး၊ တစ်ယောက်တည်း လှုပ်ရှား
တာပဲလို့ ထင်တယ်၊ ဒီလိုကိစ္စမျိုးဟာ လူနည်းလေပိုရှိလေပဲ၊ ဒါပေ
မယ့် တစ်ခုတော့ရှိတယ်၊ သတင်းအချက်အလက်တွေကိုတော့ တစ်
နည်းနည်းနဲ့ အခြားလူတွေကတစ်ဆင့် ယူပုံရတယ်၊ ဒီတော့ အဝန်း
အဝိုင်းကျယ်ကျယ်ထဲကလူပဲ၊ လူမျိုးစုံနဲ့ ထိတွေ့နေတဲ့သူပဲ"

"ကိုကိုတို့ ရှားတို့အကြောင်းလည်း သူသိပုံရတယ်နော်၊
ထမဆုံး ရှားဆီကိုရောက်တဲ့စာ ကြည့်ပါလား"

"မှန်တာပေါ့"

"အဲဒီလူကို တွေ့ဖူးချင်လိုက်တာ"

"ဘာလုပ်မလို့လဲ"

"လက်ဖက်ရည်တိုက်ချင်လို့"

သည်တစ်ခါတော့ ရှား၏အရယ်အလှည့်ပါ။ သွားကလေး
တွေပေါ်အောင် အားရပါးရရယ်ပြီးမှ . . .

"ကိုကိုက တစ်ခါတစ်ခါ တည်တည်ကြီးနဲ့ နောက်တတ်
တယ်" ဟု ပြောသည်။ "ဒါနဲ့ ပြောစရာနောက်တစ်ခုကျန်သေး
တယ်လေ၊ အရေးသိပ်မကြီးတဲ့ စကားဆိုတာ" ဟုလည်း ဆက်၍
ထပ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်မှာ နည်းနည်းလှုပ်ရှားလာပြန်၏။

"ပြောမယ်၊ ဒီစကားက အနောက်စကားမဟုတ်ဘူးနော်"

"အင်းပါ၊ ပြောပါ"

ပြောမည်ဆိုတော့လည်း ခါတိုင်းစကားတွေလို ပြောမထွက်ချင် [illegible] သက်ပြင်းမောကို ရှားမသိအောင် ရှိုက်မိသည်။ ရှားက ကျွန်တော့် စကားကို စိတ်ဝင်တစား နားစွင့်နေသည်။

"ခွန်မြတ်သာ ကိုကို့ဆီကိုလာသွားတယ်"

"ဟုတ်လား၊ ဘယ်နေ့ကလဲ"

"မနေ့က"

"ဘာကိစ္စလဲကိုကို"

"ရှားကိစ္စ"

"ရှားကိစ္စ၊ ဘာရှားကိစ္စလဲ၊ ရှားနဲ့ပတ်သက်တာ တစ်ခု မရှိပါဘူး"

"ရှားကမပတ်သက်ပေမယ့် သူက ပတ်သက်လာပြီ"

ရှား မျက်ဝန်းဝိုင်းဝိုင်းကြီးများဖြင့် ကျွန်တော့်ကို မော့ကြည့် နေသည်။ ကျွန်တော့်စကားတွေကို သူ နားမလည်ကြောင်း သူ့ အကြည့်တွေမှာ တွေ့နေရ၏။ ပဟေဠိတစ်ပုဒ်ကို အဖြေရှာသည့် မျက်ခုံးကလေးတွေ ရှုံ့လျက်။

"ဘာပတ်သက်တာလဲ ကိုကို၊ ရှင်းရှင်းပြောစမ်းပါ"

ကျွန်တော် ပြောရပါပြီ။ မျက်နှာကိုလည်း အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားထားရသည်။



"ကိုကို့ဆီမှာ သူလာပြီးခွင့်တောင်းတာပဲ၊ သူ ရှားကိုချစ် တယ်တဲ့၊ ချစ်ခွင့်ပန်ချင်တယ်တဲ့၊ ချစ်ခွင့်ပန်ပါရစေတဲ့"

"ဟာ မဖြစ်နိုင်တာ၊ ကိုကို နောက်နေတာလား"

ရှားမျက်နှာမှာ အရောင်အသွေးတွေ အမျိုးမျိုးပြောင်းသွား သည်။ ပထမ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း။ ဒုတိယ စဉ်းစားရ ခက်ခြင်း။ တတိယ တွန့်ကွေးနေသော မျက်ခုံးတွေကို လျှော့ချလိုက် ကာ ကျွန်တော့်ကိုအကဲခတ်သည်။ နောက်တော့ မေးလိုက်ခြင်း [illegible]သည်။

"အနောက်စကားမဟုတ်ဘူးလို့ စောစောကတည်းက ကိုကို ပြောထားခဲ့ပြီပဲ၊ ဒါ နောက်ရမယ့်စကား မဟုတ်ဘူး၊ တကယ်ဖြစ် တာတဲ့ ကိစ္စ၊ အရေးကြီးတဲ့ကိစ္စ"

ရှား ကျွန်တော့်မျက်နှာရိပ်မျက်နှာကဲကို နားလည်သွားပုံ ရသည်။ ကျွန်တော့်စကားသံတွေ၊ ကျွန်တော့်စကားလုံးတွေကိုလည်း အလေးအနက်မှန်း သဘောပေါက်သွားဟန်ရှိသည်။ ရှားမျက်နှာတွင် ဒေါ်ရှုပ်ထွေးခြင်းနှင့် ရှက်ခြင်းတွေ ရောယှက်ဖြစ်ပေါ်လာပြီး တစ် ချက်တည်းမှာပင် ကျွန်တော့်အား အနေခက်စွာ၊ အားနာစွာ ကြည့် သည်။

"ဘာလဲ၊ ကိုကိုစိတ်အနှောင့်အယှက် ဖြစ်သွားလား" မေးသည်။

ကျွန်တော် မည်သို့ ဖြေရပါမည်နည်း။ ဟုတ်သည်ဟုဖြေ [illegible] ရှားကိုမယုံကြည်ရာကျမည်။ မဟုတ်ပါဟုဖြေလျှင်လည်း [illegible]ညာရာကျလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောရမှန်း မသိပါဘူးရှားရယ်၊ အံ့ဩတာနဲ့အတူ ရယ်ရအခက် ငိုရအခက် ကိစ္စကြီးပါ"

"အင်းနော်၊ ဘယ်လိုကြီးလဲမသိဘူး၊ ရှားနဲ့ကိုကို့အကြောင်း သူသိနေလျက်သားနဲ့"

"အဲဒါပြောတာပေါ့၊ တကယ်လို့ သူ ရှားကိုချစ်နေရင်တောင် ကိုကို့ကို လာပြောဖို့လိုမလား"

"ပွင့်လင်းတယ်ပဲပြောရမလား၊ ထင်ရာလုပ်တတ်တယ်ပဲ ပြောရမလား၊ ဒီပုဂ္ဂိုလ်ရဲ့စရိုက်ကတော့ ခပ်ဆန်းဆန်းပဲနော်"

ကျွန်တော်က ရှားမျက်နှာလေးကို မြတ်နိုးစွာကြည့်ပြီး

"ကိုကို့ကို ခြိမ်းခြောက်လိုက်တာပဲလို့ ကိုကိုခံစားရတယ်"

ခပ်တိုးတိုးပြောလိုက်သည်။ ရှားက ခုံပေါ်တင်ထားသော ကျွန်တော့်လက်ကို သူမ၏လက်ကလေးနှင့်လာဆုပ်ကာ

"ကိုကိုရယ်... ဘာတစ်ခုမှ စိုးရိမ်စရာမရှိပါဘူး၊ ရှားက ကိုကိုရဲ့ ထာဝရရှားပါ၊ မဟာပထဝီမြေကြီးက ကောင်းကင်ကြီးဖြစ် သွားမယ်ဆိုရင်တောင် ရှားက ကိုကို့ဘက်မှာပဲရှိမှာပါ၊ ရှားရင်ထဲမှာ ကိုကိုက နေရာအပြည့်ယူထားပါတယ်နော်"

အားပေးစကား၊ နှစ်သိမ့်စကားကို ဆိုပါသည်။ ရှားစကား တို့ကို နှုတ်ဖျားစကားမဟုတ်၊ နှလုံးသားစကားဟု ပီပီပြင်ပြင် နားလည်လိုက်ပါ၏။

ရှက်ပြုံးကလေးနှင့် မော့ကြည့်နေသော ရှားမျက်ဝန်းလဲ့လဲ့ အစုံကို ရင်ဆိုင်စဉ်၌ ရှားပြောသလို စိုးရိမ်ကြောင့်ကြမှုက အဝေး သို့ ပြေးထွက်သွားပါသည်။



"ကိုကို ရှားကို အပြည့်အဝယုံကြည်ပြီးသားပါ ရှားရယ်"

"အဲဒါဆိုရင်လည်း မျက်နှာကြီးက ရှုသိုးသိုးမဖြစ်နေနဲ့တော့ ... ခါတိုင်းလို ပြုံးပြုံးလေးနေပေါ့၊ တကတဲ ရှားက ဟိုလူကို ... ကြိုက်လိုက်မှာကျနေတာပဲ"

လက်ကို တင်းတင်းဆုပ်ရင်း ပြောသည်။ ရင်ထဲကို ကြည်နူး ...င်းတွေ စိမ့်ဆင်းလာပြီး လေးလံညစ်မှိုင်းမှုတွေ ပို၍လျော့ပါးသွား ...သည်။

"အင်း ကိုကိုကလေးဆန်သွားပြီလား မသိဘူး၊ ဟစ်ခါမှ ...အချစ်ကို လုယူမယ့်သူနဲ့ မကြုံခဲ့ဖူးတာ၊ ဒီတစ်ခါတော့ ပေါ်တင် ... စိန်ခေါ်လိုက်တာဆိုတော့"

"စိန်ခေါ်လည်း ဘာကြောက်စရာရှိလဲ၊ ရှားက ရာနှုန်းပြည့် ...က်လိုက်ပြီးသားပဲဟာ၊ စိတ်ချပါကိုကိုရယ်၊ ညလည်း အိပ်ပျော် ...အောင်အိပ်"

"ရှားပြောလို့ ပြောရဦးမယ်၊ ကိုကို ညက အိပ်လို့မပျော်ဘူး ...ရယ်"

"ဟောကြည့်၊ အဲဒါရှားကို မယုံကြည်လို့ပဲ"

"မဟုတ်ဘူး၊ ရှားက ကျောက်တောင်ကြီးလို ခိုင်မာတာကို ...ပါတယ်၊ ဒါပေမယ့် ဟိုလူက ခလုတ်ကြိမ်ဖန်များစွာတိုက်တော့မှာ"

"လာစမ်းပါစေ ကိုကိုရယ်၊ ရှား အပြတ်ပြောလိုက်ပါမယ်၊ ...ကော်ဖီသောက်၊ ပြီးရင် ရှားဘုရားသွားချင်တယ်၊ ကိုကိုလိုက်ခဲ့ပို့၊ ...ရားမှာ ရှားတို့သစ္စာဆိုရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအညိတ်မြန်သွားသလားမသိ။ ထိုင်ရာမှ ရုတ်ခနဲထ လိုက်ပြီးမှ လက်ဖက်ရည်ဖိုးရှင်းဖို့ သတိရသည်။ ကျွန်တော့်အဖြစ် ကိုကြည့်၍ ရှားကရယ်သည်။

"ကိုကိုတော့ ဒိန်းဒလိန်းနတ် ဖမ်းနေပြီ" တဲ့။

❒ ❒ ❒



၁၀

ဒေါ်မေစ်ရှာ . . .

ကျွန်တော် မောင်ပဲခေါင်ပါ။ အကြောင်းထူးကလေးရှိလို့ စာရေးလိုက်ပါ။

တခြားရုံးရောက်နေတဲ့ မောင်ပိန်းအလှကို လိုက်ပေးနေတဲ့ ဒေါ်မေစ်ရှာ ဖြင့် စိုးရိမ်ကြောင့်ကြနေကြသူတွေ ရှိနေပါတယ်။ ပြောဖို့စိတ်ထူးလို့ ပေါ်လာမှာကို စိုးကြတာပါ။ အဲဒီအတွက် ဒေါ်မေစ်ရှာကို အမြန် ကြပါစေချင်ပါတယ်။

ဒီကြောင့် သွားလာနေထိုင်တာ အထူးသတိရှိစေချင်ပါတယ်။ မကောင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိကြသူတွေမှာ မတရားတာလုပ်ဖို့ ဝန်လေးကြမှာမဟုတ်ဘူးလို့ ရှေးကတည်း နောက်တွန့်ကြမှာ မဟုတ်ပါဘူး။

ကျွန်တော်လေးစားရပါသော၊ အများအကျိုးကို ကိုယ်ကျိုးမကြည့် ဆောင်ရွက်တတ်သော ဒေါ်မစ်ရှားကို ခိုင်ခိုင်မြဲမြဲလေးစားနေနှင့် သတိပေး လိုက်ရပါဦးမည်ဗျား။

လေးစားသော

ကိုယ်ပွားတစ်ထောင်မောင်မဲခေါင်

ရှားပြသောစာကိုဖတ်ပြီး စာကို ရှားလက်ထဲသို့ ကျွန်တော် ပြန်ထည့်ပေးလိုက်သည်။ ရှားက စာကိုခေါက်ပြီး သူမ၏ဖိုင်တစ်ခု ထဲ၌ ညှပ်လိုက်သည်။

"အဲဒီစာက စာတိုက်ကရောက်လာတာလား"

"ဟုတ်တယ်ကိုကို"

"ဘယ်နေ့ကလဲ"

"မနေ့ကပဲ"

"သူ့စာရဲ့ အသွားအလာကို ကြည့်ရတာတော့ ရှားလိုက်နေ တဲ့ မူးယစ်ဆေးဝါးမှုနဲ့ အဖမ်းခံနေရတဲ့ မောင်သိန်းအမှုမှာ နောက် ကွယ်ကရှိနေတဲ့လူတွေကို ရိပ်မိသိရှိနေပုံပဲ၊ အဲဒီလူတွေက ရှားကို အန္တရာယ်တစ်ခုခုပေးမှာကို မောင်မဲခေါင်က စိုးရိမ်နေပုံရတယ်"

ရှား စကားမပြန်။

"ပြီးတော့ ရှား မောင်သိန်းရဲ့အမှုလိုက်နေတဲ့အကြောင်းတွေ ကိုသိနေတယ်ဆိုတော့ မောင်မဲခေါင်ဟာလည်း ရှားကိုဂရုစိုက်တဲ့လူ



ဖြစ်တယ်၊ တကယ်ဆိုရင် ရှားနောက်မှာရှိနေတဲ့ ရှုဒိုးပဲ"

ရှား တစ်စုံတစ်ခုကို တွေးနေသည်။ စားပွဲကို လက်ချောင်း ကလေးများဖြင့်အသာခေါက်ကာ မျက်လုံးတွေက နံရံမှာအာရုံစိုက် နေသည်။ တစ်ခဏတာမျှ ကျွန်တော့်ကိုစကားပြန်မပြော။ ရှား၏ အလေ့အထသဘာဝကို နားလည်သော ကျွန်တော်သည် အနှောင့် အယှက်မပေးလိုသဖြင့် စကားမဆက်ဘဲ ငြိမ်၍ ရှားကိုစောင့်ကြည့် နေလိုက်သည်။

အချိန်အတန်ကြာမှ ရှားပြန်လည်လှုပ်ရှားလာသည်။

"စာကတော့ ဟိုအရင်စာတွေအတိုင်းပဲနော် ကိုကို၊ ဒီကွန် ပျူတာ Font ပဲ၊ နောက်ပြီး စာရွက်ပေါ်မှာ အစက်ကလေးသုံး စက်နဲ့၊ ရှား စဉ်းစားနေတာတော့ ရှိတယ်ကိုကို"

"ဘာလဲရှား"

"ဘာကြောင့် ရှားကို အသိပေးတာလဲ၊ သူကရော မောင်သိန်း အမှုကို သိနေသလား၊ ဘယ်အတိုင်းအတာထိသိလဲ၊ မောင်သိန်းရဲ့ နောက်က ကြိုးကိုင်သူတွေကို သူသိနေသလား ဆိုတာတွေပဲ"

ရှားက ထိုအချက်များကိုပြောရင်း ကျွန်တော့်ကိုကြည့်နေသည်။ ကျွန်တော့်သဘောထားကို သိချင်နေပုံရ၏။

"ရှားတွေးတာတွေအားလုံး မှန်တယ်၊ ကိုကို့အမြင်ကတော့ သူသိနေပုံရတယ်၊ ဘာကြောင့်လဲဆိုတော့ သူကလည်း အမှောင် လောကထဲ ခြေဆန့်နေတဲ့လူပဲလေ"

ကျွန်တော်တို့ စကားကောင်းနေခိုက်မှာပင် တံခါးဝ၌လူရိပ် ပေါ်လာသည်။ စကားသံတချို့လည်း ကြားရသည်။ ကျွန်တော်ရော

www.burmeseclassic.com

www.burmeseclassic.com



ရှားပါ တံခါးဝသို့ ပြိုင်တူလှမ်းကြည့်လိုက်မိကြ၏။

မောင်မျိုးခိုင်နှင့် သစ္စာပင်ဖြစ်သည်။

"အစ်ကိုကြီးလည်း ရောက်နေတာကိုး"

မောင်မျိုးခိုင်၏နှုတ်ဆက်စကားနှင့်

"ကိစ္စလေးတစ်ခုရှိလို့ မြို့ထဲလာရင်း မမရှားဆီလှည့်ဝင်လာတာ" ဟု သစ္စာက အပြုံးတဝေဝေဖြင့် ပြောသည်။

"လာကြ . . . လာ"

မောင်မျိုးခိုင်နှင့်သစ္စာတို့ အခန်းတွင်းဝင်လာပြီး စားပွဲရှေ့ ထိုင်ခုံများ၌ ဝင်ထိုင်သည်။

"အန်ကယ်တို့ အန်တီတို့ရော နေကောင်းကြလား"

"ကောင်းပါတယ် မမရှား"

"သစ္စာရဲ့ မွေးနေ့ပွဲပြီးတဲ့နောက် သစ္စာတို့နဲ့ မတွေ့ဖြစ်တာ တောင် အတော်ကြာသွားပြီနော်"

"မမရှားကိုတော့ သစ္စာတို့က သတိရပါတယ်၊ ဒါကြောင့် လည်း မမရှားဆီ လှည့်ဝင်လာတာ"

"မမရှားလည်း သတိရပါတယ်၊ ဒါပေမယ့် ခုတလောလိုက် နေတဲ့ အမှုလေးတွေက စိပ်နေတော့ မအားလို့ပါ"

ကျွန်တော်ကဝင်ပြီး

"ဧကန္တ မြို့ထဲလာတဲ့ကိစ္စ ထူးတယ်ထင်တယ်" ဟု စကားအစ လိုက်သည်။ သစ္စာရော မောင်မျိုးခိုင်ပါ ပြုံးသွားကြသည်။ တစ် ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ မျက်လုံးတွေချင်း စကားပြောကြသည်။



ပြီးမှ ကျွန်တော်တို့ဖက် ပြန်ကြည့်ပြီး

"အစ်ကိုကြီးတို့ကတော့ နှစ်ယောက်စလုံး စုံထောက်တွေပဲ" ဟု မောင်မျိုးခိုင်က ဦးစွာပြောသည်။ တစ်ဆက်တည်းမှာပင် သစ္စာ က "ဖေဖေနဲ့ မေမေတို့က သီတင်းကျွတ်ရင် သစ္စာတို့ကို လက် ထပ်ခွင့်ပြုလိုက်ပြီလေ၊ အဲဒါ ဖိတ်စာကိစ္စလေးတွေ ဘာတွေ စုံစမ်း ရင်း လက်မှတ်ထိုးဖို့ကိစ္စကိုလည်း မမရှားကို အကူအညီတောင်း မလို့" ဟု ရှက်ပြုံးနုနုဖြင့် ခပ်တိုးတိုးပြောသည်။

ရှားက ဝမ်းသာအားရဖြင့်

"ဒါမျိုးကိုကူညီဖို့ မမရှားကစောင့်နေတာပါ သစ္စာရယ်၊ စိတ်ချ၊ အဲဒါအတွက် မမရှား တာဝန်ထား" ဟု တုံ့ပြန်သည်။

"မင်္ဂလာပွဲကို အိမ်မှာပဲလုပ်မှာလား"

ကျွန်တော်က စူးစမ်းလိုက်သည်။

"ဖေဖေကတော့ ဟိုတယ်တစ်ခုခုမှာ လုပ်ချင်တယ်၊ ဒါပေ မယ့် မေမေကတော့ မင်္ဂလာဆွမ်းပဲကပ်ပြီး မင်္ဂလာပွဲအတွက် ရည်မှန်းထားတဲ့ ငွေတွေကို ဘိုးဘွားရိပ်သာ လှူချင်တယ်တဲ့၊ ဒီအစီ အစဉ်ကို ကိုခိုင့်မိဘတွေကလည်း ကြိုက်တယ်"

"ကောင်းတာပေါ့ သစ္စာရယ်၊ အဲဒါ မင်္ဂလာဦးအတွက် ပိုပြီး မင်္ဂလာရှိစေတဲ့ အစီအစဉ်ပါပဲ"

"ကဲ . . . သစ္စာတို့က မမရှားတို့ထက် လက်တွေ့ကျသွားပြီ နော်၊ နောက်ကားကျော်သွားတိုင်း လမ်းဖယ်ပေးနေဦးမှာလား"

သစ္စာ၏အမေး။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ ကျွန်တော်နှင့်ရှားတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရမည့် အလှည့်ဖြစ်သည်။ ပြုံးလည်း ပြုံးမိကြသည်။ မျက်လုံးချင်းလည်း စကားပြောမိကြသည်။ "ကဲ ဘယ်လိုလဲ" ဟူသော ကျွန်တော့်မျက်လုံးမေးခွန်းကို ရှားက "ကိုကိုပဲ ဘိုးဘွားစီ သာကျမှ လက်ထပ်မယ်ဆို" ဟူသော ရှား၏မျက်ဝန်းအဖြေ။

❒ ❒ ❒



## ၁၁

လမ်းမှာ ခလုတ်တိုက်၍ ခြေမကွဲသွားသည်။ ဖြတ်ပျံသွားသော ငှက်တစ်ကောင်က ချေးပါသွားရာ အင်္ကျီပခုံးပေါ်ကျသည်။ အနားမှ အရှိန်ဖြင့်ဖြတ်မောင်းသွားသော ကားတစ်စီးကြောင့် ရွှံ့ရေဆွေ ပုဆိုးပေါ်ခုန်တက်လာသည်။ အငေးလွန်သော လူတစ်ယောက် ခင်တိုက်သဖြင့် လက်တွင်ကိုင်လာသောစာအုပ် လွတ်ကျသည်။ ထိုစာအုပ်ကို ကောင်မလေးတစ်ယောက်က တက်နင်းသွားသည်။

ကံမကောင်းဟု တွက်မိ၏။

မတွေ့ရှသည်မှာ တစ်ပတ်ကျော်သွားပြီမို့ ရှားထံသို့ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်လှမ်းဖုန်းဆက်သည်။ ဖုန်းခေါ်မရ။ ရှားက ဖုန်းကိုပိတ်ထား လေသလား။ ရှား တစ်ခုခုများဖြစ်နေသလား။ စိုးရိမ်ပူပန်မှုကြောင့် မဂ္ဂဇင်းတိုက်မှ ရှားရုံးခန်းရှိရာသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

မောင်မဲခေါင်ကလည်း သတိပေးထားခဲ့ဖူးသည်လေ။

ထွက်လာခဲ့ရာ လမ်းတစ်လျှောက်မှာလည်း တစ်ခုမှအဆင် မပြေ။ ရင်သည် ပူစပြုလာ၏။

ရှားရုံးခန်းရှိရာ အဆောက်အဦး၏ရှေ့မှာ ကားအဖြူတစ်စီး ရပ်ထားသည်။ မတ်တူးကား။ ခွန်မြတ်သာ၏ ကားပင်ဖြစ်၏။ ရှား သို့ ခွန်မြတ်သာရောက်နေလေသလား။

ရှားရုံးခန်းရှိရာ ပထမထပ်သို့ မော့ကြည့်လိုက်သည်။ ရုံးခန်း ပြတင်းပေါက်တွေက ပိတ်ထားသည်။ ဘယ်လိုပါလိမ့်။ ရှား မရှိ ဘူးလား။ ရှိလျှင် တံခါးဘာကြောင့်ပိတ်ထားသလဲ။

အဆောက်အဦးအောက်သို့ဝင်ပြီး လှေကားကို အလောတကြီး တက်မည်အပြု တစ်စုံတစ်ယောက်က ကျွန်တော့်ကို ဖမ်းဆွဲသည်။ အခြားသူမဟုတ်။ ကိုယု။ စာရေးဆရာ ချစ်ကိုကိုယု။

"ဟာ ကိုယု"

"ဘယ်လဲ၊ မေစံရှားဆီကိုလား"

ကိုယု မေးပုံက အဆန်းတကြယ်နိုင်လှသည်။ မသိ၍ မေးခြင်း မဟုတ်။ ပြီးတော့ ခါတိုင်းလို ရယ်ရယ်မောမောမျက်နှာမဟုတ် တစ်စုံတစ်ခုကို ကြောင့်ကြစိုးရိမ်နေပုံမျိုး။

"ဟုတ်ကဲ့၊ ရှားဆီသွားမလို့"



ကျွန်တော်က ပြောပြီးသည်နှင့် စိတ်စောနေသည့်အတိုင်း ကားမှတက်ရန် ဟန်ပြင်သည်။ ကိုယုက ကျွန်တော့်လက်မောင်း ဆွဲထားသည့်လက်ကို လွှတ်မပေးဘဲ တင်းတင်းဆွဲထားရာမှ

"လာပါဦး ညီလေးရာ၊ ညီလေးနဲ့ စကားမပြောရတာကြာပြီ၊ ဖက်ကြီးနဲ့ လိုက်ခဲ့စမ်းပါ"

အပြင်သို့ ခေါ်နေပြန်သည်။ ကျွန်တော် နားမလည်။ ချစ်သူရှိရာ မည့်သူတစ်ဦးကို မျက်နှာအပျက်ပျက်နှင့် ကိုယု အဘယ်ကြောင့် နေပါသနည်း။ ဘာအကြောင်းရှိ နေပါသနည်း။ "ကျွန် မေစံရှားကိုချစ်တယ်၊ မေစံရှားကို ချစ်ခွင့်ပန်ချင်တယ်" ဟူ အသံကို နားမှာဖျတ်ခနဲကြားသည်။ ရုံးရှေ့မှာ ခွန်မြတ်သာ၏ တ်တူးကားကလည်း ရောက်နေသည်။ သို့ဆိုလျှင် ရှားရုံးခန်းမှာ မြတ်သာရောက်နေသည်မှာ သေချာ၏။ ခွန်မြတ်သာနှင့် ရှားကို မည်စိုးသောကြောင့် ကိုယုတားခြင်းပေလား။

ရင်ထဲက ပြင်းထန်သောတွန်းအားကြောင့် ကိုယုလက်ကို မနာတမ်းဖြုတ်ချကာ

"နောက်မှ စကားပြောမယ်ဗျာ" ဟု ပြောပြောဆိုဆို ကိုယုကို ခိုင်းကာ လှေကားကို ပြေးတက်ခဲ့မိသည်။ "ဟာ ပြဿနာပဲ" သော ကိုယု၏ညည်းတွားသံကို ကြားလိုက်ရ၏။

လောကြီးနေလွန်းသောကြောင့် လှေကားထစ်ကို ကျော်နှင်း ခြေချော်ကျကာ ဒူးနှင့် အပေါ်လှေကားထစ် မဟာမိတ်ဖြစ်သွား ည်။ နာလိုက်သည့်ဖြစ်ခြင်း။ သို့သော် ယိုင်လဲနေရာမှ လူးလဲထ လှေကားကို ဆက်တက်မိသည်။ နာသည်ကို မမှုအား

www.burmeseclassic.com

www.burmeseclassic.com



ရှား၏ရုံးခန်းတံခါးက ခါတိုင်းလိုဖွင့်မထား။ ပိတ်ထားသည်။ အပြင်မှ သော့ခတ်၍ ပိတ်ထားခြင်းမျိုးမဟုတ်။ အတွင်းမှချက်ချ၍ ပိတ်ထားခြင်းမျိုးဖြစ်သည်။

တံခါးရှေ့တွင်ရပ်ကာ ကျွန်တော် ဘာလုပ်ရမည်ကို စဉ်းစားသည်။ ရင်တွေပူ ခေါင်းထဲမှာဆူနေ၍ ကြည်လင်ပြတ်သားသော အဖြေမရ။ အထဲမှာ ရှားနှင့်ခွန်မြတ်သာ ရှိနေလေသလား။ ရှိနေလျှင် ဘာကြောင့် တံခါးပိတ်ထားရပါသနည်း။

တွေးလေ ရင်ထဲမှာ ဗလောင်ဆူလေဖြစ်လာ၏။ ခန္ဓာကိုယ်တစ်ခုလုံးသည် မီးလျှံမီးညွန့်တွေကြားမှာ ရောက်နေသည့်ပမာ။

တံခါးကို အသာတွန်းကြည့်၏။ မပွင့်။ သေချာသည်။ အထဲမှ ပိတ်ထားခြင်းပေပဲ။ သို့ဆိုလျှင်

အလွန်တရာ အရှိန်အဟုန်ကြီးမားလှသော အပြင်းစားပေါက်ကွဲမှုတစ်ရပ် ရင်ညွန့်အရပ်၌ ဒိုင်းခနဲပေါက်ကွဲထွက်သွားပြီးနောက် အသိတွေကင်းမဲ့သလို ဖြစ်သွားသည်။ ပိတ်ထားသော သစ်သားတံခါးကြီးကို အရှိန်ဖြင့် ကိုယ်စောင်းတိုက်ပစ်လိုက်သည်။ ဘယ်ကလာမှန်းမသိသော အတွင်းအားတွေကြောင့်ထင်၏။ တံခါးချပ်ကြီးသည် ဝုန်းခနဲ ကျိုးပျက်ကာပွင့်သွားပြီး ကျွန်တော်သည်လည်း အခန်းတွင်းသို့ ကိုယ်စောင်းတိုက်သောအရှိန်ဖြင့် လဲကျသွားသည်။

သို့သော် သတိတရား၏ စေ့ဆော်မှုဖြင့် လဲကျနေရာမှ အလင်း၏လျှင်မြန်ခြင်းမျိုးဖြင့် ထရပ်မိပြီးသား ဖြစ်သွားသည်။

မြင်ကွင်းက ဓားစက်၊ လှံစက်တွေ ရင်ထဲရောက်လာသလိုပါ။ ခွန်မြတ်သာနှင့် မေစံရှား။ ခွန်မြတ်သာ၏ရင်ခွင်ထဲမှာ ခေါင်းမှီ၍



နေသော မေစံရှား။ ခွန်မြတ်သာက မေစံရှား၏ပခုံးကို ဖွဖွဖက်လျက်။

တံခါးချပ်ကြီး ဝုန်းခနဲပွင့်၍ လျှပ်ပြက်သလိုရောက်လာသော ကျွန်တော့်ကို သူတို့ ကြောင်၍ကြည့်နေကြသည်။ ဒေါသသည် မည်သို့မျှ တားဆီးခြင်းငှာမရနိုင်တော့လောက်အောင် အမြင့်ဆုံးအရှိသို့ တက်သွားသည်။ မျက်လုံးတွေက မီးခိုးမှိုင်းတွေရိုက်သလို ပြာပါးသွားသည်။ အသားတွေ ဆတ်ဆတ်တုန်လာ၏။

သစ္စာဖောက်သူနှင့် ကြောင်တောင်နိုက်သူ။

ကျွန်တော်သည် သူတို့အပေါ်သို့ လှစ်ခနဲရောက်သွားကာ ခွန်မြတ်သာ၏ ပခုံးကို ဘယ်လက်ဖြင့်ဆွဲလှည့်လိုက်ပြီး လှည့်လာသော သူ၏မျက်နှာဆီသို့ ညာလက်သီးကို ပစ်သွင်းလိုက်သည်။ အားစေးပိုင်ပိုင်ရှိလွန်းလှသော လက်သီးချက်ဖြစ်၏။ လေ့ကျင့်ထားသော လက်သီးမဟုတ်စေကာမူ ရင်ထဲမှလာသည့် အပြင်းစားတွန်းအားကြောင့် ခွပ်ခနဲမြည်သံနှင့်အတူ ခွန်မြတ်သာခန္ဓာကိုယ် လည်ထွက်သွားကာ ကြမ်းပြင်ပေါ် ခွေခနဲလဲကျသည်။

ရှားကို ဖျတ်ခနဲကြည့်လိုက်တော့ အံ့အားသင့်မျက်ဝန်းမှာ မျက်ရည်တွေနှင့်။

ခွန်မြတ်သာက ကြမ်းပြင်ပေါ်မှ လက်ထောက်ပြီး အားယူကာ ထရန်ပြင်သည်။ ကျွန်တော့်ညာခြေက အရှိန်ဖြင့်မြောက်သွားပြီး ခွန်မြတ်သာ၏ရင်ဝသို့ ဒိုင်းခနဲဝင်သွားသည်။ ခွန်မြတ်သာ ကြမ်းပြင်ပေါ်သို့ ပြန်လဲကျသည်။

www.burmeseclassic.com

ကျွန်တော်က သူ ဘာလုပ်မလဲဆိုသည်ကို အပေါ်မှ စိုး... ကြည့်နေလိုက်သည်။ ခွန်မြတ်သာက နှုတ်ခမ်းမှစီးကျလာသော... သွေးတို့ကို လက်ဖဝါးဖြင့်ပွတ်သုတ်ရင်း ကျွန်တော့်ကို မော့ကြည့်... သည်။ နာကျင်သည့်ကြားမှ အပြုံးတစ်ပွင့် ပွင့်လာသည်။ မထေ... မြင်ပြုံး၊ သရော်ပြုံး။ စကားသံ အက်အက်ကလေးလည်း ထွက်လာ... သည်။

"ကျွန်တော် ကျေနပ်ပါတယ် ကိုနေသော်၊ ခင်ဗျားရဲ့လက်သီး... နဲ့ ခြေကန်ချက်က ဘာမှမနာပါဘူးဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် မေစံရှားရဲ့အချစ်ကို ရခဲ့ပြီဖြစ်လို့ပဲ"

"ဘာ"

ကျွန်တော့်အသံက မိုးကြိုးသံလို ဟိန်းထွက်သွားသည်။ ... ကိုယ် လေတွင်မြောက်သွားသလို ခံစားရပြီး ဆာလဖျူရစ်အက်ဆစ်... တွေဖြင့် မျက်နှာကိုပက်လိုက်သလို ခံစားရသည်။ ရင်အုံကို ဆိပ်... မြားတစ်ထောင် တစ်ပြိုင်နက်တည်း စိုက်ဝင်လာသည့်ပမာ။

ကျွန်တော် ခွန်မြတ်သာ၏ကိုယ်ပေါ်သို့ လွှားခနဲခုန်အုပ်... လိုက်မိတော့သည်။

"ဝုန်း"

ကြမ်းပြင်ပေါ်သို့ ဒလိမ့်ခေါက်ကွေးကျသွားမှ ကျွန်တော်လန့်နိုး... လာရသည်။ လန့်နိုးလာတော့မှ အိပ်မက်မှန်းသိရပြီး ရင်ပေါ့သွား... သလိုရှိ၏။ သို့သော် ကျွန်တော်မောနေသည်။ နဖူးမှာ ချွေးတွေသီး... နေသည်။ ရင်တွေတဆတ်ဆတ်ခုန်နေသည်။ အိပ်မက်။ ဆိုးဝါးခြင်း... သီးလှသည့် အိပ်မက်။ ရက်စက်လှသည့် အိပ်မက်။



အိပ်မက်တို့မည်သည် အတွင်းစိတ်၏သန္တာန်ကို ဖော်ပြခြင်း ...စ်သည်ဟု ဆိုကြ၏။ သို့ဆိုလျှင် ကျွန်တော့်မသိစိတ်ထဲမှာ ...ဒနာတွေ အမြစ်တွယ်နေသည်မှာ သေချာပေပြီ။

ကြည့်လေ၊ နေ့လည်ကဆက်ခဲ့သော ရှား၏ဖုန်းက ထိတ်လန့် ...ာက်ချားစဖွယ်။ "ကိုကို၊ ကိုကိုပြောတဲ့အတိုင်းပဲသိလား၊ ခွန် ...တ်သာက ရှားရုံးခန်းကိုရောက်လာပြီး ချစ်ရေးဆိုတယ်" တဲ့။

❒ ❒ ❒

www.burmeseclassic.com



၁၂

မှောင်ရီသန်းနေပြီဖြစ်သည်။

တရားရုံးကထွက်လာတော့ အမှုသည်တွေနှင့် ဆွေးနွေး
ပင်စရာများ ဆွေးနွေးညှိနှိုင်းနေသဖြင့် အချိန်က ကုန်မှန်း
ကုန်သွားသည်။ အမှုသည်များနှင့် လမ်းခွဲပြီးပြန်လာတော့ ရုံး
ကိုပင် ရှားပြန်သွားချိန်မရတော့။

ဖြစ်ချင်တော့ ကျွန်တော်က မဂ္ဂဇင်းတိုက်မှနေ၍ စာပေ
ရေးသို့ မဂ္ဂဇင်းကိစ္စတစ်ခုအတွက်နှင့် သွားရသည်။ စာပေစိစစ်ရေး
ရှားဆီသို့ဖုန်းဆက်တော့ ရှားက တရားခွင်မှာပင် ရှိနေသေးသ



ရားခွင်ထဲမှာမို့ ရှားက ဖုန်းကိုပိတ်ထားသည်။ ထို့ကြောင့် ရှားနှင့်
ကားပြော၍မရ။

စာပေစိစစ်ရေးရုံးမှ ကျွန်တော်ပြန်လာတော့ ရှားရုံးခန်းကို
ျွန်တော်ရောက်သွားသေးသည်။ သို့သော် ရုံးခန်းသို့ ရှားပြန်မရောက်။
စ်နာရီခန့်စောင့်ပြီး ကျွန်တော် အိမ်ပြန်သည်။

သို့ဖြင့် ရှားတစ်ယောက်တည်း အိမ်သို့ပြန်သွားခဲ့ရသည်။
တ်စ်ကားမှတ်တိုင်မှ ရှားနေထိုင်ရာအိမ်သို့ အတော်ကလေးလှမ်း
ည်။ လမ်းလျှောက်ပြန်ရသည်။ တိုက်ခန်းတွေ၊ အိမ်ရာတွေ၊ ဝန်း
ျယ်သီးသန့်နေရာတွေကို ဖြတ်ရသည်။ လမ်းက လူရှင်းသည်။

နေ့က နောက်ဆုတ်သွားပြီမို့ ညက တိုးဝင်နေရာယူလာချိန်။
မ်းက လူရှင်းရှင်းနှင့်။ ရှားတစ်ယောက်တည်း ခပ်သွက်သွက်
ျှောက်ပြန်လာရသည်။

မိမိကိုယ်ကို အားကိုးတတ်သူပီပီ ဘာကိုမှုတော့ ရှားမကြောက်။
သော် သတိတော့ ရှားမလွှတ်။ 'သတိ' ဆိုသောအရာသည်
၏အဖော်မွန်ဆိုလျှင် မှားမည်မထင်ပါ။ အလုပ်ခွင်မှာလည်း
တိ။ အချစ်ရေးမှာလည်း သတိ။ တရားထိုင်ရာမှာလည်း သတိ။
တိက ကျင့်သားရနေသည်မို့ နောက်ပါးမှ စက်ရှိန်လျှော့၍ ဖြည်း
ည်းမောင်းလိုက်လာသော ကားကိုလည်း ရှား လှည့်မကြည့်သော်
ည်း သတိပြုမိသည်။

လမ်းဖြောင့်ပြီး လူရှင်းသောနေရာ၊ ပတ်ဝန်းကျင်က သစ်ပင်
တွေနှင့် ခြံဝန်းကျယ်ကြီးတွေ ဝန်းရံနေသောနေရာအရောက်တွင်
က်ကကားက စက်ရှိန်မြှင့်လိုက်သည်ကိုလည်း ရှားသိသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးအစပ်မှ လျှောက်နေသောရှားသည် ရှေ့တူရူကို မျက်နှာမူထားသော်လည်း နားက နောက်ပါးမှကားသံကို စွင့်လျက်သား

ကားက အရှိန်မြှင့်ပြီးနောက် တဟုန်ထိုးပြေးလာကာ ရှားကို တိုက်ချလိုက်သည်။ ရှားကလည်း လျှင်ပါသည်။ လမ်းဘေးသို့ လိမ့်ချလိုက်သည်။ ကားက ပွတ်ကာသီကာ အရှိန်ပြင်းပြင်းဖြင့် ဖြတ်ကျော်သွားသည်။ ရှားကိုမတိုက်မိ။

ရှားက လဲကျနေရာမှမထသေးဘဲ အခြေအနေကို စောင့်ကြည့် အကဲခတ်လိုက်သည်။ သူမကို ကားနှင့်တိုက်သောသူသည် မည်သူနည်း။ ကိုယ်ပွားတစ်ထောင်မောင်မဲခေါင် သတိပေးခဲ့သော သူလော ပဲလား။

ကားက ရှား၏ရှေ့ တော်တော်ကွာကွာမှာ ရပ်သွားသည်။ ပြီး နောက်ပြန်ဆုတ်လာသည်။ ရှားလဲကျနေရာနားမှာ ကားကရပ်သွားသည်။ ကားရှေ့ခန်းတံခါးပွင့်လာကာ ကားရှေ့ခန်းမှ အရပ်ပျပ်ပျပ်နှင့် ဗလကောင်းကောင်း၊ တုတ်တုတ်ခိုင်ခိုင်လူတစ်ဦး ဆင်းလာသည်။ သို့သော် မျက်နှာကို မျက်နှာဖုံးစွပ်ထားသဖြင့် မည်သူမှန်း မသိနိုင်။ ပြီးတော့လည်း လမ်းပေါ်မှာက မှောင်တစ်ဝက် လင်းတစ်ဝက်။ ဓာတ်မီးတိုင်ကလည်း အနည်းငယ်ဝေးသဖြင့် အလင်းရောင်က ဤနေရာတွင် မှုန်ပျပျသာရှိသည်။

ရှားက လဲကျရာနေရာမှာပင် ထရပ်၍ သတိများစုစည်းကာ အရေးကြုံလာလျှင် ခုခံနိုင်ရန် အသင့်ပြင်ထားလိုက်သည်။

မျက်နှာဖုံးစွပ်နှင့်လူက အနားကိုရောက်လာပြီး



"မင်း တော်တော်သတိကောင်းသားပဲ၊ ဟဲဟဲ၊ အဲဒါကြောင့်လည်း နာမည်ကြီးနေတာ နေမှာပေါ့"

ရယ်သွမ်းသွေးလျက် ပြောသည်။ ပြောဟန်ဆိုဟန် ရပ်နေဟန်က မထေမဲ့မြင်။ လူမိုက်အသွင်။ ရှားက နေရာမရွှေ့သေးဘဲ တည့်တည့်ရင်ဆိုင်ကာ မေးခွန်းထုတ်သည်။

"ရှင်က ဘယ်သူလဲ၊ ဘာကြောင့် ကျွန်မကို ကားနဲ့တိုက်ရတာလဲ"

အဖြေမှန်ရမည်မဟုတ်မှန်း ရှား ကြိုသိပြီးဖြစ်ပါ၏။ သို့သော် သဲလွန်စ တစ်ခုခုတော့ ရနိုင်သည်မဟုတ်လား။

မျက်နှာဖုံးစွပ်နှင့်လူထံမှ စကားသံထွက်လာသည်။ အသံက ပြာအက်အက်။

"ရှေ့နေက ရှေ့နေအလုပ်မလုပ်ဘဲ စုံထောက်အလုပ်လုပ်ချင်တဲ့သူမို့လို့ ထိုက်တန်တန် ဆုလာဘ်တွေ ပေးရတာပါ၊ ငါဘယ်သူလဲ သိချင်တယ်ပေါ့ ဟုတ်လား၊ ဟဲ ဟဲ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်ဆိုတာ ငါပဲ"

"ဘာ"

ရှား၏ ကျယ်လောင်လှသော အာမေဍိတ်သံ။

မျက်နှာဖုံးစွပ်နှင့်လူက ထပ်မံရယ်လိုက်ပြီး ပတ်ဝန်းကျင်ကို အယ်ညာဝေ့ဝဲကြည့်လိုက်သည်။

"ကားနဲ့တိုက်လို့ ဘာမှမဖြစ်တော့လည်း နောက်ဆုံးဆိပ် ဆုတစ်ခု ချီးမြှင့်ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ထိုသူ လှုပ်ရှားလာသည်။ မီးရောင်မှုန်လဲ့လဲ့တွင် ဝင်းခနဲလက်သွား၏။ ဓား။ မျက်နှာဖုံးစွပ်နှင့်လူ၏လက်ထဲတွင် ဓားမြှောင်တစ်ချောင်း။

"ကဲ သေပေတော့"

မျက်နှာဖုံးစွပ်နှင့်လူ၏ ညာလက်မြောက်သွားသည်။ ဓားသွားသည် အရှိန်ပြင်းစွာဖြင့် ရှား၏ရင်ဆီသို့ ကျရောက်လာသည်။ ရှားက ဘယ်ခြေကိုဆုတ်၍ ကိုယ်ကိုတစ်ခြမ်းလှည့်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဓားကိုင်လက်ကို ရှား၏ဘယ်လက်စောင်းဖြင့် ဆောင့်ရိုက်ထုတ်လိုက်သည်။ ရှား၏ညာလက် လေထဲမြောက်တက်သွားသည်။ ဓားသမား၏ လည်ဂုတ်ဆီသို့ ရှား၏ ပြင်းထန်သော လက်ဝါးစောင်းခုတ်ချက် ရှူတိုဆကို့ဆုအချိုက ဒုတ်ခနဲ ကျရောက်သွားသည်။ 'အင့်' ဟူသောအသံနှင့် ဓားသမား ရှေ့သို့ငိုက်သွား၏။

အခြေအနေကို ရှားအလွတ်မပေး။

ဘယ်ဒူးက ကွေးညွတ်ကာ အရှိန်ဖြင့်မြောက်တက်လာပြန်၏။ ရှား၏ ဘယ်ဒူးတိုက်ချက် ဟိဇာဝါရီသည် ဓားသမား၏ ရင်ဝဘယ်ဘက်ခြမ်းသို့ ခပ်ပြင်းပြင်းဝင်သွားသည်။ ဒူးနှင့်ရင်ထိသည့်နေရာမှ ဘုတ်ခနဲမြည်သံနှင့် ဓားသမား၏ အွတ်ခနဲ အော်သံ ပြိုင်တူထွက်လာပြီး ဓားသမား မြေသို့လဲကျသွားသည်။ ဓားက လွင့်ထွက်သွားသည်။

မြေပေါ်တွင် လိမ့်သွားသော ဓားသမားမှာ ရင်ကိုဖိလျက် နာကျင်မှုဖြင့် ညည်းညူရှုံ့မဲ့နေ၏။ ရှားကို ထပ်မံရန်ပြုတိုက်ခိုက်



နိုင်ပုံမရှိတော့။ ရှားက သတိကိုစုစည်းလျက် အခြေအနေကို ငုံ့ကြည့်နေရာက။

"ရှင်ဘယ်သူလဲ၊ မှန်မှန်ပြော"

ခပ်ထန်ထန်မေးလိုက်သည်။

"အား...ကျွတ်...ကျွတ်...ကျွန်တော်..."

ဓားသမားမှာ မြေပြင်မှအားယူ၍ လူးလဲထရင်း ရှားကိုကြောက်ရွံ့သွားဟန်ဖြင့် မော့ကြည့်ကာ အဖြေတစ်ခုပေးရန် ဟန်ပြင်လိုက်သည်။ ထိုအချိန်တွင် ကားပေါ်မှ တစ်စုံတစ်ယောက်၏ အမိန့်ပေးသံ ပေါ်လာသည်။

"ဟေ့ကောင် ကားပေါ်တက်၊ မြန်မြန်"

ရှားအာရုံက ကားထဲသို့ရောက်သွားသည်။ ကားထဲမှာက မီးပိတ်ထားသည်ဖြစ်သောကြောင့် ကားမောင်းသူကို သဲသဲကွဲကွဲ မမြင်ရ။

ဓားသမားမှာ ရှားအာရုံပြောင်းခိုက် နေရာမှထရပ်ပြီး ကားပေါ်သို့ ပြေးတက်သွားသည်။ ထိုသူ ကားပေါ်အရောက်မှာ ကားက ဝူးခနဲ အရှိန်ဖြင့်မောင်းထွက်သွားသည်။ ကားထွက်သွားရင်းမှပင် တံခါးကို ဆွဲပိတ်သွားရ၏။

ခဏအတွင်းမှာပင် ကားက မြင်ကွင်းမှပျောက်ကွယ်သွားသည်။

အဖြစ်အပျက်က ဘာမှမကြာလိုက်။ ကားထွက်သွားချိန်တွင် ပတ်ဝန်းကျင်ကို ရှားလှည့်ကြည့်သည်။ မည်သူမျှမရှိ၊ မည်သူမျှသိလိုက်ပုံမပေါ်။ ပတ်ဝန်းကျင်သည် ငြိမ်သက်တိတ်ဆိတ်လျက်။

www.burmeseclassic.com



ရှားသည် မြေပေါ်တွင်ကျနေသော သူမ၏အိတ်ကို ကောက်ယူလိုက်သည်။ ဓားသမားကိုင်လာသော ဓားကိုမူ ခြေဖြင့်ကော်၍ အနီးရှိချုံပုတ်အတွင်းသို့ ပစ်ထည့်လိုက်သည်။

ထိုနေရာမှ ထွက်လာစဉ်၌ ရှားခေါင်းထဲမှာ ပဟေဠိတစ်ပုဒ် ပါလာသည်။ ဓားသမားက သူ့ကိုယ်သူ 'ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်' ဟု ပြောသွားသည်။ တကယ်ပဲ 'ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်' ပေလား။ မောင်မဲခေါင်ဆိုလျှင် ရှားကို အဘယ်ကြောင့် ရန်ပြုရပါသနည်း။

❒ ❒ ❒



## ၁၃

"ဟာ ဒါတော့ ကိုယ်ပွားတစ်ထောင်မောင်မဲခေါင် မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ မောင်မဲခေါင်က ရှားကို လေးစားခင်မင်တဲ့သူပဲ၊ ရှားအန္တရာယ်ရှိမှာစိုးလို့တောင် အသိပေးတဲ့သူပါ၊ ဒီတော့ ဒီလူဟာ မောင်မဲခေါင် အယောင်ဆောင်ထားတဲ့လူပဲ ဖြစ်ရမယ်"

ရှား ပြန်လည်ပြောသမျှကို နားထောင်ပြီးနောက် ကျွန်တော်က ဤသို့ ငြင်းချက်ထုတ်လိုက်သည်။ ရှားက ကျွန်တော့်စကားကို ရုတ်တရက်မတုံ့ပြန်သေးဘဲ အဝေးသို့ငေးရင်း တွေးနေသည်။ အတန်ကြာမှ

"ရှားလည်း . ဒီလိုပဲထင်တာပဲ၊ ဒါပေမယ့် တစ်ခုတော့ စဉ်းစားစရာရှိတယ်၊ မောင်မဲခေါင်ဟာ တစ်ဖက်က အကျိုးလိုလို့ယောင်

www.burmeseclassic.com

www.burmeseclassic.com



ပြပြီး တစ်ဖက်က အန္တရာယ်ပေးတာဆိုရင်ရော” ဟု ပြောမေးမေးသည်။

ကျွန်တော် ခေါင်းကိုယမ်းလိုက်သည်။

“ရှားကို အန္တရာယ်ပြုချင်တာမှန်ရင်တောင် သူ့ကိုယ်သူ မောင်မဲခေါင်ပါလို့ ပြောစရာမလိုဘူး၊ ပြီးတော့ မောင်မဲခေါင်လုပ်ခဲ့တဲ့ လုပ်ရပ်တွေအားလုံးကိုပြန်ကြည့်၊ အပြစ်မဲ့တဲ့လူတွေကို ဒုက္ခပေးတာမဟုတ်ဘူး၊ တရားမျှတမှုကို မဲတင်းပြီးပေးတာချည်းပဲ၊ ခုလို သူတစ်ပါးကို အန္တရာယ်ပြုတာကိုက သူ့လုပ်ရပ်နဲ့ ဆန့်ကျင်ဘက်ပဲရှား”

“ကိုကိုပြောတာ သဘာဝကျပါတယ်၊ ရှားလက်ခံပါတယ်၊ ရှားက မောင်မဲခေါင်ဟာ ဒီလို ရှားကိုအန္တရာယ်ပြုမှာမဟုတ်ဘူးလို့ ယုံကြည်ထားပါတယ်၊ ဒါပေမယ့် ဖြစ်နိုင်မဖြစ်နိုင် တစ်ဖက်ကနေ ပြန်တွေးကြည့်တာပါ၊ ဟုတ်ပါတယ်ကိုကို၊ မောင်မဲခေါင်ကို နာမည်ဖျက်ချင်တာတစ်ကြောင်း၊ ရှားကို အနှောင့်အယှက်ပေးချင်တာလည်း တစ်ကြောင်းကြောင့် ခုလိုလုပ်တာပါ၊ အဲဒီလူတွေဟာ ရှားလိုက်နေတဲ့ မောင်သိန်းအမှုရဲ့နောက်ကွယ်က လူတွေပဲလို့ ရှားထင်တယ်”

“သိပ်ဖြစ်နိုင်တာပေါ့ ရှားရယ်”

“ဒါဆို မောင်မဲခေါင်ဟာ အဲဒီလူတွေရဲ့ခြေလှမ်းကို ရိပ်မိနေဟန်ရှိတယ်၊ ဒါကြောင့် ရှားကိုသတိပေးတာပဲနေမှာ၊ ဒါဆို ရှားသတိတော့ထားရမယ်၊ ဒီလူတွေဟာ မောင်သိန်းရဲ့အလုပ်ရှင်ကိုလည်း ကားအက်ဆီးဒင့်ဖြစ်ဟန်ပြုပြီး ရှင်းပစ်ခဲ့ပြီ၊ ခုလည်း ရှားက မောင်



သိန်းအမှုနဲ့ပတ်သက်ပြီး တစ်နွယ်ငင်တစ်စင်ပါ ဖော်ထုတ်လာမှာစိုးလို့ ရှားကိုရှင်းတာပဲ”

“ရှား ဘယ်သွားသွား ဘာလုပ်လုပ် ဂရုစိုက်ပေတော့၊ ဒီလူတွေ တစ်ကြိမ်မှာမအောင်မြင်ရင် နောက်တစ်ကြိမ်မှာ ထပ်ပြီး ဒုက္ခပေးချင်ပေးဦးမှာ”

“ကိုကိုက စိတ်ပူတယ်ပေါ့”

ရှားက ကျွန်တော့်မျက်နှာကိုကြည့်ကာ ပြုံးယောင်သမ်းသော နှုတ်ခမ်းများဖြင့် မေးလေသည်။

“ပူရတာပေါ့ရှားရယ်၊ ကိုယ့်ချစ်သူပဲဟာ”

ကျွန်တော်က မဆိုင်းမတွ ဖြေလိုက်သည်။

“ဒါဖြင့်လည်း ရှားသွားလေရာနောက်ကို ကိုကိုက လိုက်ပေးပေါ့”

“လိုက်ပေးချင်တာပေါ့၊ ဒါပေမယ့် ကိုကို့မှာ အဲဒီလောက်အချိန်မရတာ”

“ဟောကြည့်၊ ဒါဆို ကိုကိုက ရှားထက် ကိုကို့အလုပ်ကို ပိုပြီးအရေးထားတယ်ပေါ့”

“အဲဒီလိုမဟုတ်ပါဘူး၊ အလုပ်ကအလုပ်ပဲဟာ၊ ဒါဆိုလည်း ဒီလိုလုပ်”

“ဘယ်လိုလုပ်ရမှာလဲ”

“ကိုကို့ကို လက်ထပ်လိုက်”

ရှားသဘောကျစွာ တစ်ခစ်ခစ်ရယ်လေသည်။ ကျွန်တော့် ...်မောင်းကိုလည်း လှမ်းထုရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အခါဖြစ်ဖြစ် ကိုကိုက ကိုကို့ဘက်ကိုပဲ ယက်တာပဲ ပေါ့နော်၊ ကိုကိုလိပ်မျိုး"

"လိပ်ပြောပြော၊ ဘာပြောပြော ဒီနည်းလမ်းက အကောင်းဆုံးပဲ၊ ဟိုလူတွေရန်ကလည်း ဝေးနိုင်တယ်၊ ပြီးတော့ ခွန်မြတ်ဘာရဲ့ ကလည်းဝေးနိုင်တယ်"

ရှားက အရယ်ကိုရပ်ပစ်လိုက်ပြီး

"ကိုကိုက အဲဒီလူကို ထည့်တွက်နေတာကိုး" ဟု တည်တည်ကလေးပြောသည်။

"ထည့်တွက်ရမှာပဲပေါ့ရှားရယ်၊ ရှားဆီက အချစ်ကိုလုယူဖို့ ကိုကို့ကို စိန်ခေါ်ထားတာပဲဟာ"

"ရှားအချစ်တွေအားလုံးက ကိုကို့ကို ပေးပြီးသားပါ ကိုကိုရယ်"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လဲကိုကို"

"ခွန်မြတ်သာ ရှားဆီလာသေးလား"

"မလာတာ အတော်လေးကြာသွားပြီ"

"ဒီလူ့ကိုလည်း ကိုကိုနားမလည်တာ အမှန်ပဲ၊ ရှားနဲ့ကိုကို့ အကြောင်းသိနေလျက်နဲ့ ရှားကိုချစ်ကြောင်းဖွင့်ပြောတယ်ဆိုတာ တကယ်ပဲ"

"ဒါကတော့ ကိုကိုရယ်၊ တုံ့ပြန်တာ မတုံ့ပြန်တာက ရှားရဲ့ အပိုင်း၊ ချစ်ချင်တာ ချစ်ပိုင်ခွင့်ရှိတာက သူ့အပိုင်းလေ၊ သူ့အပိုင်းကို သွားမပြောနဲ့ပေါ့၊ ကိုယ့်အပိုင်းပဲ ကိုယ်နဲ့ဆိုင်တာ"



ကျွန်တော် ရှားကိုဖျတ်ခနဲတစ်ချက်ကြည့်မိ၏။ ထိုအကြည့်မှာ ဘဝင်မကျဟန်တွေပါနေမှာ သေချာသည်။

"ခုကတည်းက ရှားက သူ့ဘက်က ရှေ့နေလိုက်နေပါလား"

ရှားမျက်လုံးတွေဝိုင်းသွားသည်။ ပျာပျာသလဲဟန်ဖြင့်

"အဲဒီလို အဓိပ္ပာယ်မကောက်နဲ့လေ၊ ရှားပြောတာက ရှားဘက်ကပဲ အရေးကြီးတယ်ဆိုတာကို ပြောတာပါ၊ ကိုကိုကလဲ . . ."

အမျက်ဖြေစကားတွေ၊ ချော့သံတွေပါသည်။

"အဲဒီလူအကြောင်း ကိုယ့ကို ပြောမပြလိုက်ဘူးလား"

"မပြောပါဘူး ကိုကိုရယ်၊ သူသိလို့ စိတ်မကောင်းဖြစ်ရ၊ နားနာရုံကလွဲပြီး သူလည်းဘာတတ်နိုင်မှာလဲ"

"ဟင်း"

ကျွန်တော် သက်ပြင်းချလိုက်သည်။ ကျွန်တော် ရင်မောဟန်ကိုကြည့်ပြီး ရှားကပြုံးသည်။ ခုံပေါ်တင်ထားသော လက်ကို အဆုပ်သည်။

"ရှားကိုယုံပါ ကိုကိုရယ်"

သည်တော့လည်း ကြည်နူးမှုလှျပ်စီးကြောင်းတွေ ရင်ကို ဖြတ်သန်းသွားပြန်သည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"ဆရာနေ . . . ဖုန်း"

တာဝန်ခံအယ်ဒီတာ ဆရာသစ်က ဖုန်းကိုနားထောင်ရာ ကျွန်တော့်ကိုလှမ်းခေါ်သည်။ လာမည့်လအတွက် မဂ္ဂဇင်းစာမူများ စိစစ်ရွေးချယ်နေရာမှ ဖတ်လက်စ စာမူကိုချကာ ကျွန်တော် ဖုန်းရှိရာသို့ ထလာခဲ့သည်။

"ဟဲလို ပြောပါ၊ ကျွန်တော် နေသော်ပါ"

တစ်ဖက်မှ . . .

"ကျွန်တော် ခွန်မြတ်သာပါ"



နန်းကြိုးထဲမှ စီးလာသောအသံကြောင့် ရင်ထဲမှာ နည်းနည်း ငင်းသွားသည်။

"ကိုခွန်မြတ်သာ ပြောပါ၊ ဘာကိစ္စရှိလို့လဲ"

လူမှုရေးအရ အလိုက်သင့်ပြောလိုက်ရသည်။

"ကိစ္စထူးတော့ မရှိပါဘူးဗျာ"

"သြော် . . ."

"ဟိုတစ်လောက ကျွန်တော် ကိုနေသော်ဆီမှာလာပြီး မေစံရှား ချစ်ခွင့်ပန်ချင်ကြောင်း ခွင့်တောင်းခဲ့တယ်နော်၊ အဲဒီနောက်မှာ ကျွန်တော် မေစံရှားဆီကို ရောက်ပါတယ်၊ မေစံရှားကို ကျွန်တော် ချစ်ကြောင်းလည်း ဖွင့်ပြောဖြစ်ပါတယ်"

ကျွန်တော် ဘာမှပြန်မပြောဖြစ်။ သူ့စကားက ကျွန်တော့် ဦးသားကို အပ်နှင့်လာဆွသည့်ပမာ။

"ကိုနေသော်"

"ပြောပါ"

"မေစံရှားက ခင်ဗျားအပေါ်မှာ တကယ်သစ္စာရှိတဲ့သူပါပဲ ကိုနေသော်၊ ကျွန်တော့်ကို ခါးခါးသီးသီး ငြင်းတယ်"

"ဟုတ်လား"

"ကျွန်တော် ခံစားရတယ်ဗျာ၊ အရှမ်းခံစားရတယ်၊ သူငြင်း ဆိုတာကို သိပေမယ့် ဒီလောက်ပြတ်ပြတ်သားသား ပြောလိုက် မယ်လို့ မထင်မိဘူး၊ သူကပြောတယ်၊ ကျွန်တော်ပြောတဲ့စကား နားထောင်နေတာ လူမှုရေးအရပါတဲ့၊ ဒီစကား ဘယ်တော့မှ ဲကိုရောက်မှာ မဟုတ်ဘူးတဲ့၊ နောက်ကို မိတ်ဆွေဆိုတဲ့ အခင်

www.burmeseclassic.com

www.burmeseclassic.com



အမင် မပျက်ချင်ရင် ဒီစကား ထပ်မပြောစေချင်ဘူးတဲ့၊ သူ့ရင်ထဲမှာ ကိုနေသော်ကိုချစ်တဲ့ အချစ်တွေနဲ့ပဲ ပြည့်နေပါသတဲ့”

ကျွန်တော့်ရင်တွေ သိမ့်သိမ့်ခါသွားသည်။ ရှားက သည်စကားတွေကို ကျွန်တော့်အား အတိအကျပြန်မပြောခဲ့ပါ။ ငြင်းလိုက်သည်ဆိုကြောင်းသာပြောခဲ့သည်။ ယခုမှ ခွန်မြတ်သာထံမှ အပြည့်အစုံပြန်သိရခြင်းဖြစ်၏။ သည်တော့လည်း ရှားကို ပို၍ လေးစား၊ ပို၍ မြတ်နိုးသွားရပြန်သည်။

“ကျွန်တော်စိတ်မကောင်းပါဘူး ကိုခွန်မြတ်သာ”

“အေးဗျာ၊ ကျွန်တော်က မေစံရှားကိုတွေ့တာ နောက်ကျခဲ့တာကိုး၊ ဒါပေမယ့် ကျွန်တော်ပြောမယ် ကိုနေသော်”

“ပြောပါ”

“ကျွန်တော် မေစံရှားကိုချစ်တာ အပေါ်ယံမဟုတ်ဘူး၊ စိတ်ကစားတာမဟုတ်ဘူး၊ အပျော်မဟုတ်ဘူး၊ နစ်နစ်နဲနဲချစ်တာ၊ နက်နက်ရှိုင်းရှိုင်းချစ်တာ၊ မြတ်မြတ်နိုးနိုးချစ်တာ၊ ကိုနေသော်က မေစံရှားကိုချစ်တဲ့အချစ်ထက် မပိုရင်တောင်မှ တစ်ဆံခြည်မလျော့ပါဘူးဗျာ ပြီးတော့ အခုလို မေစံရှားကငြင်းလိုက်ပေမယ့် ကျွန်တော့်အချစ်တွေ ပျက်မသွားဘူး၊ ကျွန်တော် နောက်မဆုတ်ဘူး၊ ကျွန်တော် ချစ်မြဲချစ်နေမှာဖြစ်သလို ဆက်ပြီးတော့လည်း မေစံရှားကိုရဖို့ ကြိုးစားနေဦးမှာပဲ”

“ခင်ဗျား ပင်ပန်းလှပါတယ် ကိုခွန်မြတ်သာ၊ လမင်းကို တံချူနဲ့ လှမ်းချူနေတာကို ရပ်လိုက်ပါဗျာ”



“မရပ်ဘူး ကိုနေသော်၊ မေတ္တာတရားဆိုတာ အင်မတန် နက်နဲသိမ်မွေ့တာ ခင်ဗျားသိပါတယ်၊ အဲဒီ ချစ်ခြင်းမေတ္တာကို ဘာနဲ့တိုင်းတာမလဲ၊ ဘာနဲ့ချေဖျက်မလဲ၊ ဘာနဲ့အစားထိုးမလဲ၊ ဘာမှ သေမရှိဘူး၊ ရင်ထဲမှာ အလိုလိုဖြစ်တည်လာတာ၊ ရတာမရတာ၊ ပိုင်ဆိုင်ရတာ မပိုင်ဆိုင်ရတာနဲ့မဆိုင်ဘူး၊ ချစ်နေရရင် ကျေနပ်နေတာပဲ၊ ချစ်နေရရင်ကျေနပ်သလို ချစ်ရေးဆိုဖို့တော့ ကျွန်တော့်မှာ အခွင့်အရေးရှိတာပဲလေ၊ ဒါကြောင့် မေစံရှား ကျွန်တော့်ကိုပြန်ချစ်လာဖို့ ဆက်ကြိုးစားမယ်၊ ဒါပေမယ့် တရားသဖြင့်ကြိုးစားမှာပါဗျာ၊ တရားမှုတမှုမရှိတဲ့ ချဉ်းကပ်မှုမျိုးနဲ့ ကျွန်တော် မေစံရှားကို မသိမ်းသွင်း မစည်းရုံးပါဘူး၊ ဒါကိုတော့ ကတိပေးနိုင်ပါတယ်”

ကျွန်တော် နည်းနည်းစိတ်တိုနေသည်မို့ စကားမပြန်ဖြစ်။ တစ်လောကမက်ခဲ့သော အိပ်မက်ဆိုးကို ဖျတ်ခနဲ ပြန်မြင်သည်။ မေစံရှားနှင့် ခွန်မြတ်သာတို့၏ ရုပ်ပုံများ။ မွန်းကြပ်ကြပ် ခံစားမှုတွေ တိုးဝင်လာပြန်သည်။

“ကိုနေသော်”

“ဟုတ်ကဲ့ ပြောပါ”

“ကျွန်တော်ပြောနေတာကို ခင်ဗျားလက်ခံပါတယ်နော်”

“ဘာကိုလဲ”

“မေစံရှားရဲ့အချစ်ကိုရဖို့ ဆက်ကြိုးစားမယ်ဆိုတာကိုပါ”

“ဒါ ခင်ဗျားပြောခဲ့ပြီးပြီလေ၊ ခင်ဗျားရဲ့ လွတ်လပ်ပိုင်ခွင့်ပဲ ခင်ဗျားရဲ့ အခွင့်အရေးပဲ”

“ကျေးဇူးတင်ပါတယ်၊ ကဲ. . .ဒါပဲနော်”

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချသွားသည်။

အလုပ်မှာ အာရုံပြန်စိုက်ရသော်လည်း ခွန်မြတ်သာ၏ စကား တွေက နားထဲကမထွက်။ "ကိုနေသော် မေစံရှားကို ချစ်တဲ့အခွင့် ထက် မပိုရင်တောင်မှ တစ်ဆံခြည်မလျော့ပါဘူး" တဲ့။ "မေစံရှား က ငြင်းလိုက်ပေမယ့် ကျွန်တော့်အချစ်တွေ ပျက်မသွားဘူး၊ ကျွန်တော် နောက်မဆုတ်ဘူး" တဲ့။

စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်နေသဖြင့် အလုပ်တွေမတွင် ကျယ်။ အတွေးတွေက ဟိုရောက်လိုက် သည်ရောက်လိုက်နှင့်။

အလုပ်စောစောဆင်းကာ မေစံရှား၏ရုံခန်းသို့ ကျွန်တော် ထွက်လာခဲ့သည်။ ခွန်မြတ်သာက ဖုန်းဆက်သည့်အကြောင်း ပြောပြချင်သည်။ ရင်ထဲ၌ မြိုသိပ်ထားရသည်မှာ ပင်ပန်းသည် တစ်ယောက်ယောက်ကို ဖွင့်အံလိုက်ရလျှင် ခံစားရသက်သာမည်။

သို့သော် . . .

ကျွန်တော် ပိုမောသွားရပြန်သည်။ ရှား၏ရုံးခန်းက ပိတ် ထားသည်လေ။ ရှားဘယ်သွားလဲ၊ တရားရုံးက ပြန်မရောက်သေး တာလား။ သည်နေ့ နေ့ပိုင်းမှာ တရားရုံးကိစ္စများ ရှားထံ၌မရှိ ကျွန်တော်ထင်ထားသည်။ သို့ဆိုလျှင် ရှား တစ်နေရာရာ သွားသည် ပင်ဖြစ်မည်။

ရှားရုံးခန်းရှေ့မှ ပြန်ဆင်းလာကာ ဆရာချစ်ကိုကိုယု အခန်း ရှိရာသို့ ထွက်လာခဲ့သည်။ အဆင်သင့်ပင် ကိုယုကို သူ့အခန်း၌ တွေ့ရသည်။

"ဟော . . . ညီလေးလာ"



ကိုယုက ဆီး၍ခွန်းဆက်သည်။ ဖိတ်ခေါ်သည်။

"အစ်ကိုကြီး၊ မေစံရှားကို တွေ့မိလား၊ အခန်းတံခါးပိတ် ထားတယ်၊ ဘယ်သွားလဲမသိဘူး"

ကျွန်တော်က ထိုင်ခုံမှာဝင်ထိုင်ရင်း မေးလိုက်တော့ ကိုယုက

"စောစောက ခွန်မြတ်သာလာပြီး မေစံရှားကို ခေါ်သွားတယ်၊ သူ့အိမ်မှာ ထမင်းဖိတ်ကျွေးချင်လို့တဲ့"

"ဗျာ"

ကျွန်တော့်အာမေဋိတ်အသံကြောင့် ကိုယုပင် လန့်သွားလေ သည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ခုတင်ဘေးစားပွဲပေါ်မှ စားပွဲတင်နာရီက တစ်ဆယ့်နှစ်နာရီ ကျော်ပြီဖြစ်ကြောင်း ပြနေ၏။

အိပ်ယာဝင်ခဲ့သည်မှာ ကြာပြီဖြစ်ပါလျက် အိပ်မရဘဲ ဘယ်ညာလှိမ့်ဖြင့် အချိန်တွေကုန်လွန်သွားနေသည်။ အဖေနှင့်အမေကား အိပ်ပျော်သွားခဲ့သည်မှာ ကြာပြီဖြစ်၏။ တစ်အိမ်လုံးက တိတ်ဆိတ် နေသည်။ တိတ်ဆိတ်နေသောကြောင့် နာရီလက်တံရွေ့လျားသံ တစ်ချက်ချက်ကိုပင် ကြားနေရသည်။

ပြီး ကိုယ့်ရင်ခုန်သံကိုပင်ကိုယ်ပြန်ကြားနေရသည်ဟုလည် ထင်သည်။



မအိပ်မီ စာရေးမည်ဟု စာရေးစားပွဲတွင်ထိုင်ခဲ့သော်လည်း စာတစ်လုံးမျှ မရေးနိုင်ခဲ့။

ခေါင်းထဲမှာ အတွေးတွေ ထွေးလုံးရစ်ပတ်ဖြစ်နေသည်။ ရှင်းသည်မရှင်း။ ပူလောင်ခြင်းတွေနှင့် စိုးရိမ်ကြောင့်ကြခြင်းတွေ လွှမ်းယှက်လိမ်၍နေ၏။ အဖြေရှာမရသော ပုစ္ဆာတွေကအစီအရီ။

"ကျွန်တော်ပြောတဲ့စကားတွေကို နားထောင်နေတာ လူမှ ရေးအရပါတဲ့၊ ဒီစကား ဘယ်တော့မှ ရင်ထဲကိုရောက်မှာမဟုတ်ပါ ဘူးတဲ့"

ဤသို့ ရှားက ၂ခွန်မြတ်သာကို ပြောခဲ့သည်ဆို၏။ သို့ဆို လျှင် မိမိကို ချဉ်းကပ်နေမှန်းသိသော ယောကျ်ားသားတစ်ယောက် ၏ ဖိတ်ခေါ်ချက်ကို ရှား အဘယ်ကြောင့် လိုက်လျောခဲ့ပါသနည်း။ ခွန်မြတ်သာ၏အိမ်သို့ အဘယ်ကြောင့် လိုက်သွားပါသနည်း။

ရှားကို နားမလည်တော့။

"ကျွန်တော် နောက်မဆုတ်ဘူး၊ မေစံရှားအချစ်ကိုရဖို့ ကျွန်တော်ဆက်ပြီး ကြိုးစားနေဦးမှာပဲ"

ခွန်မြတ်သာ၏ စကားသံတွေက အဝေးမှ ခပ်သဲ့သဲ့ရိုက်ခတ် လာပြီး ခြိမ်းခြောက်နေသည်။

"ဒီကောင်က လူတစ်မျိုးညီလေး၊ လုပ်ချင်ပြီဆိုရင် တားမရ ဘာ သူငယ်ငယ်ကတည်းက အကျင့်ပဲ၊ ပြီးတော့ ဘာလုပ်လုပ် အစွန်းနည်းနည်းရောက်တယ်၊ အနောက်နိုင်ငံတွေမှာ နေလာခဲ့တော့ သူ့အတွေးအခေါ်တွေက မြန်မာ့အငွေ့အသက်တွေ လျော့နေတတ် တယ်၊ သူ့မိဘတွေက မိုးကုတ်မှာပဲနေကြတယ်၊ သူက ဒီမှာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တည်းနေပြီး အလုပ်လုပ်နေတာ၊ ကျောက်ကုန်းဘက်က ခြံကြီးတစ်ခုနဲ့ တိုက်ကြီးတစ်လုံးမှာ သူ့ကို ငယ်ငယ်ကထိန်းကျောင်းလာတဲ့ ဦးခွန်ဆိုင်းဆိုတဲ့ အဘိုးကြီးနဲ့နေတာ၊ ဒီတော့လည်း သူ့ကိုပြောဆိုညွှန်ပြပေးမယ့်သူမရှိဘဲ ဖြစ်နေတာပေါ့၊ အစ်ကိုကြီးနဲ့ကလည်း အမြဲဆုံတာမဟုတ်ဘူး၊ ခုလို မေစံရှားကို ချစ်စကားပြောတယ်ဆိုတာကိုတော့ အစ်ကိုကြီးမကြိုက်ဘူး၊ မေစံရှားနဲ့ ညီလေးအကြောင်းကို သူသိနေတာပဲ၊ မေစံရှားကို ချစ်မိတာ အပြစ်မဟုတ်ပေမယ့် ချစ်သူရှိနေတဲ့ မိန်းကလေးရဲ့အချစ်ကိုရဖို့ ကြိုးစားနေတယ်ဆိုတာကတော့ နည်းနည်းထူးဆန်းတယ်၊ သူများကို အနှောင့်အယှက်ဖြစ်စေတယ်ဆိုတာ သူ တွေးဖို့ကောင်းတယ်"

နေ့လည်က ကိုယုပြောခဲ့သည့်စကား။

"ဒါပေမယ့် ကိုယု ခွန်မြတ်သာကို ဘာမှမပြောပါနဲ့၊ ကိုယုသိသွားတယ်ဆိုရင် ကျွန်တော်တို့မကောင်းပါဘူး"

ကျွန်တော်က မေတ္တာရပ်ခံသည်ကို ကိုယုက နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်သည်။ သက်ပြင်းချလျက် . . .

"ဒီကောင်ကတော့ စံပါပဲ၊ သူ့ကို ညီလေးတို့နဲ့ မိတ်ဆက်ပေးမိတာ အစ်ကိုကြီးအမှားပါပဲ" ဟု ညည်းတွားသည်။

ထားပါ။ တခြားလူဖက်ကို ကျွန်တော်မပြောလိုပါ။ သို့သော် ကျွန်တော့်ရင်ထဲမှာ သည်ခံစားချက်က ခုလုခုလုဖြစ်နေမှန်းသိပါလျက် ရှား ခွန်မြတ်သာ၏ဖိတ်ခေါ်မှုကို လက်ခံသည်မှာမူ ကျေနပ်စရာမရှိဟု ထင်သည်။



ရှား ကျွန်တော့်အပေါ်မှာ သစ္စာပျက်ယွင်းချင်ပြီလား။ ကျောက်ဘွင်းပိုင်ရှင်၏သား နိုင်ငံခြားပြန် ဗိသုကာ အင်ဂျင်နီယာက စာရေးဆရာ အယ်ဒီတာထက်ပို၍ အထင်ကြီး အားကိုးစရာဖြစ်နေပြီလား။

အိပ်ရာမှ ကျွန်တော်ထကာ ပြတင်းမှအပြင်သို့ငေးကြည့်တော့ ပြည့်လုလုလဝန်းက ကောင်းကင်ယံမှာ။ သို့သော် တိမ်မည်းညိုတစ်ခုက ယင်းလကို ဖုံးအုပ်ဖို့ကြိုးစားနေသည်ကို တွေ့ရ၏။ ကြယ်ကလေးတွေ ထင်ပေါ်ဖို့ အခွင့်မရရှာ။

တိုက်ခတ်လာသောလေသည် ရင်ကို အေးမြမှုမပေးနိုင်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



# ၁၆

နောက်တစ်နေ့မနက်မှာ ကျွန်တော် မဂ္ဂဇင်းတိုက်သို့ အရော နောက်ကျသည်။ သို့သော် ကျွန်တော်ရောက်သွားတော့ မဂ္ဂဇင်းတိုက် မှာ ကျွန်တော့်ကို စောင့်နေသူတစ်ယောက် ရောက်နေ၏။ အခြား မဟုတ်၊ ကျွန်တော်၏ ရှားပင်ဖြစ်သည်။

ရှားမျက်နှာက ပကတိအတိုင်း သန့်စင်ကြည်လင်နေ၏။ ခါတိုင်း ကျွန်တော်နှင့် တွေ့ဆုံမြဲအတိုင်း ဝင်းပသောအပြုံးကလေး ဖြင့်။ ထိုအပြုံးမှာ ဟန်ဆောင်မှုတွေ၊ လျှို့ဝှက်မှုတွေမပါ။



မဂ္ဂဇင်းတိုက်ဘေးက လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြတော့

"ကိုကို ဒီနေ့ နောက်ကျလှချေလား၊ ရှားစောင့်နေရတာ တော်တော်ကြာပြီ"

ကျွန်တော်၏ မကြည်လင်သောမျက်နှာကို အကဲခတ်သလို ကြည့်ရင်း ရှားမေးသည်။ ကျွန်တော်က တစ်စုံတစ်ရာပြန်မဖြေဘဲ ားမျက်ဝန်းများကိုသာ ငေးစိုက်ကြည့်နေလိုက်သည်။ ကျွန်တော်၏ းခြားသောအကြည့်ကို ရှား သိရှိပုံရ၏။

"ဘာလဲ၊ ဧကန္တ ကိုကိုညက အိပ်မပျော်ဘူးထင်တယ်၊ တ်လား"

ခေါင်းညိတ်သည်ဆိုရုံမျှ ညိတ်ပြလိုက်သည်။

"ကိုကိုရယ်၊ ရှားကိုယုံပါ"

နှစ်သိမ့်မြဲအကြည့်နှင့် ကျွန်တော့်လက်ကို သာသာကလေး ာဆုပ်သည်။

"ဒါဖြင့် မနေ့က ဘာကြောင့် ခွန်မြတ်သာထမင်းစားဖိတ်တာ လိုက်သွားရတာလဲ"

မမေးသင့်မှန်းသိပါလျက် ကျွန်တော်က မထူးတော့ဟူ၍ ွင့်ပွင့်လင်းလင်း ထုတ်မေးလိုက်သည်။ ရှားက ဟက်ခနဲတစ်ချက် ယ်လိုက်ပြီး . . .

"ဒါကြောင့် ကိုကို့မျက်နှာကြီး ညိုနေတာကိုး၊ ဒါကိုပြောဖို့ ားက ဒီမနက်လာတာပါ၊ ကိုကို မနေ့က ရှားရုံးခန်းကိုလာသွား ယ်ထင်တယ်"

"ဟုတ်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"မနေ့က ရှားကနဲ့ ကိုကို့ဆီကိုလာမလို့ပါ၊ ခွန်မြတ်သာရောက်လာပြီး ရှားကို ထမင်းစားအတင်းခေါ်တယ်၊ အားလုံးပြင်ဆင်ထားပြီးပြီတဲ့၊ အိမ်လည်း ရောက်ဖူးအောင်ပါတဲ့၊ တခြား စိတ်အနှောင့်အယှက်ဖြစ်စေမယ့်စကား လုံးဝမပြောပါဘူးတဲ့၊ ပြီးတော့ ကိုကို့ကိုပါ ဝင်ခေါ်မယ်ဆိုလို့ ရှားကလိုက်တာပါ၊ ရှားနဲ့ခွန်မြတ်သာတို့ ကိုကိုတို့မဂ္ဂဇင်းတိုက်ကိုရောက်တော့ ကိုကိုက မရှိတော့ဘူးလေ"

"ကိုကိုက ရှားဆီကိုသွားတာ"

"အဲဒီမှာ လွဲသွားတာပဲ၊ ရှား ရုံးခန်းကို တစ်ခေါက်ပြန်သွားပါသေးတယ်၊ ရုံးခန်းမှာလည်းမတွေ့၊ ကိုယုကိုမေးကြည့်တော့ ကိုကိုလာပြီး ပြန်သွားပြီလို့ပြောတယ်၊ ဒါနဲ့ ရှားတစ်ယောက်တည်း ပါသွားရတာ"

"ထားပါတော့"

"ရှား ခွန်မြတ်သာဆီလိုက်သွားတာ ရည်ရွယ်ချက်တစ်ခုလည်း ရှိပါတယ်ကိုကို၊ ခွန်မြတ်သာအကြောင်းကို လေ့လာကြည့်ချင်တဲ့ ရည်ရွယ်ချက်ပါ"

"ကိုကို့ထက် အားလုံးသာမှာပေါ့"

ရှားမျက်လုံးလေးတွေ ဝိုင်းသွားသည်။ မျက်ခုံးလေးတွေ ပင့်တက်သွားသည်။

"ကိုကို၊ အဲဒီလိုမပြောနဲ့နော်၊ ရှား လေ့လာတာ အဲဒါမဟုတ်ဘူး၊ ခွန်မြတ်သာဟာ ကိုကို့ထက်ဘာတွေသာသာ ဂရုမစိုက်ဘူး၊ အချစ်ဆိုတာ အရည်အချင်းတွေ၊ ငွေကြေးဥစ္စာတွေ၊ ဂုဏ်ဒြပ်တွေနဲ့ ဘာမှမဆိုင်ဘူးဆိုတာ ကိုကို နားလည်ပြီးသားပါ၊ ကိုကို ရှားကို



အဲဒီလိုထင်တာတော့ ရှားစိတ်မကောင်းဘူး၊ ရှားကို အထင်သေးလိုက်တာပဲ၊ မယုံတာပဲ"

ရှားစကားသံလေးတွေက တဖြည်းဖြည်းတိုးသွားသည်။ တိုးသွားသောအသံတွေမှာ တုန်ယင်လှုပ်ခတ်မှုတွေ ပါသည်။ ခေါင်းကိုငုံ့ချပစ်လိုက်သည်ကိုလည်း တွေ့ရ၏။ ရှား တကယ်ခံစားသွားရပြီဆိုသည်ကို သိလိုက်သည်နှင့်အမျှ ကျွန်တော့်စကားတွေ အတိုင်းအတာလွန်သွားပြီကိုလည်း နားလည်လိုက်သည်။ သံသယစိတ်ဖြင့် ယုံသက်မေးလိုက်မိသည်ထက် ကျွန်တော့်စကားအဓိပ္ပာယ်ပိုကာ ခွန်မြတ်သာက ကျွန်တော့်ထက်ပိုသာသည်ဟု ဆိုလိုက်မိခြင်းမှာ ရှားမေတ္တာ၊ ရှားနှလုံးသားကို စော်ကားလိုက်သလို ဖြစ်သွားသည် မဟုတ်ပါလား။

ကျွန်တော် စိတ်မကောင်းဖြစ်သွားရသည်။

"ရှား"

ရှား ရုတ်တရက်ခေါင်းမမော့။

"ကိုကို တောင်းပန်ပါတယ် ရှားရယ်၊ ကိုကို့ရင်ထဲမှာ ခံစားရတာတွေ ပြင်းထန်လွန်းလို့ ပြောလိုက်မိတာပါ၊ ကိုကို့စကား သွားတယ်၊ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ကိုကို ရှားကိုယုံပါတယ်၊ ရှားကိုချစ်လွန်းလို့၊ ဆုံးရှုံးရမှာ ကြောက်လွန်းလို့ ဖြစ်သွားတာပါ"

သည်တော့မှ ရှားမော့ကြည့်သည်။ ရှားမျက်လုံးထဲမှာ မျက်ရည်စည်တွေကတော့ ဝေ့ဝေ့သီလျက်။

"ရှားကို စိတ်မချတော့ဘူးဆိုရင် ခုပဲ ကိုကို့နောက်ကို ရှား လိုက်မယ်၊ ရှားကိုခိုးသွားတော့"

www.burmeseclassic.com

www.burmeseclassic.com



တည်တည်ကလေးပြောသည်။ ကျွန်တော်က ပေါ့ပေါ့ဆဆ တစ်ချက်ရယ်လိုက်သည်။

"အဲလို မဟုတ်ပါဘူးရှားရယ်၊ ရှားကို ကိုကို လက်ထပ်ချင်တဲ့အကြောင်းပြောပြောနေတာက အတူနေချင်လို့ပါ၊ စိတ်မချလို့ မဟုတ်ပါဘူး၊ ရှားခုလိုပြောတာနဲ့ပဲ ရှားကို ကိုကိုပိုပြီးယုံကြည်စိတ်ချ သွားပါပြီ"

"ဒါဆို နောက်ကို ရှားအတွက် ဘာမှတွေးပြီး မပူပါနဲ့၊ ခွန်မြတ်သာကို ရှားတို့နဲ့ ဘာမှမဆိုင်တဲ့ လူတစ်ယောက်လို့ပဲ သဘော ထားလိုက်ပါ၊ ကိုကို အဲဒီလိုခံစားနေရတာကိုလည်း ရှားမလိုလား ပါဘူး"

"ကောင်းပါပြီရှားရယ်၊ အဲဒီအကြောင်းတွေ ထားလိုက်ပါ တော့၊ တခြားစကားပြောရအောင်ပါ၊ ရှားမနေ့က ကိုကို့ဆီကို လာမလို့ဆိုတာ အကြောင်းရှိလို့လား"

ရှားခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ပြောစရာရှိလို့ပေါ့"

"ဘာအကြောင်းလဲ"

"မနေ့ကနေ့လည်မှာ ရှားဆီကို တစ်စုံတစ်ယောက်က ဖုန်း ဆက်ပြီး ခြိမ်းခြောက်တယ်"

"ဘယ်လို"

ကျွန်တော် စိုးရိမ်စိတ်တွေဖြင့် ပူလောင်သွားပြီး ခန္ဓာကိုယ်ပါ ရှေ့ကိုကိုင်းသွားကာ မေးလိုက်မိသည်။ ရှားကမူ ဘာမှထူးထူးခြား ခြားမရှိဟန်ဖြင့်



"ယောကျ်ားသံတစ်သံပဲ၊ အသံကတော့ အသံစိမ်းပဲဖြစ်တယ်၊ ကြားဖူးတဲ့အသံပေါ့၊ သူပြောတာတော့ မောင်သိန်းအမှုကိုလိုက်ရင် တရားရုံးမှာပဲ အမှုလိုက်ပါတဲ့၊ ဟိုလူဒီလူကို ဆွဲထည့်တာမျိုး မလုပ်ချင်ပါနဲ့တဲ့၊ ပြဿနာတွေရှာလာရင်တော့ အသက်နဲ့ခန္ဓာ ခွဲစားကွဲ ရပါလိမ့်မယ်တဲ့၊ ပြောတဲ့လေသံက အေးအေးပေမယ့် စကားလုံးတွေကတော့ ပြတ်တယ်"

"ပြဿနာပဲ၊ ဘယ်သူများပါလိမ့်"

"ရှား ယူဆတာကတော့ မောင်သိန်းအမှုနဲ့ပတ်သက်နေတဲ့ နောက်ကွယ်က ကြိုးကိုင်သူတစ်ယောက်ရဲ့ အစီအစဉ်ပဲ၊ သူတို့က မောင်သိန်းအမှုမှာ ရှားက အဲဒီကြိုးကိုင်သူတွေကိုပါ လိုက်ဖော်မှာ စိုးလို့ ဒီလိုခြိမ်းခြောက်တာပဲနေမှာ၊ ပြီးတော့ ဟိုတစ်လောက ရှားကို ကားနဲ့လိုက်တိုက်ပြီး မောင်မဲခေါင်လို့ပြောသွားတဲ့ လူတွေရဲ့ လုပ်ရပ်နဲ့ ပတ်သက်ဆက်စပ်နေတယ်"

"ဟုတ်တယ်ရှား၊ မောင်မဲခေါင် သတိပေးတာလည်း အဲဒါပဲ"

ရှားက တွေတွေကလေး ငေးသွားပြီးနောက် . . .

"မောင်မဲခေါင်ကလည်း သူတို့ခြေလှမ်းကို ကြိုသိနေပုံရှိတယ်၊ ဒါမှမဟုတ် မောင်မဲခေါင်နဲ့ သူတို့နဲ့ ဆက်စပ်မှုရှိနေလိမ့်မယ်" ဟု တွေးတွေးဆဆပြောသည်။

"ခုလောလောဆယ် အရေးကြီးတာကတော့ ရှားရဲ့လုံခြုံရေး ပါပဲ"

ကျွန်တော်က စိတ်ပူစွာဖြင့်ပြောတော့ ရှားက အေးချမ်းစွာ ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပူလို့ လက်ထပ်ထားချင်တယ် ဆိုပါတော့"

"ဟာကွာ၊ ရှားက အရေးထဲမှာ နောက်နေပြန်ပြီ၊ ကိုကိုက အတည်ပြောနေတာ"

ရှားက အပြုံးလက်စဖြင့်

"စိတ်မပူပါနဲ့ ကိုကိုရယ်၊ သူတို့စကားအရဆိုရင် ရှားက သူတို့နောက်ကြောင်းတွေလိုက်မှ အန္တရာယ်ပေးမှာပါ၊ မလိုက်ရင် အန္တရာယ်ပေးမှာ မဟုတ်ပါဘူး"

"ရဲကို တိုင်ထားရရင် မကောင်းဘူးလား"

"မလိုပါဘူး ကိုကိုရယ်"

"ရှားက သူတို့နောက်ကြောင်းကိုမလိုက်ဘဲ မောင်သိန်းရဲ့ အမှုကိစ္စ မြန်မြန်ပြီးအောင်လုပ်လိုက်ပေါ့"

"ဒါကတော့ ရှားက ပြီးချင်တိုင်းပြီးလို့ရတာမှမဟုတ်တာ ပြီးတော့ လိုအပ်ရင် နောက်ကြောင်းလိုက်ရင် လိုက်ရမှာပဲပေါ့"

"ဟာ . . . အဲဒါဆို မမြင်ရတဲ့အန္တရာယ်က ရောက်လာချင် ရောက်လာမှာ"

"ရှားကတော့ မကြောက်ပါဘူး"

"ကိုကိုကတော့ စိတ်ပူလို့သေတော့မယ်"

ရှားမျက်နှာမှာ ကြည်နူးမှုအရောင်အရိပ်တွေ ဖြာကျသွားသည်။ ကျေနပ်ပြုံးဝင်းဝင်းဖြင့် . . .

"ကိုကို အဲဒီလိုပြောတာနဲ့ ရှားက ပိုပြီး သတ္တိရှိသွားပြီ ကိုကိုရဲ့ အချစ်တွေရထားတဲ့ရှားမှာ ဘာများ စိုးရိမ်ကြောက်ရွံ့စရာ ရှိတော့မှာလဲ ကိုကိုရယ်"



ကျွန်တော်သောက်လိုက်သော ကော်ဖီမစ်မှာ အေးစက်ခါးသက်နေ၏။ ဖြစ်နိုင်လျှင် ရှားကိုယ်စား ကျွန်တော်ဝင်၍ အရာရာကို ရင်ဆိုင်ပေးလိုက်ချင်ပါသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



## ၁၇

အလုပ်မှအပြန်၊ အိမ်ရောက်၊ ရေမိုးချိုး၊ ထမင်းစားပြီးချိန်မှ ပင် ကျွန်တော့်ထံသို့ တယ်လီဖုန်းဝင်လာသည်။

"ကိုသော်ရေ. . .ကိုသော့်တယ်လီဖုန်း"

ကျွန်တော်တို့အိမ်တွင် တယ်လီဖုန်းမရှိပါ။ ခေါင်းရင်းအိမ်မှ တယ်လီဖုန်းဖြစ်ပါသည်။ တယ်လီဖုန်းဆက်သူက ရှားဖြစ်သည်။

"ရှား. . .ဘာအရေးကြီးလို့လဲ"

"ရှားဆီကို သစ္စာဖုန်းဆက်တယ်ကိုကို၊ သစ္စာရဲ့အဒေါ် ဦးတောက်ထွန်း အသတ်ခံရလို့တဲ့"

"ဟင်. . .ဘယ်လိုများဖြစ်တာလဲ"



"ပြဿနာတွေကတော့ ရှုပ်ထွေးနေပုံရတယ်၊ လောလောဆယ်မှာ ဦးတောက်ထွန်းကို သတ်သွားသူက မောင်မျိုးခိုင်ဖြစ်တယ်လို့ ယူဆနေကြတယ်"

"ဟာ. . .ဟုတ်ပါ့မလားရှားရယ်၊ ဖြစ်တာက ဘယ်တုန်းကလဲ"

"ခုညပဲ၊ ခုနစ်နာရီလောက်ကတဲ့"

"သစ္စာလည်း တော်တော်တုန်လှုပ်နေမှာပဲ"

"ဟုတ်တယ်ကိုကို၊ သူ့ခမျာ အဖေကအသတ်ခံရ၊ ချစ်သူက သတ်သူတရားခံဖြစ်နေတယ်ဆိုတော့ သိပ်ခံစားနေရမှာပဲ"

"ရှား ဘာလုပ်ချင်လဲ"

"ဒီညတော့ ရှားတို့သွားဖို့ မလွယ်တော့ဘူး ကိုကို၊ အချိန်မရှိဘူး၊ မနက်စောစောသွားချင်တယ်၊ သစ္စာကိုလည်း မနက်စောစောလာခဲ့မယ်လို့ ပြောလိုက်တယ်၊ အဲဒါ ရှားဆီကို မနက်ကျရင် ကိုကိုလာနိုင်သမျှ စောစောလာခဲ့ပေးပါ"

"ကောင်းပြီ ရှား"

အဖြစ်အပျက်တွေက စိတ်မကောင်းစရာ။ ဖြစ်မှဖြစ်တတ်၊ ကြုံမှကြုံတတ်ပလေ။ ဖခင်က အသတ်ခံရ၊ သတ်သူကချစ်သူ။

သို့ဖြင့်. . .

နောက်နေ့မနက်စောစော ကျွန်တော်ရှားထံသို့ ရောက်သွားသည်။ ရှားက အိမ်ဝမှာ ကျွန်တော့်ကို အဆင်သင့်စောင့်နေ၏။

"ကိုကိုကော်ဖီသောက်၊ ပြီးရင်သွားကြမယ်၊ သစ္စာကိုရှားမှာထားတယ်၊ တွတ်နိုင်သမျှ ရှားကူညီချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



“မှန်တာပေါ့ ရှားရယ်၊ မိတ်ဆွေရင်းချာတွေရဲ့ကိစ္စပဲ”

ကော်ဖီသောက်ပြီး ရှားနှင့်ကျွန်တော် သစ္စာတို့နေအိမ်သို့ သွားကြသည်။ ကျွန်တော်တို့ရောက်သွားတော့ ဧည့်ခန်းမှာ ဒေါ်ညိုညို ယဉ်ကို တွေ့ရ၏။ ဒေါ်ညိုညိုယဉ်၏မျက်နှာမှာ ညှိုးချုံးနွမ်းလျနေသည်။

“ဟော ရှားတို့ပါလား၊ လာကြကွယ်”

“အန်တီ၊ သစ္စာရော”

“သစ္စာလား၊ ရှိပါတယ်၊ ညက သူလည်း တစ်ညလုံးအိပ် မပျော်ဘူးထင်ပါရဲ့၊ စောစောကလေးကမှ အိပ်ပျော်သွားပုံရတယ်၊ အန်တီနှိုးပေးမယ်”

“နေပါစေဦး အန်တီ၊ အိပ်ပါစေဦး”

“မကြည်ရေ. . . မေစံရှားတို့အတွက် ကော်ဖီလေးဘာလေး လုပ်ပေးပါဦး”

“မလုပ်နဲ့အန်တီ၊ ရှားတို့ ခုပဲ ကော်ဖီသောက်လာကြတာ”

“ညက သမီးက ရှားဆီဖုန်းဆက်တာထင်တယ်”

“ဟုတ်တယ်အန်တီ၊ ရှားလည်း သစ္စာဆီကသတင်းကြားရတော့ အတော့်ကို စိတ်မကောင်းဖြစ်သွားတယ်၊ ညက အချိန်မရတော့လို့ ဒီမနက်မှလာရတာ၊ ဒါနဲ့ ဘယ်လိုများဖြစ်တာပါလိမ့်”

“အန်တီလည်း ဘာမှကိုမပြောပြတတ်အောင်ပါပဲကွယ်၊ မနေ့ညနေက အန်တီနဲ့သမီးနဲ့က မိတ်ဆွေတစ်ဦး ဆေးရုံတက်နေ တာကို သွားပြီးသတင်းမေးကြတယ်၊ အန်တီတို့ပြန်ရောက်တော့ အဖြစ်အပျက်တွေက ဖြစ်ပြီးနေပြီ”

“အန်တီတို့ မမြင်မတွေ့လိုက်ဘူးပေါ့”



“အင်းပေါ့၊ အဖြစ်ကဆိုးပါတယ်ရှားရယ်၊ အစ်ကိုကြီးအဖြစ် ကိုကြည့်ပြီး အန်တီ လဲကျပြီး မေ့တောင်သွားတယ်”

ပြောရင်းမှာပင် ငိုသံတွေပါလာသည်။ မျက်ရည်တွေက မျက်လုံးအိမ်မှ စီးကျလာသည်မို့ လက်ကိုင်ပဝါဖြင့် တို့သုတ်သည်။ ကျွန်တော်နှင့် ရှားမှာ ဒေါ်ညိုညိုယဉ်နှင့် မျက်နှာချင်းဆိုင်ထိုင်နေ ရသည်မို့ ဒေါ်ညိုညိုယဉ်၏ ကြေကွဲမှုတွေကို ကူးစက်ခံစားရသည်။

တစ်ချက်ရှိုက်လိုက်ပြီး ဒေါ်ညိုညိုယဉ်စကားဆက်သည်။

“အဖြစ်အပျက်ကို မြင်လိုက်ရတာဆိုလို့ မကြည်ပဲရှိတယ်၊ မကြည်ရေ လာပါဦးကွယ်”

ဒေါ်ညိုညိုယဉ်က ထမင်းစားခန်းဖက်သို့ လှမ်းပြောသည်။ အိမ်ဖော်ဖြစ်သော မကြည် ထမင်းစားခန်းမှ ကော်ဖီဗန်းလေးကိုင်၍ ဧည့်ခန်းတွင်းဝင်လာသည်။ ရှားနှင့် ကျွန်တော်တို့၏ရှေ့သို့ ကော်ဖီ နှင့် မုန့်ပန်းကန်များ ချပေးသည်။

မကြည်မှာ အသားညိုညို လုံးလုံးကျစ်ကျစ်ကလေးဖြစ်၍ နှစ်ဆယ်ဝန်းကျင်ပင် ရှိပါဦးမည်။ မျက်ခုံးမျက်လုံးကောင်း၍ ရိုးသား ကျိုးနွံသော အမူအရာတို့ကို ပိုင်ဆိုင်ထားသူဖြစ်၏။

“ထိုင်ပါဦးကွယ်၊ ဟောဒီက မေစံရှားတို့ကို ညကအဖြစ် အပျက်တွေ ပြန်ပြောလိုက်ပါဦး”

ဒေါ်ညိုညိုယဉ်က မကြည်ကိုပြောလိုက်သည်။ မကြည်က ခပ်လှမ်းလှမ်းရှိ ကြိမ်ခွေးခြေပုကလေးကိုယူကာ ကျွန်တော်တို့နှင့် လှမ်းမကမ်းနေရာတွင် ထိုင်လိုက်သည်။

ရှားက . . .

www.burmeseclassic.com

www.burmeseclassic.com



"မကြည်တွေ့တာ မြင်တာကို သေသေချာချာ ပြောပြစေချင်ပါတယ်၊ ညကလည်း ရဲတွေက မကြည်ကိုမေးမှာပေါ့၊ ရဲတွေကိုပြောပြသလိုပဲ အသေးစိတ်ပြောပြပေးပါ" ဟု တိုက်တွန်းသည်။

"ဟုတ်ကဲ့၊ ညက ကျွန်မက မီးဖိုခန်းထဲမှာ အလုပ်လုပ်နေတာပါ၊ အန်ကယ်ဦးတောက်ထွန်းက အိမ်ရှေ့ဧည့်ခန်းထဲမှာပါ၊ မမလေးသစ္စာနဲ့ အန်တီညိုက ဆေးရုံကိုသတင်းသွားမေးကြတာ ပြန်မရောက်သေးပါဘူး၊ အန်တီညိုတို့ပြန်ရောက်ပြီးရင် ထမင်းအဆင်သင့်စားနိုင်အောင် ထမင်းစားခန်းထဲမှာ ပြင်ဆင်ထားပြီး ကျွန်မက မီးဖိုထဲမှာ အိုးတွေတိုက်၊ ပန်းကန်ဆေး၊ သန့်ရှင်းရေးလုပ်နေပါတယ်၊ အဲဒီအချိန်မှာ . . ."

ရှားကဖြတ်၍

"ဘယ်အချိန်လောက်ဖြစ်မလဲ"

မကြည်က စဉ်းစားဟန်ဖြင့်

"ခုနစ်နာရီလောက် ရှိမယ်ထင်တယ်၊ မိုးချုပ်ပြီးမှောင်နေပါပြီ"

"အင်း ဆက်ပြောပါဦး"

"အဲဒီအချိန်မှာ ကျွန်မ အော်သံတစ်ခု ကြားလိုက်မိတယ်လို့ ထင်ပါတယ်၊ လန့်အော်လိုက်တဲ့ အသံမျိုးပါ၊ ယောကျ်ားအသံပါ၊ အိမ်ရှေ့က ကြားလိုက်ရတာပါ"

"ဒါနဲ့ ဆေးနေတဲ့ပန်းကန်ကိုချပြီး ကျွန်မ မီးဖိုကနေ ခြေ ထွက်လာပါတယ်၊ ထမင်းစားခန်းကိုဖြတ်ပြီး ဧည့်ခန်းထဲ ဝင်လိုက် တဲ့အချိန်မှာ ဧည့်ခန်းထဲက အပြင်ကို ပြန်ပြေးထွက်တော့မယ့် သူ



တစ်ယောက်ကို တွေ့ပါတယ်၊ အဲဒီလူကလည်း ကျွန်မကိုမြင်ပါတယ်၊ သူက ကိုမျိုးခိုင်ပါ၊ မမလေးသစ္စာရဲ့ ဟို ဟို"

"အင်း ဟုတ်ပါပြီ၊ ဆက်ပြောပါ"

"ကိုမျိုးခိုင်ပုံစံက အထိတ်တလန့်နဲ့၊ မျက်လုံးတွေက ဟိုကြည့်ဒီကြည့်နဲ့၊ ကြောက်ရွံ့နေတဲ့ပုံပါ၊ ကျွန်မကို ဖြုန်းခနဲမြင်လိုက်တော့ ပိုပြီးလန့်သွားပုံရပါတယ်၊ မျက်လုံးတွေ ပြူးသွားပြီး မျက်နှာလည်း သွေးမရှိသလို ဖြူဖျော့သွားပါတယ်၊ ကိုမျိုးခိုင်ဆိုပြီး ကျွန်မနှုတ်က လွှတ်ခနဲတောင် ခေါ်လိုက်မိပါတယ်"

"ဒီတော့ မောင်မျိုးခိုင်က ဘာလုပ်လဲ၊ ဘာပြောလဲ"

"ဘာမှမပြောပါဘူး၊ ခေါ်တာလည်း ပြန်မထူးပါဘူး၊ နေရာက နေ ချာခနဲလှည့်ပြီး ပွင့်နေတဲ့တံခါးကနေ ပြေးဆင်းသွားတာပါပဲ၊ ဘာကြောင့်လဲဆိုတာတော့ အဲဒီအချိန်မှာ ကျွန်မလည်း မသိပါဘူး"

"မောင်မျိုးခိုင်ရပ်နေတဲ့နေရာကို ပြပါဦး"

"ဟောဟိုနေရာပါ"

မကြည်က ထိုင်ရာမှထသွားပြီး ဆက်တီများနှင့် ခပ်လှမ်းလှမ်း ဝင်ပေါက်နှင့် နီးသောနေရာတွင် ရပ်ပြသည်။ ရှား ခေါင်းညိတ်ပြလိုက်တော့ မကြည်ကပြန်လာပြီး ထိုင်ခုံမှာပြန်ထိုင်သည်။

"အဲဒါနဲ့ ကျွန်မလည်း မီးဖိုဘက် ပြန်မယ်အလုပ်မှာ လဲနေတဲ့ အန်ကယ်ဦးတောက်ထွန်းကို တွေ့လိုက်ရတာပါပဲ၊ အန်ကယ်ဦးတောက်ထွန်းက ဟိုပြတင်းပေါက်ဘေး ကြမ်းပြင်မှာ လဲကျနေတာပါ" ဟု မကြည်ကပြောရင်း နေရာကိုညွှန်ပြသည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရှားတို့က နေရာကို လှမ်း၍ကြည့်မိကြ၏။ ကြမ်းပြင်ပေါ်တွင် ခြောက်သွေ့နေသော သွေးစက်တွေပင် ရှိနေသေးသည်။

"အန်ကယ်ဦးတောက်ထွန်း လဲကျနေတာက ပက်လက်ကြီး ပေါ့၊ ရင်ဝမှာ ဓားကြီးတန်းလန်းနဲ့ပါ၊ အင်္ကျီအဖြူမှာ သွေးတွေ နီရဲနေတာပဲ၊ ကျွန်မလည်း ကြောက်ကြောက်နဲ့ အားဆိုပြီး အော် ကုန်အော်လိုက်မိပါတယ်"

"ဧည့်ခန်းထဲမှာ တခြားဘယ်သူ့ကို တွေ့သေးလဲ"

ရှားကမေးသည်။

"မတွေ့ပါဘူး၊ ဘယ်သူမှ မတွေ့ပါဘူး"

"မကြည်တွေ့တော့ ဦးတောက်ထွန်း သေဆုံးနေပြီလား"

"အသေအချာတော့မသိဘူး၊ သေဆုံးနေပြီလို့ထင်တာပဲ၊ လှုပ်မှ မလှုပ်တော့တာ"

"မကြည် အနားသွားကြည့်လား"

"မကြည့်ရဲပါဘူး"

မကြည် အထိတ်တလန့်ငြင်းသည်။ ရှားက ဦးတောက်ထွန်း လဲကျနေရာကို လှမ်းကြည့်ပြီး...

"အဲဒီအချိန်က ပြတင်းပေါက်က ပွင့်နေလား"

"ပွင့်နေပါတယ်"

ပြတင်းပေါက်မှာ မှန်ပြတင်းပေါက်ဖြစ်ပြီး သံပန်းရှိသည်။ သို့သော် သံပန်းက ဂျပန်ကွက် သံပန်းအကျဲဖြစ်သည်။

"ဦးတောက်ထွန်းအနားမှာ ဘာပစ္စည်းတွေ တွေ့ရလဲ"

"အန်ကယ် ဦးတောက်ထွန်းရဲ့ ဟမ်းဖုန်းတော့ သူ့အနားမှာ တွေ့ရပါတယ်"



ထိုစဉ် တယ်လီဖုန်းသံ မြည်လာသည်။ တယ်လီဖုန်းစင်က ဆက်တီအနားမှာဖြစ်သောကြောင့် မကြည်ပြောသမျှကို တစ်ခွန်း တစ်ပါဒမျှ ဝင်မပြောဘဲနားထောင်နေသည့် ဒေါ်ညိုညိုယဉ်က ဖုန်း ကိုလှမ်းကိုင်သည်။

"ဟဲလို"

"....."

"ဪ ဟုတ်ကဲ့၊ ပြောပါရှင်"

"....."

"ရှင်"

"....."

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဒေါ်ညိုညိုယဉ် တယ်လီဖုန်းကို ပြန်ချလိုက်သည်။ ကျွန်တော် နှင့် ရှားက စိတ်ဝင်စားစွာဖြင့် ဒေါ်ညိုညိုယဉ်ကို လှမ်းကြည့်မိကြ၏။ ဒေါ်ညိုညိုယဉ်ကပင် သက်ပြင်းချလျက် လေးကန်စွာပြန်ပြောပြသည်။

"ညက လာပြီးစစ်ဆေးတဲ့ ရဲအရာရှိ ရဲအုပ်စောဝင်း ဖုန်း ဆက်တာပါ၊ ညက မောင်မျိုးခိုင်အိမ်ကို သူတို့လိုက်သွားတော့ မောင်မျိုးခိုင် ပြန်မလာဘူးတဲ့၊ ဒီမနက်သွားတော့လည်း မရှိဘူးတဲ့၊ မောင်မျိုးခိုင်အမေက ညကတည်းက မောင်မျိုးခိုင်ပြန်မလာဘူးလို့ ပြောသတဲ့၊ မောင်မျိုးခိုင် ရှောင်တိမ်းထွက်ပြေးသွားပုံရတယ်တဲ့၊ သူတို့ မောင်မျိုးခိုင်ကို အမြန်ဆုံးမိအောင် ကြိုးစားနေပါတယ်တဲ့၊ ပြေးမလွတ်နိုင်ပါဘူးတဲ့"

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



## ၁၈

"မမရှားရယ် သစ္စာကိုကူညီပါဦး၊ သစ္စာအဖြစ်က ဆိုးလွန်းလှပါတယ်၊ ဖေဖေက အသတ်ခံရတယ်၊ သတ်သွားတဲ့သူက ကိုမျိုးနိုင်တဲ့"

ရှားပခုံးကိုမှီ၍ တသိမ့်သိမ့်ငိုရှိုက်ရင်း ပြောနေသော သစ္စာကို ရှားက ပခုံးဖက်ကာ နှစ်သိမ့်နေသည်။

သစ္စာ အိပ်ရာမှနိုးလာပြီး ကျွန်တော်တို့နှင့် တွေ့သော အခါ ဒေါ်ညိုညိုယဉ်က အိပ်ခန်းတွင်း ဝင်သွားသည်။

"အန်တီကို ခွင့်ပြုပါဦးကွယ်၊ သစ္စာနဲ့ စကားပြောကြပါဦး



အန်တီ ခဏနားချင်လို့ပါ၊ ညကလည်း အန်တီမအိပ်ခဲ့ရဘူး" ဟု ခွင့်တောင်းပြီး ဝင်သွားခြင်းဖြစ်သည်။

ရှားကိုတွေ့တွေ့ချင်း သစ္စာကဖက်၍ငိုသည်။

"လောကဓံတရားဆိုတာ ဒီလိုပါပဲသစ္စာရယ်၊ မကြုံချင်လည်း ကြုံရ၊ ကြုံချင်တာကျတော့ ကြုံချင်မှကြုံရတာ၊ ဖြစ်လာတာကို မရှားတို့ ကြံကြံခံနိုင်အောင် ကြိုးစားရမှာပါပဲ"

"ဒါပေမယ့် မမရှားရယ် သစ္စာမှာက တစ်ပြိုင်တည်း နှစ်မျိုး ခံစားရတာ၊ ဖေဖေဆုံးလို့ ခံစားရတာရယ်၊ ချစ်သူက လူသတ်တရားခံ ဖြစ်လို့ ခံစားနေရတာရယ်၊ သစ္စာရင်ထဲမှာ ပြောမပြတတ်အောင် ဆွန်းကြပ်ဆို့နစ်နေတယ်"

ရှားက သစ္စာ၏လက်မောင်းများကို ဆုပ်ကိုင်ပြီး အနီးရှိ ကုတ်တီခုံပေါ်တွင် ထိုင်စေသည်။ ပြီး သစ္စာ၏အနီးတွင် ကပ်၍ ထိုင်ချလိုက်ရင်း

"အန်ကယ်ဦးတောက်ထွန်းကို မောင်မျိုးနိုင်သတ်တာလို့ သစ္စာ ထင်လား" ဟု မေးလိုက်သည်။

ရှားမေးခွန်းက အလွန်အရေးကြီးသော အစတစ်စကို ဆွဲထုတ်ခြင်းဖြစ်ကြောင်း ကျွန်တော်သိလိုက်သည်။ သစ္စာ ဘာဖြေမလဲဟူသော စိတ်လိုဇောဖြင့် ကျွန်တော် သစ္စာကိုလှမ်းကြည့်လိုက်သည်။ ခေါင်းငုံ့ ငိုရှိုက်နေရာမှ ပါးပြင်ပေါ်မှ မျက်ရည်စီးကြောင်းများကို လက်ကိုင် ပဝါဖြင့်တို့သုတ်ရင်း သစ္စာခေါင်းမော့လာသည်။ မျက်လုံးအိမ်ထဲမှာ လည်း မျက်ရည်တွေအပြည့်၊ ညိုးနွမ်းချောင်ကျနေသော မျက်နှာက အမှု သောကကို ပြဆို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိုက်တစ်ဝက် သက်ပြင်းရှည်နှင့်. . .

"ဖေဖေနဲ့ကိုခိုင်မှာ ဘာရန်ငြိုးမှမရှိဘူး၊ ဘာပြဿနာမှ မရှိဘူး၊ ဖေဖေကလည်း ကိုခိုင်နဲ့သစ္စာကို လက်ထပ်ပေးဖို့ သဘောတူထားတာ၊ ဒီတော့ မကြာခင်မှာ ယောက္ခမတော်ရမယ့်သူ၊ သစ္စာရဲ့ဖခင်ကို ကိုခိုင်က ဘာ့ကြောင့်သတ်ရမှာလဲ၊ ကိုခိုင်သတ်တယ်ဆိုတာ သစ္စာမယုံပါဘူး၊ ဒါပေမယ့်. . ."

စကားပြတ်ပြီး အသံတိမ်သွားသည်။

"ဒါပေမယ့် ဘာဖြစ်လဲသစ္စာ"

"အခု အခြေအနေတွေက ကိုခိုင်သတ်တယ်ဆိုတာကို ညွှန်ပြနေတယ်၊ မကြည်က ကိုခိုင်ကို တွေ့လိုက်ရတာရယ်၊ ရဲတွေက ကိုခိုင့်အိမ်ကို လိုက်သွားတော့ ကိုခိုင်ပြန်မလာဘူးလို့ စောစောက ရဲစခန်းက ဖုန်းဆက်တာရယ် ပေါင်းလိုက်ရင် ကိုခိုင်ဟာ ဖေဖေ့ကိုသတ်ပြီး ရှောင်နေတာ မဖြစ်ပေဘူးလား"

"သူတို့နှစ်ယောက်မှာ အမှတ်မထင် ဖြစ်ပျက်စရာ တစ်ခုခုများရှိသလား၊ ဥပမာ အလုပ်ကိစ္စတို့၊ ငွေရေးကြေးရေး ကိစ္စတို့"

"သစ္စာသိသလောက်တော့ ဘာမှမရှိဘူး မမရှား၊ ပြီးတော့ သစ္စာနားလည်ထားတာက ကိုခိုင်ဟာ သိပ်ပြီးရိုးသားတဲ့သူ၊ သိပ်ပြီးတော့လည်း သဘောထားပြည့်ဝတဲ့သူ၊ သိပ်ပြီးတော့လည်း စိတ်ကောင်းရှိပြီး နူးညံ့ပျော့ပျောင်းတဲ့သူပါ၊ သူတစ်ပါးကို သတ်ဖို့ဝေးလို့ ရိုက်ဖို့နှက်ဖို့တောင် မလုပ်ရဲတဲ့သူ၊ မလုပ်ရက်တဲ့သူပါ"

သစ္စာစကားအဆုံးမှာ တစ်ခါက မွေးနေ့ပွဲမှအပြန် ခြံထဲ၌ မြွေတွေ့ခဲ့သည်ကို ကျွန်တော် ပြန်အမှတ်ရလိုက်သည်။ မောင်မျိုးခိုင်



သည် အဆိပ်ရှိသော မြွေကိုပင်မသတ်ဘဲ မောင်းရုံမောင်းထုတ်ခဲ့သူဖြစ်၏။ ရှားကလည်း ထိုကိစ္စကို အမှတ်ရဟန်တူသည်။ ကျွန်တော့်ကို လှမ်းကြည့်ပြီး ခေါင်းတစ်ချက်ညိတ်သည်။ သစ္စာ၏အမြင်ကို သူလည်းကြိုက်ညီကြောင်း ပြသသည့်သဘော။

"ကဲပါ သစ္စာရယ်၊ အခုအချိန်မှာ လမ်းဆုံးကို မရောက်သေးဘူး၊ လမ်းဆုံးရင် ရှာတွေ့မှာပါ၊ အမှန်တရားဆိုတာ ပေါ်လာရမှာပါ၊ သစ္စာပြောသလို မောင်မျိုးခိုင်မဟုတ်ဘူးဆိုတာကို မမရှားလည်း အကြမ်းဖျင်း လက်ခံယုံကြည်ပါတယ်၊ ကဲ မမရှား အန်ကယ်လဲကျတဲ့နေရာကို ကြည့်လိုက်ဦးမယ်"

ရှားက သစ္စာကိုနှစ်သိမ့်ပြီး အိမ်ဖော်မလေး မကြည်ကိုခေါ်ကာ ဦးတောက်ထွန်းလဲကျသောနေရာနှင့် လဲကျပုံအနေအထားတို့ကို ပြခိုင်းသည်။

"ဒီနေရာပဲမမ၊ လဲကျနေတာက ဟောဒီလို"

မကြည်က နေရာကိုပြရုံမက လဲကျနေပုံကိုပါ သရုပ်ပြသည့်အနေဖြင့် လုပ်ပြသည်။

မကြည်ပြသည့်အတိုင်းဆိုရလျှင် ဦးတောက်ထွန်း လဲကျနေပုံမှာ ...င်းပေါက်ဘက်သို့ ခေါင်းပြုလျက် ခြေထောက်က ပြတင်းပေါက် ...ယှဉ်လျက် ခပ်စောင်းစောင်းဖြစ်သည်။ အခန်းတွင်းဘက်သို့ ခြေထောက်များ ဆန့်လျက်၊ ခန္ဓာကိုယ်က ခပ်လိမ်လိမ် အနေအထားဖြစ်သည်။ ပက်လက်လဲကျနေသည် ဆိုသော်လည်း ခန္ဓာက ပက်လက် စန့်စန့်ကြီးမဟုတ်။ ခါးအောက်ပိုင်းက တစောင်းဖြစ်နေသည်။ ...မှာ ဟမ်းဖုန်းက ကျနေသည်။ ဟမ်းဖုန်းကိုင်ထားခဲ့ဟန်တူ

www.burmeseclassic.com

www.burmeseclassic.com



သောလက်က ကြမ်းပြင်ပေါ်မှာ ဆန့်လျက်ရှိပြီး ဘယ်လက်က ဓားကို ဆုပ်ကိုင်လိုက်ပုံရသည်။ ရင်ဘတ်ပေါ်မှာ တင်လျက်ရှိသည်၊

"ဟိုနေ့က မကြည့်တွေ့ရတာ ဒီအတိုင်းပဲနော်"

"ဟုတ်ပါတယ် မမ"

"ရဲတွေက ဓာတ်ပုံတွေဘာတွေ ရိုက်သွားမှာပေါ့"

"ရိုက်သွားပါတယ်"

"ဓားက စိုက်လျက်ပဲနော်"

"ဟုတ်ကဲ့"

ရှားက ကျွန်တော့်ဘက်ကိုလှည့်၍. . .

"မောင်မျိုးခိုင်ဟာ ဓားနဲ့အနှားကထိုးတယ်ဆိုရင် ဓားကို ပြန်ဆွဲနုတ်ရမယ့်သဘောရှိတယ် ကိုကို၊ အခု မောင်မျိုးခိုင်က ဘာကြောင့် ဓားကို တန်းလန်းထားခဲ့ရတာလဲ၊ ဘာကြောင့်ယူမသွားတာလဲ" ဟု ပြောမေးမေးသည်။

"ဟုတ်တယ်ရှား၊ ကိုကိုလည်း အဲဒါကိုတွေးမိတယ်၊ ဓားကို ချန်ခဲ့တဲ့အတွက် ဓားလက်ကိုင်ရိုးပေါ်မှာ သူ့ရဲ့လက်ဗွေရာကျန်ခဲ့မှာကို သူစဉ်းစားမိမှာပေါ့၊ အခုအတိုင်းဆိုရင်တော့ ရဲတွေသိမ်းသွားတဲ့ ဓားလက်ကိုင်ရိုးပေါ်က လက်ဗွေကို သက်သေခံအဖြစ် ရသွားပြီပေါ့"

ကျွန်တော်လည်း ကျွန်တော့်အမြင်ကို ဖြည့်စွက်လိုက်သည်။ ရှားက ကြမ်းပြင်ပေါ်မှ သွေးစက်အချို့ကို ငုံ့ကြည့်နေသည်။

"ဒါတွေက ဓားဆွဲထုတ်လို့ စင်ထွက်လာတဲ့ သွေးစက်မဟုတ်ဘူး ကိုကို၊ ရင်ဘတ်က ဓားဒဏ်ရာကို ဦးတောက်ထွန်းကဆုပ်ကိုင်ပြီး လက်ပြန်အကျမှာ စွန်းပေသွားတာမျိုးတွေပဲ၊ ကြည့်ရှား



ဓားဒဏ်ရာက တစ်ချက်ပဲထင်တယ်၊ မကြည့် ရဲတွေစစ်ဆေးတော့ ဘာပြောသံကြားလဲ"

ရှားက မကြည့်ကိုမော့ပြီး မေးသည်။

"ဓားဒဏ်ရာ တစ်ချက်ပဲလို့ပြောကြတယ်"

ရှားက ခေါင်းညိတ်သည်။

"တစ်ချက်တည်းနဲ့ သေနိုင်မလား ရှားရယ်"

ကျွန်တော်၏ စဉ်းစားချက်ကို ရှားက. . .

"ဟုတ်တယ် ကိုကို၊ တစ်ချက်တည်းနဲ့ သေဖို့ဆိုတာ ခက်ခဲတယ်၊ ဒါပေမယ့် ဓားက ရင်ဝကိုနက်နက်ဝင်ပြီး အထဲက နှလုံးကို ထိမယ်၊ ဖောက်ဝင်မယ်ဆိုရင်တော့ သေဆုံးနိုင်တာပေါ့၊ ဓားဝင်တာက နှလုံးတည့်တည့်ဖြစ်ပုံရတယ်"

ပြောရင်းဆိုရင်း ရှားက ဘေးပတ်ဝန်းကျင်ကို မျက်လုံးဝေ့ပြီး လှည့်ပတ်ကြည့်သည်။ ပြတင်းပေါက်တည့်တည့် အောက်ဘက်နံရံကိုအကြည့်တွင် ရှားမျက်လုံးများ တန့်သွားသည်။ ထိုင်ရာမှထပြီး နံရံနားသို့ ကပ်သွားသည်။ နံရံကိုအသေအချာ စူးစိုက်ကြည့်သည်။

"ဒီမှာကြည့်ပါဦးကိုကို၊ ဒီနံရံကဆေးတွေ ပျက်နေတယ်၊ ပျက်နေပုံက ပစ္စည်းအမာတစ်ခုခုနဲ့ ထိခိုက်လို့ ချိုင့်ဝင်ပြီးနေတဲ့ပုံ၊ ပြီးတော့ အောက်ဘက်ကို နည်းနည်းပွတ်တိုက်သွားတဲ့ လက္ခဏာရှိတယ်၊ ရှားဆိုလိုတာက ဦးတောက်ထွန်းက ဓားထိုးခံရပြီး ငိုက်အကျမှာ ဓားရိုးက နံရံနဲ့ဆောင့်မိပုံရတယ်၊ ပြီးမှ ကြမ်းပြင်ကိုလဲကျတာ ဦးတောက်ထွန်း လဲကျနေပုံကလည်း ဒါကိုပြနေတယ်၊ ဒါကြောင့် ဓားတစ်ချက်တည်းနဲ့ နက်နက်ဝင်ပြီး နှလုံးကိုထိလို့ ဦးတောက်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



သေရတာပဲ၊ ဒီအတိုင်း ရှားတွေးတာမှန်ရင် သက်သေခံအဖြစ် သိမ်း သွားတဲ့ဓားရိုးထိပ်မှာ နံ့ရုံက ဆေးအစိမ်းကလေးတွေ ရှိနေရမယ်"

"ရဲစခန်းမှာ ဓားကိုတောင်းကြည့်ရင် သိမှာပဲပေါ့"

"ပြီးတော့ အခုလို ရှားတွေးတာမှန်ရင် ဦးတောက်ထွန်း ဓားနဲ့အထိုးခံရချိန်က ပြတင်းပေါက်ဘက်ကို လှည့်နေပုံရှိတယ် ပြတင်းပေါက်ဘက်ကိုလှည့်နေတဲ့ ဦးတောက်ထွန်းကို အခန်းထဲမှာရှိတဲ့ မောင်မျိုးခိုင်က ဓားနဲ့ထိုးရင် ကျောကိုပဲထိုးလို့ရမယ်၊ ရင်ဘတ်ကို ထိုးလို့မရဘူး"

"ရှားပြောချင်တာက မောင်မျိုးခိုင် ဓားနဲ့ထိုးတာမဟုတ်ဘူး ဆိုတာကိုလား"

ရှားက တွေးတွေးဆဆဖြင့်...

"အဖြေတစ်ခုကို အရင်ထုတ်ယူပြီးမှ သက်သေခံလိုက်ရှာတာ ဟာ စုံထောက်ခြင်းမှာ မမှန်ကန်တဲ့နည်းပဲလို့ ရှား ကြားဖူးတယ် ကိုကို၊ မောင်မျိုးခိုင်သတ်တာ မဟုတ်ဘူးလို့ယူဆပြီး အခြေအနေကို လေ့လာ၊ အချက်အလက်ထုတ်ယူတာ မဟုတ်ဘူး၊ အခြေအနေနဲ့ အချက်အလက်ကို လေ့လာပြီးမှ တွေးယူဆခြင်းတာပါ" ဟု ... လေးနက်နက် ပြောသည်။

"ဒါဆို လက်ရှိအနေအထားအရ ရှားအမြင်ကိုဆက်ပါဦး"

ကျွန်တော်က စိတ်ဝင်တစား မေးလိုက်သည်။ ကျွန်တော် ... ပင် မကြည်က စိတ်ဝင်စားစွာကြည့်နေသည်။ သစ္စာသည်လည်း ... ထိုင်ရာမှထလာကာ ရှားအနားမှာရပ်သည်။ ရှားလက်မောင်း ... ဆုပ်ကိုင်ရင်း မျှော်လင့်မျက်နှာဖြင့်...



"မမရှားတွေးမိတာ ပြောပါဦး မမရှား" ဟု မေးသည်။

"မမရှားအမြင်ပြောရရင်တော့ အန်ကယ့်ကို ဓားနဲ့ထိုးတာဟာ ...တင်းပေါက်အပြင်ကလည်း ဖြစ်နိုင်တယ်"

ရှားက ပြောပြောဆိုဆို ပြတင်းမှရပ်ကာ အပြင်ကိုကြည့် ...သည်။ ရှားအကြည့်များရောက်ရာသို့ ကျွန်တော်လည်း အကဲခတ်လိုက် ...သည်။ ပြတင်းပေါက်မှာ ဂျပန် သံပန်းအကွက်ကျဲ ကာရံထားသည်။ ...ပန်းကြားမှ ငုံ့ကြည့်တော့ တိုက်ဘေး မြေသားပျော့ပျော့တွေကို ...ရ၏။ မြေပြင်မှ ပြတင်းပေါက်သို့အမြင့်မှာ လူတစ်ရပ်နီးပါးရှိ ...သည်။

"ခြံထဲ ဆင်းကြည့်ရအောင် သစ္စာ"

"ဟုတ်ကဲ့ မမရှား"

ရှားက သစ္စာကို လက်လှမ်းတွဲကာ အခန်းပြင်သို့ ထွက်သွား ...သည်။ ကျွန်တော် နောက်မှလိုက်သွားသည်။ မကြည်က ထမင်းစား ...ဘက် ပြန်ဝင်သွားသည်။

ခြံဝန်းထဲမှာ ပန်းပင်တွေ စုံလှသည်။ နှင်းဆီ၊ သဇင်၊ သစ်ခွ၊ ...မိကွစ်စ်နှင့် အခြားပန်းမျိုးစုံ၊ တိုက်မှာ တစ်ထပ်တိုက်ဖြစ်ပြီး ...မှာ အကျယ်ကြီးမဟုတ်လှ။ အထူးသဖြင့် ရှေ့နောက်ရှည်လျား ...လည်း ဘေးဘက်ကို အနည်းငယ်ကျဉ်းသည်။ တိုက်နှင့် ...င်းရင်းဘက် ခြံစည်းရိုးနံရံမှာ ဆယ့်နှစ်ပေမျှလောက်သာ ကွာ ...သည်။ ယင်းအကွာအဝေးအတွင်း ပန်းပင်ပုကလေးများ ရှိနေသည်။

မနေ့က နေ့လည်က မိုးရွာထားခြင်းကြောင့် မြေသားတွေ ...နေသည်။

www.burmeseclassic.com



ရှားကဦးဆောင်လျက် ကျွန်တော်နှင့်သစ္စာလိုက်ပါကာ
ခေါင်းရင်းဘက် ဦးတောက်ထွန်းလဲကျသေဆုံးရာ ညည့်ခန်းပြ
ရှိရာသို့ လာခဲ့ကြသည်။

မြေသားပျော့ပျော့ပေါ်မှာ ရှားက ခြေရာကိုရှာကြည့်သ
မြေသားပျော့ပျော့ပေါ်မှာ ဘာခြေရာမျှမရှိ။ အကယ်၍ တစ်စုံ
ယောက်က ထိုနေရာမှာရပ်ပြီး ဦးတောက်ထွန်းကို ပြတင်းပေါ်
အပြင်မှ ဓားဖြင့်ထိုးခြင်းဖြစ်လျှင် ထိုနေရာ၌ ခြေရာများရှိနေရ
ယခု ဘာခြေရာမျှမတွေ့ရ။

ပြီးတော့ ရှားက မြေပြင်မှပြတင်းကိုရပ်၍ အတွင်းကို
သည်။ တိုက်၏အောက်ခြေက မြင့်မားသောကြောင့် ဖြစ်
ပြတင်းပေါက်က မြေပြင်မှ အတန်ငယ်မြင့်သည်။ ကျွန်တော်
ဖြင့်ပင်လျှင် မီရုံရှိသည်။ ရှားဆိုလျှင် အတွင်းကို မြင်နိုင်ဖွယ်

ရှားက ကျွန်တော်နှင့် သစ္စာကိုကြည့်ပြီး . . .

"ပြတင်းအပြင်ဘက်က ဓားနဲ့လှမ်းထိုးတာဆိုတာ မ
တော့ဘူး" ဟု ပြောသည်။

"ဒါဆို ရှားယူဆချက်ကို ပြန်စဉ်းစားရမှာပေါ့"

ရှားခေါင်းခါသည်။

"ဟင့်အင်း၊ ရှားယူဆချက်ကို ပြင်မှာမဟုတ်ဘူး၊
လေ့လာရဦးမှာ"

"ဘယ်လို လေ့လာမှာလဲ"

ရှားက ပြတင်းနှင့်တည့်တည့် ခြံစည်းရိုးအုတ်နံရံကို
ကြည့်သည်။ အုတ်နံရံနှင့် ပြတင်းပေါက်ကြား တည့်တည့်နေ



ခပ်ဖြည်းဖြည်းလျှောက်သွားရင်း မြေပြင်နှင့် ဝန်းကျင်၌ သဲလွန်စ
ကို ရှာသည်။ ကျွန်တော်နှင့်သစ္စာက ရှားလုပ်သမျှကို စောင့်၍
ည့်နေကြပါ၏။

အတန်ကြာကြည့်ရှုပြီး ရှား ကျွန်တော်တို့ထံ ပြန်ရောက်
သည်။

"ဘာတွေ့လဲ၊ ဘာထူးလဲ"

"ဘာမှမတွေ့ဘူး၊ ဘာမှမထူးဘူး"

ရှားက ပြတင်းမှ အုတ်နံရံဘက်သို့ တစ်ဖန်ပြန်ကြည့်ပြန်
ည်။ အုတ်နံရံမှာ ငါးပေခန့်မြင့်သည်။ အုတ်နံရံတစ်ဖက်မှာက
ဖြစ်၏။ သစ္စာတို့အိမ်က ထောင့်အိမ်ဖြစ်သဖြင့် ခေါင်းရင်းဘက်
လမ်းရှိနေသည်။

ရှားမျက်နှာ တစ်ချက်ဝင်းခနဲဖြစ်သွားသည်။

"အပြင်ထွက်ကြည့်ရအောင်"

ရှားစကားကို သစ္စာက သိပ်ပြီး စိတ်ဝင်စားဟန်မရှိတော့။
သော် ရှားပြောသည့်အတိုင်း အပြင်သို့ပါလာသည်။ ခြံဝန်းမှ
င်သို့အထွက်တွင် ခြံစောင့် ဦးကြီးမောင်ပါ လိုက်ပါလာသည်။

ခြံရှေ့မှထွက်ပြီး ခေါင်းရင်းဘက် ကတ္တရာလမ်းအတိုင်း
လျှောက်လာခဲ့ကြပြီး ဦးတောက်ထွန်းလဲကျရာ ပြတင်းနှင့်
ည့်တည့်နေရာကိုရွေးပြီး ရပ်လိုက်ကြသည်။

ရှားက လမ်းပေါ်မှနေ၍ ပြတင်းပေါက်ရှိရာသို့ လှမ်းကြည့်
။ ကတ္တရာလမ်းက မြေဖို့ပြီးခင်းထားသဖြင့် မြင့်သောကြောင့်
ပိုင်းဖြစ်နေရာ ခြံကိုဝန်းခတ်ထားသည့် အုတ်နံရံမှာ အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



နိမ့်သယောင် ရှိနေသည်။ ထို့ကြောင့် ကျွန်တော့်အရပ်အနေအ နှင့်ဆိုလျှင် ပြတင်းပေါက်ကို လှမ်းမြင်နေရ၏။ ပြီးတော့ ပြ ပေါက်နှင့် ကျွန်တော်တို့ရပ်နေရာ ကြားတည့်တည့်မှာ သစ်ပင် များ၊ ပန်းချုံများ ကွယ်နေခြင်းမရှိ။

ရှားက ကတ္တရာလမ်း၏ဘေး အုတ်နံရံအကြား မြေသ ငုံ့ကြည့်နေသည်။ ကျွန်တော်တို့အား . . .

"ကတ္တရာလမ်းပေါ်မှာပဲ နေကြပါ၊ မြေကြီးပေါ် မဆင်း ဟုလည်း လှမ်းပြောသည်။ ရှားအပြော၊ ရှားအမူအရာမှာ သား ခြေရာကိုတွေ့သော မုဆိုးပမာ၊ ရှား၏မျက်လုံးတွေ အရောင်တေ လျက်၊ ရှားလှုပ်ရှားမှုတွေ ဖျတ်လတ်လျက်ရှိသည်ကို တွေ့ရ

ရှားအာရုံစိုက်ရာသို့ ကျွန်တော်တို့လည်း ဂရုစိုက် ကြသည်။ မနေ့က မိုးရွာထားသဖြင့် ပျော့နေသောမြေသားပေ ကားဘီးရာတွေရှိသည်။

ရှားက ကတ္တရာလမ်းပေါ်မှာ ဟိုဟိုသည်သည် ခေါ ခေါက်ပြန်ကြည့်လိုက်၊ အချို့နေရာတွင် ဒူးထောက်ကြည့် အချို့နေရာတွင် မတ်တပ်ရပ်ပြန်ကာ ပြတင်းရှိရာသို့ကြည့် လုပ်နေသည်မှာ ဘေးလူများအဖို့ ပျင်းရိငြီးငွေ့ဖွယ်ရာပင်။ သို့ ရှားမှာမူ အလွန်စိတ်အားထက်သန်လျက်ရှိသည်ကို တွေ့ရ ရှား အဖြေတစ်ခုခုကို တွေ့ရပြီဟု ကျွန်တော်မှန်းဆမိလေ

ခဏကြာလျှင် ရှား ကျွန်တော်တို့အနားသို့ ပြန်ရောက်

"မနေ့နေ့လည်က မိုးရွာတယ်နော်၊ ဟုတ်လား သ မေးသည်။ သစ္စာက ခေါင်းညိတ်သည်။



"ညကရော"

"ညက မရွာဘူး"

"ဒါဆိုရင် ဒီကားဘီးရာနဲ့ ခြေရာတွေဟာ မနေ့ကညနေပိုင်း၊ ဒါမှမဟုတ် ညဦးပိုင်းက ကားဘီးရာနဲ့ ခြေရာတွေပဲဆိုတာ သေချာပြီ၊ ဒီမှာတွေ့လားသစ္စာ . . . ကားဘီးရာ၊ ကားက ကတ္တရာလမ်းပေါ်မှာ တစ်ဖက်၊ မြေပြင်ပေါ်မှာတစ်ဖက် ခွပြီးရပ်တယ်၊ ဒီမှာ ကားဘီးရာ နက်နက်၊ ဒါဟာ ကားရပ်ထားတဲ့ နေရာဖြစ်ကြောင်း ပြတယ်၊ ကားဘီးရာကို အရင်ပြောမယ်နော်၊ ကားဘီးရာကကြီးတယ်၊ ဒီကား ဟာ သာမန်ဆလွန်းကားလေးတွေ မဟုတ်ဘူး၊ ပါဂျဲရိုး၊ ဒါမှမဟုတ် ပရာဒို တစ်ခုခုပဲ၊ ပြီးတော့ ထူးခြားတာတစ်ခုက ဒီမှာကြည့်"

ရှားက ကားဘီးရာတစ်ခုကို ပြသည်။

"ဒါဟာ ကားပြန်ထွက်သွားရာ ဘီးရာပဲ၊ ဒီဘီးရာမှာကြည့်၊ ကားရဲ့ ဘယ်ဘက်ရှေ့ဘီးရာမှာ ဘေးကမြေသားတွေကို ယက်ပြီး ထုတ်သွားတဲ့ အရာတစ်ခုတွေ့ကြလား၊ ကားဘီးတစ်ပါတ်လည် တိုင်း ဒီလိုယက်ထုတ်သွားတဲ့ အရာတစ်ခုတွေ့ရတယ်၊ ဒါဟာ ဘာကိုပြသလဲဆိုတော့ ကားရဲ့ ဘယ်ဘက်ရှေ့ဘီးမှာ သံပြား၊ ဒါမှ မဟုတ် သွပ်ပြားအစတစ်ခုခု ရုန်းဝင်နေပုံရှိတယ်၊ ဒီလိုဘီးမျိုးနဲ့ ပါဂျဲရိုး၊ ပရာဒို တစ်စီးစီးကိုရှာရမယ်"

"ဒီကားက ဘာဆိုင်လို့လဲ"

သစ္စာ၏အမေး။

"ဟောဒီနေရာဟာ ကားရပ်တဲ့နေရာ၊ ဒီနေရာဟာ ပြတင်း ပေါက်နဲ့တည့်တည့်ဖြစ်တယ်၊ ကားက ဒီဘက်ကို ခေါင်းတည်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ထားတော့ ဟောဒီနေရာဟာ ကားတံခါးနေရာပဲ၊ ဒီနေရာမှာ ကားရဲ့ တံခါးဖွင့်ပြီး ကားပေါ်ကလူ ဆင်းပုံရတယ်၊ ဒီမှာ သူ့ခြေရာ ခြေရာဆိုတာက ဖိနပ်ရာကိုပြောတာ၊ ဖိနပ်က ဝေါ့ကင်းရှူးဖြစ်တယ် ဒီမှာရပ်နေတဲ့လက္ခဏာရှိတယ်၊ ရပ်နေပုံက ဘယ်ညာခြေကို ခွခဲ့ ပြီးရပ်နေတာ၊ မျက်နှာမူထားတာက ပြတင်းပေါက်တည့်တည့်ပဲ တွေ့လား၊ ဒီမှာ သေသေချာချာကြည့်၊ ဟုတ်ပြီနော်၊ ပြီးတော့ ဒုတ်နံရံဘက်ကိုကပ်သွားတဲ့ ခြေရာရှိတယ်၊ တစ်လှမ်း... နှစ်လှမ်း ဟုတ်ပြီ၊ အဲဒီနေရာမှာ ရပ်ပြန်တယ်၊ ဟော ပြီးတော့ ပြန်လာတဲ့ ခြေရာ၊ ဒါက ကားပေါ်ပြန်တက်တဲ့ သဏ္ဍာန်ပဲ”

ကျွန်တော် စိတ်ဝင်စားသွားသည်။

“ရှားဆိုလိုတာက အန်ကယ်ဦးတောက်ထွန်းကို ဒီနေရာက နေပြီး ဓားနဲ့ပစ်တယ်လို့ ဆိုလိုတာလား”

“မှန်တယ်ကိုကို”

သစ္စာကပါ စိတ်အားထန်သန်စွာဖြင့်

“ဒီလူဟာ ကားနဲ့လာတဲ့သူပေါ့ ဟုတ်လား၊ ဒီနေရာကနေ ကားရပ်ပြီး ဖေဖေ့ကို ဓားနဲ့ပစ်တယ်ပေါ့၊ ဒါပေမယ့် ဒီလောက် ဓားပစ်တာ လက်ဖြောင့်နိုင်ပါ့မလား”

ဟု ဝင်မေးသည်။ ရှားက လက်ခံဟန် ခေါင်းတစ်ချက်ညိတ်ပြီး

“တချို့ လေ့ကျင့်ထားသူတွေဟာ ပစ်မှတ်ကို မလွဲပစ်နိုင်ကြ တာပဲလေ၊ ပြီးတော့ ဟောဒီအကွာအဝေးဟာ ဆယ့်ငါးပေလောက် ပဲရှိမယ်၊ ဖြစ်နိုင်ပါတယ်”



“ဒါဆိုရင် အဲဒီလူ ညက ကျူးလွန်ပုံကို ရှားက အခုလိုပဲ သုံးသတယ်ပေါ့”

“မှန်တယ်ကိုကို၊ ဒီလူဟာ ညက ဂျင်းဘောင်းဘီဝတ်လာ တယ်၊ ဝေါ့ကင်းရှူးဖိနပ်ရာကိုတွေ့လို့ ဂျင်းဘောင်းဘီဝတ်တယ်လို့ ရှားဆိုလိုတာ၊ ဒီလူရဲ့အရပ်အမောင်းဟာ အတော်ကလေးမြင့်တယ်၊ ပေ ၁၀ လက်မလောက် အနည်းဆုံးရှိမယ်၊ ဘာကြောင့်လဲဆို တော့ ဖိနပ်ရာရဲ့အရွယ်နဲ့ မှန်းဆကြည့်ပြီး သိနိုင်တယ်၊ ဒီလူဟာ ကားနဲ့လာပြီး ဒီနေရာမှာရပ်မယ်၊ ပြီးတော့ အန်ကယ်ဦးတောက် ထွန်းကို တယ်လီဖုန်းဆက်မယ်၊ တယ်လီဖုန်းထဲကနေ ပြတင်းပေါက် နားရောက်လာအောင် မျှားခေါ်မယ်၊ အန်ကယ်လည်း ပြတင်းဝမှာ လာရပ်ရော ဓားနဲ့ပစ်လိုက်တာပဲ၊ ဓားက ရင်ဝမှာစိုက်ပြီး လဲကျ သော့ ဓားရိုးရဲ့အနောင့်က နံရံနဲ့တိုက်မိပြီး လဲကျတဲ့အရှိန်ကြောင့် ဓားကို ထပ်ပြီးရိုက်သွင်းသလို ဖြစ်သွားမယ်၊ ဒါကြောင့် နှလုံးကို ထိခိုက်ပြီး သေဆုံးရတာပဲ”

“ဟာ ဒါဖြစ်နိုင်တယ်၊ ယုတ္တိရှိတယ်”

ခြံစောင့်ဦးကြီးမောင်က ဝင်ပြောသည်။

“ဒါဆို ညက ဦးကြီးမောင် ဒီနေရာမှာ ကားရပ်တာ သတိပြု မိသလား”

“ဒါတော့ မသိဘူး ဆရာမလေး”

သစ္စာက...

“မမရှား ယူဆချက်အရဆိုရင်တော့ ကိုမျိုးခိုင် မဖြစ်နိုင်ဘူး ပေါ့နော်၊ ဒါဆို ဘယ်သူဖြစ်မလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မမရှား မပြောနိုင်သေးဘူး၊ ခိုင်လုံတဲ့ အထောက်အထား ထပ်ရှာရမှာပဲ"

ခြံစောင့်ဦးကြီးမောင်က တစ်စုံတစ်ခု စဉ်းစားဟန်ဖြင့်

"ဒါဆိုရင် ဆရာဦးတောက်ထွန်းဆီကို လာသွားတဲ့လူနဲ့မှာ ပတ်သက်နေမလား မသိဘူး" ဟု ပြောသည်။ ဦးကြီးမောင်၏ စကားကို ကျွန်တော်တို့ စိတ်ဝင်စားသွားကြသည်။

"ဘယ်သူလဲ"

"ဟိုလေ သစ္စာမသိဘူးလား၊ ဆရာ့ဆီကို တစ်ခါတစ်ခါ လာတတ်တယ်၊ ပါဂျဲရိုးနဲ့လေ"

ပါဂျဲရိုးဆိုသောကြောင့် ရှားမျက်ဝန်းများ တောက်ပသွားပြီး သည်။ အဆောတလျင် မေးခွန်းပြန်ထုတ်သည်။

"ဟုတ်ပြီ၊ အဲဒီလူနဲ့ အန်ကယ်ဦးတောက်ထွန်းနဲ့ ဘာဖြစ်နေ လို့လဲ"

"ဦးလေးပြောတာ ဦးကျော်ခေါင်ပဲ" ဟု သစ္စာက ဝင်ပြီး ထောက်သည်။

"ကြာတော့ နည်းနည်းကြာသွားပါပြီ၊ တစ်လခွဲလောက်ရှိပြီ ထင်တယ်၊ အဲဒီလူနဲ့ ဆရာဦးတောက်ထွန်းနဲ့ ခြံထဲမှာစကားပြောကြ ရင်း စကားများကြတယ်၊ ပြောကြတာတွေကိုတော့ ကျွန်တော် သေသေချာချာ မသိပါဘူး၊ အပြန်အလှန် တင်းတင်းမာမာ ဖြစ်တာကို သိလိုက်တယ်၊ အဲဒီလူက သူ့ရဲ့ ပါဂျဲရိုးကားနဲ့ ပြန်မထွက်ခင်မှာ ဆရာ့ကို 'ခင်ဗျားသိမယ်' လို့ ကြိမ်းသွားသံကို ကြားလိုက်ရပါတယ်"

ဦးကြီးမောင် စကားအဆုံးမှာ



"သစ္စာတို့နဲ့ သိပ်ပြီးတော့ အခင်မင်အရင်းနှီးကြီးတော့ မဟုတ်ပါဘူး၊ ဖေဖေနဲ့တော့ အလုပ်ကိစ္စ အဆက်အသွယ်ရှိပုံ ရပါတယ်၊ လုပ်ငန်းကိစ္စ အဆင်မပြေတာမျိုး ဖြစ်ပါလိမ့်မယ်" ဟု သစ္စာက ဝင်၍ဖြည့်စွက်သည်။

"ဒါကြောင့်လည်း ဆရာ့ကိုသတ်တာ ဖြစ်ချင်ဖြစ်နိုင်တာပေါ့"

ဦးကြီးမောင်၏ ထင်မြင်ချက်။

"ဒါ စဉ်းစားရမယ့်အချက်ပဲ၊ ဦးကျော်ခေါင်ကိုလည်း ရှားတို့ စုံစမ်းရမယ်"

ရှားက သူမ၏လက်ကိုင်ဖုန်းကိုထုတ်၍ နံပါတ်တစ်ခုကို လှည့်နေသည်။ ကျွန်တော်တို့က ရှား ဘယ်ကိုဆက်သလဲဟု စောင့်ကြည့်နေမိ၏။

"ဘယ်ကိုဆက်မှာလဲ"

"ရဲအုပ်စောဝင်းဆီကိုပါ"

ဖုန်းကိုနားမှာကပ်ပြီး ရှားကစကားပြောသည်။

"ဟဲလို ကိုစောဝင်းလား၊ ကျွန်မ မေစံရှားပါ"

"....."

"ကျွန်မ ဦးတောက်ထွန်းအိမ်က ဆက်နေတာပါ၊ ဒီမှာ အရေးကြီးတယ်လို့ ယူဆနိုင်တဲ့ သက်သေခံတွေ တွေ့ထားလို့ပါ၊ အဲဒါ ကိုစောဝင်းလာယူစေချင်ပါတယ်"

"....."

"ကောင်းပါပြီ၊ ကျွန်မစောင့်နေပါ့မယ်"

ရှားက ဖုန်းကိုပြန်ပိတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာကို ခဏတော့ပိတ်ထားရမယ်၊ ရဲအုပ် ကိုစောဝင်း ရောက်မလာခင် တခြားကားတွေ၊ လူတွေ လာလို့မဖြစ်ဘူး" ဟု ပြောသည်။ ဦးကြီးမောင်က "ကျွန်တော်စောင့်နေပါမယ်" ဟု တာဝန်ယူသည်။

ထိုစဉ် ကားလမ်းတစ်ဖက်ခြံ ခြံစည်းရိုးပေါ်မှ ခေါင်းပြူကြည့်နေသော အမျိုးသမီးကြီးတစ်ဦးကို ကျွန်တော် သတိပြုလိုက်မိသည်။ ထို့ကြောင့် ရှားကို လက်ကုတ်ပြီးပြလိုက်သည်။

ရှားက ထိုအမျိုးသမီးကြီးရှိရာသို့ ချဉ်းကပ်သွားသည်။

"အန်တီက ဒီခြံကပါလားရှင်"

"ဟုတ်ပါတယ်၊ အခု မိန်းကလေးတို့ ဘာလုပ်နေတာလဲ"

"ညက အဲဒီခြံက ဦးတောက်ထွန်း အသတ်ခံရပါတယ်၊ အဲဒါနဲ့ပတ်သက်ပြီး အန်တီ ထူးခြားတာတစ်ခုခုများ တွေ့မိပါသလား"

"ဦးတောက်ထွန်း အသတ်ခံရတယ်ဆိုတာတော့ကြားတယ်၊ ဘယ်အချိန်ကလဲ"

"ညက ခုနစ်နာရီလောက်ပါ"

အမျိုးသမီးကြီးမှာ အသက်လေးဆယ်ကျော် ငါးဆယ်နီးပါး ခန့်ရှိမည်ဖြစ်ပြီး ပညာတတ်၊ ရည်မွန်သောရုပ်လက္ခဏာရှိသည်။ သူမက တစ်စုံတစ်ခုကို စဉ်းစားလိုက်ပြီး . . .

"သြော် . . .ညက အန်တီ ကိုရီးယားဇာတ်လမ်းတွဲကြည့်တယ်၊ ဇာတ်လမ်းစပြီးမကြာခင် ကြော်ငြာဝင်လာတယ်၊ အဲဒီအချိန်မှာ အန်တီက ပြတင်းပေါက်ကို ထပိတ်တယ်၊ ပြတင်းပေါက်ပိတ်



တဲ့အချိန်မှာ ဟောဒီနေရာကနေ ကားတစ်စီး မောင်းထွက်သွားတာ တွေ့လိုက်တယ်"

"အဲဒီကားက ဖြတ်သွားတာလား၊ ရပ်နေရာကနေ မောင်းထွက်သွားတာလား"

"ရပ်နေရာကနေ မောင်းထွက်သွားတာပါ"

"အဲဒီကားကို မှတ်မိလားအန်တီ"

"ကားကို မှောင်ထဲမှာဆိုတော့ သေသေချာချာ ဘယ်မှတ်မိပါ့မလဲ၊ ဒါပေမယ့် အဖြူမဟုတ်တာတော့ သေချာတယ်၊ ကားစက်သံကတော့ ညက်ညက်ကလေးပဲ၊ အကောင်းစားကား ဖြစ်မှာပေါ့"

"ဦးတောက်ထွန်းတို့ တိုက်ဖက်ကို ကြည့်မိသေးလားအန်တီ"

"အဲဒါတော့ မကြည့်မိဘူးကွယ်၊ အန်တီလည်း ပြတင်းပေါက်ပိတ်ပြီး ရုပ်ရှင်ပြန်ကြည့်နေတာဆိုတော့လေ"

"ကျေးဇူးပါပဲ အန်တီ၊ တကယ်လို့ လိုအပ်လာရင် အခု အန်တီ ပြောတာကို တရားရုံးမှာ သက်သေအဖြစ် ပြောပြပေးပါနော်"

"ရပါတယ်ကွယ်"

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



## ၁၉

ရဲအုပ်စောဝင်း၏မျက်နှာမှာ ကြည်လင်ခြင်းမရှိ။ အလိုမကျဟန်နှင့် စိတ်အနှောင့်အယှက်ဖြစ်ဟန်များက သူ့မျက်နှာ၌ အထင်အရှား ပေါ်လွင်နေသည်။ ရှားကိုကြည့်သော မျက်လုံးတွေမှာ ဒေါသရိပ်များပင် ထင်နေ၏။

"ခင်ဗျားဗျာ၊ အရေးကြီးတဲ့ သက်သေခံတွေဆိုလို့ ကျွန်တော်တို့က လာတာ၊ ဒီ ဘာမဟုတ်တဲ့ကားဘီးရာတွေပြတယ်၊ ပြီးတော့ မဆီမဆိုင် ခြေရာတွေနဲ့ စိတ်ကူးယဉ်ဇာတ်လမ်းတွေ လျှောက်ပြောတယ်၊ ဒီကားဘီးရာတွေ ခြေရာတွေက ဘယ်တုန်းကဟာတွေမှန်း မသိဘူး"



ရဲအုပ်စောဝင်းလေသံက မာနေသည်။ ရှားက သည်းခံပြုံးဖြင့်

"ကိုစောဝင်းတို့ကို အလုပ်ပိုအောင်၊ အလုပ်ရှုပ်အောင် လုပ်တာ မဟုတ်ပါဘူး၊ တကယ်အရေးကြီးတဲ့ သက်သေခံတွေမို့ပါ၊ မနေ့က နေ့လည်က မိုးရွာပါတယ်၊ ဒါကြောင့် ဒီကားဘီးရာ၊ ခြေရာတွေက မနေ့က နေ့လည်ပိုင်းထက်စောပြီး ထင်ကျန်တာ မဟုတ်ပါဘူး၊ အရင်က ဘီးရာတွေဆိုရင် ရေတွေတင်နေမယ်၊ ပျက်ချင်ပျက်နေမယ်ပေါ့၊ ပြီးတော့ ညကလည်း မိုးမရွာဘူးလေ၊ ဒါကြောင့် ဘီးရာတွေ၊ ခြေရာတွေမပျက်တာ၊ ဟိုဘက်ခြံက အန်တီကလည်း ညက မနေ့စ်နာရီသာသာလောက်မှာ ဒီနေရာကနေ ကားတစ်စီးထွက်သွားတယ်လို့ သက်သေခံထားပါတယ်"

"ခင်ဗျားတို့က မောင်မျိုးခိုင်သတ်တာ မဟုတ်ဘူးလို့ ပြချင်နေတာမဟုတ်လား၊ ရှင်းနေတာကို ရှုပ်အောင် လုပ်နေကြတာပဲ၊ ဒီမှာ ဒေါ်မေစံရှား၊ မောင်မျိုးခိုင်ကိုမြင်လိုက်တဲ့ မျက်မြင်သက်သေ အိမ်ဖော်မကြည် ရှိတယ်၊ မောင်မျိုးခိုင်ထွက်သွားတာကို ခြံစောင့် မောင်ကြီးကလည်းမြင်တယ်၊ ပြီးတော့ သက်သေခံဓားမှာ ဘာတွေ့လဲသိလား ဒေါ်မေစံရှား၊ MMK ဆိုတဲ့ စာလုံးတွေ အရိုးမှာတွေ့ရတယ်၊ ဒီတော့ ရှင်းနေပြီ၊ မောင်မျိုးခိုင်ရဲ့ဓားပဲ၊ ဒီထက်ရှင်းတာက မောင်မျိုးခိုင်ဟာ သူမသတ်ရိုးမှန်ရင် အိမ်မှာရှိရမယ်၊ ခုတော့ ပြေးနေတယ်၊ ဒါကိုကပဲ သူသတ်ကြောင်း ထင်ရှားတယ်၊ ကဲ ဘာပြောဦးမလဲ ဒေါ်မေစံရှား"

ရဲအုပ်စောဝင်း၏ စကားများက ရှားကို မှည့်မတာထိုးနှက်လိုက်ခြင်း ဖြစ်သည်။ ရှားကမူ တရားရုံးတွင် ရင်ဆိုင်နေရသူ ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘက်အကျိုးတော်ဆောင်၏စကားကဲ့သို့ပင် ရဲအုပ်စောဝင်းစကား မှတ်ယူပုံရ၏။ အပြုံးမပျက်ခဲ့။

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဒီသက်သေခံတွေကို မှတ်တမ်းတင်ပေးပါ၊ ဒါ ကျွန်မက မိသားစုဘက်ကနေ တောင်းပန်နေတာပါ ကိုစောဝင်း၊ ဒါဟာ တစ်ချိန်မှာ သက်သေအဖြစ် ထင်ရှားအသုံးဝင်လာနိုင်ပါတယ်"

"ရှုပ်တယ်ဗျာ"

ရဲအုပ်စောဝင်း စိတ်တိုတိုနှင့် အနားမှထွက်သွားသည်။ သို့သော် အတူပါလာသူ ရဲကြပ်ကြီးအား မှတ်တမ်းတင်ဓာတ်ပုံရိုက်စေခြင်း၊ သက်သေလူကြီးများရှေ့တွင် မှတ်တမ်းရေးသွင်းခြင်းများကို ပြုလုပ်စေသည်။

"အခုအချိန်မှာတော့ ရဲအုပ်စောဝင်းကို မမရွှား ဘာမှပြောစရာမဟုတ်သေးဘူး၊ သူက မောင်မျိုးခိုင်နောက်ကိုပဲ တစိုက်မတ်မတ်လိုက်နေတာ၊ သစ္စာ ဘာမှမပူနဲ့၊ အဆင်ပြေသွားမှာပါ၊ အန်ကယ်ရဲ့အဖြစ်ဆိုးအတွက် မမရွှားလည်း စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ အဖြစ်မှန်တွေတော့ ပေါ်လာရမှာပါ"

ရွှားက သစ္စာ၏ပခုံးကိုဖက်၍ နှစ်သိမ့်သည်။

"သစ္စာက အရမ်းခံစားရတာက ဖေဖေကလည်း အသက်ဆုံးရပြီး ကိုမျိုးခိုင်က လူသတ်သမား ဖြစ်နေတာကိုပါ၊ မမရွှားကြည့်ပါနော်၊ သစ္စာကတော့ ကိုမျိုးခိုင် သတ်တယ်လို့မထင်ဘူး"

မျက်ရည်များဖြင့်ပြောနေသော သစ္စာ၏ စကားအဆုံးတွင်

"မမရွှားကလည်း ဒီလိုပဲ ယုံကြည်ပါတယ်၊ အဲ မမရွှား



တစ်ခုတော့ အကူအညီတောင်းချင်တယ်"

"ပြောပါ မမရွှား"

"မောင်မျိုးခိုင်ကို သစ္စာရှာပြီးဆက်သွယ်ပါ၊ ဖြစ်နိုင်ရင် ရှောင်ပြေးမနေဘဲ ရင်ဆိုင်ဖို့ပါ၊ ရှောင်ပြေးနေခြင်းဟာ သူ့အပေါ် စွဲချက်တွေ ပိုပြီးခိုင်မာစေတယ်၊ သိလား"

"သစ္စာကြိုးစားပါ့မယ်"

ရွှားသည် သစ္စာကိုနှုတ်ဆက်ပြီး ရဲအုပ်စောဝင်းအနားသို့ ကပ်သွားပြန်သည်။

"ကိုစောဝင်းကို အလုပ်ရှုပ်အောင်လုပ်သလို ဖြစ်ခဲ့ရတာကို အားလည်းခွင့်လွှတ်ပေးပါနော်၊ ပြီးတော့ သက်သေခံသိမ်းထားတဲ့ဓားကိုလည်း ကြည့်ချင်ပါသေးတယ်၊ အဲဒီဓားမှာ လက်ဗွေရာတွေ တွေ့ပြီလား၊ ဘယ်သူ့လက်ဗွေရာလဲဆိုတာ အဖြေရရင် အမှုက ပိုရှင်းသွားမှာပါ"

ရဲအုပ်စောဝင်းက အလုပ်ရှုပ်နေရာမှ ရွှားကို မျက်ထောင့်နီဖြင့် ဝေ့ကြည့်သည်။

"ဓားကို ကျွန်တော်တို့ စီအိုင်ဒီကိုပို့ပြီး လက်ဗွေပါရဂူရဲ့ အဖြေကို တောင်းထားပါတယ်၊ အဖြေမရသေးပါဘူး၊ ဓားပြန်ရရင် လာကြည့်လို့ရပါတယ်"

ရဲအုပ်စောဝင်းသည် တာဝန်သိသူပီပီ စိတ်ထဲတွင် ဘဝင်မကျသော်လည်း အကျိုးအကြောင်းကိုတော့ သေချာစွာပြောပြသည်။

ရွှားက လေးစားဟန် ဦးညွှတ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှားတို့ကို ခွင့်ပြုပါဦး၊ ကျေးဇူးတင်ပါတယ်" ဟု ခွင့်တောင်းသည်။

"ကောင်းပါပြီ"

ရှားထွက်လာတော့...

"ကိုကိုတို့ ဘယ်သွားမလဲ၊ ဘာဆက်လုပ်မလဲ" ဟု ကျွန်တော်က မေးလိုက်သည်။ ရှားက ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ကာ ရဲအုပ်စောဝင်းတို့အနားမှ ဆွဲခေါ်လာပြီး တိုးတိုးပြောသည်။

"ဦးကြီးမောင်ပြောပြတဲ့ ဦးကျော်ခေါင်ဆီကို လိုက်ချင်တယ် လောလောဆယ်မှာ ဦးကျော်ခေါင်ကလည်း ရှားတို့ဂရုပြုရမယ့်လူ ဖြစ်နေတယ်"

"ဦးကျော်ခေါင် နေတဲ့နေရာကိုသိလား"

"သစ္စာကို မေးထားပြီးပါပြီ"

"အိမ်ကို သွားမှာလား"

"ပထမဆုံး ဦးကျော်ခေါင်ပတ်ဝန်းကျင်ကို စုံစမ်းချင်တယ် လိုအပ်မှ ဦးကျော်ခေါင်နဲ့ တိုက်ရိုက်တွေ့တာပေါ့"

"ကောင်းပြီလေ၊ သွားကြမယ်"

သစ္စာတို့အိမ်မှ ကျွန်တော်တို့ထွက်လာသောအခါ ရဲအုပ်စောဝင်းတို့ အလုပ်ရှုပ်နေဆဲဖြစ်သည်။

"ကိုစောဝင်းက အင်မတန် အလုပ်လုပ်တဲ့သူပါ၊ ဖြောင့်လည်း ဖြောင့်မတ်တယ်၊ ဒါပေမယ့် စိတ်တိုတတ်တယ်၊ သူ့အကြောင်း သိနေလို့ သူပြောတာတွေကို ရှားက စိတ်မဆိုးပါဘူး၊ နောက်တော့ သူ နားလည်သွားမှာပါ"



ရဲအုပ်စောဝင်းတို့ကို ကျောခိုင်းထွက်လာစဉ် ရှားပြောခြင်းဖြစ်သည်။

"ကားပိုင်ရှင်ကို ရှာဖို့ကတော့ မလွယ်လှဘူးနော် ရှား"

"ဟုတ်တယ်ကိုကို၊ ဒါပေမယ့် တရားကိုနတ်စောင့်ပါတယ်၊ အမှုမှန်ပေါ်လာမှာပါ"

ဖြတ်လာသော အငှားကားကို ကျွန်တော်က လက်ပြပြီး တားလိုက်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



## ၂၀

ဦးကျော်ခေါင်နေထိုင်ရာ လမ်းကလေး၏ထိပ်မှ လက်ဖက်ရည် ဆိုင်အတွင်းသို့ဝင်ပြီး လမ်းကိုမျက်နှာမူထားသော စားပွဲလွတ်တစ်ခု တွင် ကျွန်တော်တို့ နေရာယူလိုက်ကြသည်။ ပြီးတော့ လက်ဖက် ရည်နှင့်မုန့်များ မှာလိုက်သည်။

"ရှားတို့ဖြတ်လာရင်း ကြည့်လိုက်တော့ ဦးကျော်ခေါင်ရဲ့ တိုက်က သားသားနားနားပဲ၊ တိုက်ရှေ့မှာ ပါဂျဲရိုးမီးခိုးရောင် ကိုကိုလည်း တွေ့တယ်မဟုတ်လား"

"တွေ့တယ်လေ"

"ဦးကျော်ခေါင်က ဦးတောက်ထွန်းနဲ့ လုပ်ငန်းချင်းဆ



ယ်နေတယ်ဆိုရင် စီးပွားကိစ္စ၊ ငွေကြေးကိစ္စတွေနဲ့ပတ်သက်ပြီး ကျေလည်တာတွေရှိလို့ ဦးတောက်ထွန်းကိုသတ်တာ ဖြစ်တော့ ဖြစ်နိုင်တယ်၊ ဒါက အကြမ်းဖျင်းယူဆချက်ပါ၊ ပြီးတော့ ပါဂျဲရိုး ကားကိုလည်း နည်းနည်းစိတ်ဝင်စားတယ်"

"ဦးကျော်ခေါင်က ဦးတောက်ထွန်းကို လုပ်ကြံချင်တယ်ဆို င်တောင် ကိုယ်တိုင်လုပ်ပါ့မလား၊ လူမိုက်တွေရှာပြီး ရှင်းမှာပေါ့"

"ကိုကိုတွေးတာလည်း သဘာဝကျပါတယ်"

စားပွဲထိုးလေးက လက်ဖက်ရည်များ လာချသဖြင့် ကျွန်တော် ာ စကားမဆက်ဘဲ နေလိုက်သည်။ ရှားက စားပွဲထိုးလူငယ်အား

"မောင်လေး၊ ဒီနားမှာ ဦးကျော်ခေါင်ဆိုတာများ သိလား သိဘူး၊ မမတို့မိတ်ဆွေပါ၊ အိမ်လိပ်စာ အတိအကျမသိလို့" ဟု းလိုက်သည်။ စားပွဲထိုးလူငယ်က . . .

"ဦးကျော်ခေါင်ဆိုတာ ပါဂျဲရိုးကားနဲ့ လူကြီးထင်တယ်၊ ကြောပြေလိမ်းဆေးတွေ ဘာတွေထုတ်တယ်၊ ဟုတ်လား"

"ဟုတ်တယ်"

ရှားက ကျွန်တော့်ကို တစ်ချက်ဝေ့ကြည့်ပြီး ဖြေသည်။

"ဦးကျော်ခေါင်တိုက်က ဒီလမ်းထဲမှာပဲလေ၊ တိုက်ဝါ၊ တစ်ထပ် က်လေးလေ၊ တိုက်လှလှလေးပေါ့၊ ဟိုဘက် ညာဘက်ခြမ်းမှာ တယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲကွယ့်"

"ဦးကျော်ခေါင် မရှိတော့ဘူးအစ်မရဲ့၊ သေသွားပြီ"

"ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ လွန်ခဲ့တဲ့ တစ်လကျော်ကျော်လောက်က ကားတိုက်ခံရပြီး ဆုံးသွားပြီ"

"အို . . . ဟုတ်လား"

"ကားတိုက်ခံရတာကတော့ ခပ်ဆန်းဆန်းပါပဲ၊ မနက်စော စော ဦးကျော်ခေါင် လမ်းထလျှောက်တုန်း အတိုက်ခံရတာ၊ တိုက် သွားတဲ့ကားကို ဘယ်သူမှ မသိလိုက်ရဘူး"

"ဖြစ်မှဖြစ်ရလေ"

စားပွဲထိုးလူငယ်လေးထွက်သွားတော့ ရှားက ကျွန်တော့်ကို ကြည့်ပြီး . . .

"စဉ်းစားစရာတွေတော့ ဖြစ်ကုန်ပြီကိုကို၊ ဒီအတိုင်းဆို ဦးတောက်ထွန်းကိုသတ်တာ ဦးကျော်ခေါင် မဖြစ်နိုင်ဘူးပေါ့"

ရှားက တွေးတွေးဆဆဖြင့် ပြောသည်။ ကျွန်တော်က . . .

"မဖြစ်နိုင်ဘူးလို့ ပြောနိုင်သလို၊ ဖြစ်နိုင်တယ်လို့လည်း ပြောလို့ရပါတယ်၊ သူတို့နှစ်ယောက် စကားများကြတယ်၊ ဦးကျော် ခေါင်က ကြိမ်းတယ်၊ ဒါကြောင့် ဦးတောက်ထွန်းက ဦးကျော်ခေါင် ကို အရင်ဆုံးရှင်းပစ်တယ်၊ ဒါကို ဦးကျော်ခေါင်မိသားစု ဒါမှမဟုတ် တပည့်တွေကသိလို့ ဦးတောက်ထွန်းကို ပြန်ပြီးလုပ်ကြံတာမျိုးရော မဖြစ်နိုင်ဘူးလား" ဟု ဝင်၍ ထင်မြင်ချက်ပေးလိုက်သည်။

"ကိုကိုပြောတာ ဖြစ်နိုင်ချေရှိပါတယ်၊ ဒါပေမယ့် အဲဒါက ရုပ်ရှင်ဆန်လွန်းတယ်၊ အပြင်မှာ ဒီလူတွေဟာ ဒီလောက်ထိ မိုက် တွင်းနက်ကြမယ့်လူတွေ မဖြစ်နိုင်ပါဘူး"

ရှားက ကျွန်တော့်စကားကို သိပ်ပြီးသဘောတူဟန်မပြ



"စဉ်းတော့ စဉ်းစားသင့်တယ်နော် ရှား"

"စဉ်းစားရမယ့်အထဲမှာတော့ ထည့်ထားပါတယ်ကိုကို၊ ဒါပေ မယ့် ဒီလိုအတွေးနောက်ကို ဖွတ်လိုက်ရင် အဖြေမှန်နဲ့လွဲမှာလည်း သတိထားရမယ်၊ ကိုစောဝင်းတို့ မောင်မျိုးခိုင်နောက်ကို လိုက်သလို မျိုး ဖြစ်နေမယ်"

"မောင်မျိုးခိုင် မသတ်ဘူးလို့ ရှား အခိုင်အမာယုံကြည်တယ် ပေါ့"

"အခု အနေအထားအတိုင်းကတော့ မောင်မျိုးခိုင်ဟာ ဆွမ်းခံ ရင်းငှက်သင့်တာပဲလို့ ရှားထင်တယ်"

"သစ္စာတို့ရဲ့ကွယ်ရာမှာ ဦးတောက်ထွန်းက မောင်မျိုးခိုင်ကို စိတ်နာစရာ တစ်ခုခုလုပ်ခဲ့ရင်ကော၊ မောင်မျိုးခိုင်က ဦးတောက်ထွန်း ကို မသတ်နိုင်ဘူးလား"

"ဒီလောက်ထိတော့ မဖြစ်နိုင်ပါဘူ ကိုကိုရယ်၊ မောင်မျိုးခိုင် ဟာ ဒီလောက် သွေးအေးအေးနဲ့ ရက်စက်မယ့်သူ မဟုတ်ဘူး၊ ပြီး တော့ ရှား ခုမနက်တွေ့ခဲ့သလို ဦးတောက်ထွန်းကို လုပ်ကြံသူဟာ အပြင်ကနေ ဓားနဲ့ပစ် လုပ်ကြံသွားတာပဲလို့ ရှားယုံကြည်တယ်"

"ဟော ဟိုမှာ ဦးကျော်ခေါင်အိမ်က ပါဂျဲရိုးမဟုတ်လား"

ရှားနှင့် စကားပြောနေစဉ် လမ်းထဲမှထွက်လာသောကားကို မြင်သဖြင့် ကျွန်တော်က ရှားကိုပြသည်။ ရှားက လှည့်ကြည့်ပြီး "ဟုတ်တယ် ကိုကို" ဟု ပြောသည်။

ပါဂျဲရိုးကားက လက်ဖက်ရည်ဆိုင်နှင့်တည့်တည့် လမ်းထိပ် မှာ ရပ်သွားသည်။ ကားတံခါးပွင့်လာပြီး ကားပေါ်မှ အသက်ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှီးပါးခန့်ရှိသည့် လူကြီးတစ်ဦး ဆင်းလာသည်။ ထိုလူကြီးသည် လမ်းထောင့်ရှိ ကွမ်းယာဆိုင်သို့သွားကာ ကွမ်းဝယ်သည်။ ရှားက ရုတ်ခနဲ ထိုင်ရာမှထကာ ပဲဂူရိုးကားဆီသို့ ထွက်သွားသည်။ ရှား ဘာလုပ်မည်ဆိုသည်ကို ကျွန်တော်မသိ။ နေရာမှပင် ကျွန်တော် စောင့်ကြည့်နေလိုက်သည်။

ရှားသည် ပါဂျဲရိုးကားနား ကပ်သွားပြီး ကား၏ဘယ်ဘက် ရှေ့ဘီးကို ငုံ့ကြည့်နေသည်။ ထိုစဉ် ကားမောင်းသူလူကြီး ပြန်လှည့်လာသည်ကိုတွေ့သဖြင့် ကျွန်တော်ပါ ထိုင်ရာမှထပြီး ရှားထံသို့ လိုက်သွားလိုက်သည်။ ရှားနှင့်ထိုလူကြီး ပြဿနာဖြစ်မှာစိုး၍ ဖြစ်ပါသည်။

ရှားကလည်း ထိုလူကြီး ပြန်လာသည်ကို မြင်ပုံရပါသည်။ ကားနားတစ်ဝိုက်မြေပြင်ကို ဟိုကြည့်သည်ကြည့် လုပ်သည်။ တစ်ခုခု ပျောက်ဆုံးသဖြင့် ရှာနေပုံမျိုး။

"ဘာဖြစ်လို့လဲကွယ်"

ကားမောင်းသူလူကြီးက ကားပေါ်မတက်သေးဘဲ ရှားကို မေးသည်။

"ကျွန်မရဲ့သော့ ဒီနားမှာ ကျသွားလို့ပါ"

ကျွန်တော်ကလည်း ရှားစကားနှင့် လိုက်လျောညီထွေစွာ အနားမှာ ရှာဟန်ပြုသည်။ ကားဆရာလည်း ကားပေါ်တက်ကာ ကားကို မောင်းထွက်သွား၏။ ကားအဝေးကို ရောက်သွားသည်နှင့် ကျွန်တော်တို့လည်း လက်ဖက်ရည်ဆိုင်သို့ ပြန်လာခဲ့ကြသည်။

ထိုင်ခုံ၌ ပြန်ထိုင်ထိုင်ချင်း...



"ရှားတို့တွေ့ခဲ့တဲ့ သစ္စာတို့အိမ်ခေါင်းရင်းက ကားဘီးရာတွေနဲ့ ဒီပါဂျဲရိုးကားဘီးတွေနဲ့ မတူဘူး၊ ကားဘီးက ပန်းရာတွေမတူသလို ဒီကားဘီးက ပန်းပွန်းနေပြီ၊ ပြီးတော့ ရှား သတိထားပြီး ပြောခဲ့တဲ့ ကားဘီးရဲ့ပန်းတွေကြားမှာ ရှုးဝင်နေတဲ့ သံပြားစ သွပ်ပြားစလည်းမတွေ့ဘူး၊ ဒါကြောင့် ဒီကားဟာ ညက သစ္စာတို့အိမ်ခေါင်းရင်းမှာ ရပ်တဲ့ကားမဟုတ်ဘူး" ဟု ပြောသည်။

"ဒါဆို ဦးကျော်ခေါင်လည်း မရှိတော့ဘူး၊ သူ့ကားလည်း မဖြစ်နိုင်တော့ဘူးဆိုတော့ ဦးကျော်ခေါင်နဲ့ ဦးတောက်ထွန်းပတ်သက်မှုကို ဘေးဖယ်စဉ်းစားရတော့မှာပေါ့နော် ရှား"

ရှား အဝေးသို့ငေးနေသည်။ ရုတ်တရက် စကားမပြန်။ ကျွန် တော်လည်း ယခုမှ လက်ဖက်ရည်ကို သောက်ဖြစ်တော့သည်။

"ဒါပေမယ့် ရှားစဉ်းစားနေတာ တစ်ခုရှိတယ်ကိုကို"

"ဘာလဲ ရှား"

"မောင်သိန်းရဲ့အမှုမှာ မောင်သိန်းရဲ့အလုပ်ရှင်က ကားအက်ဆီးဒင့်ဖြစ်ပြီး လွန်ခဲ့တဲ့တစ်လလောက်က ဆုံးသွားတယ်ဆိုတာ ဦးကျော်ခေါင်များ ဖြစ်နေမလားဆိုတာ"

"အင်း၊ အချိန်ကာလကတော့ တိုက်ဆိုင်မှုရှိတယ်"

"မောင်သိန်းရဲ့မိသားစုကို သေသေချာချာ ပြန်မေးလိုက်ရင် ဦးကျော်ခေါင် ဟုတ်မဟုတ် သိမှာပဲလေ၊ မဟုတ်ဘူးလား"

"တကယ်လို့ မောင်သိန်းရဲ့အလုပ်ရှင်ဟာ ဦးကျော်ခေါင် ဖြစ်ခဲ့ရင် မောင်သိန်းပြဿနာဟာ ဦးတောက်ထွန်းနဲ့ရော ဆက်စပ်နေမလား"

www.burmeseclassic.com

www.burmeseclassic.com



"ပြောတော့ မပြောနိုင်ဘူးကိုကို"

"ရှားကို လမ်းမှာလိုက်ပြီး အန္တရာယ်ပေးခဲ့တဲ့ လူနဲ့လည်း တစ်နည်းတစ်ဖုံ ပတ်သက်ချင် ပတ်သက်နေနိုင်တယ်နော် ရှား"

ရှား ဘာမျှပြန်မပြောတော့။ အေးစက်နေပြီဖြစ်သော လက်ဖက်ရည်ကို တစ်ငုံမျှ ငုံ့သောက်ကာ ပြန်ချသည်။ ရေနွေးကြမ်းတစ်ခွက်ကို ငုံ့ယူပြီး သောက်သည်။ ပြီး. . .

"သွားကြစို့ကိုကို" ဟု ပြောသည်။

"ဘယ်ကိုသွားမှာလဲ"

"အချိန် သိပ်ဆွဲလို့မရဘူးလေ၊ မောင်သိန်းအိမ်ကို သွားမယ် ပြီးရင် ရဲစခန်းကိုပြန်ဝင်မယ်၊ စခန်းမှာ သက်သေခံအား ပြန်ရောက် မရောက်နဲ့ ရိုက်ထားတဲ့ဓာတ်ပုံရနေပြီဆိုရင် ကြည့်ချင်တယ်"

လက်ဖက်ရည်ဖိုးရှင်းပြီးတော့ ကျွန်တော်တို့ ထွက်လာခဲ့ကြသည်။ နေက မြင့်တက်လာနေပြီဖြစ်၏။ မွန်းတည့်လုပင် ရှိပေပြီ။

❒ ❒ ❒



## ၂၁

မောင်သိန်း၏ဇနီးကို တွေ့ပြီးသည့်အခါ မောင်သိန်းအလုပ်ရှင်မှာ ဦးကျော်ခေါင်ဖြစ်ကြောင်း သေချာသွားသည်။

"ဒါဆိုရင်တော့ ရှား ကြားထားသလို ဦးတောက်ထွန်းဟာ ဥပဒေနဲ့ မလွတ်ကင်းတာတွေ လုပ်တယ်ဆိုတာ မှန်နေပြီကိုကို၊ ဦးတောက်ထွန်းက ဦးကျော်ခေါင်နဲ့ အလုပ်တွဲလုပ်တယ်၊ ဦးကျော်ခေါင်နဲ့မောင်သိန်းက အလုပ်ရှင်နဲ့အလုပ်သမား၊ မောင်သိန်းအမှုကိစ္စဖြစ်ပြီး ဦးကျော်ခေါင် ကားအက်ဆီးဒင့်ဖြစ်တယ်၊ ဒါဟာလည်း ဦးတောက်ထွန်းနဲ့ ပတ်သက်နိုင်တယ်၊ ဦးတောက်ထွန်းဟာ ဒီလုပ်ငန်းမှာ ဆရာကြီးတစ်ဆူများ ဖြစ်နေသလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းမှာ ရှား တွေးတွေးဆဆ ပြောသည်။

"ဖြစ်နိုင်တယ်ရှား"

"ဒီအတိုင်းမှန်ရင် ဦးတောက်ထွန်း သေဆုံးရတာဟာ သူနဲ့ ပတ်သက်တဲ့ ဥပဒေမလွတ်ကင်းတဲ့ လူတစ်ယောက်ယောက်က လက်တုံ့ပြန်တာ ဖြစ်နိုင်တယ်၊ ဘယ်သူဖြစ်နိုင်မလဲ"

ကျွန်တော်တို့ ရဲစခန်းကိုရောက်သွားကြတော့ ရဲအုပ်စောဝင်းကို အဆင်သင့်တွေ့ရသည်။ ရဲအုပ်စောဝင်း သစ္စာတို့အိမ်မှ ပြန်ရောက်နေပြီဖြစ်သည်။ စစ်ကြောရေးခန်းထဲမှာ လူတစ်ယောက်ကို စစ်ဆေးနေသဖြင့် ကျွန်တော်တို့ သူ့စားပွဲမှာ ထိုင်စောင့်နေကြရသည်။

နာရီဝက်ကျော်ကျော်ကြာမှ ရဲအုပ်စောဝင်း စစ်ကြောရေးခန်းမှ ထွက်လာသည်။ သူ့နောက်မှ ရဲကြပ်ကြီးတစ်ဦးက လူတစ်ယောက်ကို ဆွဲခေါ်လာပြီး အချုပ်ခန်းဘက်သို့ ခေါ်သွားသည်။ စကြံသို့ ရောက်လာသော ထိုစစ်ဆေးခံရသူ တရားခံမှာ အရုပ်ပုပု၊ ဂင်တိုက်ဗလကောင်းကောင်း၊ ရုပ်ဆိုးဆိုး ဖြစ်သည်။ ထိုသူက ကျွန်တော်တို့ကိုလှမ်းကြည့်ပြီး ရှားကိုမြင်သည်နှင့် မျက်နှာအပျက်ပျက်ဖြင့် ခေါင်းကို ငုံ့ချလိုက်သည်။

ရှားကလည်း ထိုသူ၏ အမူအရာပြောင်းလဲသွားပုံကို မြင်လိုက်ပုံရသည်။

ရဲကြပ်ကြီးခေါ်ဆောင်ရာ လိုက်ပါသွားပြီး အချုပ်ခန်းထဲသို့ ဝင်သွားသည်အထိ ထိုလူ၏ သွင်ပြင်လုပ်ရှားဟန်ကို လိုက်လံစေ့ကြည့်နေသော ရှားသည် ကျွန်တော့်ဘက်သို့လှည့်လာပြီး. . .



"အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန်ကို ရှား မြင်ဖူးတွေ့ဖူးတယ် ထင်တယ်၊ မျက်နှာကိုတော့ သေသေချာချာ ပုံဖမ်းလို့ မရသေးဘူး" ဟု ပြောသည်။

"တရားရုံးတစ်ခုခုမှာ မြင်ဖူးခဲ့တာနေမှာပါ"

ရှားက ဘာမှပြန်မပြောဘဲ တွေ၍ စဉ်းစားနေသည်။ ပြီးဆတ်ခနဲလှုပ်ရှားလာသည်။

"ဟော သိပြီ၊ အဲဒီလူဟာ"

ရှားစကားမဆုံးမီ ရဲအုပ်စောဝင်း အနားရောက်လာကာ. . .

"ဒေါ်မေစံရှားတို့ ကျွန်တော့်ကို စောင့်နေတာထင်တယ်" ဟု နှုတ်ဆက်လိုက်သည်။ ရဲအုပ်စောဝင်းမျက်နှာမှာ ပကတိအတိုင်း ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျဖြစ်၏။ ကျွန်တော်တို့ကိုနှုတ်ဆက်ပြီး စားပွဲမှာဝင်ထိုင်သည်။

"စောစောက ကိုစောဝင်း စစ်ဆေးနေတဲ့သူဟာ ဘယ်သူလဲ"

ရှားက ရဲအုပ်စောဝင်းအား အလောတကြီးမေးလိုက်သည်။ ရဲအုပ်စောဝင်း ပြုံးလေသည်။

"ဒေါ်မေစံရှားရဲ့ မိတ်ဆွေကြီးပေါ့"

"ရှင်"

"ဟုတ်တယ် ဒေါ်မေစံရှား၊ သူနာမည်က တခောက်ကန်း လှမောင်တဲ့၊ သူ့ကို ညကဆွဲထားတာ၊ အမှုတစ်ခုနဲ့ ပတ်သက်လို့ပါ၊ အခုတော့ စစ်ရင်းဆေးရင်း သူက လုပ်ခဲ့သမျှကိုဖော်တယ်၊ အဲဒီမှာ. . . သူပြောသွားတာတွေက စိတ်ဝင်စားစရာကောင်းတယ်၊ ဒေါ်မေစံရှား သိချင်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပြောပါရှင်"

"ဒေါ်မေစံရှားလိုက်နေတဲ့ မောင်သိန်းရဲ့အမှုတွဲမှာ နောက်က ပါဝင်ခဲ့တဲ့ သူ့ရဲ့အလုပ်ရှင် ဦးကျော်ခေါင်ဟာ ကားအက်ဆီးဒင့် ဖြစ်ပြီး သေဆုံးသွားတယ်မဟုတ်လား၊ အဲဒါဟာ ကားအက်ဆီးဒင့် မဟုတ်ဘူး၊ လုပ်ကြံတာ၊ တမင်ဝင်ပြီးတိုက်သတ်တာ၊ အဲဒီလိုလ ခဲ့တာ တဆောက်ကန်းလှမောင်နဲ့ သူ့ဆရာ လက်မရှိ့တင်စိန်ပဲ လက်မရှိ့တင်စိန်ကိုတော့ ကျွန်တော်တို့ ရှာနေဆဲပဲ ဒေါ်မေစံရှား"

ကျွန်တော်တို့ အံ့အားသင့်သွားကြသည်။ ရဲအုပ်စောဝင်းက စကားဆက်သည်။

"ပြီးတော့ ဒေါ်မေစံရှား အိမ်အပြန်မှာလိုက်ပြီး ကားနဲ့တိုက် ခဲ့တာလည်း သူတို့ပါပဲတဲ့၊ ဝန်ခံတယ်"

"ရှင်. . . ဒါကြောင့် သူရဲ့ပုံပန်းကို ရှားသိတယ်လို့ထင်တာ ကိုး၊ သူက ဘာကြောင့် ရှားကို ကားနဲ့တိုက်ရတာလဲ၊ သူနဲ့ရှား ဘာရန်ငြိုး ရှိလို့လဲ"

"ရန်ငြိုးမဟုတ်ဘူးလေ၊ သူက ငွေရရင် ဘာမဆိုလုပ်တဲ့ ကောင်ပဲဟာ၊ ခိုင်းတဲ့သူ ရှိတာကိုး"

"ခိုင်းတဲ့သူ ဟုတ်လား"

"ဟုတ်တယ်၊ ခိုင်းတဲ့သူရှိလို့ပါ၊ ဒေါ်မေစံရှားကို လုပ်ကြံ တာဟာ မောင်သိန်းအမှုနဲ့ပတ်သက်ပြီး ညောင်မြစ်တူးပုတ်သင်ဥခေါ ဖြစ်မှာစိုးလို့ အပြတ်ရှင်းခဲ့တာပဲ"

"သူက သူ့ကိုယ်သူ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်လို့ ပြောခဲ့ပါလား"



ရဲအုပ်စောဝင်း ခေါင်းခါသည်။

"မဟုတ်ပါဘူးဗျာ၊ သူဟာ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင် ဟုတ်ပါဘူး၊ ကိုယ်ပွားတစ်ထောင်မောင်မဲခေါင်နာမည်ကို အသုံး ချခဲ့တာပါ"

"ဒါဖြင့် သူ့ကို ဘယ်သူခိုင်းတာလဲ"

"ဟဲဟဲ၊ ဒေါ်မေစံရှား သိပ်ပြီး စိတ်ဝင်စားသွားပြီ ထင်တယ်"

ရဲအုပ်စောဝင်းက သဘောကျစွာ တဟဲဟဲရယ်ပြီး ရှားကို ကြည့်နေသည်။ ကျွန်တော်နှင့် ရှားကလည်း သိလိုစိတ်ပြင်းပြစွာဖြင့် ရဲအုပ်စောဝင်း၏မျက်နှာကို ပြန်ကြည့်မိ၏။

"ကျွန်တော်တို့လည်း အဲဒီလူရဲ့အကြောင်းကို ရိပ်မိနေတာ တော့ ကြာပါပြီ၊ ခိုင်မာတဲ့ အထောက်အထား မရကြသေးလို့စောင့် ကြည့်ရုံပဲ ကြည့်နေခဲ့ကြရတာ၊ အင်း ခုတော့လည်း ကျွန်တော်တို့ ဥပဒေက သူ့ကို မစီရင်ခင်မှာပဲ သူ့တရားက သူ့ကို စီရင် သွားခဲ့ပြီလေ"

"အဲဒါ ဘယ်. . .ဘယ်သူလဲ ကိုစောဝင်း"

ရှားက အလောတကြီး ထပ်မေးလိုက်ပြန်သည်။

"ဘယ်သူရှိရမလဲဗျာ၊ ညကအသတ်ခံလိုက်ရပြီး အခု ဒေါ်မေ ရှားတို့ တရားခံကို စိတ်ဝင်တစား ခြေရာကောက်နေတယ်မဟုတ် လား၊ သူပေါ့၊ ဦးတောက်ထွန်းပေါ့၊ ဦးတောက်ထွန်း"

"ရှင်"

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



## ၂၂

ရဲစခန်းမှ ကျွန်တော်တို့ထွက်ခဲ့ကြချိန်တွင် နေပင် စောင်း နေပေပြီ။ မိုးရာသီ၏ညနေခင်းမှာ တိမ်ဖြူပါးပါးဖြင့် လင်းချင်းလ ရှိ၏။ အပူရှိန်ကမူ မလျော့သေး။

ရှားသည် ကျွန်တော့်ဘေးတွင် ယှဉ်လျက်ပါလာသော်လည်း ကျွန်တော့်ကို စကားတစ်ခွန်းမှမပြောဘဲ တွေတွေငြိမ်ငြိမ်ကလေး ရှိနေ၏။ လမ်းလျှောက်နေသော်လည်း ရှားအာရုံက လမ်းပေါ် လည်းကောင်း၊ ပတ်ဝန်းကျင်မြင်ကွင်းမှာသော်လည်းကောင်း ရောက်နေဟန်မရှိ။



ရဲ့အုပ်စောဝင်းဆီမှ သိခဲ့ရသော ဦးတောက်ထွန်း၏ အကြောင်း ကြောင့်ပဲလား။ မထင်မှတ်ဘဲ မိမိအား နောက်ကွယ်မှ ခြိမ်းခြောက်ခဲ့ ခဲ့သောသူမှာ မိမိမိတ်ဆွေဖြစ်နေသည့်ကိုပဲ စိတ်မကောင်းဖြစ်နေ လေသလား။ လူ့သဘာဝဆိုသည်မှာ သိရခက်ပါသလားဟု ဆင်ခြင် နေလေသလား။ မိတ်ဆွေ၊ ရန်သူ ခွဲရခက်ပါသလားဟု ရင်မောနေ လေသလား။

ရှားကြည့်ချင်သော အချင်းဖြစ်နေရာတွင် ရိုက်ထားသည့် ဓာတ်ပုံများက မရသေး။ မနက်ဖြန်မှရမည်ဟု ဆိုသည်။ ပြီးတော့ ခင်းစိန်စီအိုင်ဒီရှိ မှုခင်းစစ်ဆေးရေးနှင့် သိပ္ပံဌာနသို့ ပို့ထားသော ားပေါ်မှ လက်ဗွေရာပြန်ကြားချက်ကလည်း မရသေး။ သက်သေခံ ားကိုလည်း မတွေ့ခဲ့ရသေး။

"ရှား ဘာတွေတွေးနေတာလဲ"

ငြိမ်နေသောအနေအထားကို ကျွန်တော်က လှုပ်နှိုးလိုက်သည်။ ှားက သတိဝင်လာဟန်ဖြင့် ငဲ့ကြည့်ပြီး . . .

"ဟုတ်တယ် ကိုကို၊ ရှားတွေးနေတာ" ဟု ပြောသည်။ တစ် ဆက်တည်း . . .

"စဉ်းစားစရာပေါ်လာပြီ ကိုကို" ဟုလည်း ထပ်ဆင့်စကား ဆိုသည်။

"ပြောပါဦး၊ ကိုလိုလည်း ဝိုင်းစဉ်းစားပေးမှာပေါ့"

"ဒီမှာကိုကို၊ မောင်သိန်းအမှုကို ရှားလိုက်နေတာနဲ့ပတ်သက် ပြီး ကိုယ်ပွားတစ်ထောင်မောင်မဲခေါင်က ရှားကို သတိပေးခဲ့တယ်၊ န္တရာယ်ရှိနိုင်တယ်တဲ့၊ သတိထားပါတဲ့၊ ဒီတော့ မောင်မဲခေါင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းအမှုရဲ့ နောက်ကွယ်က လူတွေရဲ့အနေအထားကို ရိ
နေခဲ့ပုံရှိတယ်၊ မောင်မဲခေါင် သတိပေးသလိုပဲ ရှားကို ကားနဲ့လို
တိုက်တာ ကြုံခဲ့ရတယ်၊ တစ်ခါ ကားနဲ့လိုက်တိုက်တဲ့သူဟာ
ဓောက် ကန်းလှမောင်တို့အဖွဲ့၊ ဒါကို နောက်ကကြိုးကိုင်ခိုင်း
တာက ဦးတောက်ထွန်းဆိုတော့ကာ မောင်မဲခေါင်ဟာ ဦးတောက်ထွ
ခြေလှမ်းတွေ၊ ဦးတောက်ထွန်း အနေအထားတွေ၊ ဦးတောက်ထွ
လုပ်ရပ်တွေကို သိနေပုံရှိတယ်လို့ ကောက်ချက်ချနိုင်တယ်"

"မှန်တာပေါ့ ရှားရယ်"

"ဒီမှာ ရှားစဉ်းစားမိတာ တစ်ချက်က ရဲအုပ်စောဝင်
သိမ်းသွားတဲ့ ဦးတောက်ထွန်းကိုယ်ပေါ်မှာ စိုက်ဝင်နေခဲ့တဲ့ ဓားကို
ပဲ၊ ဓားလက်ကိုင်ရိုးမှာ MMK လို့ စာလုံးတွေ ထွင်းထားပါတ
တဲ့၊ လူတစ်ယောက်ဟာ ပြစ်မှုကျူးလွန်တဲ့အခါ သူ့ရဲ့နာမည်
သိစေချင်ပုံ ဘယ်ရှိမလဲ၊ သဲလွန်စတွေကို ဘာမှမကျန်အော
ဖျောက်ဖျက်ပစ်တာ သဘာဝပဲ၊ ဒါပေမယ့် ခုလို MMK စာလုံးပါ
ဓားကို သုံးတာဟာ လျှို့ဝှက်ချင်တဲ့သဘော ရှိရမယ့်အစား အသိ
တဲ့သဘော ပါဝင်နေတယ်လို့ ရှားထင်တယ်၊ ကိုကိုရော ဘယ်
မြင်လဲ"

"ဖြစ်နိုင်တယ်၊ မောင်မျိုးခိုင်ဟာ ဦးတောက်ထွန်းကို သ
ဖို့အကြံနဲ့ ဓားကို အိမ်ကယူလာတယ်ဆိုရင် ဒီစာလုံးတွေပါတဲ့ဓာ
ဘယ်ယူမလဲ၊ တခြားဓားသုံးမှာပေါ့၊ ဒီဓားသာသုံးရင် သူ့ကို ကျ
မိမှာပဲလေ၊ ဒီတော့ မောင်မျိုးခိုင်မဖြစ်နိုင်ဘူးဆိုတာ ပိုခိုင်လုံသွ
တယ်"



"ဒါဖြင့် မောင်မျိုးခိုင်မဖြစ်ရင် ဘယ်သူဖြစ်မလဲ"

"အဲဒါ . . . စဉ်းစားရမယ်"

"ရှားတော့ စဉ်းစားမိပြီ"

"ဟုတ်လား၊ ဘယ်သူလဲ"

"ကိုကို အရင်မှန်းကြည့်လေ"

ကျွန်တော့်မှာ စဉ်းစားပြီးသား အဖြေမရှိ။ ရှားက ကျွန်တော့်ကို ပြုံးကြည့်နေ၏။ သူမ၏အပြုံးမှာ ကြည်လင်နေသောကြောင့် အဖြေတစ်ခု ရရှိထားပြီဆိုသည်ကို ကျွန်တော်သဘောပေါက်လိုက်သည်။

"ကိုကို မပြောတတ်ဘူး၊ ရှားပြော"

"လွယ်လွယ်လေးပဲဟာ ကိုကိုရယ်၊ MMK ဟာ မောင်မျိုးခိုင်
ဖြစ်နိုင်သလို မောင်မဲခေါင်ရော မဖြစ်နိုင်ဘူးလား"

"ဟာ ဟုတ်တယ်၊ မောင်မဲခေါင် . . . မောင်မဲခေါင်၊ မောင်
မဲခေါင်ကို အင်္ဂလိပ်လို အတိုကောက်ရေးရင် MMK၊ မောင်မဲခေါင်
ဖြစ်နိုင်တယ်၊ သူက စောစောက ရှားပြောသလို မောင်သိန်းအမှုကိစ္စနဲ့
တ်သက်ပြီး ဦးတောက်ထွန်းကို သိနေတဲ့လူ၊ ဒါဆို မောင်မဲခေါင်က
ဦးတောက်ထွန်းကိုရှင်းတာ ဖြစ်နိုင်တယ်"

"အရင်က မောင်မဲခေါင် လုပ်ခဲ့သမျှတွေဟာ ပညာပေးရုံ
က်သက်ပဲ၊ ခုတစ်မှုမှာ ရာဇဝတ်မှုတစ်ခုအဆင့်ထိ ရောက်သွားတာ
ည့်သြစရာပဲ၊ တစ်ခုတော့ရှိတယ်၊ မောင်မဲခေါင်က ပညာပေးရုံသက်
က် ဓားနဲ့ပစ်လိုက်တာဖြစ်ပေမယ့် ဦးတောက်ထွန်းက လဲအကျမှာ
နဲ့တိုက်မိတော့ ဓားက တစ်ဆုံးဝင်သွားပြီး ပွဲချင်းပြီး သေသွား

www.burmeseclassic.com

www.burmeseclassic.com



တာမျိုးလည်း ဖြစ်နိုင်တယ်၊ မောင်မဲခေါင်ကတော့ အသေလုပ်တာ ဟုတ်ကောင်းမှ ဟုတ်မယ်”

“ကိုကိုလည်း အဲဒီလိုပဲထင်တယ်၊ မောင်မဲခေါင်ရဲ့ နှလုံးသား အဲဒီလောက်ရက်စက်မယ် မထင်ဘူး”

“အဲ . . . ရှားတို့ထင်တာကို သေချာအောင်ကြည့်ဖို့ သက်သေ တစ်ခုလိုတယ်”

“ဘာလဲရှား”

“စာပဲကိုကို၊ မောင်မဲခေါင်ပို့လေ့ရှိတဲ့ စာတိုကလေးလေ လောကမှာ တရားမျှတမှုဆိုတာ ရှိတယ်ဆိုတာလေးလေ”

“ဟာ ဟုတ်တယ်ရှား၊ အဲဒီစာကလေး ဦးတောက်ထွန်းဆီ ပို့နိုင်တယ်”

“ရှားအထင်တော့ ကြိုပို့တာတောင် ဖြစ်ကောင်းဖြစ်နိုင်တယ် ဒါကြောင့် ရှားတို့ သစ္စာတို့အိမ်ကို တစ်ခေါက်ပြန်သွားပြီး ရှာရအောင်”

“ကောင်းတယ်ရှား”

ကျွန်တော်က ထောက်ခံသဘောတူလိုက်သည်။ တစ်ဆ တည်းမှာပင် ဖြတ်လာသော တက္ကစီတစ်စီးကိုပါ လက်ပြပြီး တား လိုက်သည်။

ကားက ကျွန်တော်တို့ရှေ့မှာ ထိုးရပ်သည်။

❒ ❒ ❒



၂၇

“ဟင် . . . မမရှားတို့ တစ်ခေါက်ပြန်လာတယ်”

အိမ်ဝမှ သစ္စာက ဆီးကြို၍ တအံ့တသြဆိုလိုက်၏။ ညေ နိုးထဲသို့ လှမ်းဝင်ကြရင်း . . .

“ဟုတ်တယ် သစ္စာရေ၊ မနက်ကတည်းက အိမ်ပြန်မရောက် သေးဘူး၊ ဦးကျော်ခေါင်အိမ်ကိုသွားတယ်၊ ပြီးတော့ ရဲစခန်းကို င်တယ်၊ ရဲစခန်းကနေ ဒီကိုပြန်လာတာ” ဟု ကျွန်တော်က အခြေ နေကို အကျဉ်းချုံး၍ ပြောပြသည်။

“ဘာထူးခြားတာတွေ့လဲ မမရှား”

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းဆက်တီမှာ ထိုင်မိကြစဉ် သစ္စာကမေးသည်။

"မနက်က ဦးကြီးမောင် ပြောတဲ့စကားအရ မမရှားတို့က ဦးကျော်ခေါင်အိမ်ကို စနည်းသွားနာတယ်၊ ဦးကျော်ခေါင်မရှိဘူး"

ရှား၏ စကားအပျိုးနိဒါန်းကို သစ္စာကဝင်၍. . .

"ဦးကျော်ခေါင် ဘယ်သွားလို့လဲ၊ ရှောင်နေတာများလား"

"မဟုတ်ဘူး သစ္စာ၊ ဦးကျော်ခေါင် လွန်ခဲ့တဲ့ တစ်လလောက်ကပဲ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားတာ"

"ဟင်"

"ပြီးတော့ မမရှား ထင်မြင်ယူဆထားတဲ့ ကားဟာလည်း ဦးကျော်ခေါင်ရဲ့ကားမဟုတ်တာ သေချာတယ်"

"ဒီတော့"

"ဒီတော့ ဦးကျော်ခေါင်ကို ပစ်မှတ်ပြုထားတာကို ဖျက်လိုက်တာပေါ့၊ ဒါနဲ့ မမရှားတို့ ရဲစခန်းပြန်ဝင်တယ်၊ စခန်းကျမှ မမရှားတို့ အချက်အလက်တချို့သိရတယ်"

ရှားက အချက်အလက်တွေကို အသေးစိတ်မပြော။ ဦးတောက်ထွန်းနှင့်ပတ်သက်သော အကြောင်းများကို သစ္စာအား အသိမပေးချင်သောကြောင့် ဖြစ်မည်ထင်၏။ ကျွန်တော်ကလည်း ရှားသဘောကိုသိ၍ ဝင်မပြော။

"ဘာတွေ သိရလဲ"

"သဲလွန်စ တချို့ပါ"

ရှားက ဝါးတားတားအဖြေပဲ ပေးလိုက်သည်။

"ဒါဖြင့် သစ္စာတို့ဆီ ပြန်လာတာက"



သစ္စာ၏ သိလိုဇောသန်နေသော အမေး။ ဖခင်၏အဖြစ်ဆိုးကို ဖန်တီးခဲ့သူ လူသတ်သမားကိုလည်း သစ္စာသိချင်ပုံရ၏။ ပြီးတော့ ချစ်သူ မောင်မျိုးခိုင်မဟုတ်ကြောင်းကိုလည်း အခိုင်အမာဖြစ်စေချင်ပုံရ၏။ သစ္စာမှာလည်း အပူက နှစ်ဆင့်ပူ ဖြစ်နေသည်လေ။

"သစ္စာကို မေးချင်တာရှိလို့ပဲ"

"မေးလေ၊ မမရှားဘာသိချင်လို့လဲ"

"ခုတစ်လော အန်ကယ် ဦးတောက်ထွန်းဆီကို စာတွေ ဘာတွေ လာသေးလား"

သစ္စာ တွေသွားသည်။

"ဖေဖေက သူ့ဆီကိုလာတဲ့စာတွေကို သစ္စာတို့ကို အသိပေးလေ့မရှိဘူး၊ သစ္စာတို့ကလည်း ဝင်ပြီးမစပ်စုဘူး၊ စည်းကမ်းထားတယ်"

တစ်လုံးချင်းဖြေသည်။

"ဒါပေမယ့် မမရှားသိချင်တာ တစ်ခုရှိတယ်၊ အရေးလည်းကြီးတယ်၊ အန်ကယ့်စားပွဲတွေ၊ ဖိုင်တွေကို ကြည့်ချင်တယ်၊ ရမလား"

"ရတာပေါ့ မမရှားရယ်၊ ရပါတယ်"

"ဘာတွေများလဲကွယ့် ရှားရဲ့"

ဒေါ်ညိုညိုယဉ် ညှော်ခန်းတွင်းဝင်လာပြီး နားစွန်နားဖျား ကြားလိုက်သောစကားကို သဲကွဲအောင်မေးသည်။ သစ္စာက "ဖေဖေ့ကို ခုတလော ဘာစာတွေ ထူးထူးခြားခြားလာလဲလို့ မမရှားက သိချင်တာ" ဟု ဖြေလိုက်သည်။

"ဒါဆို သမီးဖေဖေရဲ့ အလုပ်ခန်းကို လိုက်ပြလိုက်ပါလားကွယ်"

"ဟုတ်ကဲ့ မေမေ၊ သမီးလည်း ခုလိုက်ပြမလို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သစ္စာနှင့် ကျွန်တော်တို့ ဦးတောက်ထွန်း၏ အလုပ်ခန်းသို့ မဟုတ် စာကြည့်ခန်းသို့ ဝင်လာခဲ့ကြသည်။ စာကြည့်ခန်းဟု ဆို သော်လည်း စာအုပ်များမှာမူ မများလှ။ ဦးတောက်ထွန်းသည် စာသမားတစ်ဦးမဟုတ်ကြောင်း အရေအတွက်နည်းပါးလှသော စာ အုပ်များကိုကြည့်၍ သိနိုင်၏။

အလုပ်နှင့်ပတ်သက်သော စာအုပ်တချို့နှင့် ဖိုင်များ၊ စာရင်း စာအုပ်များကို အများစုတွေ့ရသည်။ ရှားက ယင်းစာအုပ်များ ဖိုင်များကို အနည်းငယ်မျှသာ စိတ်ဝင်စားပုံရှိ၏။ ဟိုလှန်သည်လှန် နည်းနည်းလုပ်သည်။ ပြီး ပြန်ချသည်။ စားပွဲပေါ်ရှိ စာအိတ်ဟောင်း တချို့ကို ကြည့်သည်။ စိတ်ဝင်စားဟန်မရှိ။

"မမရှားက ဘာကိုသိချင်တာလဲ"

သစ္စာ၏ စူးစမ်းအမေး။

"ဘာရယ်မဟုတ်ဘူး၊ မမရှားသိထားတဲ့ အချက်အလက် တချို့နဲ့ ကိုက်ညီလို့ရမယ့် စာတစ်စောင်ပေါ့"

"အရေးကြီးလား"

"မမရှားအမြင်တော့ အရေးကြီးတယ်၊ အဲဒီစာဟာ တကယ်ကို ညွှန်ပြမယ်လို့ထင်တယ်"

ပြောရင်း ရှားက ပြတင်းမှာသွားရပ်သည်။ ငြိမ်၍နေသည်မှာ အချိန်အတန်ကြာ၏။ တွေးဆနေပုံရ၏။

ဟိုကြည့်သည်ဒေးနှင့် ကျွန်တော်ကတော့ ကိုယ်ပွားတစ် ထောင် မောင်မဲခေါင်၏စာကို မြင်ဖူးထားသဖြင့် ကွန်ပျူတာနှင့် ရိုက်ထားသော စာရွက်မှန်သမျှ လိုက်ကြည့်နေမိ၏။



ခဏအကြာတွင် . . .

"ဟုတ်ပြီ" ဟူသော ရှား၏အသံ ပေါ်ထွက်လာသည်။

"ဘာဟုတ်တာလဲ မမရှား"

"အန်ကယ်က သူ့စာရွက်စာတမ်းအဟောင်းတွေ အသုံးမဝင်တဲ့ စာတွေကို ဘယ်မှာပစ်သလဲ"

"ဘာလုပ်မလို့လဲ"

"မမရှားလိုချင်တဲ့စာက အန်ကယ့်အဖို့ အသုံးမဝင်တဲ့ စိတ် အနှောင့်အယှက်ပေးမယ့် စာမျိုးလေ၊ ဒါကြောင့် ဒီစာကိုသာ ရရှိ မှန်ရင် အန်ကယ်က စိတ်ဆိုးဆိုးနဲ့ လွှင့်ပစ်မှာပဲ၊ ဒါကြောင့် အမှိုက် ခြင်းကို မေးရတာ"

"အမှိုက်ခြင်းက ဟိုမှာလေ မမရှားရဲ့"

သစ္စာက စားပွဲတစ်ဖက်ခြမ်း နံရံနှင့် စားပွဲကြားမှ ခြင်းတစ် ခြင်းကို ညွှန်ပြသည်။ သစ္စာညွှန်ပြရာသို့ ရှားက မပြေးရုံတမယ် သွားပြီးလျှင် ခြင်းထဲမှစာရွက်ဟောင်းများကို ခြင်းမ,လျက် မှောက် ချလိုက်သည်။ စာရွက်ဟောင်း၊ စာရွက်စုတ်တွေ ကြမ်းပြင်မှာ ပြန့်ကြဲသွားသည်။

ရှားသည် ကြမ်းပြင်တွင် မှဆိုးဒူးထောက်ထိုင်ကာ စာရွက် များကို တစ်ခုချင်းကြည့်လိုက် ခြင်းထဲပြန်ထည့်လိုက် လုပ်နေသည်။ ကျွန်တော်ကလည်း ရှားအနားတွင်ထိုင်ပြီး ဝင်ကူကာရှာပေးရသည်။ ဘာစာမှန်းမသိသော သစ္စာမှာမူ မတ်တပ်ရပ်လျက် ငေးကြောင် ကြည့်နေ၏။

အချိန်အတော်ကြာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီ"

ရှားက စာရွက်လုံးကလေး တစ်ခုကိုဆွဲဖြန့်ရင်း ဝမ်းသာအားရပြောလိုက်သည်။ ရှားဆီသို့ ကျွန်တော့်အာရုံနှင့် သစ္စာ၏အကြည့် တစ်ပြိုင်တည်းကျရောက်သွားသည်။

မှန်ပါသည်။ စာရွက်ဖြူကလေးတစ်ရွက်ကို လုံးချေထားခြင်းပါ။ ဖြန့်လိုက်သောအခါ ကျွန်တော်တို့မျှော်လင့်သော စာရွက်ကလေး တစ်ရွက် ဖြစ်နေပါသည်။

ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်၏စာပင် ဖြစ်ပါ၏။

"ဒါပဲ သစ္စာ"

ရှားက သစ္စာကို လှမ်းပေးလိုက်သည်။ သစ္စာက စာပါအကြောင်းများကိုဖတ်ပြီး နားလည်ပုံမရ၊ ရှုပ်ထွေးစွာသောအကြည့်ဖြင့် ရှားကိုကြည့်သည်။

"အဲဒါ ဘာလဲမမရှား၊ သစ္စာနားမလည်ဘူး"

ရှားက ခေါင်းညိတ်ပြီး . . .

"သစ္စာနားလည်အောင် ပြောရရင်တော့ ဇာတ်လမ်းကအရှည်ကြီးပဲ၊ လိုရင်းပြောရရင်တော့ မမရှားရဲ့ အယူအဆအရ အန်ကယ်ကို ဓားနဲ့ပစ်သူဟာ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်ပဲ၊ မောင်မဲခေါင်ဟာ သူ တစ်ခုခုလုပ်တော့မယ်ဆိုရင် ဒါမှမဟုတ် လုပ်ပြီးပြီဆိုရင် ဒီစာလေးကို ပို့လေ့ရှိတယ်၊ ဒီစာမျိုး မမဆီမှာ (၃) စောင်ရှိတယ်၊ အတူတူပဲ၊ စာလုံးပုံစံရော၊ စာသားရော၊ စာရွက်မှာပါတဲ့ အစက်ကလေးသုံးစက်ရော တစ်ထပ်တည်းပဲ၊ သေချာပါပြီ၊ မောင်မဲခေါင်လက်ချက်ပါပဲ" ဟု တက်ကြွလန်းဆန်းစွာ ပြောသည်။ သို့



သော် ရှားပြောသမျှမှာ သစ္စာအဖို့ ဇာတ်လမ်းတစ်ခုကို အလယ်မှဖြတ်၍ ပြောသကဲ့သို့ဖြစ်နေ၏။ သစ္စာ နားရှုပ်ထွေးနေပုံပေါ်သည်။

"ဒီမှာကြည့်လေ . . . သူ့နာမည်က မောင်မဲခေါင်၊ မောင်မဲခေါင်ရဲ့အတိုကောက်က MMK ပေါ့၊ ဓားပေါ်က MMK ဟာ မောင်မျိုးခိုင်မဟုတ်ဘူး၊ မောင်မဲခေါင်ပဲ၊ ဒါဟာ မောင်မျိုးခိုင်ကို ကယ်နိုင်တဲ့အချက်ပဲ"

သစ္စာ၏မျက်နှာတွင် ဝမ်းသာရိပ် လက်ခနဲပေါ်လာသည်။

"ဒီစာနဲ့ ဓားပိုင်ရှင်ဟာ အတူတူဖြစ်ကြောင်း မမရှား ဘယ်လို သက်သေပြမလဲ"

"ဒါတော့ မမရှား ကြိုးစားရမှာပေါ့"

"ကိုခိုင် မဟုတ်ဘူးဆိုတာ ပိုခိုင်လုံသွားပြီပေါ့နော်၊ ဒါဆိုရင် တရားခံအစစ်ကိုလည်း မိဖို့နီးပြီပေါ့"

"နီးပါပြီ၊ အဲ ဒါနဲ့ မောင်မျိုးခိုင်က သစ္စာဆီကို အဆက်အသွယ် မလုပ်သေးဘူးလား"

"မလုပ်သေးဘူး မမရှား"

"အင်း . . . သစ္စာကလည်း စုံစမ်းပါ၊ မောင်မျိုးခိုင်ကို ရဲကဆွဲထားရင် တကယ်ကျူးလွန်တဲ့ တရားခံက စိတ်အေးပြီး မှောင်ထဲက လွတ်လွတ်လပ်လပ်ထွက်လာမှာ၊ ဒီတော့မှ မမရှားတို့က ဒီတရားခံကို ခြေရာကောက်ရ လွယ်လိမ့်မယ်"

"သစ္စာ သဘောပေါက်ပါတယ် မမရှား၊ ဒီည သစ္စာ သူ့အိမ်ဖက် သွားဖို့အစီအစဉ်ရှိတယ်၊ သူ့အမေနဲ့ စကားပြောလိုက်ရင် ကိုခိုင့်ကို တွေ့နိုင်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပြီသစ္စာ၊ မမရှားပြောသလိုဖြစ်အောင် မောင်မျိုးခိုင်ကို နားချပါ၊ ဘာမှလည်း မပူပါနဲ့လို့၊ မမရှားတာဝန်ယူပါတယ်လို့ ပြော”

“ဟုတ်ကဲ့ မမရှား”

“ဒါဆို မမရှားတို့ ရဲအုပ်စောဝင်းဆီ ဖုန်းဆက်ကြဦးစို့၊ ဒီစာတွေ့တဲ့အကြောင်း သတင်းပို့ကြဦးစို့”

❒ ❒ ❒



## ၂၄

နောက်တစ်နေ့မနက်ပိုင်းမှာ ရှားနှင့်ကျွန်တော် ရဲစခန်းသို့ ရောက်သွားသည်။ ရဲအုပ်စောဝင်းကို သူ၏အလုပ်စားပွဲမှာ အဆင်သင့်တွေ့ရ၏။ အပြုံးတစ်ပွင့်နှင့် ကျွန်တော်တို့ကို ဆီးကြိုသည်။

“လာဗျို့ ကိုနေသော်နဲ့ ဒေါ်မေစံရှား၊ ဒီမှာ ဒေါ်မေစံရှား ကြည့်ချင်တဲ့ ဓာတ်ပုံတွေလည်းရပြီ၊ သက်သေခံဓားကို စစ်ဆေးချက်အဖြေလည်းရပြီ၊ ဓားလည်းပြန်ရောက်နေပြီ”

ရဲအုပ်စောဝင်းထံမှ သတင်းသည် ကျွန်တော်တို့လိုလားနေသော သတင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စအတွက် လာတာပဲကိုစောဝင်းရေ၊ ကိုစောဝင်းက အားလုံးရပြီဆိုတော့ အိုကေပဲပေါ့ရှင်"

ကျွန်တော်တို့ စားပွဲရှေ့ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်နှင့် ကိုစောဝင်းက ဓာတ်ပုံတစ်ထပ်ကြီးကို စားပွဲပေါ်သို့ တင်ပေးသည်။ ရှားက ဓာတ်ပုံတွေကို ကောက်ယူသည်။

ဓာတ်ပုံများမှာ သေဆုံးသူ ဦးတောက်ထွန်း၏ အနေအထားကို ထောင့်အမျိုးမျိုးမှ ရိုက်ထားသောပုံများနှင့် သက်သေခံပစ္စည်းများ၊ အခန်းအနေအထားတို့ကို ရိုက်ထားသောပုံများ ဖြစ်သည်။

ရှားက ဓာတ်ပုံတစ်ပုံကို ထောက်ပြသည်။

"တွေ့လား ကိုကို၊ ဦးတောက်ထွန်းလဲကျနေပုံဟာ ပြတင်းပေါက်နားမှာဖြစ်ပြီး ပြတင်းပေါက်ဘက်ကို မျက်နှာမူလျက်က လဲကျပုံဖြစ်တယ်၊ စိုက်ဝင်တဲ့ဓားက ဘယ်ဘက်ရင်အုံမှာ၊ ဒီတော့ အခန်းထဲမှာရှိတဲ့ မောင်မျိုးခိုင်က ထိုးတာဆိုရင် ကျောဘက်ကပဲ ထိုးလို့ရမှာပေါ့၊ ဒါကြောင့် ရှားယူဆတာက ပြတင်းပေါက်ဘက်က ဓားလာတာပဲ၊ လုပ်ကြံသူဟာ အပြင်ကဖြစ်တယ်"

ရဲအုပ်စောဝင်းက . . .

"ဒေါ်မေစံရှား ပြောတာကို ကျွန်တော်လည်း နည်းနည်း စိတ်ဝင်စားလာပြီ" ဟု ဝင်ပြောသည်။

အင်းစိန် ဒီအိုင်ဒီမှ စစ်ဆေးပြီး ပြန်ပို့လိုက်သောဓား ရဲအုပ်စောဝင်းက ထုတ်ပေးသဖြင့် ရှားကလှမ်းယူသည်။

ဓားမှာ နှစ်ဖက်သွားဓားဖြစ်ပြီး အလယ်မှာ မြောင်းကြောင်းကလေးပါသည်။ ဓားသွားအရှည်မှာ ၈ လက်မခန့်ရှိသည်။ လက်



ကိုင်ရိုးမှာ သေသပ်လှပပြီး MMK ဟူသော စာလုံးကို ထွင်းထားသည်။ စာလုံး၏ပုံသဏ္ဍာန်မှာ ဓားရိုးကို သံချွန်တစ်ခုခုဖြင့် ခြစ်ထားခြင်း၊ အမှတ်အသားပြုထားခြင်းမျိုးမဟုတ်။ ဓားလုပ်သူအား တမင်ပင် စပါယ်ရှယ် အော်ဒါမှာ၍ လုပ်ခိုင်းထားခြင်းမျိုးဖြစ်၏။

"ကိုကို စဉ်းစားမိမယ်ထင်တယ်၊ ဒီဓားဟာ ပိုင်ရှင်က အမြတ်တနိုး ကိုင်ဆောင်တဲ့ပစ္စည်းမျိုးပဲ၊ အထူးသဖြင့် ဓားကို ဝါသနာပါသူ ကိုင်တဲ့ဓားဖြစ်တယ်၊ ပြီးတော့ စပါယ်ရှယ်မှာယူပြီး လုပ်ထားပုံပေါ်တာကိုထောက်ရင် ဒီပိုင်ရှင်မှာ ဓားတစ်ချောင်းမက ရှိနိုင်တယ်၊ ဓားရဲ့ပုံသဏ္ဍာန်ဟာလည်း ရှားတို့ မြန်မာလူမျိုးတွေ သုံးလေ့သုံးထရှိတဲ့ ပုံစံမျိုးမဟုတ်ဘူး ကိုကို၊ ဂျပန်က ဓားသမားတွေ သုံးတဲ့ ပေါက်ဓားမျိုးပဲ"

ရှားက သူမ၏ယူဆချက်များကိုပြောပြီး ကျွန်တော့်ကိုမော့ကြည့်သည်။ ကျွန်တော်၏ ထင်မြင်ယူဆချက်ကို တောင်းခံသည့်သဘောဖြစ်၏။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ကိုကိုထင်တာတော့ ဒီဓားမျိုး မောင်မျိုးခိုင်လို စိတ်ဓာတ်ပျော့ပျောင်းတဲ့သူ ကိုင်မှာမဟုတ်ပါဘူး၊ ဒါဟာ မောင်မျိုးခိုင်မဟုတ်ကြောင်း ပိုပြီး ခိုင်မာစေတယ်လို့ ထင်တယ်"

"ဟောဒီမှာ ကြည့်ပါဦးကိုကို၊ ဓားရိုးအနှောင့်မှာ ဆေးရောင်လေးတွေ၊ အစိမ်းရောင်လေးတွေလေ၊ ရှားပြောခဲ့သလို ဓားက ဦးတောက်ထွန်းရင်ဝကိုစိုက်ပြီး ဦးတောက်ထွန်းလဲအကျမှာ နံရံနဲ့ ဆောင့်မိတာ သေချာတယ်၊ ဒါကြောင့်လည်း ဓားက ဦးတောက်ထွန်း ထိုးသားထဲအထိ ဖောက်ဝင်ပြီး ဦးတောက်ထွန်း အသက်ဆုံးရ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဓားက မျှော့ကြောင်းပါတော့ လေလည်းဝင်တယ်လေ၊ ဦးတောက်ထွန်းခန္ဓာကိုယ်ထဲမှာ သွေးတွေ တော်တော်များများ တွေ့ရမှာပဲ”

“ဒေါ်မေစံရှားပြောတာ ဟုတ်တယ်၊ မှူခင်းဆရာဝန်ကြီးရဲ့ ဆေးစာမှာ ဓားဦးက ဦးတောက်ထွန်းနှလုံးသားထဲထိ နစ်ဝင်တယ် သွေးပြန်ကြော ပြတ်တယ်၊ အဆုတ်ထဲမှာ၊ ခန္ဓာကိုယ်ထဲမှာ သွေးတွေ ငှက်ပျောဖူးပုလင်း တစ်ပုလင်းခွဲစာလောက် တွေ့ရတယ်တဲ့ အဲဒါကြောင့် ဦးတောက်ထွန်း သေဆုံးရတာပဲ”

ရဲအုပ်စောဝင်းက မှူခင်းဆရာဝန်ကြီး၏ ဆေးစာပါအကြောင်းအရာကို ဝင်ပြောရင်း ရှား၏စကားကို ထောက်ခံသည်။

“စီအိုင်ဒီက လက်ဗွေပါရဂူတွေကရော ဘာပြောလဲ”

ရှားက ကျန်သေးသော သိလိုသည့်အချက်ကို မေးလိုက်ပြန်သည်။ ရဲအုပ်စောဝင်းက . . .

“ဓားမှာ လက်ဗွေရာ မတွေ့ရဘူးတဲ့” ဟု ပြောသည်။

“ဒါဆို ပိုရှင်းပါတယ်၊ မောင်မျိုးခိုင်သာ ဓားနဲ့ထိုးတာဆိုရင် ဓားလက်ကိုင်ရိုးမှာ လက်ဗွေရာရှိမှာပဲ၊ မောင်မျိုးခိုင် ပြန်ထွက်ပြေးတယ်လို့ မကြည်ပြောတုန်းက မောင်မျိုးခိုင်ဟာ လက်အိတ်စွပ်ထားတယ်လို့ မပြောပါဘူး၊ အခု လက်ဗွေရာမရှိဘူးဆိုတော့ လုပ်ကြံသူဟာ အစောကြီးကတည်းက ရည်ရွယ်ချက်နဲ့လာသူဖြစ်တယ်၊ လက်အိတ်ကို စွပ်ထားလိမ့်မယ်၊ ဒီတော့ မှူခင်းရေးရာနဲ့ပတ်သက်ရင် အတွေ့အကြုံ ဗဟုသုတရှိသူလည်း ဖြစ်ရမယ်”

“မှန်ပါတယ်”



“ဒါဆို ကိုစောဝင်းကရော မောင်မျိုးခိုင်ကို လူသတ်တရားခံလို့ ယူဆတုန်းပဲလား”

ရှားက ကောက်ကာငင်ကာ ရဲအုပ်စောဝင်းကို မေးလိုက်သောကြောင့် ရဲအုပ်စောဝင်းခမျာ ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဘဲ ကြောင်သွားသည်။ ပြီးမှ ပြန်ဖြေရန်စကားလုံးရှာဟန်ဖြင့် ခေါင်းကို တစ်ချက်နှစ်ချက်ကုတ်သည်။

“အင်း . . . ဒါက ဘယ်လိုပြောမလဲ၊ သေချာတိကျခိုင်လုံတဲ့ သက်သေခံချက်နဲ့ တခြားတရားခံလို့ ယူဆနိုင်တဲ့သူကို မတွေ့ခင်တော့ မောင်မျိုးခိုင်ဟာ သံသယအရှိထိုက်ဆုံး ပုဂ္ဂိုလ်ဖြစ်နေဦးမှာပဲ”

လေးလေးတိုးတိုး ဖြေသည်။ ရှားက ခေါင်းကို မသိမသာ ခါယမ်းသည်။ ဘဝင်ကျပုံမရ။ သို့သော် အပြုံးတော့မပျက်။

“မဟုတ်တဲ့လူကို မဟုတ်ဘူးလို့ ဆုံးဖြတ်နိုင်ရမှာဖြစ်သလို ဟုတ်တဲ့လူကိုလည်း တွေ့အောင်ရှာရမှာ ကျွန်မတို့ ကိုစောဝင်းတို့ တာဝန်ပဲလေ”

ရှားစကား၏ အသွားထက်မှုကို ရဲအုပ်စောဝင်းမြင်ပုံရ၏။

“ကဲဗျာ . . . ခုလို ဒေါ်မေစံရှား ယူဆတဲ့အတိုင်း မောင်မျိုးခိုင်သတ်တာ မဟုတ်ဘူးဆိုရင် ဘာကြောင့် မောင်မျိုးခိုင်က ထွက်ပြေးနေရတာလဲ”

သဘောကျနှစ်ခြိုက်သော အရိပ်အယောင်တစ်ခု ရှားမျက်လုံးထဲမှာ ဖျတ်ခနဲမြင်လိုက်ရ၏။

“ကိုစောဝင်းရယ်၊ ဒီလိုရာဇဝတ်မှုမျိုး မကြုံမတွေ့ဖူးတဲ့ လူတစ်ယောက်ဟာ ဖြုန်းခနဲ ကိုယ့်ကိုပတ်လာမယ့် ပြဿနာတစ်ရပ်ကို

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ တွေ့လိုက်ရတဲ့အခါ ထူပူပြီး ဘာလုပ်လို့လုပ်ရမှန်း မသိ ထွက်ပြေးမှာပဲပေါ့၊ ပြီးတော့ အဖမ်းခံရမှာကြောက်ပြီး ပုန်းချင် ပုန်းနေမှာပဲပေါ့၊ နောက်တော့မှ ငါမဟုတ်ပါဘူး၊ ငါအပြစ်မကျူးပါဘူးဆိုတာ တွေးမိလာရင် ပုန်းနေရာက ထွက်လာမှာပဲ၊ ကျွန်မ ထင်တာက မောင်မျိုးခိုင်ဟာ ထွက်ပြေးတာ၊ ရှောင်ပြေးတာ မဟုတ်ပါဘူး၊ ကြောက်စိတ်နဲ့ ပုန်းနေတာပါ”

“ထားပါတော့လေ၊ ထားပါတော့”

ရဲအုပ်စောဝင်းက စကားကိုဖြတ်လိုဟန်ဖြင့် ပြောသည်။ ရှားစကားကို အပြည့်အဝလက်ခံခြင်းမဟုတ်။ စကားနည်းရန်ခံ သဘောမျိုးသာဖြစ်၏။

“ကျေးဇူးပဲ ကိုစောဝင်း၊ ခုလို ကိုစောဝင်းက စိတ်ရှည်လက်ရှည်နဲ့ ရှင်းပြတာ၊ ဓာတ်ပုံတွေ၊ သက်သေခံအားတွေကို ထုတ်ပြတာကို ကျေးဇူးတင်ပါတယ်၊ ကဲ ကျွန်မတို့ကို ခွင့်ပြုပါဦး”

“ကောင်းပါပြီ၊ တရားခံအစစ်လို့ ယူဆနိုင်ပြီး သူ့ရဲ့အနံ့ ကိုရရင် ကျွန်တော့်ကို လက်လှမ်းတို့လိုက်ပါဗျာ”

သည်စကားကတော့ ရှားကို ခနဲ့လိုက်ခြင်းဟု ဆိုနိုင်၏။ အဓိပ္ပာယ်က ကျယ်ဝန်း၏။ စိန်ခေါ်စကားဟု ယူလျှင်ပင် ရနိုင်၏။ ဒါကို ရှားလည်းသဘောပေါက်ပုံရသည်။ ကျွန်တော့်ထံသို့ မျက်လုံး အကြည့်တစ်ချက် ပေးပို့လိုက်ပြီး မျက်ဝန်းဖြင့်ပြုံးပြသည်။

“စိတ်ချပါ၊ ကျွန်မကိုယ်တိုင်ဖမ်းပြီး လာပို့ပါ့မယ်”

အရယ်စကားဖြင့် အဓိပ္ပာယ်ကိုဖော့၍ ပြောလိုက်သည်။ ရဲအုပ်စောဝင်း တဟားဟားရယ်သည်။ လှောင်ရယ်တော့ မဟုတ်။



ကျွန်တော်ထင်သည်။ ရှားအပြောကို သဘောကျနှစ်ခြိုက်ပြီး လွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်ခြင်းသာ။

မည်သို့ဆိုစေ ရှားနှင့် ရဲအုပ်စောဝင်းတို့အားပြိုင်မှု ရှိနေပြီဆိုသည်ကတော့ ရာနှုန်းပြည့် သေချာလှပါ၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



## ၂၅

"ဟဲလို ပြောပါ၊ ကျွန်တော် နေသော်ပါ"

"အစ်ကိုကြီးလား၊ သစ္စာပါ"

"သစ္စာလား ပြော၊ ဘာထူးခြားလဲ"

"သစ္စာ မမရှားဆီကို ဖုန်းဆက်သေးတယ်၊ ဖုန်းခေါ်မရလို့"

"သူ့ဟမ်းဖုန်းကို ဆက်တာလား"

"ဟုတ်ကဲ့"

ကျွန်တော့်စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။ ရှား၏လက်ကိုင်ဖုန်းက အဘယ်ကြောင့် ခေါ်မရပါသနည်း။ ဧရိယာအပြင်ဘက်ရောက်နေ၍လား၊ ပိတ်ထား၍လား၊ သို့မဟုတ် . . .



"ဒါနဲ့ အစ်ကိုကြီးဆီ ဆက်လိုက်တာ"

"ဟုတ်ပြီလေ၊ အကြောင်းက"

"ညက သစ္စာ ကိုခိုင်တို့အိမ်ကိုသွားတယ်၊ ကိုခိုင့်အမေနဲ့တွေ့ပြီး မမရှားပြောတာတွေ သစ္စာကရှင်းပြတယ်၊ ကိုခိုင့်အမေကလည်း သဘောပေါက်တယ်လေ၊ ဒါနဲ့ ညက ကိုခိုင်ရှိတဲ့နေရာကို သစ္စာလိုက်သွားနိုင်တယ်၊ ကိုခိုင်နဲ့လည်း တွေ့ရတယ်၊ သစ္စာက ကိုခိုင့်ကို အကျိုးအကြောင်း အသေးစိတ်ရှင်းပြတယ်၊ ကိုခိုင့်အပေါ် သစ္စာယုံကြည်ကြောင်း၊ ထို့အတူပဲ မမရှားတို့ကလည်း ယုံကြည်ကြောင်း၊ တရားခံရဲ့ခြေရာကိုလည်း ကောက်မိပြီဖြစ်ကြောင်း၊ ကိုခိုင်က အမှောင်ထဲမှာ ဝင်ပုန်းမနေဘဲ ရဲတွေနဲ့ ဆုံတွေ့လိုက်စေချင်ကြောင်း၊ အဲဒီလိုသာ ကိုခိုင်က အပြင်ထွက်လာပြီး ရဲက ကိုခိုင့်ကိုဖမ်းမိပြီဆိုတဲ့သတင်း ထွက်လာရင် တရားခံအစစ်ဟာ ပုန်းနေရာကထွက်လာမှာဖြစ်ကြောင်းတွေပေါ့"

"မောင်မျိုးခိုင်က ဘာပြောလဲ"

"သူလက်ခံပါတယ်၊ ဒါကြောင့် ဒီမနက်ပဲ ကိုခိုင်နဲ့သစ္စာရဲအုပ်စောဝင်းဆီ သွားကြမယ်၊ အဲဒါ မမရှားဆီကို အကြောင်းကြားတာပါ၊ မမရှား လိုက်မယ်ဆိုရင်လည်း တစ်ခါတည်း ခေါ်သွားလို့ပါ"

"ရှားကို ဖုန်းဆက်မရဘူးဆိုတော့ ရှားတော့လိုက်နိုင်မယ်မထင်ဘူး၊ သစ္စာတို့နှစ်ယောက်ပဲ သွားကြပါ၊ ရဲအုပ်စောဝင်းနဲ့တွေ့ပြီးရင် အခြေအနေကို တစ်ခါပြန်ပြီး ဖုန်းဆက်စေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ အစ်ကိုကြီးက မမရှားနဲ့ဆုံပြီး အကျိုးအကြောင်း ပြောပြပေးပါ"

"စိတ်ချပါ သစ္စာရယ်"

သစ္စာဖုန်းချသွားသည်။

သစ္စာပြောသွားသော အကြောင်းအရာက ကျွန်တော့်ရင်ကို မခုန်စေဘဲ ရှားကို ဖုန်းဆက်မရဟူသော အကြောင်းက ကျွန်တော့်ရင်ကို ထိတ်ဖိုစေသည်။ ရှား တစ်ခုခုများ ဖြစ်နေတာလား။

တယ်လီဖုန်းခွက်ကို မချသေးဘဲ ရှား၏ဖုန်းနံပါတ်ကို ကျွန်တော်နှိပ်လိုက်သည်။ အသံတိတ်နေသည်။ ခဏကြာမှ အသံထွက်လာသည်။

"လူကြီးမင်းခေါ်ဆိုသောဖုန်းမှာ ဧရိယာပြင်ပသို့ ရောက်နေပါသဖြင့် ခဏကြာမှ ပြန်လည်ခေါ်ဆိုပါရှင်" တဲ့။

ကျွန်တော် အံ့သြသွားသည်။

ရှားသည် တယ်လီဖုန်းခေါ်ဆိုနိုင်သော ဧရိယာ၏အပြင်သို့ ရောက်နေသည်တဲ့။ ဘယ်နေရာလဲ။ ဘာကြောင့်လဲ။ ဘယ်သူနဲ့လဲ။

ပူလောင်မှုစီးကြောင်းက ရင်ကိုဖြတ်၍ စီးဆင်းလာသည်။

အချိန်အတန်ကြာပြီးနောက် ဖုန်းထပ်ခေါ်သည်။ မရ။ စောစောကလိုပင် တုံ့ပြန်သည်။

တစ်ခုခုတော့ဖြစ်နေပြီ။ ဘာဖြစ်နေသနည်း။ ကျွန်တော့်ကို အသိမပေးဘဲ ဘယ်သွားသနည်း။ ဘာကိစ္စရှိနေသနည်း။ လျှို့ဝှက်စရာ တစ်ခုခုများလား။



အလုပ်လုပ်ရသည်မှာ စိတ်မဖြောင့်တော့။ စာမူတွေ စိစစ်ဖတ်ရှုရသည်ကို စိတ်မဝင်စား။ စာမူကိုပြန်ချကာ ထိုင်ရာမှထသည်။ ပြတင်းပေါက်ကို ထွက်ကြည့်သည်။ ရှား၏အရိပ်အယောင် မြင်ရလေလား။ မျှော်လင့်ချက်က မပြည့်ဝ။ နေရာမှာပြန်ထိုင်သည်။အလုပ်ကို ပြန်လုပ်သည်။ မရ။ ရင်ထဲမှာ မီးစ တစ်ခု ရှိနေ၏။ ငြိမ်းသတ်မရ။

ဖုန်းတစ်ကြိမ် ထပ်ဆက်သည်။ အကြောင်းမထူး။

နေရာမှာပြန်ထိုင်ရင်း စဉ်းစားသည်။ အကြံထုတ်သည်။ ရှားကို ဘယ်လိုဆက်သွယ်ရမလဲ။ ရှားနောက်ကို ဘယ်လိုလိုက်ရမလဲ။ ရှားအိမ်မှာကလည်း ဖုန်းမရှိ။

မနေ့ကလည်း ရှား ကျွန်တော့်ကို ဘာမှပြောမသွားပါ။

"ဆရာနေ ဖုန်း"

တာဝန်ခံအယ်ဒီတာက ဖုန်းကိုကိုင်ထားရင်း လှမ်းပြောသည်။ ဝမ်းသာသွား၏။ ရှားဖြစ်လိမ့်မည်။ တစ်နေရာရာက ရှားလှမ်းဆက်ခြင်း ဖြစ်လိမ့်မည်။

ဖုန်းကို ကောက်ယူနားထောင်လိုက်သည်။

"ဟဲလို"

"အစ်ကိုကြီးလား၊ သစ္စာပါ"

ကျွန်တော့်ရင် ပြိုကျသွားပြန်ပြီ။ မျှော်လင့်ချက်တစ်ခု ကျိုးပျက်သွားပြန်ပြီ။

"သစ္စာ ဘယ်ကဆက်တာလဲ"

"ရုံးခန်းကနေ ဆက်နေတာ၊ အစ်ကိုကြီး မမရှားနဲ့ အဆက်အသွယ်ရလား"

www.burmeseclassic.com

www.burmeseclassic.com



"မရသေးဘူး သစ္စာရဲ့၊ အခု သစ္စာတို့ ကိုစောဝင်းနဲ့ တွေ့ပြီးပြီလား"

"တွေ့ပြီးပြီ"

"ဘာပြောလဲ"

"ကိုစောဝင်းက ကိုခိုင့်ကို ရဲစခန်းမှာ ခေါ်ထားမယ်တဲ့ အဲဒါ သစ္စာတို့ ဘယ်လိုလုပ်ရမလဲ"

"အခုနေတော့ ကိုစောဝင်းပြောသလိုပဲလုပ်ပါ သစ္စာ၊ ခဏပါ မကြာခင် အဖြေကရှင်းသွားမှာပါ"

"သေချာရဲ့လား အစ်ကိုကြီးရယ်၊ ဒီမှာဖြင့် ကိုခိုင်က မျက်နှာမျက်နှာပျက်နေပြီ"

"သစ္စာ သဘောပေါက်ပြီးသားပါ၊ မောင်မျိုးခိုင် ဘယ်လို အပြစ်မကျနိုင်ပါဘူး၊ မောင်မျိုးခိုင်ကို ဟန်ပြဆွဲထားမှ တရား အစစ်ကို ထွက်လာအောင် မြှူဆွယ်နိုင်မှာ"

"အဲဒါ မမရှားကို ပြောပြပါဦးအစ်ကိုကြီး၊ မမရှားနဲ့ အဆက် အသွယ်ရရင်လည်း သစ္စာအိမ်ကို ဖုန်းဆက်ပေးပါ"

"ကောင်းပါပြီ"

"ကိုခိုင် မြန်မြန်လွတ်အောင်တော့ ကြိုးစားပေးပါ အစ်ကိုကြီး ရယ် နော်"

သစ္စာအသံက အသနားခံနေသည့်နှယ်။ သည်ကလေးမလေး သနားစရာ။ အဖေလည်းဆုံး၊ ချစ်သူလည်းအဖမ်းခံရ။ ကံတရား မျက်နှာသာ မပေးလိုက်တာ။



သစ္စာဖုန်းချလိုက်ပြီးနောက် ကျွန်တော် စိတ်ကူးတစ်ခုရသည်။ ရှား၏ရုံးခန်းသို့ သွားကြည့်ရန်ဖြစ်၏။ ရှားမရှိဖို့ များသော်လည်း တစ်ယောက်ယောက်နှင့်တွေ့လျှင် သတင်းရနိုင်သည်။ အစ်ကိုကြီး ချစ်ကိုကိုယုနှင့် တွေ့ချင်တွေ့နိုင်သည်။

ကျွန်တော် မဂ္ဂဇင်းတိုက်မှ ထွက်လာခဲ့သည်။ ခြေလှမ်းတွေ မြန်လွန်း၏။ စိတ်က စောနေသောကြောင့် မောလည်းမောနေသည်။ ကာလမ်းအကူး မီးပွိုင့်မှာ ကားတစ်စီးကိုပင် ဝင်တိုက်မိမလို ဖြစ်သွားရသေးသည်။

ရှားရုံးခန်းရှိရာ ပထမထပ်လှေကားကို တက်ရသည်မှာ စိတ်၏မြန်ဆန်မှုကို ခြေကလိုက်မရ။ တစ်ကြိမ် နှစ်ကြိမ်ပင် ချော်ကျပြန်သေးသည်။

တံခါးက ပိတ်လျက်ဆီးကြိုနေသည်။ မောသည်ထက် မောသွား၏။ အမောဆို့သွားသည်ဟု ထင်ရ၏။

သက်ပြင်းမောကို ရှိုက်ထုတ်ရင်း နောက်ပြန်လှည့်ရသည်။ လှေကားမှအဆင်း မြေပြင်ခြေအချဦ ဆရာချစ်ကိုကိုယုကို ဘွားခနဲ တွေ့လိုက်ရသည်။

"ကိုယု"

"ဟော့ညီလေး ဘယ်လဲ၊ ညီမလေးဆီ လာတာလား"

ကွမ်းများဖြင့်ရဲနေသော နှုတ်ခမ်းများက အပြုံးဖြင့် အားရပါးရ မေးသည်။

"ဟုတ်တယ် ကိုယု၊ တံခါးပိတ်ထားတာပဲ တွေ့တယ် ဖုန်းခေါ်တာလည်း မရလို့"

www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်ကိုကိုယုက သတိရဟန်ဖြင့်

"ဟာ ဟုတ်သားပဲ ညီလေးရာ၊ မနက်က အစ်ကိုကြီးနဲ့ တွေ့လိုက်တယ်၊ ငါ့ညီ ခွန်မြတ်သာရောက်လာလို့ ပါသွားလေရဲ့"

စောစောကထက် ပိုမိုပြင်းထန်သော အမောလှိုင်းက ဝုန်းခနဲ ရိုက်ခတ်သည်။ ဒိုင်းခနဲဝင်ဆောင့်သော ဝေဒနာက လူကိုပင် ယိုင်သွားစေသည်။ ကျင်စက်နှင့် တို့လိုက်သလို ရင်ထဲမှာ ဖျိုးဖျိုးဖျင်းဖျင်း ဖြစ်သွား၏။ စစ်ခနဲ၊ စစ်ခနဲ နေရာအနှံ့ နာကျင်မှု။

နေရာမှ ဝုန်းခနဲ ထွက်ခွာလာသောကြောင့် . . .

"ဟ သွားတော့မလား ညီလေးရ၊ ညီမလေးမရှိတာနဲ့ပဲ သွားတော့မလား၊ အစ်ကိုကြီးနဲ့ စကားမပြောတော့ဘူးလား" ဟူသော ကိုချစ်ကိုကိုယု၏ တောင်းဆိုသံကို အကြောင်းမပြန်တော့ဘဲ နောက်တွင် ထားရစ်ခဲ့တော့သည်။

ရှားကို နားမလည်နိုင်တော့ပြန်။

ကျွန်တော့်၏ သဘောထားကို သိနားလည်ပြီးဖြစ်ပါလျက် အဘယ်ကြောင့် ခွန်မြတ်သာ၏နောက်သို့ ရှားလိုက်သွားရပါသနည်း။ ကျွန်တော့်ကို အသိမပေးဘဲ ခွန်မြတ်သာနှင့်လိုက်သွားခြင်းသည် လျှို့ဝှက်သဘောများ ပါဝင်နေသလား။ ကျွန်တော်သိလျှင် ခံစားရမည်ကို ရှား မတွေးတော့ပြီလော။

မိုးနေသည် အခါတိုင်းထက် အတိုင်းအဆမဲ့ ပို၍ ပူလောင်နေလေ၏။

❒ ❒ ❒



၂၆

မမျှော်လင့်ဘဲ ကျွန်တော်သည် လူတစ်စု၏ ဖမ်းဆီးပြန်ပေးဆွဲခြင်းကို ခံလိုက်ရသည်။

ကျွန်တော် ရှားနှင့် အဆက်အသွယ်ပြတ်နေခိုက် နောက်ပိုင်းတွင် ဖြစ်ပျက်သမျှကို နောင်တွင် ကျွန်တော် ရှားထံမှ ပြန်သိခဲ့ရသည်ဖြစ်ရာ စာဖတ်သူများအတွက် အဆင်ပြေစေရန် အဖြစ်အပျက်ကို အစီအစဉ်အတိုင်း ဆက်လက်ဖော်ပြပါမည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



# ၂၇

"ဟဲလို ဒေါ်မေစံရှားလား"

"ဟုတ်ပါတယ်ရှင်၊ အမိန့်ရှိပါ"

"ကျုပ်တို့က နဂါးနက်ပါ"

"ရှင် . . . နဂါးနက်"

"အဖွဲ့တစ်ခုဆိုပါတော့ဗျာ၊ ဒေါ်မေစံရှားနဲ့ ဆွေးနွေးစရာ ရှိလို့ပါ"

"ဘာများပါလဲ"

"ကိုနေသော့်ကိစ္စပါ"

"ရှင် . . . ကိုကို့ကိစ္စဟုတ်လား"



ခွန်မြတ်သာက တယ်လီဖုန်းပြောနေသော မေစံရှားထံမှ အံ့အားသင့်တုန်လှုပ်သွားသော အမူအရာနှင့် အသံကြောင့် ဖျတ်ခနဲ လှမ်းကြည့်သည်။ သူသောက်နေသော ကော်ဖီခွက်ကိုပင် ပြန်ချလိုက်သည်။ သို့သော် သူတစ်ပါးကိစ္စကို စပ်စုရာရောက်မည်စိုးသဖြင့် အကြည့်ကို လွှဲလိုက်၏။ သို့သော် အသံက သူ့နားစည်ကို ရိုက်ခတ်လျက်ရှိလိမ့်မည်။

"ဟုတ်ပါတယ်၊ ကိုနေသော် ကျုပ်တို့ဆီကို ရောက်နေပါတယ်၊ ကျုပ်တို့က ဖိတ်ခေါ်ထားတာပါ၊ ညှော်သည်ပေါ့ဗျာ ဟဲ ဟဲ"

"ရှင် . . . ရှင်တို့ ဘာကိုဆိုလိုတာလဲ"

"ဒေါ်မေစံရှားနဲ့ အပေးအယူလေး လုပ်ချင်လို့ပါဗျာ၊ ငွေကလေး အနည်းအပါးနဲ့ပါ၊ ကိုယ့်အသက်မက ချစ်သူရဲ့အသက်ကို ငွေစကလေး နည်းနည်းပါးပါးနဲ့ လဲရတာ တန်ပါတယ်နော်"

"အို . . . ရှင်တို့ ကိုကို့ကို ပြန်ပေးဆွဲသွားတာလား၊ ရှင်တို့ ဘယ်သူလဲ၊ အခု ဘယ်ကဆက်နေတာလဲ၊ ကိုကိုက ဘယ်မှာလဲ၊ ကိုကို့ကို ရှင်တို့ အန္တရာယ်မပေးပါနဲ့နော်"

"ဟဲဟဲ . . . ဒီလိုတော့လည်း ပူတတ်သားပဲဗျာ၊ ဒါဆိုရင်တော့ ကိုနေသော်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျုပ်တို့သိရပြီပေါ့၊ အင်း . . . ကျုပ်တို့မျှော်မှန်းထားတဲ့ ငွေစကလေးကိစ္စလည်း သဘောတူမယ် ထင်ပါရဲ့နော် ဟဲ ဟဲ"

"ဒီမှာ . . . ရှင်တို့ ရှင်းအောင်ပြောပါ၊ ရှင်တို့ ဘာကြောင့် ကိုကို့ကို ဖမ်းတာလဲ၊ ရှင်တို့ ဘာလိုချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



“သိပ်ဆန္ဒတွေစောပြီး လောကြီးမနေပါနဲ့ဗျာ၊ ပျာယာတွေလည်း ခပ်မနေပါနဲ့၊ ကျုပ်တို့က နဂါးနက်လို့ ပြောပြီးပြီပဲ၊ ကိုနေသော်ကိုဖမ်းတာက ငွေလိုချင်လို့၊ ဒါကြောင့် ဒေါ်မေစံရှားဆီ ဆက်သွယ်တာ၊ စဉ်းစားထား၊ အဖြေကောင်းရမယ်လို့ မျှော်လင့်တယ်၊ ကျုပ်ပြန်ဆက်မယ်၊ အဲ ရဲကိုတော့ လက်တို့ဖို့မကြိုးစားနဲ့နော်၊ နည်းနည်းလေး ဟိုဟိုဒီဒီ ဉာဏ်များလိုက်တာနဲ့ ကိုနေသော်ရဲ့ အသက်မဲ့ရုပ်ခန္ဓာကိုပဲ ပြန်ရမယ်၊ ဟုတ်ပြီလား၊ ဒါပဲ”

“ဟဲလို . . . ဟဲလို”

တစ်ဖက်မှ ဖုန်းချသွားသည်။

မျက်နှာပျက်ပျက်နှင့် မျက်ရည်ဝဲနေသော ရှား၏နှုတ်ခမ်းတုန်တုန်လေးကိုကြည့်ပြီး ခွန်မြတ်သာက . . .

“ကျွန်တော် သိခွင့်ရှိမလား” ဟု မေးသည်။

ခေါင်းအညိတ်မှာ မေစံရှား၏ မျက်ဝန်းမှ မျက်ရည်ပေါက်ကလေးတွေ စီးကျလာသည်။

“ရှိပါတယ်၊ ရှားကလည်း ကိုခွန်မြတ်သာကိုပဲ အသိပေးတိုင်ပင်ရမှာပါပဲ၊ ကိုနေသော် ပြန်ပေးအဆွဲခံရတယ် ကိုခွန်မြတ်သာ”

“ဟာ”

ခွန်မြတ်သာက အထိတ်တလန့် ရေရွတ်သည်။ မျက်လုံးဝိုင်းသွားသည်။

“ဟုတ်ရဲ့လား၊ သေချာရဲ့လား”

စူးစမ်းသည်။ ရှားက နှုတ်ခမ်းကိုကိုက်၍ စားပွဲပေါ် စူးစိုက်ရင်း တစ်စုံတစ်ခုကို စဉ်းစားနေရာမှ ခွန်မြတ်သာကို ဖျတ်ခနဲကြည့်



သည်။

“ကိုကို့အိမ်ကိုတော့ Confirm လုပ်ကြည့်ဦးမယ်၊ အလုပ်ဆင်းမဆင်း မဂ္ဂဇင်းတိုက်ကိုလည်း ဖုန်းဆက်ကြည့်ရမယ်”

“မဂ္ဂဇင်းတိုက်ကို အရင်ဆက်လိုက်ပါ”

ချက်ချင်းပင် ရှားက သူမ၏ လက်ကိုင်ဖုန်း၏နံပါတ်များကို နှိပ်သည်။ တစ်ဖက်မှ ဖုန်းကိုင်သည်ကို သိသည်နှင့်

“. . . မဂ္ဂဇင်းတိုက်ကပါလားရှင်”

“ဟုတ်ပါတယ်”

“ကိုနေသော် ရုံးတက်ပါသလား”

“ဆရာနေသော် မလာဘူးဗျ၊ မနေ့ကတည်းက မလာတာ”

“ခွင့်တိုင်လား”

“ခွင်လည်းမတိုင်ဘူး”

“ကျေးဇူးပါပဲ”

ဖုန်းကိုပိတ်လိုက်ပြီးနောက် ရှားက ခွန်မြတ်သာကို တည့်တည့်မျက်နှာမူကာ

“သေချာပါပြီ ကိုခွန်မြတ်သာ၊ မဂ္ဂဇင်းတိုက်ကိုလည်း မလာဘူး၊ ခွင့်လည်းမတိုင်ဘူး၊ မနေ့ကတည်းက မလာတာတဲ့”

“ဒုက္ခပါပဲ၊ ဒါဆို မေစံရှား ဘယ်လိုလုပ်မလဲ”

“လောလောဆယ် ဘာမှ မဆုံးဖြတ်ရသေးဘူး၊ နောက်ထပ်ခေါ်မယ့်ဖုန်းကို စောင့်ရမှာပဲ”

“ရဲတိုင်မလား”

ရှား ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက သူတို့လက်ထဲမှာ၊ ဒီနည်းကို သုံးလို့မရသေးဘူး"

"ဒါဆို"

"ရှား ငွေကြို့ရှာထားမယ်၊ ပြီးမှ အဖြေတစ်ခုခုကို ရှာရမယ်၊ ကိုခွန်မြတ်သာ . . ."

ခွန်မြတ်သာ အာရုံတွေစုသွားသည်။

"ပြောပါ မေစံရှား"

"ပြောရမှာတော့ အားနာပါတယ်၊ လိုအပ်ရင် ရှားကိုကူညီစေချင်တယ်"

ရှား၏ တောင်းပန်အကြည့်။ တောင်းခံစကား။ ခွန်မြတ်သာ ခေါင်းညိတ်သည်။

"စိတ်ချပါ၊ မေစံရှားကိစ္စကို ကျွန်တော့်ကိစ္စလို့ပဲ မှတ်ယူပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကဲ သွားကြရအောင်"

ပြောပြောဆိုဆို ရှား ထိုင်ရာမှထသည်။ အလျင်စလို နိုင်နေတာလား၊ စိတ်စောနေတာလား၊ တုန်လှုပ်နေတာလား တစ်ခုခုကြောင့်ပါပဲ။ ရှားက လွယ်လာသောအိတ်ကို ခုံပေါ်တင်ထားသည်ကိုပင်မေ့ပြီး လှည့်ထွက်ဟန်ပြုသည်။

"မေစံရှား အိတ်ကျန်နေတယ်"

ကြင်နာကရုဏာဟန် အကြည့်နှင့်အတူ အိတ်ကိုယူ၍ ခွန်မြတ်သာက ပေးသည်။

"ကျေးဇူးပဲ ကိုခွန်မြတ်သာ"

ဆိုင်အပြင်ရောက်တော့



"နောက် ဖုန်းလာရင် ကျွန်တော့်ဆီကို ဆက်သွယ်ပါ၊ ဟမ်းဖုန်းကိုပဲဆက်ပါ၊ ကျွန်တော် ချက်ချင်းလာခဲ့မယ်"

ကားတံခါးကို ဆွဲဖွင့်ရင်း ခွန်မြတ်သာက ပြောသည်။ ရှားခေါင်းညိတ်ပြလိုက်သည်။

"ကားပေါ်တက်လေ၊ ကျွန်တော်လိုက်ပို့မယ်"

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



## ၂၈

"ဖုန်းထပ်ရတယ် ကိုခွန်မြတ်သာ၊ ကိုကို့ကို ငွေသုံးသိန်းနဲ့ ရွေးရမယ်တဲ့"

"သုံးသိန်း ဟုတ်လား"

"ဟုတ်တယ်"

"အံ့ဩတယ်ဗျာ၊ လူတစ်ယောက်ကို ပြန်ပေးဆွဲပြီး ဆယ် လေးငါးသိန်း တောင်းရမှာကို သုံးသိန်းပဲတောင်းတယ်လို့"

"ရှားတို့ မပေးနိုင်မှာစိုးလို့လား မသိဘူး"

"ကျွန်တော်ကတော့ အဲဒီလိုမထင်ဘူး၊ အကြံတစ်ခုခုနဲ့ လိမ့်မယ်ထင်တယ်"



"ဘယ်လိုအကြံမျိုးလဲ"

"ထောင်ချောက်ဆင်တာများလားလို့လေ"

"ထောင်ချောက်..."

"ဟုတ်တယ်၊ ကျွန်တော့်အယူအဆလေ၊ မေစံရှားကို မှားခေါ် တာများလား"

ရှား ခေတ္တငြိမ်နေမိသည်။

ခွန်မြတ်သာထံမှ အသံထပ်ထွက်လာ၏။

"ကျွန်တော်ပြောတာ ယုတ္တိရှိပါတယ်၊ ငွေနည်းရင် မေစံရှားက ငြင်းမှာမဟုတ်ဘူး၊ လာရွေးမှာသေချာတယ်၊ လာရွေးရင် မေစံရှား သူတို့နယ်ထဲဝင်လာပြီး ထောင်ချောက်ထဲရောက်ပြီ၊ မေစံရှားကို အဲဒီလိုဒုက္ခပေးမှာစိုးတယ်"

"စဉ်းစားစရာပဲ"

"မေစံရှားကို ဘာတွေထပ်ပြောသေးလဲ"

"ငွေရှာထားပါတဲ့၊ ခုညနေမှာ အလဲအလှယ်လုပ်မယ်တဲ့၊ ဖုန်းဆက်ပြီး အကြောင်းကြားမယ်တဲ့၊ အဆင်သင့်စောင့်နေပါတဲ့"

"မေစံရှား ဘာပြန်ပြောလိုက်သလဲ"

"သဘောတူတယ်လို့ ပြောလိုက်တယ်"

ခွန်မြတ်သာထံမှ သက်ပြင်းချသံကြားရသည်။

"မေစံရှားက ကိုနေသော်ကို သိပ်ချစ်တယ်နော်"

ရှားမဖြေပါ။ ဖြေဖို့မလိုပါ။

"ထားပါတော့၊ ငွေ မေစံရှားမှာ အဆင်ပြေရဲ့လား၊ ကျွန်တော် ကူညီရမလား"

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ကိုခွန်မြတ်သာ၊ ရှား ရှာလို့ရပါလိမ့်မယ်"

"အားမနာပါနဲ့ မေစံရှားရယ်"

"အဲ. . .ဖြစ်နိုင်ရင်တော့ တစ်ခု ကူညီစေချင်တယ်"

"ဘာလဲ၊ ပြောပါ"

ရှား သက်ပြင်းချလိုက်သည်။

"ခုညနေမှာ ရှား အဲဒီကိစ္စကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရမှာ၊ ရင်ဆိုင်ဖို့သတ္တိတော့ ရှားမှာရှိပါတယ်၊ ဒါပေမယ့် သူတို့ ချိန်းတဲ့နေရာကိုသွားဖို့ ရှားတစ်ယောက်တည်းဆိုရင် ကိုခွန်မြတ်သာ ပြောသလို ထောင်ချောက်ထဲ ဝင်တာမျိုး ဖြစ်သွားမလားလို့"

"သူတို့ ဘယ်ကဆက်တာဖြစ်နိုင်လဲ"

"မမှန်းတတ်ဘူး ကိုခွန်မြတ်သာ၊ ဒါပေမယ့် ရန်ကုန်ဝန်းကျင်ကပဲဖြစ်မယ်၊ အသံက ပြတ်သားတယ်"

"ကျွန်တော် ဘာမဆို ကူညီဖို့အသင့်ပါပဲ မေစံရှား"

"ဒါဆိုရင် ရှားပြောပါရစေ၊ ညနေ ရှားနဲ့လိုက်ပေးနိုင်မလား"

အသံတုန်တုန်ဖြင့် ရှားပြောသည်။

"မေစံရှား အဲဒီလိုမှ အကူအညီတောင်းပါ့မလားလို့ ကျွန်တော်က စိုးရိမ်နေတာ၊ အိုကေ မေစံရှား၊ ကျွန်တော် မေစံရှားဆီလာခဲ့ရမလား"

"ဟင့်အင်း မလာနဲ့၊ ရှားကပဲ ကိုခွန်မြတ်သာအိမ်ကို လာခဲ့မယ်၊ အိမ်ကပဲစောင့်နေပေးပါ၊ လိုအပ်ရင် ကိုခွန်မြတ်သာရဲ့ကားလည်း ကူညီစေချင်တယ်"

"စိတ်ချ"



"ဒါဆို ဒါပဲနော် ကိုခွန်မြတ်သာ"

"ကောင်းပါပြီ"

ဖုန်းကိုပိတ်သည်။ ရှားရင်မှာခုန်နေသည်။ ရှားလက်ကလေးတွေ တုန်နေသည်။ စွန့်စားခန်းက နီးကပ်လာနေပြီကော။

◻ ◻ ◻

www.burmeseclassic.com

www.burmeseclassic.com



## ၂၆

CK တံဆိပ်ပါ တီရှပ်အဝါရောင်ပေါ်မှာ ဂျင်းဂျာကင်အပြ ရင့်ကို ထပ်ဝတ်ထားသည်။ အောက်က ဂျင်းဘောင်းဘီနှင့် ဝေ့ါကာ ရှူးနှင့်။ ဆံပင်ကိုမူ စည်းနှောင်ထားသည်။

ဆယ်ကျော်သက် ကောင်မလေးတစ်ယောက်လို ဖျတ်လတ် သော်လည်း ညိုနေသော မျက်နှာ၊ မှိုင်းနေသော မျက်လုံးများ မေစံရှားကို ခွန်မြတ်သာကြည့်ရင်း သက်ပြင်းရှိုက်သည်။

ရင်မှာစွဲနေသော ပုံရိပ်လွှာ၊ အိပ်မက်ထဲက ကဗျာ။

ရှားက ဆွဲလာသော သေတ္တာအနက်ပြာကလေးကို ဆက် စားပွဲပေါ် ချလိုက်သည်။



"အဆင်ပြေရဲ့လား"

ငွေကိုမေးကြောင်း ရှားသိသည်။ ခေါင်းညိတ်လိုက်သည်။

"ဖုန်းထပ်လာသေးလား"

"မလာသေးဘူး"

ခွန်မြတ်သာပုံစံက ရှားကိုစောင့်နေကြောင်း ပေါ်လွင်သည်။ သူလည်း အသင့်ပြင်ထားပုံပေါ်၏။ ဂျင်းဘောင်းဘီပြာနှင့် စပို့ရှပ် နက်ပြာစင်းနှင့်။

ခွန်မြတ်သာ၏လူယုံတော် ဦးခွန်ဆိုင်းက အအေးတစ်ခွက် လာချပေးသည်။

"သောက်လိုက်ဦး မေစံရှား"

ရင်မောပြေစေရန် နှလုံးငြိမ်စေရန်ဟု ရည်ရွယ်ပုံရသည်။ ရှားအအေးခွက်ကို မ,ယူပြီး တစ်ငုံနှစ်ငုံသောက်သည်။ ပြီး ပြန်ချ သည်။

"ဘယ်အချိန်မှ ဖုန်းလာမလဲ မသိဘူး"

"မေစံရှား ရင်မောနေပြီလား၊ ဘာမှ အားမငယ်ပါနဲ့ဗျာ၊ မေစံရှားနောက်မှာ ကျွန်တော် ရှိနေပါတယ်"

"ရှား ရည်ရွယ်ချက်ကို အရင်ပြောချင်တယ် ကိုခွန်မြတ်သာ၊ နံပါတ်တစ်က ကိုကို အန္တရာယ်မရှိ ဆူးမငြိဘဲ ပြန်လွတ်လာဖို့၊ နံပါတ်နှစ်က ကိုကို့ကို ကယ်တင်ပြီး တစ်ပြိုင်တည်းမှာပဲ ဖြစ်နိုင် ရင် အဲဒီလူတွေကို ဖမ်းမိနိုင်ဖို့"

ခွန်မြတ်သာမျက်ခုံးများ ပင့်တက်သွားသည်။ မျက်လုံးပြူး ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား"

ရှားပြုံးသည်။ ထိုအပြုံးမှာ အားရှိမရှိ မသေချာ။

"ကြိုးစားကြည့်ချင်တယ်"

"မေစံရှားတစ်ယောက်တည်း ဘယ်ဖြစ်မလဲ၊ ဟိုဘက်က လာမှာက အုပ်စုလိုက်၊ ပြီးတော့ သူတို့ ဘယ်လိုတွေအကွက် ဆင်ထားမလဲ မသိဘူးလေ"

"မှန်ပါတယ်၊ သူတို့ဘက်က လက်နက်တွေလည်း ပါနိုင်တယ်၊ နောက်တစ်ခုက သူတို့က အရာရာကို စိတ်ကြိုက်ကြိုတင် ပြင်ဆင်ထားပြီး ဖြစ်နေမယ်၊ ရှားတို့ဝင်ရမှာက ရန်သူ့နယ်မြေ"

"သတ်ကွင်းဖြစ်နေမှာ ကျွန်တော်စိုးတယ်လေ"

"တရားဥပဒေအတွက် အမှန်တရားအတွက် ရှားရင်ဆိုင်ဖို့ ကြိုးစားကြည့်ချင်တယ်"

ခွန်မြတ်သာက သက်ပြင်းမောကို ရှိုက်သည်။ တစ်စုံတစ်ခု ကိုတွေးပြီး ဟင်းချလိုက်ပုံပေါ်သည်။ ခေါင်းဆတ်သည်။ အားပေး ပြုံးဖြင့် . . .

"လုပ်လိုက်လေ ကြာသလားလို့"

ရှား ကျေနပ်ဟန်ပြုံးသည်။

"ကျေးဇူးတင်ပါတယ် ကိုခွန်မြတ်သာ"

ထို့နောက်မှာ နှစ်ယောက်သား တိတ်ဆိတ်သွားသည်။ ဧည့် ခန်းထဲမှာ လူသားနှစ်ဦး ရှိနေသော်လည်း မည်သူမျှမရှိသည့်ပမာ ငြိမ်သက်သွားသည်။ လူသားနှစ်ဦးစလုံး ကိုယ့်ရင်ခုန်သံ ကိုယ်ပြန် ကြားနေပုံရှိသည်။



အချိန်က ကုန်ခဲ့သည်။

ဂဏှာမငြိမ်သော ခွန်မြတ်သာ အတွင်းသို့ ခဏဝင်သွားသည်။ ရှား ငုတ်တုတ်။ စားပွဲပေါ်တင်ထားသော သေတ္တာပြားလေးပေါ်မှ သူမ၏ လက်ကိုင်ဖုန်းကို စိုက်ကြည့်နေသည်။

ဖုန်း မဆက်သေးပါလား။

နံရံမှနာရီကို ရှား လှမ်းကြည့်သည်။ ငါးနာရီခွဲပြီး၍ ဆယ်မိနစ် ကျော်ခဲ့ပြီ။ နေခြည်လျော့၍ အလင်းဖျော့ခဲ့ပြီ။ အမှောင်ချဉ်းစ နှင်းစပြုလာပြီ။

"တီ တီ တီ"

လက်ကိုင်ဖုန်းက မြည်လာ၏။ ရှားက ဖုန်းကိုကောက်ယူ လိုက်သည်။ ဖုန်းသံကြောင့်ထင့်။ ခွန်မြတ်သာ ဧည့်ခန်းတွင်းသို့ အလျင်စလို ဝင်လာသည်။

ရှားက ဖုန်းကို နားမှာကပ်သည်။

"ဒေါ်မေစံရှားလား"

"ဟုတ်ပါတယ်"

"အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့"

"ကျုပ်တို့ သတိပေးထားတာကို ဒေါ်မေစံရှား လိုက်နာ ပါတယ်နော်"

"စိတ်ချပါ"

"ဒါဆို ဒေါ်မေစံရှားမှာ ကားရှိလား"

"ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကားမောင်းလာလို့ ရမလား"

"ရပါတယ်"

"ကောင်းပြီ၊ ဒေါ်မေစံရှား ကားမောင်းထွက်ခဲ့ပါ၊ အင်းလျားကန် တံတားဖြူနားက ကျုပ်တို့စောင့်နေမယ်၊ ဒေါ်မေစံရှားရဲ့ဖုန်းကို ယူလာခဲ့ပါ၊ ကျုပ်တို့က လုပ်ရမှာကို ထပ်ပြီး ညွှန်ကြားမယ်"

"အခုလား"

"အခုပေါ့၊ ဒေါ်မေစံရှားရှိနေတဲ့နေရာကနေ တံတားဖြူကို ခြောက်နာရီမခွဲခင် ရောက်အောင်လာခဲ့ပါ၊ အချိန် မိနစ်လေးဆယ် ရမယ်၊ ကျုပ်တို့ကို မရှာနဲ့၊ ကျုပ်တို့ တစ်နေရာရာမှာရှိတယ်၊ ကျုပ်တို့က ဒေါ်မေစံရှားကို တွေ့နိုင်တဲ့နေရာမှာပေါ့၊ ကဲ . . . ခု ထွက်လာခဲ့ပါ၊ ဒါပေမယ့် ထပ်ပြောလိုက်မယ်၊ ပြဿနာခေါ်မလာနဲ့၊ တစ်ယောက်တည်းလာ၊ ကတိအတိုင်း ပါလာပါစေ၊ ကျုပ်တို့ဘက်ကလည်း ကတိတည်တယ်၊ အဆင်သင့်ပါပဲ"

"စိတ်ချပါ"

ဖုန်းကိုပိတ်လိုက်သည်။

"ဘယ်လိုလဲ"

"ခု ထွက်ရမယ်"

"ကျွန်တော်လိုက်ဖို့ကိစ္စ"

"သူတို့ကတော့ တစ်ယောက်တည်းလာခဲ့ရမယ်လို့ ပြောတယ်"

"ဘယ်ဖြစ်မလဲ၊ ကျွန်တော်လိုက်မယ်၊ နောက်ခန်းမှာ ငုံး လိုက်လာခဲ့မယ်"

"ဖြစ်ပါ့မလား"



"ဖြစ်ပါတယ်၊ ကျွန်တော့်ကားမှန်တွေက အပြင်က ရုတ်တရက် အထဲကို မမြင်နိုင်ဘူး"

"ဒါဆို သွားစို့ ကိုခွန်မြတ်သာ"

ခွန်မြတ်သာ ခေါင်းညိတ်သည်။

ရှား ထိုင်ရာမှထသည်။ ဟမ်းဖုန်းကို ဂျင်းဂျာကင်အပေါ်အိတ်ထဲ ထည့်သည်။ ငွေသေတ္တာကို ကောက်ယူသည်။

ရှား၏လှုပ်ရှားမှုမှာ ကျားသစ်မလေးတစ်ကောင်လို ရဲရင့်ဖျတ်လတ်နေပြန်သည်ဟု ခွန်မြတ်သာ ထင်လိုက်သည်။

"ချစ်တဲ့မေစံရှား မင်းအတွက်ဆိုရင် ကိုယ်က မိုးကိုဒူးနဲ့တိုက်မယ်"

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



# ၃၀

မေစံရှားက ကားလီဗာကို ခပ်ပြင်းပြင်း နင်းထားသည်။ ကား၏ ကောင်းခြင်းနှင့် မေစံရှား၏ စိတ်စောခြင်းတို့ပေါင်းလျက် ကားက လေးညို့မှလွတ်သော မြှားလို အရှိန်အဟုန်ပြင်းစွာ တဟုန်ထိုးပြေးနေသည်။

အမှောင်က ဖြာကျလာပြီး လမ်းမီးဝါကျင့်ကျင့်တွေက လမ်းပေါ်က အမှောင်ကို ထိုးခွဲနေ၏။ လမ်းဘေးမှာ အဆောက်အဦတွေ ရိပ်ခနဲ၊ ရိပ်ခနဲ ကျန်ခဲ့သည်။

ရှားအာရုံက ရှေ့မှာသာ။

လှည်းတန်းမီးပွိုင့်ကို ဖြတ်ကျော်လာသည်။ ရှေ့မှာ တံတားဖြူ နီးလာပြီ။ ဘာမျှထူးခြားမှု မတွေ့ရသေး။ သူတို့ ဘယ်ဆ



စောင့်နေသနည်း။ ဘယ်လို စောင့်နေသနည်း။

နောက်ခန်းမှာ လှဲလျက် ပုန်းလိုက်လာသူ ခွန်မြတ်သာက ခပ်တိုးတိုး လှမ်းပြောသည်။

“တံတားဖြူနီးပြီလား၊ ဘာတွေ့လဲ”

“ဘာမှ မတွေ့သေးဘူး”

“ဖုန်းလည်း ထပ်မခေါ်သေးဘူးနော်”

“ဟုတ်တယ်”

“ချိန်းတဲ့အချိန်နဲ့ အံကိုက်ပဲမဟုတ်လား”

“ဟုတ်ကဲ့”

ဖြေရင်းက မေစံရှား ဒက်ရှ်ဘုတ်မှ နာရီကို ဖျတ်ခနဲ ငုံ့ကြည့်သည်။ ၆ နာရီ ၂၀၊ ကွက်တိပဲဖြစ်သည်။

ကားထဲက လေအေးစက်အရှိန်က အေးသော်လည်း ရှားနဖူးမှာ ချွေးတွေသီးခိုနေသည်။ စိတ်လှုပ်ရှားမှုက ကားထက်ပို၍ အရှိန်မြင့်နေ၏။ နှလုံးခုန်သံက ကားစက်သံထက်ပို၍ ကျယ်လောင်နေ၏။

ကားလမ်းက နိမ့်ဆင်းလာရာမှ ဦးပြန်မော့လာသည်။ စက်ရှိန်ကိုနည်းငယ် လျှော့ချလိုက်၏။

ထိုစဉ် တယ်လီဖုန်းခေါ်သံ မြည်လာသည်။

ရှားက အိတ်ထဲမှဖုန်းကိုယူ၍ ဖွင့်သည်။

“ဟဲလို”

“ဒေါ်မေစံရှားလား”

“ဟုတ်ပါတယ်”

“ဘယ်ရောက်နေပြီလဲ”

www.burmeseclassic.com

www.burmeseclassic.com



"တံတားဖြူရှေ့"

"ကား ဘာအရောင်လဲ၊ ဘာကားလဲ"

"ကျောက်စိမ်းရောင် ပရာဒို၊ ၄ခ/....."

"တွေ့ပြီ၊ ရှေ့ဆက်မောင်းပါ"

ဖုန်းချသွားပြန်သည်။ ရှားက ကားကို စောစောကအတိုင်း တူညီသောအရှိန်ဖြင့် မောင်းလာသည်။

"ဘာတဲ့လဲ"

ခွန်မြတ်သာက လှမ်းမေးပြန်သည်။

"သူတို့ ရှားတို့ကားကို တွေ့တယ်တဲ့၊ ရှေ့ဆက်မောင်းလို့ ပြောတယ်"

ခွန်မြတ်သာ ပြန်ငြိမ်သွားသည်။

ကားကိုမောင်းရင်း နောက်ကြည့်မှန်မှာ လိုက်လာသော ကားရှိမရှိ ကြည့်သည်။ အဖြူရောင် စုပါဆလွန်းလေးတစ်စီး ကပ်လိုက်လာသည်ကို တွေ့ရ၏။ ရှားက ကားကို အရှိန်အနည်းငယ်လျှော့ချပြီး လမ်းဘေးဘက်သို့ဆင်းကာ နောက်ကားကို ကျော်တက်ခွင့်ပေးသည်။ သို့သော် ထိုကားက ကျော်မတက်။ ထိုကားသည် ပြန်ပေးသမားတို့၏ ကားလေလား။

"ကိုခွန်မြတ်သာ သတိထား၊ နောက်မှာကားပါလာတယ်" ဟုလည်း ခွန်မြတ်သာကို သတိပေးလိုက်ရသည်။ ခွန်မြတ်သာက ကားကူရှင်ပေါ်မှာလှဲ၍ နေလိုက်သည်။

ခဏအကြာတွင် နောက်ကားက မီးထိုးပြီး ရှေ့ကိုကျော်တက်လာသည်။ သို့သော် ရှား၏ကားရှေ့သို့ရောက်အောင် ကျော်မတက်



သေးဘဲ ဘေးချင်းယှဉ်၍ အတန်ကြာမောင်းနေသည်။

ရှားက ကားမောင်းရင်း ဘေးချင်းယှဉ်နေသောကားကို ငဲ့ကြည့်သည်။ ကားအဖြူကလေး၏ အတွင်းမီးက ပိတ်ထား၏။ အထဲကလူတွေကို သဲသဲကွဲကွဲ မမြင်ရ။ သို့သော် ကားရှေ့ခန်းမှာရော နောက်ခန်းမှာပါ လူရိပ်၊ လူသဏ္ဍာန်တွေကို တွေ့ရသည်။ ရှေ့ခန်းမှာ နှစ်ယောက်၊ နောက်ခန်းမှာ နှစ်ယောက်။

ထိုကားက ကားဟွန်းတစ်ချက်တီးကာ ကျော်တက်သွားသည်။ အနည်းငယ်ကျော်အောင် အရှိန်ဖြင့် မောင်းသွားသည်။ ယခုအတိုင်းဆိုလျှင် ထိုကားဖြူကလေးက ရှေ့က။ ရှား၏ကားက နောက်က ဖြစ်သည်။

ဖုန်းသံမြည်လာပြန်သည်။

"ဟဲလို"

"ကျုပ်တို့ကားက ဒေါ်မေစံရှားရဲ့ကားရှေ့မှာ ရောက်နေတဲ့ကားပဲ၊ ကျုပ်တို့ကားနောက်ကို မျက်ခြည်ပြတ်မခံဘဲ လိုက်ခဲ့ပါ"

"ကောင်းပြီ"

"ပစ္စည်းပါတယ်နော်"

"စိတ်ချပါ"

ဖုန်းပြန်ပိတ်သွားသည်။

ဖုန်းထဲကပြောသလို ရှေ့ကကားသည် ကိုကိုပါလာမည့် ပြန်ပေးသမားတို့၏ ကားဖြစ်ကြောင်း သိရသဖြင့် ထိုကားကို အာရုံပြု၍ လိုက်လာခဲ့သည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



# ၃၁

"ဟဲလို"

"ကျုပ်တို့ကား ရွှေနားမှာ ညာဘက်ကိုကွေ့မယ်၊ နောက်ကနေပြီး အရှိန်လျှော့ပြီး မောင်းလိုက်ခဲ့ပါ၊ ကျုပ်တို့ကားနဲ့ ခွာပြီး ရပ်ပါ၊ နားလည်တယ်နော်"

"လည်ပါတယ်"

ရှေ့ကားက လမ်းမကြီးပေါ်မှနေ၍ ညာဘက်သို့ ချိုးကွေ့ဝင်သွားသည်။ လမ်းက မြေလမ်းကလေးသာဖြစ်သည်။ ဘေးမှာကာရာဘာပင်တွေဖြင့် အုပ်ဆိုင်းနေသည်။ အိမ်တွေနှင့်အလှမ်းဝေးသည်။ လူပြတ်သည့်နေရာ ဖြစ်သည်။



ရှားကလည်း ကားကို ကျင်လည်စွာမောင်းရင်း ထိုလမ်းကြားကလေးထဲသို့ မောင်းဝင်ခဲ့သည်။ ရှေ့ကား၏နောက်ပိုင်းမှ မီးနီကလေးကို လှမ်းမြင်နေရ၏။ အတန်ငယ် ကြာသွားပြီးနောက် ရှေ့ကားက ရပ်သွားသည်။ ရှေ့ကားရပ်သည့်နေရာသည် သစ်ပင်အုပ်များနှင့် အနည်းငယ်ကွာသော ကွင်းပြင်စပ်မှာ ဖြစ်သည်။ အပေါ်က ထွက်ပြူစပြုနေသော ဆန်းလရောင်ကြောင့် ကားပေါ်မှလူများ ဆင်းသည့်သဏ္ဌာန်ကို ရိုးရိုးရိပ်ရိပ် မြင်နေရသည်။ အားလုံးလူလေးယောက်ဖြစ်သည်။

ရှားက ကားကိုရပ်လိုက်သည်။ ရှေ့ကားနှင့် ပေငါးဆယ်ခန့်ကွာလိမ့်မည်။

ဖုန်းခေါ်သံ တတီတီက ရှား၏စိတ်ကို ဆောင့်ခုန်စေသည်။

"ဟဲလို"

"ကျုပ်တို့ရှိရာကို ဒေါ်မေစံရှားလာခဲ့ပါ၊ ငွေအိတ်ကို ယူလာခဲ့၊ ဒီမှာ ကိုနေသော်ပါလာတယ်၊ မြင်လား"

မိုးသားရိပ်ရိပ်ကြားမှ သာနေသော လရောင်မှုန်မှုန်အောက်တွင် မြင်ရသည့်သဏ္ဌာန်များထဲ၌ ကိုကို့ကို ကွဲပြားစွာမြင်ရသည်ဟု ရှားထင်သည်။ ကြည့်ရသည်မှာ ကိုကို့လက်ကို ကြိုးဖြင့်တုပ်ထားပုံရသည်။ နောက်မှတစ်ယောက်က ချုပ်ကိုင်ထားပုံလည်းရသည်။ ကျန်နှစ်ယောက်က အလွတ်။

သူတို့လက်ထဲမှာ လက်နက်တွေ ပါလေမလားမသိ။ အစိုးခုတော့ပါမှာ သေချာသည်။ ဓားလား၊ သေနတ်လား။

www.burmeseclassic.com

www.burmeseclassic.com



တင်ကြိုတွက်ဆထားသလို ဖြစ်လာလေမလား။ သို့မဟုတ် လွဲချော်သွားမလား။ ရှားတွေးလိုက်မိပြီး ရင်ပူလာသည်။ ကားစက်ကို သတ်လိုက်သည်။

"မြင်တယ်"

ပြန်ပေးသမား၏ စောစောကအမေးအတွက် ရှားအဖြေ။

"ဒါဖြင့်ကောင်းပြီ၊ အေးအေးဆေးဆေးလာခဲ့ပါ၊ ကျုပ်တို့ အဆင်သင့်ပဲ၊ အားလုံးအဆင်ပြေပါတယ်နော်"

"ပြေပါတယ်"

"ပြောတဲ့အတိုင်းလုပ်နော်၊ ဒါပဲ"

ဖုန်းထဲကအသံ ပြတ်သွားသည်။ ရှားက ဖုန်းကိုပိတ်လိုက်သည်။ ကားရှေ့ခန်းတံခါးကို ဖွင့်လိုက်သည်။

ရှား ကားရပ်ရာနေရာ၏ ဘေးမှာက ရာဘာပင်တချို့ ရှိနေသဖြင့် မှောင်ရိပ်ကျသည်။ ထို့ကြောင့် ကားထဲက ခွန်မြတ်သာကို သူတို့ မြင်နိုင်မည်မဟုတ်။

ကားပေါ်မှမဆင်းသေးဘဲ . . .

"ကိုခွန်မြတ်သာ"

အသံကို တည်ငြိမ်အောင် ထိန်းချုပ်ပြီးခေါ်လိုက်သည်။

"ပြောပါ မေစံရှား"

အသံသာကြားရ၏။ လူက ပုန်းနေရာမှမထသေး။ သူ စိုးရိမ်နေဟန်ရှိသည်ဟု ရှားတွက်သည်။

"ဒီလိုလုပ်ရအောင်"

"ဘယ်လိုလဲ"



"အခု ရှားသွားတော့မယ်၊ ငွေထည့်ထားတဲ့ သေတ္တာယူသွားမယ်၊ ရှားရဲ့ဖုန်းကနေ ကိုခွန်မြတ်သာရဲ့ ဖုန်းနံပါတ်ကိုခေါ်လိုက်မယ်၊ ကိုခွန်မြတ်သာက ဖုန်းကိုဖွင့်ထားပါ၊ ပြီးရင် ရှားကဖုန်းကို ဂျာကင်အင်္ကျီ အပေါ်အိတ်ထဲ ထည့်သွားမယ်၊ သွားရင်းကနေ ရှေ့မှာရှိနေတဲ့ အခြေအနေတွေကို ခပ်တိုးတိုးပြောသွားမယ်၊ ဒါဆိုရင် ကိုခွန်မြတ်သာ ကားထဲကနေ ရှားတို့ဖြစ်ပျက်တာကို သိရမှာပဲ၊ အခြေအနေကောင်းနေရင် ဘာမှမလှုပ်ရှားပါနဲ့၊ ရှားဘက်က တစ်ခုခု နှိမ့်ပါးသွားရင်တော့ ကိုခွန်မြတ်သာရဲ့ အကူအညီလိုလိမ့်မယ်"

"မေစံရှားက အိမ်မှာပြောခဲ့သလို သူတို့ကိုမိအောင် လုပ်မလို့လား"

"ဟုတ်တယ်"

"ကျွန်တော် မေစံရှားအတွက် စိုးရိမ်တယ်"

"ရပါတယ် ကိုခွန်မြတ်သာ၊ ဘာမှမပူပါနဲ့"

ခွန်မြတ်သာ၏ သက်ပြင်းချသံ ကြားရသည်။ ခေါင်းကလေးက ကားကုရှင်များအကြားမှ ပေါ်လာသည်။

"သတိထားသွားပါ၊ ကျွန်တော် မေစံရှားပြောတာကိုလည်း နားထောင်နေမယ်၊ အရိပ်အကဲလည်း ကြည့်နေမယ်"

"ကျေးဇူးကမ္ဘာပါပဲ ကိုခွန်မြတ်သာ၊ ကိုခွန်မြတ်သာရဲ့ ကျေးဇူးကို မမေ့ပါဘူး"

ရှားက ခွန်မြတ်သာ၏ ဟမ်းဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ ပြီးတော့ ဂျာကင်အပေါ်အိတ်ထဲသို့ ထည့်သည်။ ထို့နောက် ငွေသေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ကိုဆွဲကာ ကားပေါ်မှဆင်းသည်။ မြေပြင်ကိုခြေအချ၌ ရင်က ပိုခုန်လာသည်ဟု ထင်၏။

သို့သော် သတိကိုစုစည်းထားလိုက်သည်။ ခြေလှမ်းတွေကိုပြန်ပေးအဖွဲ့ ရပ်နေရာ ကားအဖြူလေးဘေးသို့ ဦးတည်လိုက်သည်။ တစ်လှမ်းပြီးတစ်လှမ်း တည်ငြိမ်စွာ လှမ်းလာခဲ့သည်။

❒ ❒ ❒



၄၂

ခွန်မြတ်သာသည် ကားနောက်တွင်ပုန်းနေရာမှ ခေါင်းပြူ၍ ကားအတွင်းမှ လှမ်းကြည့်သည်။ မေစံရှား၏ ကျောပြင်ကို မြင်ရ၏။ အဝေးတွင် ကားအဖြူကလေးနှင့် လူတစ်စု။

ကားနောက်ခန်းတံခါးကို အသာဖွင့်၍ ဟလိုက်သည်။ ပြီး သာအယာ လျောဆင်းလိုက်သည်။ မြေပြင်၌ ခြေချပြီးနောက် င်ထားသော ကားတံခါးကိုကွယ်လျက် ရှေ့ကိုကြည့်သည်။

ထိုအခိုက် မေစံရှားစကားသံက ဖုန်းထဲမှပေါ်လာသည်။

"ရှား သူတို့နဲ့နီးနေပြီ၊ ကိုကို့ကို တစ်ယောက်က ချုပ်ထား

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျန်နှစ်ယောက်က သပ်သပ်ရပ်ရပ်နေတယ်၊ ကြည့်ရတာ သူတို့လက်ထဲမှာ ဓားတွေရှိနေတယ်၊ လရောင်နဲ့ ခပ်ပြောင်ပြောင်လေး မြင်ရတယ်”

ခွန်မြတ်သာ၏ ရင်ထဲမှာ တဒိတ်ဒိတ်ဆောင့်ခုန်လာ၏။ စိုးရိမ်ရေမှတ်က မြင့်တက်လာသည်။ မေစံရှား အဆင်ပြေပါ့မလား၊ လက်နက်ပါသော ယောကျ်ားသုံးယောက်ကို လက်နက်မဲ့သော မေစံရှား မည်သို့ရင်ဆိုင်မည်နည်း။ မေစံရှား၏ စွန့်စားမှုက အန္တရာယ်ကြီးလွန်းလှသည်ဟု ခွန်မြတ်သာ ထင်၏။

ခန္ဓာကိုယ်ကိုကိုင်းလျက် ညာလက်က ခြေထောက်ကိုစမ်းသည်။ ဂျင်းဘောင်းဘီအောက်မှ မာကျောသောအရာကို ထိတွေ့၏၊ ဂျင်းဘောင်းဘီခြေထောက်ကို အသာပင့်တင် ထားလိုက်သည်။

ထိုစဉ် မေစံရှားက ပြန်ပေးအဖွဲ့နားသို့ ရောက်သွားပြီဖြစ်၏။

“ဘယ်မှာလဲ ငွေ”

တယ်လီဖုန်းကိုဖွင့်ထားသဖြင့် တစ်ဖက်က ယောကျ်ားသံက မေစံရှား၏ဖုန်းမှတစ်ဆင့် ခွန်မြတ်သာနားထဲ စီးဝင်လာသည်။

“ပါပါတယ်”

မေစံရှားက သေတ္တာကိုမြှောက်ပြသည်။

“ပြည့်ရဲ့လား”

“အပြည့်ပါ”

“သေတ္တာကိုချလိုက်”

“ရှင်တို့က ကိုကို့ကို အရင်လွှတ်ပါ”

“မင်းရဲ့ငွေ ပြည့်မပြည့် ကြည့်ရဦးမယ်လေ”



“ဒါဖြင့် မြန်မြန်ကြည့်”

တစ်ယောက်က မေစံရှားရှေ့မှသေတ္တာကို လှမ်းယူသည်ကို လရောင်မှုန်ပျပျတွင် ခွန်မြတ်သာမြင်ရသည်။ မြင်ကွင်းကို လှမ်းကြည့်နေရသည်မှာ လျှို့ဝှက်သည်းဖိုဇာတ်လမ်းတစ်ပုဒ်ပမာ ဖြစ်၏။ မောဟိုက်နေသည်။ စိုးရိမ်ကြောင့်ကြမှုတွေ ကဲလွန်နေသည်။ မေစံရှား အဆင်ပြေပါစေ။

သို့မဟုတ် တစ်ဖက်က ဉာဏ်များခဲ့လျှင် . . .

သေတ္တာကိုဖွင့်ကြည့်သူက . . .

“ငွေပြည့်ပါတယ်”

“ဒါဖြင့် ကိုကို့ကိုလွှတ်”

“ဟား ဟား ဟား”

“ရှင်တို့ဘာရယ်တာလဲ”

“သဘောကျလို့”

“ဘာ”

“မင်းက တော်တော်လည်တဲ့ ရှေ့နေမလေးပါ၊ ဒီလောက်အ,မယ်မထင်ခဲ့ဘူး၊ ငါတို့က မင်းရဲ့ကောင်ကို ငွေသုံးသိန်းနဲ့လာရွေးဆိုတာကို မင်းကအဟုတ်ထင်တယ်၊ တကယ်ကတော့ ငွေသုံးသိန်းနဲ့ မင်းကောင်ကို လဲမလားကွ၊ ငွေလိုချင်ရင် ဆယ်သိန်း၊ ဆယ့်ငါးသိန်း ကောင်းမှာပေါ့၊ အခု ငါတို့လိုချင်တာက မင်းကိုပဲ”

“ဘာ . . . ရှင် . . .”

“ဟုတ်တယ်၊ မင်းကိုလိုချင်တာ၊ မင်းကြောင့် ငါတို့အရာဆောင်ကျခဲ့ရတယ်၊ ဒါကို ကလဲ့စားချေချင်လို့ မင်းကိုမျှားခေါ်တာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



မင်း ငွေတွေလည်းရပြီ၊ မင်းကိုရော၊ မင်းကောင်ကိုရော ဒီနေရာမှာတင် အပြတ်ရှင်းပစ်မှာ”

ခွန်မြတ်သာ၏ ရင်ထဲသို့ ပြင်းထန်သော အဆိပ်လူးမြားတစ်စင်း ခွင်းဝင်လာသည်။ သွေးတွေ ပူနွေးလာ၏။ ကောက်ကျစ်လှည့်ဖျားသော ထိုလူဆိုးတွေကို အမှုန့်ကြိတ်ပစ်ချင်စိတ် ပေါ်လာသည်။

မေစံရှားက . . .

“ရှင်တို့ ယုတ်မာလှချည်လား”

“ဒါ ယုတ်မာတာမဟုတ်ဘူး၊ ဉာဏ်ကစားတာ”

“ရှား . . . သတိထား”

ကိုနေသော်၏ လှမ်းအော်၍ သတိပေးသံကို ကြားရ၏။ ခွန်မြတ်သာ၏ ရင်ထဲကလည်း သတိပေးလိုက်သည်။ “ရှား . . . မေစံရှား သတိထား” ဟု။

မေစံရှား၏ရှေ့မှ လူတစ်ယောက်က စတင်လှုပ်ရှားသည်။ လရောင်တွင် ဝင်းခနဲလက်သွားသည်ကို မြင်ရ၏။ ကိုနေသော်က သူ့ကိုချုပ်ထားသော လူ၏ လက်မှရုန်းကန်နေသည်ကိုလည်း တွေ့ရ၏။ မေစံရှားက ရင်ဆိုင်ရန် အသင့်ပြင်လိုက်ဟန်ရှိလေသည်။

နှစ်ယောက်တစ်ယောက် တိုက်ပွဲကားစလေပြီ။ ယောကျ်ားသားနှစ်ယောက်နှင့် မေစံရှား။ မမျှတသော တိုက်ပွဲပေပဲ။ ခွန်မြတ်သာရင်ထဲမှာ တင်းကြပ်သွားသည်။ စောစောက ပူနွေးသောသွေးတို့ ဆူပွက်သည်ထိ မြင့်တက်လာ၏။ သူ့ရင်ကို တစ်စုံတစ်ရာက ဆောင့်၍ တွန်းလိုက်သည်ဟု ခံစားရသည်။ ခန္ဓာကိုယ် တောင့်မတ်သွားသည်။ အံကို ကြိတ်လိုက်သည်။



မေစံရှားကလည်း လူဆိုးနှစ်ယောက်ကို အသေအလဲ ခုခံနေသည်။

“သေပေတော့” ဟူသော အသံတစ်သံက ဖုန်းထဲမှတစ်ဆင့် ခွန်မြတ်သာ၏ နားစည်သို့ ဝင်လာသည်။

ခွန်မြတ်သာ သက်ပြင်းရှိုက်လိုက်သည်။ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ မေစံရှား ကြာလျှင်အရေးနိမ့်တော့မည်။ မေစံရှားကို ကယ်မှဖြစ်တော့မည်။ သူချစ်သော မေစံရှားကို ရန်သူ့လက်မှာ မကျဆုံးစေရ။ ရန်သူ့လက်ချက်ဖြင့် မေစံရှား အသက်မဆုံးရှုံးစေရ။ မေစံရှားအသက်ကို သူ့အသက်နှင့် လဲလှယ်သင့် လဲလှယ်ရမည်။

ကိုနေသော်ကလည်း သူ့ကိုချုပ်ထားသူနှင့် တိုက်ခိုက်နေရသည်။ မေစံရှားကို မကယ်နိုင်။

မေစံရှားမှာလည်း နှစ်ယောက်တစ်ယောက် အသေအလဲ ရင်ဆိုင်သတ်ပုတ်နေရ၏။

ခြေသလုံးတွင်ပတ်ထားသော ဓားအိမ်မှ ဓားမြှောင်ကို ခွန်မြတ်သာ ဆွဲထုတ်လိုက်သည်။ ထိုစဉ် . . .

“အမလေး” ဟူသောအသံဖြင့် မေစံရှားလဲကျသွားသည်။ ခွန်မြတ်သာ၏ မျက်လုံးထဲမှာ မီးတွေ ဝင်းဝင်းတောက်သွား၏။ စိုးရိမ်မှုက အမြင့်ဆုံးဒီဂရီဖြင့် သူ့နှလုံးသားကို ထိုးဆွလိုက်သည်။

လဲကျသွားသော မေစံရှားကို လူဆိုးတစ်ယောက်က အပေါ်မှစီးမိုးလျက် ဓားဖြင့်ထိုးရန် ပြင်လိုက်သည်။

ခွန်မြတ်သာ ကြည့်မနေနိုင်တော့။ အချိန်မီ မေစံရှားကို ကယ်ရမည်။ လက်တွင်ကိုင်ထားသော ဓားမြှောင်ကို ပစ်လွှတ်ရန်

www.burmeseclassic.com

www.burmeseclassic.com



လက်ကို မြှောက်လိုက်သည်။

သို့သော် . . .

ခွန်မြတ်သာ၏ လက်ကို တစ်စုံတစ်ယောက်က နောက်မှနေ၍ ဖမ်းချုပ်လိုက်သည်ကို ခံလိုက်ရသည်။

"မလှုပ်နဲ့ . . . ရပ်"

အမိန့်ပေးသံက နောက်မှဟိန်းထွက်လာ၏။

❒ ❒ ❒



# ၃၃

"ကျေးဇူးတင်ပါတယ် ဒေါ်မေစံရှား၊ အစက ဒေါ်မေစံရှား ပြောတာကို ကျွန်တော် လက်မခံချင်ခဲ့ဘူး၊ ဒေါ်မေစံရှားရဲ့ ယူဆချက်၊ ကောက်ချက်တွေ မမှန်ဘူးလို့ပဲ ယုံကြည်ခဲ့တယ်၊ နောက်ဆုံးကျမှ ဒေါ်မေစံရှား ဆန္ဒပြင်းပြလွန်းတာကို အားနာပြီးလက်ခံခဲ့တာ"

စခန်းမှူးက အရယ်အပြုံးတွေနှင့်ပြောသည်။

"လက်ဖက်ရည်လေး သောက်လိုက်ပါဦး၊ အားလုံး ပင်ပန်းနေကြပြီ" ဟု ရဲအုပ်စောဝင်းက ဝင်ပြောသည်။ ကျွန်တော်နှင့်ရှား လက်ဖက်ရည်အနည်းငယ်စီ သောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဒေါ်မေစံရှားက ဦးတောက်ထွန်းအိမ်ကို ခေါ်ပြီး ကားဘီးရာတွေ၊ ခြေရာတွေပြစဉ်က ဒေါ်ပွခဲ့တာအမှန်ပဲ၊ တရားခံက မောင်မျိုးခိုင်ပဲ၊ မောင်မျိုးခိုင်ကို အပြစ်လွတ်စေချင်လို့ တခြားလမ်းကိုလွှဲအောင်လုပ်တာလို့တောင် အထင်မှားခဲ့တယ်၊ ဒါပေမယ့် ခားပေါ်မှာ လက်ဗွေရာမတွေ့တာရယ်၊ ခားရိုးရဲ့အနောင့်မှာ ဒေါ်မေစံရှားပြောသလို ဆေးအပြာရောင်တွေ့ရတာရယ် သိလာရတဲ့အခါ ဒေါ်မေစံရှားထင်မြင်ချက်တွေကို မငြင်းနိုင်တော့ဘူး"

ရဲအုပ်စောဝင်းစကား။ ရှားကို လေးစားစွာကြည့်ရင်း ပွင့်လင်းစွာ ပြောသည်။ ရှားကမူ ရှိမြဲအပြုံးချိုချိုနှင့်ဖြစ်သည်။ ဘာမျှပြန်မပြော။

"ဒီည ပြန်ပေးအစီအစဉ်ကို ဒေါ်မေစံရှားတင်ပြတော့ စခန်းမှူးနဲ့ ကျွန်တော်တို့နှစ်ယောက် အတော်ခေါင်းချင်းရိုက်ခဲ့ကြသေးတယ်၊ ဒါမျိုးက ကျွန်တော်တို့အနေနဲ့ လုပ်လေ့လုပ်ထမရှိဘူး၊ နိုင်ငံခြားမှာဆိုရင်တော့ တစ်မျိုးပေါ့လေ၊ ခုတော့လည်း ဒေါ်မေစံရှားဆင်ထားတဲ့အကွက်က တရားခံကို လက်ဆုပ်လက်ကိုင် သက်သေခံတွေနဲ့ ကွိခနဲ့မိစေတာပဲ၊ တကယ့်ကို ချီးကျူးပါတယ်ဗျာ"

ရဲအုပ်စောဝင်း ဆက်သည့်စကား။

"နေပါဦး ရှားရယ်၊ ဒီအစီအစဉ်မှာ ကိုကိုက ဝင်ပြီးသာပ ခဲ့ရတာ၊ ဘာမှကို တိတိကျကျ ရှင်းရှင်းလင်းလင်း မသိခဲ့ရဘူး။ ရှားကိုယုံကြည်လို့ ရှားပြောတဲ့အတိုင်း လုပ်ခဲ့ရတာ၊ ပြောစမ်းပါဦး။ ရှား ရှာဖွေတွေ့သိလာတာတွေ"



ကျွန်တော်က ရှားလက်ကိုဆုပ်ရင်း ရှားမျက်နှာကို လေးစားမြတ်နိုးအထင်ကြီးစွာကြည့်ရင်း တိုက်တွန်းလိုက်သည်။ ရှားက ကြည့်လို့ပြုံးတစ်ခုဖြင့် ကျွန်တော့်ကို ပြန်ငဲ့ကြည့်သည်။

"ကိုကိုလည်း မရိပ်မိတာ မဟုတ်ပါဘူး၊ ရိပ်မိနေမှာပါ၊ ဒါပေမယ့် ကိုကိုက ခွန်မြတ်သာဟာ ရှားကို လုယူမယ့်သူဆိုတဲ့ မျက်လုံးနဲ့ချည်း ကြည့်နေလို့ တခြားအချက်တွေကို မမြင်ဖြစ်ခဲ့တာပါ၊ တကယ်ပါပဲ၊ ရှားကိုတောင် ကိုကိုက ခွန်မြတ်သာနောက်ပါသွားမလား ထင်ခဲ့သေးတာပဲ မဟုတ်လား"

"ဒါကတော့ . . ."

ကျွန်တော် စကားမဆက်နိုင်။ ရှားစကားပေါ်တွင် မလုံမလဲဖြစ်ပြီး မျက်နှာပူသွားသည်။ စခန်းမှူးနှင့် ရဲအုပ်စောဝင်းက ရယ်လိုက်ကြပြီး . . .

"အချက်မသိသေးတော့လည်း ကိုယ့်ချစ်သူကို သူခိုးခားရိုးကမ်းမယ့်လူလို့ ထင်မိတာနေမှာပေါ့ဗျာ၊ အချစ်ရဲ့ဖမ်းစားမှုပေါ့" ဟု စခန်းမှူးက ရင်းနှီးခင်မင်စွာ အသောဝင်ဖောက်သည်။

ရှားက ကျွန်တော့်ကို ရွှန်းရွှန်းစားစား ကြည့်ပြီးမှ . . .

"ရှား ခွန်မြတ်သာနဲ့လိုက်သွားတာ နှစ်ကြိမ်ရှိတယ်၊ အဲဒီနှစ်ကြိမ်ဟာ ခွန်မြတ်သာကို ရှား စုံစမ်းချင်လို့ပဲ၊ အဲဒီတုန်းက ရှား တစ်စွန်းတစ်စ ပြောဖူးပါတယ်၊ ရှား လေ့လာချင်တာလေးရှိလို့ပါလို့၊ အဲဒါကိုတောင် ကိုကို အထင်လွှဲခဲ့သေးတယ်လေ"

"ကဲပါ ရှားရယ်၊ အဲဒါထားပါ၊ ရှား သိခဲ့တွေ့ခဲ့၊ သဲလွန်စရခဲ့တာတွေကို ပြောပြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ၊ ရှားတွေးမိခဲ့တာက ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်ဟာ တော်ရုံလူမဖြစ်နိုင်ဘူး၊ ကိုကိုနဲ့ ရှားပြောခဲ့သလို အသိုင်းအဝန်းတောင့်ပြီး ငွေကြေးအရာမှာလည်း ပြည့်စုံသူဖြစ်ရမယ်၊ အတွေးအခေါ်လည်း ကောင်းရမယ်ပေါ့၊ ဒီအချိန်မှာ ခွန်မြတ်သာက ရှားကို ထမင်းစားဖိတ်တယ်၊ အဲဒီအခေါက်က ကိုကို့ကိုပါခေါ်တာပါ၊ ကိုကိုနဲ့လွဲသွားလို့လေ၊ အဲဒီအခေါက် ရှား သူ့အိမ်ရောက်တော့ တစ်ခု သတိပြုမိလိုက်တာက စာအုပ်တွေပဲ၊ သူ့ရဲ့ ဘာသာရပ်ဆိုင်ရာ စာအုပ်တွေအပြင် ထူးထူးခြားခြားတွေ့လိုက်ရတာက ဥရောပနိုင်ငံတွေနဲ့ ဂျပန်က လျှို့ဝှက်အဖွဲ့တွေအကြောင်း စာအုပ်တွေရယ်၊ အာဆင်လူပင်စာအုပ်တွေရယ်၊ မြန်မာစာအုပ်တွေထဲက ဓားရသက်ပြင်းတို့၊ မိုက်ခဲထွန်းရွှေတို့စတဲ့ စာအုပ်မျိုးတွေချည်းပဲ၊ သူ့ကို စာအုပ်တွေအကြောင်း နည်းနည်းဆွေးနွေးကြည့်လိုက်တဲ့အခါ သူက အဲဒါတွေကို စိတ်ဝင်စားကြောင်း တွေ့လာရတယ်၊ ဒီမှာပဲ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်ဟာ ခွန်မြတ်သာများလားလို့ စပြီးတွေးမိတယ်"

"အင်း . . . ဟုတ်တာပေါ့၊ ဆက်စပ်နေတာကိုး"

"ဒါနဲ့ အဲဒီနေ့က ရှား အကြံတစ်ခုထုတ်လိုက်တယ်၊ ခွန်မြတ်သာဆီကပြန်ရင် စာတစ်စောင် ကွန်ပျူတာဝင်စီရဦးမယ်ဆိုတော့ ခွန်မြတ်သာက သူရိုက်ပေးမယ်လို့ ပြောတယ်၊ သူ့အလုပ်ခန်းထဲမှာ ကွန်ပျူတာတစ်လုံး ရှားတွေ့ထားတယ်လေ၊ ရှား သဘောတူလိုက်တော့ သူက စာတစ်စောင် ချက်ချင်းပဲရိုက်ပြီး ပရင့်ထုတ်ပေးတယ်၊ ဒီမှာ ရှားထင်တာ သေချာသွားတာပဲ၊ ပရင့်ထုတ်လိုက်တဲ့



စာရွက်မှာ အစက်ကလေး သုံးစက်ပါတယ်လေ၊ မောင်မဲခေါင်ပို့ပေးခဲ့တဲ့ စာကလေးတွေထဲက အတိုင်းပေါ့"

"ဒါဆို အဲဒီကတည်းက ခွန်မြတ်သာဟာ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်မှန်း ရှားသိနေတာပေါ့ဟုတ်လား"

ရှားခေါင်းညိတ်သည်။

"နောက်ပိုင်းကိစ္စတွေကတော့ ကိုကို သိပြီးသားတွေပါပဲ၊ ဦးတောက်ထွန်း အသတ်ခံရတယ်၊ မောင်မျိုးခိုင်တရားခံဖြစ်နေတယ်၊ ရှားတို့က မောင်မျိုးခိုင်မဟုတ်ဘူးလို့ ယူဆတယ်၊ ဦးတောက်ထွန်းအခန်းထဲက မောင်မဲခေါင်ရဲ့စာကိုရတော့ မောင်မဲခေါင်လက်ချက်ပဲလို့ ကောက်ချက်ချနိုင်တယ်၊ ဒါပေမယ့် လက်ဆုပ်လက်ကိုင်ဘယ်လိုပြမလဲ၊ ကားဘီးရာ၊ ဖိနပ်ရာ၊ ဓား အဲဒါတွေကို ဘယ်လိုအတိအကျပြမလဲ၊ ဒီအချိန်မှာ ရှား ခွန်မြတ်သာနဲ့လိုက်သွားတယ်၊ ကိုကိုတောင် ရှားဆီဖုန်းဆက်တော့ မရတဲ့နေ့ကလေ၊ မောင်မျိုးခိုင်က ရုံးခန်းမှာလာပြီး အဖမ်းခံတဲ့နေ့ကလေ၊ အဲဒီနေ့က ခွန်မြတ်သာအိမ်ရောက်တော့ ခွန်မြတ်သာကို သူ့ရုံးကဖုန်းခေါ်တာနဲ့ ရုံးကို ခဏပြန်သွားရတယ်၊ ရှားက သူ့ကို အပြင်ပ,ထုတ်လိုက်ဖို့ ကြံနေတုန်းဆိုတော့ ရှားအကြိုက်ဖြစ်သွားတယ်၊ ဒါနဲ့ ခွန်မြတ်သာမရှိတုန်း ရှားက ခြံထဲဆင်းတယ်၊ ခွန်မြတ်သာရဲ့လူယုံကြီး ဦးခွန်ဆိုင်းနဲ့ စကားပြောတယ်၊ သရက်ပင်က သရက်သီးတွေ မှည့်ရွှမ်းပြီး တွဲရရွဲကျနေတာကို ရှားကမခူးဘူးလားမေးတော့ ဦးခွန်ဆိုင်းက 'မခူးဘူး၊ ဆရာလေးက သူစားချင်ရင် သူကြိုက်တဲ့အလုံးရဲ့အညှာကို ဓားနဲ့ခုတ်ပြီးခူးတယ်၊ ပင်မှည့် လတ်လတ်ဆတ်ဆတ်ပဲ သူကကြိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျန်တာတွေလည်း မရှုးခိုင်းဘူး' လို့ ဖြေတယ်၊ ရှားက "အဲဒီ လောက်တောင် ကိုခွန်မြတ်သာက ဓားပစ်တာလက်ဖြောင့်လား' မေးတော့ ဦးခွန်ဆိုင်းက 'ဖြောင့်တာပေါ့ ဆရာမလေးရယ်၊ ဆရာ လေးက ဓားပစ်သိပ်ဝါသနာပါတာ၊ နေ့စဉ် ဓားပစ်လေ့ကျင့်တယ်၊ ဆရာလေး လက်ဖြောင့်တာ ဆရာမလေး မမြင်ဖူးလို့ပါ၊ အပင်ပေါ် က သရက်သီးရဲ့အညှာကို ဓားနဲ့ပစ်ပြီးချူးတာကို ကြည့်ပါလား' လို့ ပြန်ဖြေတယ်၊ အဲဒီမှာ ရှားလိုချင်တဲ့အချက်ဟာ သေချာသွားပြီပေါ့၊ ဦးတောက်ထွန်းကို ခြံအပြင်ကနေ ဓားနဲ့ပစ်တာကိုလေ၊ ဒါနဲ့ ကျန် နေသေးတာက ကားပဲ၊ ဒါကြောင့် 'ခွန်မြတ်သာက ချမ်းသာတာပဲ အခုစီးနေတဲ့ မတ်တူးကားအပြင် တခြားကားမရှိဘူးလား' မေး တော့ ဦးခွန်ဆိုင်းက 'ရှိတာပေါ့၊ တစ်ခါတလေမှ ဆရာလေးက သုံးတယ်၊ ရုံးသွားရင် မတ်တူးပဲသုံးတယ်' လို့ပြောတယ်၊ 'ကားက ဘာကားမျိုးလဲ၊ အကောင်းစားနေမှာပေါ့နော်' လို့ စကားမျှားတော့ 'ပရာဒိုကျောက်စိမ်းရောင်၊ နံပါတ်က ၄ခ/....' လို့ သိရတယ် ဒါဆို ရှားသိချင်တာ လုံလောက်သွားပြီပေါ့၊ ဒီတော့ ရှားစဉ်းစား တာက ခွန်မြတ်သာအိမ်ကို ရဲတွေနဲ့ဝင်ရှာမလား၊ ဘယ်လိုလုပ်မလဲ ဆိုတဲ့ နည်းလမ်းပဲ"

ရှားက စကားရှည်လျားစွာ ရှင်းပြလိုက်ရသဖြင့် မောသွား ဟန်ဖြင့် စကားရပ်သည်။ ရဲအုပ်စောဝင်းက...

"ဒေါ်မေစံရှား အဲဒါကို ကျွန်တော်နဲ့လာတိုင်ပင်တယ်၊ ကျွန် တော်က တစ်ခါတည်းဝင်ဖမ်းချင်တယ်၊ ဒါပေမယ့် ခိုင်လုံတဲ့ သက် ယုတ္တိဗေဒနည်းအရ မောင်မဲခေါင်ဟာ ဦးတောက်ထွန်းကိုသတ်ဘယ်



မောင်မဲခေါင်ဆိုတာ ခွန်မြတ်သာပဲ၊ ဒါပေမယ့် အဲဒါတွေကို ခွန်မြတ် သာက ရှောင်တိမ်းဖုံးကွယ်မယ်ဆိုရင် ရှောင်တိမ်းနိုင်တယ်၊ ကြိုတင် ပြင်ဆင်ထားရင်လည်း ထားလိမ့်မယ်၊ ဒါကြောင့် ဒေါ်မေစံရှားက ကားရယ်၊ ဓားရယ်၊ မောင်မဲခေါင်ရယ် တစ်ပြိုင်တည်း၊ တစ်ချိန် တည်း၊ တစ်နေရာတည်းမှာဆုံပြီး လက်ဆုပ်လက်ကိုင်မိဖို့ ကိုနေသော် ကို ပြန်ပေးဆွဲခံရသယောင် စီစဉ်ဖို့အကြံပြုတယ်၊ နောက်ဆုံးတော့ ဒေါ်မေစံရှားအကြံကို ကျွန်တော်တို့က လက်ခံပြီး အခုလို အကောင် အထည်ဖော်ခဲ့တာပဲ" ဟု ဝင်၍ပြောသည်။

စခန်းမှူးက...

"အင်းပေါ့လေ...ခုတော့ ခွန်မြတ်သာရဲ့ ကားဘီးရာက ဦးတောက်ထွန်းခြံဘေးမှာတွေ့ရတဲ့ ကားဘီးရာနဲ့ တစ်ထပ်တည်း တူနေတာရယ်၊ ကားရှေ့ဘယ်ဘက်ဘီးက စူးနေတဲ့ သံပြားစရယ်၊ ဦးတောက်ထွန်းရင်ဝမှာစိုက်နေတဲ့ ဓားမြောင်နဲ့ ထပ်တူတူတဲ့ နောက် ထပ် ဓားမြောင်တစ်ချောင်းကို ခွန်မြတ်သာရဲ့လက်ထဲက ရလိုက် တာရယ်၊ အဲဒီဓားမှာ MMK ဆိုတဲ့ စာလုံးတွေပါတာရယ်၊ အားလုံး သက်သေခံတွေ အတိအကျ အခိုင်အမာရပြီပေါ့ဗျာ၊ ခွန်မြတ်သာ ကလည်း သူဟာ ကိုယ်ပွားတစ်ထောင်မောင်မဲခေါင်ဖြစ်ကြောင်း၊ ဦးတောက်ထွန်းကို သူ့ဓားနဲ့ ပေါက်ခဲ့ကြောင်း ဝန်ခံခဲ့ပြီဆိုတော့ အမှုက နိဂုံးကမ္ပတ် အဆုံးသတ်ပြီး ရုံးတင်ဖို့ပဲ ကျန်ပါတော့တယ်" ဟု ဝင်၍ ဖြည့်စွက်သည်။

မေစံရှားက စခန်းမှူး၏စကားအဆုံးတွင် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် စခန်းမှူးအားကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"စခန်းမှူးကြီးရှင့် ... ကျွန်မကို ခွန်မြတ်သာနဲ့ ခဏတွေ့ခွင့်ပေးပါ" ဟု ခွင့်တောင်းလိုက်သည်။

"ရပါတယ်၊ တွေ့ပါ"

စခန်းမှူးက ခွင့်ပြုချက်ပေးသည်။

"ကိုကိုပါ လိုက်ခဲ့ပါ"

ရှားက ကျွန်တော့်ကိုခေါ်ပြီး စခန်းမှူးအခန်းမှ ထွက်လာခဲ့သည်။ အချုပ်ခန်းသို့သွားရာ လမ်းကြားတွင် ကျွန်တော်က ရှားကို မေးသည်။

"ဘာကိစ္စရှိသေးလို့လဲ ရှား"

"ရှား ခွန်မြတ်သာကို တောင်းပန်ချင်လို့ပါ၊ အကြွေးတစ်ခုကိုလည်း ဆပ်ချင်လို့ပါ"

❒ ❒ ❒



၃၄

"ကျွန်တော် နားလည်ပါတယ် မေစံရှား၊ မေစံရှားကို ကျွန်တော်အပြစ်မတင်ပါဘူး၊ ကျွန်တော်က ဦးတောက်ထွန်းကို ပညာပေးသုံးမချင်လို့ ဓားနဲ့ပေါက်တာအမှန်ပါ၊ သေစေလိုတဲ့အထိတော့ ရည်ရွယ်ခဲ့ပါဘူး၊ ဦးတောက်ထွန်းဟာ ငွေကြေးနေအင်အားနဲ့ သေမာနည်းတွေသုံးပြီး စီးပွားရှာရုံမက အပြစ်မဲ့တဲ့သူတွေကို ဒုက္ခပေးခဲ့တာတွေရှိတယ်၊ မောင်သိန်းတို့လိုပေါ့၊ မောင်သိန်းရဲ့အလုပ်ရှင်ကြီး ကားနဲ့တိုက်ပြီးရှင်းတယ်၊ အဲဒါမျိုးပေါ့၊ ဒါကြောင့် ဦးတောက်ထွန်းကို ကျွန်တော်က တရားမျှတမှုကို ပေးတာပါ၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ဦးတောက်ထွန်း သေဆုံးတဲ့အထိ ဖြစ်သွားတယ်၊ မောင်မျိုးခိုင်က တရားခံဝင်ဖြစ်တယ်၊ ဒါကြောင့် မောင်မျိုးခိုင် အပြစ်လွတ်ဖို့ မေစံရှားက ကြိုးစားရတယ်၊ ကျွန်တော့်ကို အပြစ်ရောက်စေချင်လို့ မဟုတ်ဘူးဆိုတာ မေစံရှားကို ကျွန်တော် သဘောပေါက်ပါတယ်လေ"

သံတိုင်ကြားမှ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်ခေါ် ခွန်မြတ်သာက ပြောသည်။ သူ့အပြောမှာ ရှင်းလင်းပြတ်သားသလို သူ့မျက်လုံးများမှာလည်း တောက်ပ၍နေသည်။ ကြောက်စိတ်၊ ရွံ့စိတ်၊ တုန်လှုပ်စိတ် စိုးစဉ်းမျှမတွေ့ရ။ ဒေါသရိပ်လည်း မမြင်ရ။ ဝမ်းနည်းကြေကွဲဟန်လည်း မပေါ်လွင်။

ကျွန်တော်ကတော့ တစ်ခွန်းမျှဝင်မပြောဘဲ ရှားဘေးမှာသာ ငြိမ်ရပ်နေမိသည်။

"ကျွန်မတောင်းပန်ချင်တာကတော့ ကိုခွန်မြတ်သာက ကျွန်မကို မေတ္တာရှိတယ်၊ ကျွန်မကိုမြတ်နိုးတယ်၊ ကျွန်မကိုကူညီချင်တယ်၊ ကျွန်မကို ဒုက္ခမရောက်စေချင်ဘူး၊ အဲဒီအချက်ကို ကျွန်မကခုတုံးလုပ်အသုံးချပြီး ကိုကို့ကို ပြန်ပေးဆွဲတဲ့ဆင်ကွက် လုပ်ခဲ့ရတာကိုပါ၊ အဲဒါကို ခွင့်လွှတ်ပေးပါ"

ရှားက တိုးညှင်းသိမ်မွေ့စွာ တောင်းပန်စကားဆိုသည်။ ရှား စကားလုံးတွေမှာ စိတ်မကောင်းမှုဖြင့် တုန်ခတ်နေသည်။

"ကျွန်တော်ပြောပြီးပါပြီ၊ မေစံရှားကို ကျွန်တော် ဘယ်လို သဘောမထားပါဘူး"



"တကယ်ပြောရရင် ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်ကို ကျွန်မ အရမ်းလေးစားပါတယ်၊ ဒါကြောင့် ကျွန်မကို ကိုခွန်မြတ်သာ တစ်ခုထပ်ပြီးခွင့်ပြုပါ"

"ဘာလဲ မေစံရှား"

"တရားရုံးတော်ကျရင် ကျွန်မကို ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်ရဲ့ အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ပြုပါ"

ခွန်မြတ်သာမျက်လုံးများက ရှားထံသို့ အံ့အားသင့်ခြင်းနှင့် အတူ လေးစားကြည်ညိုမှုတွေကို ပို့လွှတ်သည်။ ကျေနပ်ဟန် ဝင်းဝင်းပြက်ပြက်ဖြင့် . . .

"တကယ်ပြောတာလားဗျာ" ဟု ပြန်မေးသည်။

"တကယ်ပါ ကိုခွန်မြတ်သာ"

"ကိုနေသော်က ခွင့်ပြုပါရဲ့လား"

ခွန်မြတ်သာအကြည့် ကျွန်တော့်ထံရောက်လာသည်။

"ကျွန်တော့်ဆန္ဒနဲ့ ရှားဆန္ဒက တစ်ထပ်တည်းပါပဲ ကိုခွန်မြတ်သာ"

ခွန်မြတ်သာ ခေါင်းညိတ်သည်။ စောစောက ပြစ်ဒဏ်ကို မတုန်မလှုပ် မကြောက်မရွံ့ရှိခဲ့သော ခွန်မြတ်သာ၏မျက်လုံးများမှာ ရီဝေစွတ်စိုလာသည်။ အကြင်နာတရား၊ ကိုယ်ချင်းစာတရားတို့ကို သူ ခံစားတွေ့ထိလိုက်ရပုံရှိသည်။

"ကိုနေသော်ကိုရော မေစံရှားကိုပါ ကျေးဇူးတင်ပါတယ်ဗျာ၊ ပြီးတော့ ကိုနေသော်ကို ကျွန်တော် တစ်ခုတော့ ထပ်ပြီးခွင့်တောင်းပါရစေ၊ ဟိုတုန်းက မဂ္ဂဇင်းတိုက်ကိုလာပြီး မေစံရှားကို ချစ်ခွင့်ပန်ခွင့်

www.burmeseclassic.com



တောင်းခံဖူးသလို ခုတစ်ခါလည်း ခွင့်ပြုပါဦးဗျာ၊ မေစံရှားကို ကျွန်တော့်စိတ်ထဲ၊ ရင်ထဲ၊ အသည်းနှလုံးထဲကနေ ဆက်ပြီး ချစ်သွားခွင့် ပေးပါဗျာနော်”

ကျွန်တော့်ရင်ကို ခွန်မြတ်သာစကားက လာထိသည်။ သို့သော် သည်တစ်ခါတော့ ဝန်တိုခြင်းမဖြစ်မိ။ မေစံရှားကို ချစ်ကြသော အသည်းနှလုံးချင်း စာနာတတ်ခဲ့ပြီဟု ဆိုရပါမည်။

❐ ❐ ❐



# ၃၅

ခွန်မြတ်သာကို နှုတ်ဆက်အားပေးပြီး အချုပ်ခန်းမှ ပြန်ထွက်လာသောအခါ စခန်းမှူးအခန်းဝ၌ မောင်မျိုးခိုင်နှင့် သစ္စာတို့ကို တွေ့လိုက်ရသည်။

“အစ်ကိုကြီးနဲ့ မမရှားကိုစောင့်နေတာ၊ ကျေးဇူးတင်ကြောင်း ပြောမလို့၊ ကန်တော့မလို့ပါ”

ပြောပြောဆိုဆို မောင်မျိုးခိုင်နှင့် သစ္စာတို့က ကျွန်တော်နှင့် မေစံရှားကို ရိုသေစွာထိုင်ကန်တော့ကြသည်။ ရင်ထဲမှာ ကျေနပ်ပီတိတွေ ဖြစ်ရပြန်ပါသည်။ ဆုတွေလည်း ပေးရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညဥ့်အတော်နက်နေပြီ၊ အစ်ကိုကြီးတို့ မမရှားတို့ ဘယ်ကို ပြန်မလဲ၊ သစ္စာတို့လိုက်ပို့ပေးမယ်၊ သစ္စာမှာ ကားပါလာတယ်"

"ဒါဆို ကျေးဇူးပါပဲကွယ်၊ မမရှားအိမ်ကို လိုက်ပို့ပေးပေါ့၊ ကိုကိုက အဲဒီကမှကာစ်ဆင့် သူ့အိမ်ကိုပြန်မှာ"

"ဟုတ်ကဲ့ မမရှား"

စခန်းမှူးကြီးနှင့် ရဲအုပ်စောဝင်းကိုနှုတ်ဆက်ပြီး သစ္စာ၏ ကားကလေးနှင့် ကျွန်တော်တို့ လိုက်ပါလာခဲ့ကြသည်။ သစ္စာက ကားကိုမောင်းလျက်၊ မောင်မျိုးခိုင်က သစ္စာ၏ဘေးမှာ၊ ရှေ့ခန်းမှာ၊ ကျွန်တော်နှင့် ရှားက နောက်ခန်းမှာ။ ရှားက ကျွန်တော့်ပခုံးကိုမှီ၍ ပါလာသည်။ ပင်ပန်းနွမ်းလျပြီဖြစ်သော ချစ်သူကို နားပါစေဟု ကျွန်တော်က အလိုက်သင့်နေရသည်။ ရှားလက်ကို ဆုပ်ကိုင်ထား လိုက်သည်။

တရိပ်ရိပ်ပြေးနေသော ကားကလေး၏ပြတင်းမှ လှမ်းကြည့် လိုက်တော့ မီးသားတိမ်လိပ်တွေ တရွေ့ရွေ့ ရောင်ပြေးသွားသဖြင့် ဝင်းဝင်းပပ ထွန်းလင်းလာသော လမင်းဝါဝါကို မြင်ရ၏။

အေးချမ်းသောညသည် လှပနေပြန်ပါလေ၏။

**နေစိုးသော်**

BURMESE CLASSIC

www.burmeseclassic.com